

သုတအလင်း

မြဝတီ
စာပေတိုက်ထုတ်
မဂ္ဂဇင်း၊ စာစောင်များ
လပေးမှာကြားဖတ်ရှုနိုင်ပြီ

2020
AUGUST CONTENTS

No.52

[illegible]

[illegible]

သိပ္ပံနှင့်နည်းပညာ

[illegible] (AI) [illegible]

[illegible]

[illegible]

[illegible]

စာပေ

[illegible]

မြန်မာ့သမိုင်း

[illegible]

[illegible]

[illegible]

နိုင်ငံတကာရေးရာ

၂၆ [illegible]
[illegible]

၂၀ [illegible]
[illegible]

၈၃ [illegible]
International Spy Museum (Washington, D.C.)
[illegible]

၁၀၂ [illegible]
[illegible]

၁၀၅ [illegible]
[illegible]

ကျန်းမာရေး

၈၁ [illegible]
[illegible] [illegible]

၁၄၃ [illegible] [illegible]

၁၄၁ [illegible]
[illegible]

[illegible]

၁၁၄ [illegible]
[illegible] (MPM)

[illegible]

၈၄ Sharp Power [illegible]
[illegible]

၈၅ [illegible]
[illegible]

ကဗျာ

ကာတွန်း

E-mail:knowledgelight16@gmail.com

မြတ်ဗုဒ္ဓ၏
အဆုံးအမတရားများ

[illegible]

Whatever gifts and oblations one seeking merit might offer in this world for a whole year, all that is not worth one fourth of the merit gained by revering the Upright Ones, which is truly excellent.

[illegible]

To one ever eager to revere and serve the elders, these four blessings accrue: long life and beauty, happiness and power.

[illegible]

Better it is to live one day virtuous and meditative than to live a hundred years immoral and uncontrolled.

ဓမ္မပဒ

လောကနီတိ

[illegible]

In this world, if a person has not had learning in the first stage of life, in the second stage, wealth, in the third stage, practice of the Dhamma, then what will he do in the fourth stage?

[illegible]

Dear sons, learn to acquire knowledge. Why are you lazy? Dear sons, learn to gain knowledge everyday. The one who has acquired no knowledge usually becomes another person's servant. In this world, others pay respects to the one who has acquired knowledge.

ပြည်သူ့နီတိ

[illegible]

[illegible]

မိုးရာသီနှင့် ယာဉ်အန္တရာယ်







[illegible]

[illegible] (Ziz Oasis, Sahara Desert, Morocco)

[illegible]

ကမ္ဘာ့အလှဆုံး သဲကန္တာရအိုအေစစ်များ



ကို ရေစုဆောင်းထားသောကန်တွင် ပြုပြင် ထားသည်။

ဒေသခံတိုင်းရင်းသားများအရ ယခု ကာလမတိုင်မီ ကမ္ဘာပေါ်တွင် လူသားတို့ အသိမရှိခဲ့သည့် ရှေးကာလတွင် ဒေသ၌ နေထိုင်ခဲ့သည့် လူမျိုးစုတစ်ခုသည် အနောက်ဘက်အရပ်မှ ရောက်ရှိလာသည့် ရေကန် နေရာကို ပြုပြင်ခဲ့ပြီးနောက် ရေကန်က နေထိုင်ရာ အဖြစ် ပြောင်းလဲသွားခဲ့သည် ဟုဆိုကြသည်။ မင်းသမီး၏ တော်နေသည့် ရေအိုင်အနီးတွင် သံပုံများအဖြစ် ပြောင်းလဲသွားခဲ့ကာ မင်းသမီးကိုယ်တိုင်သည် လည်း ထိုအစောင်းအတွင်းနေထိုင်သည့် ရေသူမ ဖြစ်သွားခဲ့သည်ဟု ယုံကြည်ကြသည်။

ဆုံးသော သဲကန္တာရကြီးဖြစ်သော မြေပြင်ကြီးတစ်ခုရှိသည့် နေရာသည် ကန္တာရအတွင်း အသေးငယ်ဆုံးသောအိုင်း အမျိုးတွင်သာရှိသည်။ ၎င်းသည် ဆာဟာရ၏ ကန္တာရဖြစ်သွားသည့် နေရာအတွင်း၊ Rich နှင့် **Merzouga** နေရာအကြား စမ်းမြစ်ဖွမ်းပေါင်း နေရာတွင် ကျန်ရှိနေသည့် မြစ်အမြှင့်အကျေ အစိတ်အပိုင်းဖြစ်သည်။ ၎င်းသည် ယနေ့အခါတွင် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုအရှိဆုံး၊ ထင်ရှားသည့်နေရာတစ်ခု ဖြစ်ပေသည်။

ဥမ်အယ်မါအိုအေစစ် (Umm el-Maa, Libya)

လစ်ဗျားနိုင်ငံမှ သဲပင်လယ်ဟု ထင်ရှား သည့် ဆီဒီဟာကျာတာကိုကန္တာရတွင်ရှိသည့် ရေအိုင် သည် အမ်အယ်လ်မာအိုအေစစ်အဖြစ် လူသိများ သည်။ အမ်အယ်လ်မာသည် ဥဘာရီသဲပင်လယ် အလျှော်ကိုင်းတွင် ပုန်းကွယ်နေသည့်အလှ လစ်ဗျား

ဟွာကာချီနာ (Huacachina, Peru)

အမေရိကတိုက်၏ အိုအေ စစ်ဟုထင်ရှားသည့် ဟွာကာချီ နာသည် ပီရူးနိုင်ငံတွင် တည်ရှိ သော ယဉ်းနေရာကို သဲကန္တာရ အတွင်း၌ သာသာဝေနေထိုင်တစ်ခု က ဝန်းရံထားသည်။ ပီရူးနိုင်ငံ အနောက်တောင်ပိုင်း၌ ထင်၊ ထိုအစောင်းတွင် ၂၀၁၆ နှစ်တွင် နေထိုင်သူ ၁၁၅ ဦးရှိခဲ့သည်။ ဟွာကာချီနာအိုအေစစ်၏ ပုံကို ပီရူးနိုင်ငံသုံး ငွေစက္ကူ ၅၀ ရှေ့

သဲကန္တာရအတွင်းတည်ရှိနေသည်။ ကန္တာရအတွင်းရှိ သဲတောင်ပုံများအကြားတွင် ယခင်က အိုအေစစ်ရေကန် ၁၆ ခုရှိခဲ့သော်လည်း တစ်စတစ်စ ကွယ်ပျောက်ခဲ့ကာ Gebraoun, Mafo နှင့် Ummal-Maa တို့သာ ကျန်ရှိနေသည်။

အုန်းပင်တောင်တန်းများအကြားတွင် တည်ရှိနေသည့် တီမီယာသည် အခြားအိုအေစစ်များနှင့်မတူဘဲ စိမ်းလန်းသော မြင်ကွင်းများရှိနေသည်။ အိုအေစစ်အနီးတွင် အသီးများသီးနေသည့်လိမ္မော်ပင်များနှင့် တလည်းပင်များ (Pomegranate) ရှိကာ အိုအေစစ်သို့ရောက်ရှိလာသူများသည် ယင်းတို့ကို ခူးဆွတ်စားသုံးနိုင်ကြသည်။ အပင်များ၏နောက်ခံတွင် သဲတောင်များရှိနေသဖြင့် လှပသည့် ရှုခင်းတစ်ခုဖြစ်လာခဲ့သည်။ တီမီယာအိုအေစစ်အတွင်း ကန္တာရတွင်ပေါက်လေ့ရှိသည့် စွန်ပလွံပင်များ၊ ဆီးပင်များနှင့် ရှောက်ပင်များသည် စိမ်းလန်းစိုပြည်သည့် ဥယျာဉ်များအဖြစ် တည်ရှိနေကြကာ ရေအိုင်ကြီးတစ်ခုလည်း ရှိနေသည်။

တီမီယာ (Timia Oasis, Niger)

နိုင်ဂျီရီးယားနိုင်ငံ၊ အဂါဒက်မြို့မှ ကားဖြင့်သွားလျှင် ၆ နာရီခရီးဝေးနှင့်ရသည့် တီမီယာသည် ထူးခြားသည့် ကန္တာရအလှဆုံးအိုအေစစ်ဟုဆိုကြသည်။ တီမီယာသို့လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသွားများသည် အနီးရှိ ပြင်သစ်ခံတပ်ဟောင်းတစ်ခုနှင့် မြို့ဟောင်း အက်ဆိုဒီကိုလည်း ကြည့်ရှုလေ့ရှိကြသည်။

ဆာဟာရာ ဂိုဘီ လခြမ်းရေကန်

(Crescent Lake in Sahara Gobi Desert)

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒန်ဟွမ်မြို့မှ တောင်ဘက်သို့ ၆ ကီလိုမီတာကွာဝေးသည့် ဆာဟာရာ ဂိုဘီသဲကန္တာရတွင် အံ့ဩဖွယ် လခြမ်းပုံသဏ္ဌာန် ရေကန်တစ်ကန်တည်ရှိသည်။ ယင်းရေကန်ကို အနှစ်နှစ်ထောင်ပေါင်းများစွာကတည်းက ခန်းခြောက်ခဲ့သည်။ ယင်းရေကန်သည် မိုးလုံလေလုံသွန်းမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေအရင်းအမြစ်များကို ဆက်တိုက် ထုတ်ယူသုံးစွဲမှုများကြောင့် ကန္တာရအဖြစ် ပြောင်းလဲသွားခဲ့သည်။

ထိုအစောစက်အဖြစ် ကျန်ရှိနေသည့် ဂိုဘီ လခြမ်းပုံရေကန်ကို ပိုလေးမသို့သွားသည့် ခရီးသည်များ မြင်တွေ့နိုင်ကြသည်။ တစ်ချိန်က ရေနက်ခဲ့သည်။ ထို့ကြောင့် နိုင်ငံ အစိုးရ အနံ တစ်ပြည်နယ်အတွင်းတည်ရှိသည့် ဟစ်နှင့် ဟာဒီသာဖြိုကြီး နှစ်မြို့အကြား၌ တည်ရှိသည့် အိုအေစစ်သည် ယူနက်စကိုဖြစ်မှု ဖြင့် ကျော်ကြားသည်။

ယင်းနေရာတွင် ဆိတ်ရိုးသာပြည်တွင်းအစ်မှ ခုကွသည့်ကလေးများကို ထိန်းသိမ်းစောင့်ရှောက်သည့်စခန်း ရှိခဲ့သည်။

အီဘရာဟင်မ် အိုအေစစ် (Abraham's Oasis, Syria)

အီဘရာဟင်မ်သည် ဂျူး ဆာမာရီတန်၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာရေးဆိုင်ရာ သမိုင်းကြောင်းများတွင် အရေးပါသည့်နေရာ

အိုင်ဂျီ (Oasis Ein Gedi, Israel)

အစ္စရေးနိုင်ငံ၏ သေပင်လယ်နှင့် နီးကပ်သော ကန္တာရတစ်ခုဖြစ်သည့် အိုင်ဂျီဒီသည် ပင်လယ်ရေအနောက်ဘက်တွင် ကမ်းခြေတစ်လျှောက် အရှည်ကျောက်ဆောင်ကြည်ရှိနေသည်။ ဆီးကီးယမ်းစသော

၏ ရေလွှမ်းမိုး အစိမ်းရောင်ရှိသည့် ဆိုင်းဂါဗီ၏ အနီး တွင် မာဆာဒါနှင့် ကျွမ်းရုံဂူများရှိသည်။ ယင်း နေရာတွင် ကျွဲပါးမျိုးနွယ်စုများ နေထိုင်ခဲ့ကြပြီး ကောင်းမွန်သောလူနေမှုပုံစံများတော်ကောင်းကောင်း ထိန်းသိမ်း ထားသော အိုအေစစ်တစ်ခုဖြစ်ခဲ့သည်။

ဆိုနိုရန် (Sonoran Desert Oasis, USA)

အမေရိကန်ပြည်ထောင်စုအနောက်တောင် ပိုင်းရှိ ကြီးမားသော မြေနေရာအစိတ်အပိုင်းများ သည် ဆိုနိုရန်ကန္တာရအတွင်း ကျရောက်နေပေ သည်။ အရီဇိုးနားပြည်နယ်နှင့် ကယ်လီဖိုးနီးယား ပြည်နယ် အနောက်တောင်ပိုင်းတွင်တည်ရှိသည့် ဆိုနိုရန် သဲကန္တာရသည် ၂၆၀၀၀၀ စတုရန်းကီလို မီတာကျယ်ဝန်းသျှက် အမေရိကန်နိုင်ငံအနောက် တောင်ပိုင်းနှင့် မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်းတွင် ကျရောက် နေသော အမေရိကန်နိုင်ငံနှင့် မက္ကဆီကို နိုင်ငံတို့၏ နယ်ခြားဖြတ်ကျော်ထားသည့် ဆိုနိုရန်အလွှင်း၌ တည်ရှိနေသည်။

ဆိုနိုရန် ကန္တာရအတွင်း၌ ရှိသုံးပါသည့်ပွင့်မျိုးစိတ် ၆၀ နှင့် ငှက် မျိုးစိတ် ၃၅၀ ကျော်ကျက်စားနေထိုင် ကြသည်။ ထို့အပြင် ထိုအေစစ်အတွင်း အပင်မျိုးစိတ် ၂၀၀၀ ကျော်ပေါက်ရောက်နေပေ သည်။

[illegible]
(Oasis on a Ranch in Red Rock Canyon Near Las Vegas)

အမေရိကန်ပြည်ထောင်စု လာစ်ဗီးဂတ်စ် အနီးရှိ အနီရောင်ကျောက်ဆောင် ကင်ယွန်မှ မွေးမြူရေးခြံကြီးတစ်ခုပေါ်တွင် အိုအေစစ်တစ်ခု တည်ရှိသည်။ လူမြင်ကွင်း ဖုံးကွယ်ကောင်းသည့် ယင်းအိုအေစစ်သည် အလွန်ကြီးမားကျယ်ပြန့်က ဧက ၅၂၀ ရှိသည်။

ဗီလ်ဆင်ကျောက်ကမ်းပါးများ၏ အခြေ တွင် တည်ရှိသည့် ယင်းအိုအေစစ်သည် ကျွန်ုပ်

သောနှစ်ပေါင်းများစွာကပင် ခရီးသွားများအားနားရာ နားခိုနိုင်သည့်နေရာတစ်ခုဖြစ်ခဲ့သည်။ ယခုအချိန်တွင် အိုအေစစ်ဝင်ပေါက်အဖြစ် ကားတစ်စီးလျှင် ၆ ဒေါ်လာပေးဆောင်ကြရသည်။ အိုအေစစ်တွင် သစ်ပင်ဝင်စရိုများ၊ မြင်းစီးလမ်းကြောင်းများနှင့် များစွာသော ခရီးသွားလုပ်ရာလုပ်ငန်းများ ရှိပေသည်။

အာဂွါ ကာလီယင်တီ၊ တူဆန်း

(Agua Caliente, Tucson, Arizona)

အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည် နယ်ရှိ လှပသော အာဂွါကာလီယင်တီ အိုအေစစ်ကို [illegible]

အိုအေစစ်အတွင်း၌ [illegible] များ၊ [illegible] ရေကန်များ၊ အပူပိုင်းအပင်များ၊ သဲများပြည့်နေသည့်လျှောက်လမ်းများရှိကြသည်။

သဘာဝတရားသည် ကမ္ဘာမြေကြီးအား အလှအပများဆင်မြန်းပေးခဲ့ရာ မျှော်မှန်းမထားသော လှပတင့်တယ်သောနေရာများရှိ အိုအေစစ်များလည်း ပါဝင်လျက်ရှိပေသည်။ ယင်းအိုအေစစ်များကို [illegible] နိုင်သည့်နေရာများအဖြစ် [illegible] အချို့သောအိုအေစစ်များသည် ကမ္ဘာလှည့်ခရီးသွားများသွားရောက်လည်ပတ်ရန် စိတ်ဝင်စားသည့်နေရာများ ဖြစ်လာနိုင်ကြပေသည်။

● ကောင်းစည်သူ

ဓာတ်ပုံ | [illegible] Oasis

ထွန်းရွှေဝါ

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Services

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Safe Deposit Locker
- ATM / POS Services/MPU Debit Card/ Credit Card
- Loans ,Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Mobile Banking Services and I Banking Services

MPU

www.mwdbank.com

Internet Banking Website : https://mwdibanking.com

ကိုဗစ်နှင့် သတင်းအမှား၊ သတင်းအတု

၁၄ ရာစုနဲ့ ၂၀၂၀ ပြည့်နှစ်ကွာခြားတဲ့အချက်က ဒီခေတ်မှာ ပေါ်ထွက်လာတဲ့ အင်တာနက် အားကိုးနဲ့ ကမ္ဘာကို မြန်မြန်ဆန်ဆန်ပျံ့နှံ့သွားနိုင်တာပါ။ မတ်လတုန်းက နိုင်ငံ ၂၈ နိုင်ငံမှာလုပ်ခဲ့တဲ့ စစ်တမ်းတစ်ခုအရ အနည်းဆုံး ၁၆ ရာနိုင်နှုန်းကနေ အများဆုံး ၅၈ ရာနိုင်နှုန်းအထိ ကိုဗစ်ကို တမင် သက်သက်ဖြန့်တယ်လို့ထင်ကြတယ်။ အမြတ်ရချင်လို့ တမင်လုပ်တာဆိုတဲ့ဗီဒီယိုကားတိုလေး မတ်လ ၄ ရက်မှာထွက်လာတော့ တစ်ပတ်အတွင်း ကြည့်တဲ့သူ ၈ သန်းကျော်ပြီး သရုပ်ဆောင်လည်း နာမည်ကြီးသွားခဲ့တယ်။

လူမှုမီဒီယာတွေက လူတွေအနေနဲ့ သတင်းမှန်တွေရော၊ သတင်းမှားတွေကိုပါ ဖြန့်နိုင်အောင်လုပ်ပေးတယ်။ ကာကွယ်ဆေးလိုလားတဲ့သူက ကာကွယ်ဆေးဆန့်ကျင်သူတွေထက်များပေမဲ့ ဆန့်ကျင်သူတွေက မိဘဆရာအသင်းလို အဖွဲ့အစည်းတွေနဲ့ ပိုချိတ်ဆက်နိုင်ကြတော့ သူတို့အုပ်စုဝင်တွေ နေ့ချင်းညချင်း တိုးများလာတာကိုတွေ့ရတယ်။ အမေရိကန်တွေထဲမှာတောင်မှ အစိုးရက ဗိုင်းရပ်စ်ကို တမင်ဖန်တီးတယ်တို့၊ အစိုးရရဲ့ကာ ခြိမ်းခြောက်နေတာပါလို့ ထင်တဲ့သူတွေ အများကြီးရှိနေတယ်။

နိုင်ငံအတော်များများမှာ ဖယ်လွှင့်တယ်ဆိုတာ အမှန်အတိုင်းပြောခဲ့သူတွေလို့ အစိုးရက ယုံကြည်မှု လိုင်စင်ပေးကြတော့ အင်တာနက်မှာတော့ လိုင်စင်မလိုဘူးလေ။ ကပ်ရောဂါဆိုတာ တကယ်မဟုတ်ဘူး၊ တမင်ခြောက်လှန့်ပြောတာလို့ ရုပ်သံလွှင့်ဌာနလေးတစ်ခုကလွှင့်တော့ လူ ၈ သောင်းက ကြည့်ကြတယ်။ တရားစွဲခံရပြီးတဲ့နောက် လူသိပိုများလာပြီး လူ ၆ သန်း YouTubeမှာ ကြည့်ပြီးသွားကြပြီ။

အမေရိကန်နိုင်ငံမှာ သက်ဆိုင်ရာနည်းပညာလုပ်ငန်းက သတင်းအချက်အလက် မှန်၊ မမှန် စစ်ဆေးပေးလို့ ဥပဒေအရတာဝန်ရှိတယ်။ သမ္မတကတော့ ပြောင်းပစ်နိုင်ကြိုးစားနေပေမဲ့ တရားရုံးက တားဆီးနိုင်ပြီး အများပြည်သူကလည်း စစ်ဆေးပေးတာကို ပိုပြီးသဘောကျကြတယ်။

ကိုဗစ်နဲ့ပတ်သက်လို့ သံသယဖြစ်ဖွယ် မရှိနိုင်တဲ့အရေးအသားတွေကို လူမှုကွန်ရက်တွေက ဖယ်ရှားပေးသင့်တယ်လို့ မြင်တဲ့သူ ၈၄ ရာနိုင်နှုန်းရှိတယ်။ ရေးတာတွေမှားနေတယ်လို့သက်သေမပြနိုင်ရင်တောင် ဖယ်သင့်တယ်လို့ ထင်တဲ့သူကလည်း တစ်ဝက်ကျော်ရှိတယ်။ ဒါကြောင့် လူမှုကွန်ရက်တွေက ကိုဗစ် ၁၉ သတင်းမှားတွေနဲ့ပတ်သက်လို့ သတိပေးစာ၊ စိတ်ချနိုင်တဲ့ရုပ်အပုံး

အမြစ်ကရှာတာဆိုရင်လည်း ရှာဖြစ်ကြောင်း ပြောလာကြရတယ်။

ကိုဗစ်နဲ့ပတ်သက်လို့ အမှားအမှန်ခွဲရတာ လွယ်တယ်ဆိုပေမဲ့ ထင်သလောက်တော့မလွယ်ပါဘူး။ ဖေဖော်ဝါရီလတုန်းက အမေရိကန်ဆရာဝန် တွေက မျက်နှာဖုံးစွပ်တာ မထိရောက်ဘူးလို့ပြော နေသေးတယ်။ အခုကျတော့ စွပ်ပါလို့နှိုးနေပြီ။ သိပ္ပံပညာက တိုးတက်ပြောင်းလဲတာ မြန်တာကိုး။

ကပ်ရောဂါကြောင့် နိုင်ငံရေးအရ အငြင်း ပွားတာတွေလျော့သွားလိမ့်မယ်လို့ မျှော်လင့်ခဲ့ ကြပေမဲ့ တကယ်တမ်းကျတော့ ဖြစ်မလာပါဘူး။ သတင်းမှားတွေဖြန့်ကြတာ မထူးဆန်းသလို နိုင်ငံ ရေးအတွက် အသုံးချကြတာလည်း မထူးဆန်းပါ ဘူး။ အမေရိကန်နိုင်ငံမှာ ချဲ့ကားတာ သံသယ မှားအောင်လုပ်တာ တမင်လုပ်ကြံပါဖြန့်တာတွေ ဟာ ကြာလှပါပြီ။ အခုခေတ်မှာတော့ ကမ္ဘာမှာ လစ်ဘရယ်သမားတွေထက် ရှေးရိုးစွဲသမားတွေ ကြားထဲမှာ ပါဖြန့်ရတာ ပိုလွယ်ပါတယ်။ တရား ဝင်ထုတ်ပြန်တာတွေကို မယုံကြည် ဆောဒွန်း ပြန်ထုတ်တတ်ကြရာမှာတော့ ရှေးရိုးစွဲတွေက ပိုပြီးလုပ်တတ်ကြပါတယ်။

အမေရိကန်တစ်ယောက်ကတော့ အမေ ရိကန်မှာ စာနယ်ဇင်းသမားတွေ၊ ပြီးတော့ သိပ္ပံ ပညာရှင်တွေ၊ ပညာရှင်တွေနဲ့ အစိုးရဆိုတာ မယုံရတဲ့အထဲမှာ ထိပ်ဆုံးကလို့ ဆိုပါတယ်။ ပြင်သစ်နိုင်ငံမှာလည်း ကိုဗစ်နဲ့ပတ်သက်လို့ သတင်းအမှားအယွင်းဆုံးသူဟာ အစိုးရပဲလို့တောင် ပြောဆိုနေကြတာတွေ ရှိပါတယ်။ ဗြိတိန်မှာ လည်း စာနယ်ဇင်းတွေ၊ ပညာရှင်တွေ၊ ဝန်ထမ်း တွေဟာ ဘက်လိုက်မှုကင်းတယ်လို့ သိပ်မယုံ ကြည်ကြပါဘူး။

နိုင်ငံအတော်များများမှာ စီးပွားရေးကို အခြေခံပြီး လက်ဝဲလက်ယာခွဲခြားကြရာက အခု တော့ ယဉ်ကျေးမှုအပေါ် အခြေခံပြီး လစ်ဘရယ်နဲ့ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်လို့ ခွဲခြားမြင် အစား ထိုးလာခဲ့ကြတယ်။

ကွန်ဆာဗေးတစ်တွေက တခြားစာနယ်ဇင်း တွေကိုမယုံလို့ ကိုယ်ပိုင်စာနယ်ဇင်းအရင်းအမြစ် တွေဘက် ပြန်လှည့်ကြတယ်။ ဒီအခါ ကိုယ်နဲ့ ကိုယ် အကြောင်းတရားတွေနဲ့ လူမှုကွန်ရက်တွေရဲ့ အယ်ဂိုရစ်သမ်ကလည်း လူတွေကို သဘောထား ပိုကွဲအောင် ဆွဲခေါ်သွားတယ်။

အမေရိကန် ၁၆ ရာခိုင်နှုန်းက ကိုဗစ်သတင်း ကို အိမ်ဖြူတော်က တိုက်ရိုက်ရကြတယ်။ သူတို့ လေးပုံသုံးပုံက စာနယ်ဇင်းတွေဟာ ကပ်ရောဂါ ကြောက်စရာကောင်းတာကို ချဲ့ကားလွန်းတယ်လို့ မြင်ကြတယ်။

ကွန်ဆာဗေးတစ်တွေ မယုံကြတဲ့တခြား အကြောင်းတရားတစ်ခုကတော့ တချို့နိုင်ငံတွေမှာ ရွေးကောက်တဲ့စနစ်က ကွန်ဆာဗေးတစ်နိုင်ငံရေး သမားတွေ အနှံ့နေရာက်စေအောင် လုပ်နေသလို ဖြစ်နေလို့ပါ။ လစ်ဘရယ်တွေကို မြို့ပေါ်မှာတွေ့ ရတာများတယ်။ တစ်နိုင်ငံလုံးပျံ့နှံ့နေတာက ကွန်ဆာဗေးတစ်တွေဖြစ်တယ်။ မဲများသူအနိုင်ယူ တဲ့စနစ်မှာ လစ်ဘရယ်တွေက တစ်ပန်းရှုံးတယ်။ သူတို့က မြို့ကြီးတွေမှာပဲ စုနေကြတာကိုး။ ကျန် တဲ့နေရာတွေမှာ နည်းတစ်ချက်နဲ့ ကွန်ဆာဗေးတစ် တွေက အနိုင်ရနိုင်တယ်။

နိုင်ငံရေးအကြောက်လွန်ရောဂါဆိုတာ တစ်ချိန်လုံးရှိနေတာ။ လူနည်းစုအပေါ် အနည်းနဲ့ အများ အမြဲအကျိုးသက်ရောက်မှုရှိတယ်။ တချို့ သော သမိုင်းရေးကပ်ဆိုးတွေဟာ အကြောက် တရားတွေ ထွက်ပေါ်လာစေနိုင်ပြီး လူထုလှုပ်ရှား မှုတွေ နိုင်ငံရေးပါတီတွေဖြစ်သွားစေနိုင်တယ်လို့ ပညာရှင်တစ်ယောက်က ဆိုပါတယ်။

ကိုဗစ်ဟာလည်း အီရတ်စစ်ပွဲနဲ့ ကမ္ဘာ့ စီးပွားရေးအကျပ်အတည်းတို့လိုပဲ ဖြစ်သွားစေနိုင် တယ်လို့ အီးကော်နောမစ်စ်မဂ္ဂဇင်းက ဆိုပါတယ်။

■ ခင်မောင်ညို(ဘာသာပြန်)

Ref: The Economist

မကျိုင်းကလေးပုံပြင်

"ဒီအသီး နီနီကလေးတွေပါက
ဘာသီးလေး ပါလိမ့်မှင်း
သိချင်သူ မေးရှာကြပြန်
ရှေ့ကျောက်တောအရှေ့"
မင်းပေရှိသတ် အလယ်တွင်
မသိချင် ဟန်ဆောင်မေး
အဓါတစ်ပါးဆီက
လာသူအကော ရှောင်ထေယ်နီလေတဲ့
ဆီးသီးသည် ကိုယ်တိုင်ဖြစ်ပေမဲ့
မဖြစ်သမယောင် ဟန်ဆောင်မြက်တယ်
ချိုင်းကော်လှမသေး

ဘဝမှာသူ မရှေ့ချိုင်းအတွက်သာပြင်
မဆိုင်နဲ့ အဓိန့်တော်ဝင်
နာကြည်းအသည်း ညှိမရပေါင် အချစ်ကဲမစင်တော့ပါဘူး
ဘာအသီးလဲ သိရအောင် အပြစ်ခတ်စေတ်မယ်တဲ့
နန်းကျပ်ကာနှင်း
အရှကျကြီးရှိ
ကာညာနေ စိမ်းစပြန်ကျွဲ
စိတ်မချင် ငိုမှ
ဘဝမှာသူ အချစ်ဆုံးလို့
မှန်ခဲ့ပြီပဲ

ဆီးသီးသည် ဘဝမြစ်ကိုယ်ပါလို့
အချစ်ခံခဲ့တော့ မျော်မှင်
တော်ဝင်နဲ့ မကျိုင်း
အချစ်မရှိပေဘူး
အပြစ်အတိ မျှောကျူးလေတော့
ရှစ်စူးသူ မျက်နှာလွှဲတယ်
ဝဲမျက်ရည်ဝိုင်း

သာဓလေယ်စဉ် အတွေ့မများအောင်လို့
ရှေးကော ဓာတ်လမ်းဆင်း
ထိပ်ရာဝင် အမေပြောခဲ့တယ်
မောနိုင်ဘူးထင်
မကျိုင်းလေး သူဖြစ်အင်
မြင်ယောင်မိစိတ်ထဲ
ဘဝကို အလှူယ်မရှုလျှင်ပြင်
အလှကို ဘယ်မတွေ့နိုင်ဘူ
အမေ့တိုင် ပုံပြင်သလေးကတော့
ဆောင်ကြဉ်ခဲ့ ။

● ငြိမ်းမှုအောင်ဖိုးပို

မနုဿဗေဒ

လူ့ဉာဏ် အမြား
တမာခါးလည်း၊ စားမှုသည်။

လူ့ဉာဏ် အလို
ပျားရည်ချိုလည်း၊ လျက်မှုသည်။

လူ့ဉာဏ် သောတွင်
ဆားတို့ချဉ်လည်း၊ စိမ်မှုသည်။

ရသာခါးချို၊ ချဉ်ကဲပိုသို့
ထိုထိုဝန်းကျင်၊ လူ့သဘာတွင်လည်း၊
လူ့ချဉ်လူ့ခါး၊ လူ့ချိုများတို့
ကွဲပြားမတူ၊ ခြားနားမှုနှင့်
လူ့လူ့တစ်စွန်း လွှင့်ဆဲကို . . . ။ ။

■ မနိုးဟင်းမင်း



ရွှေထက်တန်

ရွှေလက်ဆန့်
ငုံလင့်ကြို
ချို့ရွှင်အေး
ဆွေးမက်ထား
အားသန်ဆင်း ။

မြင်သူတိုင်း
လှိုင်းပီတိ
ထိရှင်ကိန်း
ငြိမ်းချမ်းခြင်း
သင်းနံ့ဝေ ။

နိုးသာခြင်း
မင်းရှင်ထဲ
မြဲဆောင်လာ
ဘာလိုဝေသေး
သွေးချင်းများ ။

တွေ့ဆုံညီ
သိချင်းလှယ်
ကျွယ်ဝက်ကင်း
ရှင်းအဖြေ
ရွှေထက်တန်
မြန်ပြည်လုံး
ပြီး . . . ပြီး . . . ပြီး ။

■ ကျော်ရွှာသူ(သာမာဂေတီ)

ပန်းခရေ

ပင်ထက်မှာခေ
ကြာမရှည်လည်း
ခေနေဆဲမှာ
မွှေးကြိုင်ရှာမြင့်
နံ့သာလှိုင်ခေ
ပန်းခရေ

မြေပြင်မှာကြွေ
ကြာမရှည်လည်း
ကြွေနေဆဲမှာ
မွှေးကြိုင်ရှာမြင့်
နံ့သာလှိုင်ဆဲ
ပန်းခရေ

မပစ်ရက်ပါ
သင်းပျံ့တာကြောင့်
သီဖိကာညှပ်ထား
စာအုပ်ကြားမှာ
မွှေးကြိုင်ရှာမြင့်
နံ့သာလှိုင်ဆဲ
ပန်းခရေ

ကြည့်
ခရေပန်း
ခြောက်ကြွေတာချင်း
အောက်မေ့ဝင်သည့်
အချစ်တည်ဆဲရှေး
ကြေကွဲတည်းရှေးကို
ပန်းအနွေ့တရစ်ရှာ တည့်ဆဲမခေသေး ။



မြောက်အမေရိက၏ ထင်ရှားကျော်ကြားသော ပြတိုက်ကြီးများ (၂)

American Museum of Natural History

အမေရိကန်နိုင်ငံက အမျိုးသားသဘာဝပတ်ဝန်းကျင်ပြတိုက်ဟာ စတုရန်းပေ ၂ သန်းကျော် ကျယ်ဝန်းပြီး ဆက်သွယ်ထားတဲ့အဆောက်အအုံ ၂၈ ခုအထိ ပါဝင်ပါတယ်။ ပြတိုက်တည်ရှိတဲ့နေရာကတော့ နယူးယောက်က Roosevelt Park အတွင်းမှာဖြစ်ပြီး ကမ္ဘာပေါ်မှာ လေ့လာလည်ပတ်သူအများဆုံးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြတိုက်တွေထဲက တစ်ခုဖြစ်ပါတယ်။

ပြတိုက်ရဲ့ မူရင်းဧရိယာအတွင်းမှာပဲ ပြခန်းပေါင်း ၄၅ ခုအထိ ထပ်မံခွဲထားပြီး စကြဉ်တိုက်နဲ့ နက္ခတ်တာရာပြခန်းတွေအထိ တည်ဆောက်ထားတာကိုတွေ့ရပါတယ်။ အဓိကပြသထားတာကတော့ တိရစ္ဆာန်၊ သဘာဝပေါက်ပင်အမျိုးမျိုး၊ နှစ်ရှည်ပင်အမျိုးမျိုး၊ ကျောက်ဖြစ်ရုပ်ကြွင်း၊ ကျောက်အမျိုးမျိုး၊ ရှေးယဉ်ကျေးမှု အနုပညာလက်ရာအမျိုးအစားပေါင်း ၃၃ သန်းကျော်ကို ပြသထားပါတယ်။

National Gallery of Art

အမေရိကန်အမျိုးသားယဉ်ကျေးမှုအနုပညာပြခန်းကိုစတင်တည်ထောင်ခဲ့သူကတော့ အမေရိကန်နိုင်ငံက နာမည်ကျော်ပရဟိတသမားကြီးလည်းဖြစ်၊ ဂီတပညာရှင်တစ်ယောက်လည်းဖြစ်၊ ဘဏ်လုပ်ငန်းရှင် သူဌေးကြီးတစ်ယောက်လည်းဖြစ်တဲ့ Andrew W. Mellon ဆိုသူဖြစ်ပြီး ၁၉၃၇ ခုနှစ်က

[illegible]
နဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ပြတိုက်ဟာ လူ
စိတ်ဝင်စားမှုမြင့်တက်လာတဲ့အပြင် အနယ်နယ်
အရပ်ရပ်က လှူဒါန်းမှုတွေကြောင့် ထပ်မံတိုးချဲ့
ပြီး [illegible] အပိုင်းတွေကို တိုးမြှင့်နိုင်
ခဲ့လာတာကြောင့် Andrew အနေနဲ့ [illegible]
လှူဒါန်းခဲ့ပါတယ်။

ပြတိုက်အတွင်းမှာ [illegible]
[illegible]

Gallery of Art ဟာ [illegible]
[illegible]
ဝင်နိုင်ပါတယ်။

National Museum of Natural History

[illegible]
၁,၅၀၀,၀၀၀ [illegible] ကျယ်ပြန့်ကာ တာဝန်ထမ်း
ဆောင်သူဝန်ထမ်း ၁၀၀၀ ကျော်လောက်ရှိပါ
တယ်။ ဒီပြတိုက်ဟာ အမေရိကန်ပြည်ထောင်စု
အစိုးရအဖွဲ့ရဲ့ Smithsonian Institution ရဲ့
[illegible]

ပေါင်း ၁၂၆ သန်းကျော်ကို တွေ့ရမှာဖြစ်ပါတယ်။

မြို့တော်ရှိ National Museum of Natural History ဟာ သဘာဝသမိုင်းဆိုင်ရာ လေ့လာမှုပညာရှင်တွေအတွက် အဓိကပြတိုက်ဖြစ်တဲ့ ပတ်ဝန်းကျင်ဖြစ်တဲ့နေရာနဲ့ တည်ရှိနေတာကြောင့်လည်း ကမ္ဘာ့ပြတိုက်တွေရဲ့ အကောင်းဆုံး အမေရိကန်ပြည်ထောင်စုရဲ့ သမိုင်းဝင်အမွေအနှစ်ပြသမှုနေရာဖြစ်တဲ့ Washington, D.C ရှိ National Mall အတွင်းမှာတည်ရှိပါတယ်။ ပြတိုက်အဆောက်အအုံကို ကိုက်ရာမှာတော့ ဒီပြတိုက်ဟာ လာရောက်လည်ပတ်သူ ၁၃ သန်းကျော်ကို လက်ခံတဲ့ ကမ္ဘာ့အကြီးဆုံး သဘာဝပတ်ဝန်းကျင်ပြတိုက်တွေအကြားမှာတော့ ခေတ်အမီဆုံး အကြီးကျယ်ဆုံးနဲ့ လာရောက်လည်ပတ်သူ အများဆုံးနေရာဖြစ်ပါတယ်။

Metropolitan Museum of Art

အမေရိကန်ပြည်ထောင်စုရဲ့ အကြီးဆုံးအနုပညာပြတိုက်ဖြစ်တဲ့ Metropolitan Museum of Art ဟာ နယူးယောက်မြို့ရဲ့တည်နေရာ ၃ နေရာမှာ ဖွင့်လှစ်ထားရှိတာဖြစ်ပြီး အနုပညာလက်ရာပေါင်း ၂ သန်းကျော်လောက်ကို ပြခန်း ၁၇ ခန်းအထိ ခွဲခြားဖွင့်လှစ်ပြသထားတာကို တွေ့ရပါတယ်။ Metropolitan Museum of Art ရဲ့ အဓိက အဆောက်အအုံတွေဟာ Central Park အနီးမှာတည်ရှိပြီး ဒီနေရာဟာ ကမ္ဘာ့အကြီးဆုံး အနုပညာလက်ရာတွေ တည်ရှိတဲ့နေရာအဖြစ် သတ်မှတ်နိုင်ပါတယ်။

ပြတိုက်မှာရှိတဲ့ အနုပညာလက်ရာတွေဟာ ရှေးခေတ်ရှေးဟောင်းအီဂျစ်တွေရဲ့ ပန်းချီလက်ရာတွေကနေ မျက်မှောက်ခေတ် အမေရိကမှာ ခေတ်စားတဲ့ပန်းချီလက်ရာတွေအထိ စုစည်းပြသထားတာတွေကိုတွေ့ရမှာပါ။ ကမ္ဘာ့တိုက်ကြီးအသီးသီးက အဆိုရှိတ်နိုင်တဲ့ အနုပညာဖန်တီးမှုလက်ရာတွေကိုပါ ခေတ်အလိုက်၊ အမျိုးအစားအလိုက် ခွဲခြားပြသထားပါတယ်။

National Air and Space Museum

အမေရိကန်ပြည်ထောင်စုရဲ့ အမျိုးသားလေကြောင်းနည်းပညာနဲ့ အာကာသပြတိုက်ဟာ မြောက်အမေရိကတိုက်သာမက တစ်ကမ္ဘာလုံး ရဲ့ စိတ်ပါဝင်စားမှုကို ခံနေရတဲ့ ပြတိုက်တစ်ခုဖြစ်ပါတယ်။ မြောက်အမေရိကတိုက်မှာတော့ လာရောက်လည်ပတ်သူအများဆုံးအဖြစ်သတ်မှတ်ထားတဲ့ ဒီပြတိုက်ဟာ ကမ္ဘာ့လေကြောင်းနဲ့ အာကာသနည်းပညာ အားလုံးရဲ့ ဗဟိုချက်မနေရာတစ်ခုဆိုရင်လည်း မမှားပါဘူး။

Geophysics (ဘူမိရူပ) ဘာသာရပ်နဲ့ Planetary (ဂြိုဟ်နဲ့ဆိုင်တဲ့) ဆိုင်ရာသုတေသနဌာနကို လေ့လာမှုနယ်ပယ်တွေမှာလည်း အဓိကကျတဲ့ ဒီပြတိုက်ဟာ လေယာဉ်နဲ့အာကာသယာဉ်မှူးယာဉ်တွေ ဖြတ်သန်းလာခဲ့တဲ့ခေတ်အဆင့်ဆင့်ကိုလည်း ပြသထားပါတယ်။ ပြတိုက်ရဲ့ထင်ရှားတဲ့အပိုင်းတွေကတော့ အမေရိကန်တွေ လကမ္ဘာကို ပထမဆုံးရောက်ရှိခဲ့တဲ့ Apollo 11 အာကာသယာဉ်၊ ရှေ့ကတ်အင်ဂျင်တပ်ဆင်ထားတဲ့ Bell X-1 နဲ့ The Spirit of St. Louis အာကာသယာဉ်တို့ဖြစ်ကြပါတယ်။ ■

■ ငြိမ်းဇော်ကျော်



ကမ္ဘာပေါ်ရှိ မြို့တော်အများစုတွင် တောင်ကုန်းမြင့်များနှင့်သဘာဝလမ်းကြောင်းများရှိနေကြသောကြောင့် ကောက်ကွေ့ တစ်လမ်း သို့မဟုတ် နှစ်လမ်းက အခြားလမ်းများထက်ပိုမို၍ လူသိများလေ့ရှိကြသည်။ ယင်းလမ်းများသည် ဈေးဝယ်ရန်ကောင်းသည့်နေရာ၊ မြို့ပြ၏ အရှုခင်းနေရာ၊ ဓာတ်ပုံရိုက်ရန်နေရာ သို့မဟုတ် သမိုင်းဝင်နေရာများဖြစ်ကြပြီး ယင်းလမ်းများသို့ ခရီးသွားများ အမြဲလည်ပတ်လေ့ရှိကြသည်။ ယင်းသို့ ထင်ရှားသည့်လမ်းများ၊ သစ်ပင်များတန်းနေသည့်လမ်းကျဉ်းများ၊ ခိုင်သာလမ်းများနှင့် လမ်းမများ၏ ဓာတ်ပုံများကို မကြာခဏရိုက်ကူးကြပြီး ယင်းတို့အများစုသည် ကမ္ဘာ့အကောက်ကွေ့ဆုံးလမ်းများစာရင်းတွင် ပါဝင်လာနိုင်ကြပေသည်။

လွန်ဘတ်လမ်း (Lombard Street)

လွန်ဘတ်သည် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ရှိ ဟိုက်ဒ်လမ်းနှင့် လီဗင်ဝိုသ်လမ်းအကြားတွင်တည်ရှိ၍ ကမ္ဘာပေါ်တွင် အကောက်ကွေ့ဆုံးလမ်းအဖြစ်ထင်ရှားသည်။ လွန်ဘတ်၏ ဘလောက်တစ်ခုစာအရှည်တွင် ဂွယ်ကွေ့ ၈ ခုရှိနေသော ယင်းကွေ့များကို တောင်ကုန်း၏သဘာဝမတ်စောက်မှုကိုလျှော့ချရန် ဖြည့်စွက်တည်ဆောက်ခဲ့သည်။ ယင်းလမ်းအရှည်တွင် ခွင့်ပြုထားသည့် မော်တော်ယာဉ်များကို ၁ နာရီ ... တွင် ၅ မိုင်သာမောင်းနှင်ရန် ခွင့်ပြုထားသည်။ ... ဆန်ဖရန်စစ္စကိုမြို့ရှိ

ကမ္ဘာ့အကောက်ကွေ့ဆုံးလမ်းများ

အပြိုင်းအလဲတက်ရောက်ခဲ့သည့် ကားလမ်းကူးနှင့် ဆိုင်းဘုတ် ပြည့်နှင့်၊ အသားတင်တန်ဖိုး ဖျော်ဖြေခဲ့ကြသော်လည်း သည်။ အလွန်အကောက်ဆုံးလမ်းများအဖြစ် ဆောင်ရွက် ကြသည်။

အက်ဘေးလမ်း (Abbey Road)

အက်ဘေးသည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ မြောက်ပိုင်းတွင်ရှိသောလမ်းဖြစ်ကာ လမ်း၏အရှေ့တောင်ဘက်အဆုံး၌ ဘီတဲလ်တေးဂီတအဖွဲ့၏ သီချင်း၊ ၉၀ ရာခိုင်နှုန်းကို အသံသွင်းခဲ့သည့် အက်ဘေးလမ်းစတူဒီယိုရှိသည်။ ၁၉၆၉ ခုနှစ်၊ ဩဂုတ်လတွင် ဘီတဲလ်တေးဂီတအဖွဲ့သားများသည် ၎င်းတို့၏ နောက်ဆုံးသောအယ်လ်ဘမ်ဖြစ်သည့် **Abbey Road** ကို အဖွဲ့လိုက်အသံသွင်းရန် အက်ဘေးလမ်းစတူဒီယိုသို့ရောက်ရှိလာခဲ့ကြသည်။ ၎င်းတေးအယ်လ်ဘမ်သည် ဘီတဲလ်အဖွဲ့၏ ရောင်းအားအကောင်းဆုံးအယ်လ်ဘမ်ဖြစ်လာခဲ့ကာ မျက်နှာဖုံးတွင် ရိုက်ထားသည့် စတူဒီယိုရှေ့မှ လူကူးမျဉ်းကြားဓာတ်ပုံသည် ၎င်းတို့၏ အမှတ်သင်္ကေတပုံဖြစ်လာခဲ့သည်။ ယနေ့အချိန်တွင် ကမ္ဘာလှည့်ခရီးသွားများသည် မိမိတို့ကိုယ်ပိုင် အက်ဘေးလမ်းတေးဂီတအယ်လ်ဘမ်အဖုံးကိုဖန်တီးနိုင်ရန် အက်ဘေးလမ်းသို့ လာရောက်လည်ပတ်လျက်ရှိနေကြသေးသည်။

ဟောလီးဝုဒ်နာမည်ကျော်သူများလျှောက်လမ်း (Hollywood Walk of Fame)

အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်မြို့ရှိ ဟောလီးဝုဒ်မှ သစ်ပင်များတန်းနေသည့်လမ်း [illegible]



ကို အလှနက်စိုက်ပျိုးထိန်းသိမ်းထားသည်။ ဖျော်ဖြေမှုနှင့်ပေါင်း ၂၀၀၀ ကျော်ရှိကာ ဆော်ဗွား ကျော်ကြားသော သစ်ပင်တောင်များ ဖိုးလောင် ရုပ်များ၊ ဘုရားကျောင်းများ၊ ပြတိုက်အနုပညာနှင့် အမြင်လှသော ရှေးဟောင်းအဆောက်အအုံများကြောင့် ပုံပြင်များကို လှုပ်ရှားသည့် အထိမ်းအမှတ်အဖြစ် ဖြစ်ခဲ့သည်။

သစ်ပင်ကြီးများသည် ချည်သည့်အခါ လေထုပြောင်းလဲမှုများကိုလည်း ဆွဲ၍ အနေအထား ကိုချမှတ်ကြသည်။ ပြည်သည့်ပန်းခြံတွင်းမှ အနေအထားနှင့်ပတ်သက်၍ ... ဆော်ဗွား သူများကို ဆောင်ရွက်ပေးနိုင်သော ... အတွက် အပြည့်အစုံ တွင် သွင်းနိုင်သဖြင့် နှစ်စဉ် ဦးရေ ၂၀၀ ခန့်ကျော်ကို ဆက်ကြိုဆိုကြ သည်။

လာရမ်ဘလာ (La Rambla)

သစ်ပင်တန်းများအကြားမှ လာရမ်ဘလာသည် စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့၌ရှိသော အလုပ် အများဆုံးနှင့် သွားလာလှုပ်ရှားမှုသိပ်သည်းမှုအများဆုံးလမ်းတစ်ခုဖြစ်သည်။ ဘာစီလိုနာမြို့၏ အချိန် အများစုတွင် လာရမ်ဘလာလမ်းပေါ်၌ မြို့ခံများထက် ကမ္ဘာလှည့်ခရီးသွားများက ပိုမိုများပြားနေလေ့ ရှိရာ လာရမ်ဘလာသည် ဈေးဝယ်ရန်စျေးချိုသည့် နေရာတစ်ခုအဖြစ်သို့ သွင်ပြင်လာခဲ့သော



ချိုင့်ဝှမ်းသံများအဖြစ်သည်။ ထို့ကြောင့် လာရမ် ဘလာလမ်းသည် ဓါးပိုက်နှိုက်မှုများ၏ အဓိက ပစ်မှတ်နေရာတစ်ခု ဖြစ်လာခဲ့သည်။ လာရမ် ဘလာသည် ကျဉ်းမြောင်းသောလမ်းသွယ်များကို ရှိစေ သည့် မတူညီသောလမ်းအပိုင်းများကို စုစည်း ထားသည့်လမ်းဖြစ်ကာ Las Ramblas ဟုလည်း ခေါ်ဆိုကြသည်။

သစ်သီးခြံလမ်း (Orchard Road)

စင်ကာပူမြို့၏ အဓိကဈေးဝယ်လမ်းဖြစ်သည့် သစ်သီးခြံလမ်းသည် မြို့ပြများ ကြားတွင်ရှိသော ကျော်ကြား သည့်အတိုင်း ကမ္ဘာလှည့်ခရီးသွား များအား အဓိကဆွဲဆောင်မှု ဖြစ်စေသည့် လမ်းတစ်ခုဖြစ် သည်။ ယခင်ကလမ်းဘေး၌ရှိခဲ့ နေသည့် သစ်သီးခြံကို အစွဲပြု၍ သစ်သီးခြံလမ်းဟု အမည်ပေး ခဲ့သော သစ်သီးခြံလမ်းပေါ် တွင် ဈေးဝယ်စင်တာများ၊ ကုန် တိုက်များ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ နိုက်ကလပ်များ၊ ဟိုတယ်များရှိသည်။ ထို့အပြင်

သစ်သီးဖြူလမ်းတွင် စင်ကာပူနိုင်ငံ သမ္မတအိမ်တော်ရှိသည်။

ခေတ်သစ်ကာလတွင် သစ်သီးဖြူလမ်းတစ်လျှောက်ကို ပြင်ဆင်မွမ်းမံထားမှုများသည် အလွန်ပင်ထင်ရှားကာ ထိပ်ဆုံးနေရာတွင်ရှိနေသည်။ ရှိုးဒီးယားသေမင်များသည် ဆိုင်းနှင့် ထန်းပင်များအကြားတွင် မြူထူးလျှပ်ပါးနေကြပုံများ နှင်းတော်များဖုံးအုပ်နေသည့် အီကွေတာအိမ်များကို ပုံဖော်ထားရှိသည်။

ခိုဆန်လမ်း (Khao San Road)

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဗဟိုခရိုင်ရှိ ခရီးသွားများ မြတ်ကလေး၊ လက်သစ်စားသောက်ဆိုင်များထင်ရှားသည့် လည်း စိတ်ဝင်စားဖွယ်ကောင်းသည့် ကြီးမားသောလမ်းတစ်လမ်း ဖြစ်သည်။ ရှေးယခင်က ဆန်ရောင်းချရာ နေရာဖြစ်သည်။ ဘန်ကောက်မြို့၏ အဓိကခရီးသွားများ ဗဟိုချက်ဖြစ်လာကာ အနောက်တိုင်း ခရီးသွားများ အလည်လာကြသည်။ ယခုအခါ လှုပ်ရှားမှုများ ပြုလုပ်ရာ နေရာ တစ်ခုဖြစ်သည်။ လမ်းတွင် ဟော်တယ်များ၊ ဂက်စ်ဟောက်များနှင့် ကျောပိုးအိတ်ခရီးသွားများအတွက် နေထိုင်စရာများ၊ ဈေးသက်သာသော အခန်းများ ရှိသည်။

နေရာထိုင်ခင်းများ ဘားဆိုင်များ စားသောက်စရာဈေးတန်းများ စားသောက်ဆိုင်များ စတိုးဆိုင်များ အင်တာနက်ကဖေးများနှင့် ခရီးသွားလုပ်ငန်းအေဂျင်စီများ ရှိသည်။

ဝေါလ်စထရိ (Wall Street)

တံတိုင်းလမ်းဟု မြန်မာပြန်ဆိုရမည့်ဝေါလ်စထရိသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်မန်ဟက်တန်ရှိ ငွေကြေးဘဏ္ဍာရေးဆိုင်ရာ

သနိုင်ငံ၏ အမွေအနှစ်အဖြစ်ရှိနေသော ဖြစ်ပေသည်။ လမ်း၏အမည် သည် အစောပိုင်းနယူးယောက်မြို့၏ ဒတ်ချ်ကုလိုနီ ... ကျွန်း၏ မြောက်ဘက်ပိုင်းဖြစ်သည်။ ... လမ်းအမည် ဖြစ်သည့် ... ဖြစ်ပြီး ... အဆောက်အအုံများ ... ၏အမည်ကို ၁၇ ရာစုနှစ်က ဒတ်ချ်ကုလိုနီများ အခြေချနေထိုင်မှု တိုးပွားလာခဲ့သည့်နေရာတွင် ယင်းတို့ကိုကာကွယ်ရန် တည်ဆောက်ခဲ့သည့် တံတိုင်းကိုအစွဲပြု၍ တံတိုင်းလမ်းဟုအမည်ပေး ခဲ့သည်။

၁၈ ရာစုနှောင်းပိုင်းတွင် ကုန်သည်များ နှင့် ဈေးကစားကြသူများသည် အလွတ်သဘော ကုန်သွယ်ရေးပြုလုပ်ရန် တံတိုင်းလမ်းဆောင် ... သည်။ ယင်းအဆောက်အဦနေရာသည် ၁၈၁၇ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် နယူးယောက်စတော့ဈေး ကွက်၏မူလနေရာဖြစ်ပေသည်။ နယူးယောက် မြို့မှ ထင်ရှားသောလမ်းများတွင် ဘရော့ဒ်ဝေး လမ်း၊ ပဉ္စမရိပ်သာလမ်းနှင့် မက်ဒီဆင်ရိပ်သာ လမ်းတို့လည်း ပါဝင်သည်။

ဗိုင်ယာဒိုလိုရိုဆာလမ်း (Via Dolorosa)

ဝမ်းနည်းပူဆွေးမှုလမ်း ဟု အဓိပ္ပာယ်ရသည့် ... နိုင်ငံ ... ရှိသည့်

ဆလိုင်း ၂ ပိုင်းရှိပြီး အမွေအနှစ်နိုင်ငံ၏ [illegible] စုဆောင်းပြီး လောက်မှ ထင်ရှားသည့်လမ်း ဖြစ်သည်။ ယင်းလမ်းသည် ခရစ်တော်ကို ကားစင်တင်ရန်ခေါ်ဆောင်သွားခဲ့သည့် လမ်းကြောင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ ၁ ကီလိုမီတာ၏ ၄.၃ ပုံ ၁ ပုံသာရှည်လျားသည့် ယင်းလမ်းသည် ရှေးခေတ်များမှ စတင်ပြောင်းလဲခဲ့သော ၂၀ ရာစု ရှေးဟောင်း သုတေသနပညာရှင်များ တွေ့ရှိမှုများအရ အဆုံးကောက်ချက်ချနိုင်ခဲ့ပါမှ ခိုင်လုံ နိုင်ရှိလမ်းကောင်းသည့် ယေရှုသွားခဲ့သည့် နောက်ဆုံးလမ်းပိုင်ရှိဖြစ်နိုင်ကြောင်း ပြောခဲ့သည်။

သို့သော် ကျွမ်းကျင်သူ ဘုရားဖူးလာ ရောက်ကြသူများသည် ယေရှုခရစ်တော်ကို မြင်နိုင်ရန် ရိုင်းရာရိုလိုရှိသောလမ်းတွင် အစဉ်အလာအားဖြင့် လျှောက်လှမ်းလေ့ရှိခဲ့ကြသည်။ လမ်းတစ်လျှောက်၌ သီးခြားဖြစ်ရပ်စတော်လမ်းတစ်ခုစီရှိသည့် လက်ဝါးကပ်တိုင် ၁၄ တိုင်ကို စိုက်ထူထားပေသည်။

လတ်စ်ဗီးဂတ်စ်လမ်းမကြောင်း
(Las Vegas Strip)

ကမ္ဘာတစ်ဝန်းမှ လောင်းကစားသမားများ စုစည်းသည့်နေရာဖြစ်သော လတ်စ်ဗီးဂတ်စ် လမ်းမကြောင်းသည် အမေရိကန်ပြည်ထောင်စု၊ နီဗားဒါးဗောင်ပိုင်း၊ ကမ္ဘာ့ရေဒုံအဆယ်တွင် တည်ရှိပြီး လတ်စ်ဗီးဂတ်စ်တစ်ခုလုံး၌ ကာစီနိုလောင်းကစားရုံများကို မြင်တွေ့နိုင်သည်။ ယင်းတို့အနက် ကာစီနိုရုံအများစုကို လတ်စ်ဗီးဂတ်စ် တောင်ပိုင်းရှိ ပိုင်သာလမ်းမ၌ တွေ့ရမည့်



လမ်းကြောင်းတစ်လျှောက်၌ အနုပညာရှင်များ တွေ့ရှိရသည်။ ယင်းနေရာတွင် အလွန်ကြီးမားသော ကာစီနိုဟိုတယ်များရှိရာ ခမ်းနားထည်ဝါစွာ အလှဆင်ထားပြီး စိတ်ကူးယဉ်ဆန်သော ... ကို အသေးစိတ်ဖန်တီးပုံဖော်ထားသည်။ ကာစီနိုများကို သတိထားမိစေသည့် ကြည့်ရှုဖွယ်ကောင်းသော လမ်းများ၊ နက်နဲသောကျွန်းရုပ်အပြည့်များ၊ ဆေးလိပ်ဆေါင်များသောနေရာများနှင့် အပြည့်များကို ပေးထားသည်။

ချန်အဲလိဇီးစ် (Champs-Elysées)

ရုပ်ရှင်ရုံများ၊ ကဖေးများ၊ စိမ်းစိုနေသည့်သစ်ပင်များ၊ ဇိမ်ခံဆိုင်များနှင့်အတူ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ ချန်အဲလိဇီးစ်လမ်းသည် အကျော်ကြားဆုံးအဓွန့်ရှည်ဆုံးလမ်းဖြစ်ပြီး၊ ... ကမ္ဘာ့ ... လမ်းသည် Place de la Concorde မှ Arc de Triomphe သို့ ဆက်သွယ်ထားသည်။ ယင်းလမ်းသည် ပါရီမြို့၏ သမိုင်းဝင်ဆိုင်ရာ အထင်ကရနေရာတစ်ခုဖြစ်သည်။

ချန်အဲလိဇီးစ်လမ်းပေါ်၌ တိုက်ပွဲများ၏ အောင်ပွဲခံချီတက်ပွဲများသည် နိုင်ငံခြားများကြောင့် ... မှ အတက်နိုင်ကြသည်။ ... ကျော်ကြားသော Tour de France စက်ဘီးပြိုင်ပွဲများသည် ချန်အဲလိဇီးစ်လမ်းတွင် ပန်းဝင်နိုင်ကြသည်။ စက်ဘီးပြိုင်ပွဲဝင်သူများသည် ... လမ်းအတွင်း၌ ပတ်လမ်း ၆ ခုမှ ၈ ခုအထိပတ်ကာ ယှဉ်ပြိုင်ကြရသည်။ ။

ဇော်ဦး (ရွှေကောင်းသုတေသန)

Ref: 10 Most Famous Streets in the World

CARTOON

CARTOON

Knowledge Light
Magazine

CARTOON

မိုးရွာတိုင်း မီးပျက်တယ်
လို့ ပြောပြောနေပါရဲ့
နို့...မဟုတ်ဘူးလား...
မီးလာမှမလာတာ...
ဟိုရွာနေသာ
နေတာပဲလေ...
မီးလာလို့လား
ကွ..

မြန်မာပညာကျော်တို့၏ ရသ အဆိုအမိန့်များ

● လွင်မှူး

ဟာသပညာသည် လူ့မျိုးတစ်မျိုး၏ ဘဝတွင် အရေးပါအရာရောက်သော ပညာရပ်တစ်ခုဖြစ်သည်။ သို့သော် ဟာသပညာအစစ်နှင့် အတုကိုခွဲခြားရန် လိုသည်။ ဇာတ်ပွဲများတွင်ပါဝင်သော လူရွှင်တော်များ၏ပြက်လုံးများသည် အခါခပ်သိမ်း ဟာသပညာမဟုတ်ပေ။

ကျွန်တော် နားလည်သောဟာသပညာကား လောကကြီးလူ့ဘဝ၊ လူ့ဇာတ်ခုံတွင် ရှေ့နောက်မညီ အဆင်မပြေသောအချက်အလက်များကို ထုတ်ဖော်၍ ရှင်လူအပေါင်းတို့အား ရယ်စရာသဘောဖြစ်စေရသည်။ ဤသို့ဖြစ်စေရာတွင် စာရေးဆရာ၏စိတ်ကူးဉာဏ်စွမ်းအလိုက် အသွင်အမျိုးမျိုးဆောင်နိုင်လေသည်။

အချို့ဟာသဆရာများက မိမိတို့ပတ်ဝန်းကျင် ကမ္ဘာကြီးကို ဟက်ဟက်ပက်ပက်ရယ်မောကြသည်။ ပြောင်လှောင်ကြသည်။ ခနဲ့ကြသည်။ ရွဲ့ကြသည်။ ဆောင့်မြောင့်ကြသည်။ တချို့ကား မိမိတို့ဘာသာ မိမိတို့ ကျိတ်၍ရယ်မောကြသည်။ ဤသို့လျှင် ဟာသပညာသည်များသည် အသွင်အမျိုးမျိုးဆောင်ကာ လောကီလူသားများ၏ ကြီးကျယ်မှု၊ ဟန်ဆောင်မှု၊ ငယ်ပါလျှော့ချမှုအစရှိသည်တို့ကို ပြက်ရယ်ပြုကြသည်။

ဗိုလ်ချုပ်အောင်ဆန်း

စကားပြေသည် ကချေသည်၏ အရေးကြီးသည့်ဟု ဖော်ပြလေသည်။ ကချေသည်ကား အရေးကြီးသည့်ပမာ [illegible] ဆိုသည်။ စကားပြေမှာ [illegible] အရေးကြီး [illegible]

ဦးဖေမောင်တင်

ခံယူမြင့်မြတ်သောစိတ်၊ တည်ကြည်သော စိတ်၊ တိုးတက်ကြီးပွားလိုသောစိတ်၊ မကောင်းကို ပယ်၍ ကောင်းရာဘက်ကို ပြုပြင်လိုသောစိတ် စသော စိတ်ကောင်းစိတ်မြတ်များကို ဖြစ်ပေါ်စေ လျက် သဖြင့်၊ သဘောသဘာဝ၊ အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်စေရေးတို့ကို ပြုပြင်သောစာပေ မျိုးကို လိုအပ်ပေသည်။

ဦးဖိုးကျား

စာပေသည် လူ့စည်းသည်ရှိရာ ကိုယ်နှင့်စိတ် နှစ်ခုစလုံးကို ကျန်းမာချမ်းသာစေခြင်းဖြစ်၏။ ကိုယ်ကို [illegible] အစာကျွေးပြီး စိတ်ကိုအစာမကျွေးသော အား [illegible] အကျိုးနည်းပေ၏။

ဦးအောင်ဇေယျ

ကိုယ်ပိုင်စိတ်ကူးယဉ်မှုမပေးသော စာပေ အား အစဉ်အမြဲဖတ်ရှုနေပြီး အရေးအသား ကောင်း၊ တောင်းရှာနေသည့် စာပေ အချိုးကိုဖတ်ရသည့်အခါ ကြွက်နှာစာရှာ၏ တက်နေ တောင်၍ တက်နေရှာ၏ ကြွက်မှာတောင်ဆာနေသောပုံမျိုး ကိုသာ မြင်ယောင်လာပါသည်။

မောင်မောင်ကြီး

လူ့ဘဝသည် အားမာန်နှင့်ကင်း၍ မရပ် တည်နိုင်။ ချစ်ရေးကြိုက်ရေးတွင်လည်း အားမာန် ပါသည်။ တိုင်းပြည်ရေးတွင်လည်း အားမာန်ပါ သည်။ စားရေးသောက်ရေးတွင်လည်း အားမာန်ပါ သည်။

တိုက်စိုး

စာရေးဆရာမှာ စာရေးဆရာတာဝန်ရှိ၏။ စာရေးဆရာလုပ်ပြီး စာရေးဆရာ၏ တာဝန်ကို မသိ၊ စာရေးဆရာ၏တာဝန်ကို မထမ်းဆောင်လျှင် စာပေတာဝန်မကျေ။ စာရေးဆရာလုပ်ပြီး၊ တာဝန်မကျေလျှင် ကလောင်ကိုပစ်ချကာ မုန့်ဟင်းခါးထမ်းရောင်း တာက ကောင်းပေဦးမည်။

ဇေယျ

ပညာပဒေသည် အရာရာတို့ကို ဟုတ်တိုင်းမှန်စွာ ရှုမြင်နိုင်ခြင်းနှင့် ဘဝပြဿနာများပေါ်ပေါက်လာသောအခါ မှန်ကန်စွာဖြေရှင်းနိုင်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ်တွင်း၌ ပညာမျိုးစေ့များသည် ကိန်းအောင်းနေသည်ဖြစ်၍ ကျွန်ုပ်တို့သဘောထားနေသည့် [illegible]

[illegible]

[illegible]

[illegible]

[illegible] (Keats) က "[illegible]" [illegible]

[illegible]

● [illegible]

ကိုဗစ်အလွန် ကမ္ဘာနှင့် ငွေအလားအလာ

၂၀၂၀ ပြည့်နှစ်သည် ကမ္ဘာကြီးတစ်ခုလုံးအတွက် ကြီးမားသောအကျပ်အတည်းကာလ [illegible] ဖြစ်သည်။ [illegible]

၂၀ ရာစုမှစ၍ ကမ္ဘာနှင့်ချီလျက် သက်ရောက်မှုရှိသောဖြစ်စဉ်အများအပြားရှိခဲ့သည်။ ၁၉၁၄–၁၈ ခုနှစ် ပထမကမ္ဘာစစ်၊ ၁၉၃၃ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်၊ ၁၉၃၉–၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်၊ ထို့နောက်ပိုင်း ၁၉၉၀ ပြည့်နှစ်အထိ စစ်အေးတိုက်ပွဲ၊ ၁၉၉၁ ခုနှစ် အရှေ့အုပ်စုပြိုကွဲမှု၊ ၂၀၀၁ ခုနှစ် နောက်ပိုင်းဘာသာရေးအစွန်းရောက်အကြမ်းဖက်ဝါဒ၊ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်း စသည်တို့ဖြစ်သည်။ ထိုဖြစ်စဉ်ဖြစ်ရပ်များအနက် အချို့က စီးပွားရေးကို ထိခိုက်စေသည်။ အချို့က နိုင်ငံများ၏ နိုင်ငံရေးအပြောင်းအလဲများကို ဖန်တီးသည်။ အချို့က လုံခြုံရေးကဏ္ဍအပေါ်၌ သက်ရောက်မှုရှိသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ်တွင်စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကမူ ကမ္ဘာကြီးတစ်ခုလုံးရှိ လူ့အဖွဲ့ အစည်းအားလုံးနီးပါးအပေါ်သို့ ဘက်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုရှိလာခဲ့သည်ကို တွေ့ရ၏။ လူတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ သက်တမ်းမျှော်မှန်းချက်၊ ဝင်ငွေ၊ လူမှုဆက်ဆံရေး၊ လုပ်ငန်းခွင်အခြေအနေ၊ အလုပ်အကိုင်တည်မြဲမှု စသောအရေးပါသည့်ကိစ္စများမှသည် နိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံစီမံခန့်ခွဲရေးနှင့် နိုင်ငံရေးကိစ္စများမှသည် နိုင်ငံတကာ ဆက်ဆံရေးအထိ အပြောင်းအလဲများသို့ ဦးတည်စေခဲ့ဖြစ်သည်။ ... ကိုဗစ်နောက်ပိုင်း ... ကမ္ဘာ ... အကြီးကျယ်ဆုံး ... မည်သို့ ... ပြောင်းလဲ

သေချာမပြောနိုင်သောအခါ ကိုဗစ်ကြောင့် ပြောင်းလဲသွားမည့် ကမ္ဘာ့အခြေအနေအထားအသစ်တွင် အသားကျအောင်နေထိုင်ကြရတော့မည်ကား သေချာနေသည်။ ထိုသို့နေထိုင်နိုင်ရန် ပြင်ဆင်ထားရာတွင် ဤကမ္ဘာ၌ မည်သို့သောအပြောင်းအလဲဖြစ်လာနိုင်မည်ဆိုသည်ကို ကြိုတင် သုံးသပ်မှန်းဆထားရန် လိုအပ်လာသည်။

လက်ရှိအချိန်အထိ ရရှိနိုင်သမျှသောသတင်းအချက်အလက်များကိုထောက်ဆ၍ ပြောင်းလဲသွားမည့် ကမ္ဘာ့အခြေအနေအထားအသစ်ကို ပုံဖော်ကြည့်ပါမည်။ ...



ကမ္ဘာစနစ်ကြီးအတွင်း မည်သို့မည်ပုံပြောင်းလဲဖြစ်ပေါ်လာမည်ကို မည်သူမျှအတိအကျမပြောနိုင်သော်လည်း ဖြစ်နိုင်သမျှအလားအလာကို မှန်းဆချော်တွေးကြည့်မိခြင်းသာ ဖြစ်ပါ၏။

ကမ္ဘာ့ကြီးစိုးကျွန်းသာမှု

ထင်ရှားလှသော အနာဂတ်သိပ္ပံဆိုင်ရာ ယုဝယ်လ်နိုအာဟာရာရီက သူ၏ 'Homo Deus (လူသားနတ်ဘုရား)' ဟူသော လူတို့၏အနာဂတ်သမိုင်းခန့်မှန်းချက်စာအုပ်တွင် 'ကပ်ရောဂါဖြစ်ပွားမှုအကြိမ်ရေနှင့် ထိခိုက်သက်ရောက်မှုသည် ပြီးခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း သိသိသာသာကျဆင်းသွားသည်' ဟု (၂၀၁၅ ခုနှစ်ခန့်က) ရေးသားခဲ့သည်။ ထိုသို့ကျဆင်းလာခြင်းမှာ '၂၁ ရာစုဆေးပညာ၏ မကြုံစဖူးအောင်မြင်မှုများ' ကြောင့်ဖြစ်သည်ဟု သူကဆိုခဲ့သည်။

၂၀၂၀ ပြည့်နှစ်ဆန်းပိုင်းတွင် စတင်ပျံ့နှံ့လာခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါက ဟာရာရီ၏ အဆိုကို ပြက်ရယ်ပြုစိန်ခေါ်နေသကဲ့သို့ရှိသည်။ ဤစာကိုရေးနေသည့်အချိန် (ဇွန်လ တတိယပတ်) တွင် ကမ္ဘာပေါ်၌ ရောဂါဖြစ်ပွားသူ ၈ သန်းကျော်ရှိပြီး သေဆုံးသူ ၄ သိန်းခွဲနီးပါး ရှိနေလေပြီ။ ပြည်တွင်း၌ စတင်ဖြစ်ပွားသည့် ရောဂါပိုးကင်းစင်သွားပြီဟု ကြေညာထားခဲ့သော တရုတ်နိုင်ငံ၌ ပေကျင်းမြို့တော်ရှိ သားငါးဈေး တစ်ခုမှ ပြည်ပတင်သွင်း ဆော်လမွန်ငါးမှတစ်ဆင့် ရောဂါပြန်လည်ဖြစ်ပွားသဖြင့် တစ်မြို့လုံးကို စစ်ပွဲအဆင့်အရေးပေါ်အခြေအနေကြေညာကာ လူ ၂ သိန်းခန့်ကို အလျင်အမြန်ပြန်လည်စစ်ဆေးနေရသည်။ ကမ္ဘာတောင်ဘက်အစွန်းတွင်ရှိပြီး တစ်ကမ္ဘာလုံးနှင့် အဆက်အသွယ်ဖြတ်ကာ ကိုဗစ်ကင်းစင်သည့်နိုင်ငံအဖြစ် ကြေညာထားသည့် နယူးဇီလန်၌ ပိုးပြန်တွေ့လာသဖြင့် အသည်းအသန်ရှင်းလင်းနေရပြန်သည်။

ကျွန်တော်၏ အမြင်တွင် ကိုဗစ်ရောဂါပိုး၏ ဆန်းကြယ်မှု၊ အဖျက်စွမ်းအားကြီးမားမှုနှင့် ကူးစက်လွယ်မှုစွမ်းရည်သည်တို့က ကမ္ဘာဆန်မှု ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးနှင့်ပေါင်း စပ်လိုက်သောအခါ ဤသို့ထိန်းသိမ်းရန် ခက်ခဲသည့် ကြောက်မက်ဖွယ်အကျိုးဆက်ဖြစ်လာစေသည်ဟု ထင်မိသည်။ ကိုဗစ်-၁၉ ရောဂါကိုဖြစ်ပွားစေသည့်

နိုဗယ်ကိုရိုနာရောဂါပိုးသည် ဆားစ်ရောဂါကဲ့သို့ ပြင်းထန်သော အဆုတ်ရောင်ရမ်းမှုကိုဖြစ်စေပြီး အိပ်ချ်အိုင်ဗွီပိုးကဲ့သို့ လူတို့၏ ခုခံအားစနစ်ကို ပျက်သုဉ်းစေသောအစွမ်းရှိနေရသည်မှာ သဘာဝအလျောက်ဖြစ်ပေါ်လာခြင်းလော၊ လူသားတို့က ဖန်တီးခြင်းလော ကွဲပြားစွာမသိရသေးဘဲ အငြင်းပွားနေကြဆဲဖြစ်သော်ငြားလည်း ထိုသို့အစွမ်းထက်မှုကြောင့်ပင် ကောင်းမွန်လှပါသည်ဆိုသော ဆေးဝါးများပင် ကုသရန်ခက်လှသည့် ကပ်ရောဂါဖြစ်နေသည်ကား မငြင်းနိုင်ပေ။ နောင်သော် ဤရောဂါအတွက် ကာကွယ်ဆေးနှင့်ကုသဆေးတို့ ပေါ်ပေါက်လာနိုင်ပါသည်။ သို့သော် ယင်းဆေးများ တစ်ကမ္ဘာလုံးသို့ ဈေးသက်သာစွာရောက်ရှိနိုင်မှုက ကြာမြင့်ဦးမည်ဖြစ်သကဲ့သို့ ဗိုင်းရပ်စ်တို့၏ သဘောသဘာဝအရ ထိုကာလတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်သည် မျိုးဗီဇပြောင်းလဲကာ အခြားသောရောဂါပုံစံဖြစ်ကောင်းဖြစ်လာနိုင်ပေရာ ကမ္ဘာကြီးအနေဖြင့် လူသားနှင့်ဗိုင်းရပ်စ်တို့အကြား မဆုံးနိုင်သော ပြေးတမ်းလိုက်တမ်းကစားပွဲကြီးနှင့် တွေ့ကြုံရပြီး ရောဂါနှင့်ရောနှော တွဲဖက်ရှင်သန်နေကြရဦးမည့်အလားအလာကိုတွေ့မြင်ရပါသည်။

လူတို့၏ နေထိုင်မှုဘဝ

အနိမ့်ဆုံးအားဖြင့် ဤကိုဗစ်ရောဂါကပ်ဘေးကို ထိရောက်စွာထိန်းချုပ်နိုင်ရန်မှာ အနည်းဆုံး ၂ နှစ်ခန့်ကြာဦးမည်ဟု ပညာရှင်တို့ကခန့်မှန်းထားကြသည်။ တစ်ကမ္ဘာလုံးက တစ်သွေး၊ တစ်သံ၊ တစ်မိန့်ပုံစံဖြင့် တန်းတူညီတူ ညီညီညွတ်ညွတ် တင်းတင်းကျပ်ကျပ်လုပ်ဆောင်နိုင်ပါက ထိုသို့ရနိုင်ကောင်းပေ၏။ သို့သော် ဤကမ္ဘာကြီးမှာ အချုပ်အခြာအာဏာပိုင်နိုင်ငံပေါင်း ၂၀၀ ခန့်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ မည်သည့်ကိစ္စမဆို သူတစ်လူ ငါတစ်မင်းလုပ်ဆောင်လိုကြ၏။ အချို့က တင်းကြပ်စွာထိန်းချုပ်နေချိန်တွင် အချို့က လျှော့ပေါ့ပေးလိုကြ၏။ ချမ်းသာသောနိုင်ငံများပင် ရောဂါကို မနိုင်မနင်းကိုင်တွယ်နေရချိန်တွင် ဆင်းရဲသောနိုင်ငံများမှာမူ ဆိုဖွယ်ရာမရှိ။ ကိုဗစ်ဆိုသည့်ကျားက သနားမှ နွားချမ်းသာရမည့်ဘဝဖြစ်၏။

ဤအခြေအနေတွင် နိုင်ငံအားလုံးလိုလို ရင်ဆိုင်နေရသည့်ပြဿနာမှာ "ရောဂါကိုဖက်ကြီး လွှတ်ပေးလိုက်ပြီး လူအများအပြားအသေခံကြမလား၊ မြို့ရွာတို့တွင် အနေအထိုင်ထိန်းချုပ်ကန့်သတ်မှုကို တင်းကြပ်စွာဆောင်ရွက်ပြီး အများစုအငတ်ခံကြမလား" ဟူသော ရွေးချယ်မှုဖြစ်၏။ အများစုကလိုလားကြသည်မှာ အသေလည်း မခံနိုင်၊ အငတ်လည်းမခံနိုင်ဟူ၍ဖြစ်၏။ သို့ဆိုလျှင် အကောင်းဆုံးအခြေမှာ အနည်းဆုံးသေပြီး အနည်းဆုံးငတ်မှုတ်စေမည့် 'ရွှံ့လည်းမပေ ငါးလည်းရသော' နည်းလမ်းမျိုးကိုရွေးချယ်ရန်သာဖြစ်တော့သည်။ သို့သော် ယင်းနည်းလမ်းမှာ အပြောလွယ်သလောက် အလုပ်ခက်လှ၏။

ကိုဗစ်ရောဂါသည် နှာချေခြင်း၊ ချောင်းဆိုးခြင်း စသည့် လေထုမှတစ်ဆင့်ကူးစက်ခြင်း၊ လူနှင့် ပစ္စည်းတို့မှတစ်ဆင့်ထိတွေ့ကူးစက်ခြင်းတို့ဖြစ်တတ်ရာ လူလူချင်းခွာနိုင်သမျှခွာထားမှ လုံခြုံစိတ်ချရမည့်သဘာဝရှိသော်လည်း စားဝတ်နေရေး၊ စီးပွားရေး အလုပ်ကိစ္စများတွင်မူ လူလူချင်းထိတွေ့ဆက်ဆံဘဲ မရသလို၊ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင်လည်း ထိတွေ့ဆက်ဆံမှုကို ရှောင်လွှဲ၍ ရမည်မဟုတ်ပေ။ ထို့ကြောင့် အန္တရာယ်ကိုလျှော့ချသည့်အနေဖြင့် သွားလေရာတွင် နှာခေါင်းစည်း၊ မျက်နှာကာအဖုံးများတပ်ဆင်ခြင်း၊ မကြာခဏ လက်ဆေးခြင်း၊ တစ်ကိုယ်ရေနှင့် အိမ်တွင်းသန့်ရှင်း ကျန်းမာရေး

ကို ဂရုစိုက်ခြင်း၊ အနေအထိုင် အသွားအလာ ဆင်ခြင်ခြင်းတို့ဖြင့်သာ ဆောင်ရွက်နေထိုင်ရတော့မည်ဖြစ်၏။

ထို့ကြောင့် နောက်ပိုင်းကာလတွင် အိမ်ပြင်ထွက်၍ လူလူချင်းထိတွေ့လုပ်ကိုင်ရသည့်လုပ်ငန်းများတွင် လူများပါဝင်လုပ်ကိုင်မှုလျော့နည်းကျဲပါးလာမည်သာဖြစ်သည်။ လူလုပ်ကိုင်ရသည့်နေရာများတွင် အလိုအလျောက်စက်များကို ပိုမိုအစားထိုးလုပ်ကိုင်လာဖွယ်ရှိသကဲ့သို့ လူချင်းတိုက်ရိုက်ထိတွေ့ဆက်ဆံမှုထက် တယ်လီဖုန်း၊ အင်တာနက်စသည်တို့မှ ဆက်သွယ်မှုများ ပိုမိုများပြားလာဖွယ်ရှိသည်။ လူအများစုဝေး၍ အစည်းအဝေးပြုလုပ်ခြင်းထက် အင်တာနက်ပေါ်၌စုစည်း၍ Zoom စသော နည်းလမ်းများဖြင့် တယ်လီကွန်ဖရင့် စည်းဝေးဆောင်ရွက်ခြင်း မျိုး ပိုမိုလုပ်ဆောင်လာကြဖွယ်ရှိသကဲ့သို့ ဆေးရုံဆေးခန်းများတွင် လူနာစမ်းသပ်ကြည့်ရှုမှုများကိုပင် Telemedicine အစီအစဉ်များဖြင့် ဆောင်ရွက်လာကြဖွယ်ရှိသည်။ ရုပ်ရှင်၊ ဂီတစသော စိတ်အပန်းဖြေမှုအစီအစဉ်များတွင်လည်း ရုပ်ရှင်ရုံ၊ ဇာတ်ရုံး ပြင်ပဖျော်ဖြေမှုများထက် အိမ်တွင်း ရုပ်မြင်သံကြားမှ အပေးအစီအစဉ်များက ပိုမိုတွင်ကျယ်လာဖွယ်ရှိသည်။ စာပေသင်ကြားမှုနှင့် အခြားဘာသာရပ်လေ့လာမှုများတွင်လည်း အင်တာနက်နှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပိုမိုဆောင်ရွက်လာဖွယ်ရှိသည်။ အချုပ်အားဖြင့်ဆိုသော် ကိုဗစ်ရောဂါကြောင့် လူတို့သည် သတင်းနည်းပညာအပေါ်တွင် ပိုမိုမှီခိုလာရဖွယ်ရှိပြီး လက်တွေ့ဘဝပြင်ပကမ္ဘာထက် သဏ္ဌာန်တုပုံရိပ်ကမ္ဘာ (Virtual World) တွင် ပို၍မွေ့လျော်လာရဖွယ်ရှိသည်။ ထို့ပြင် အသစ်အဆန်းပေါ်ပေါက်လာသည့် လူလုပ်အသိဉာဏ် AI နည်းပညာ၊ နာနိုနည်းပညာ၊ ဇီဝနည်းပညာ၊ 5G၊ 6G ဆက်သွယ်ရေးနည်းပညာများသည် လူ့အဖွဲ့အစည်း၏ကဏ္ဍပေါင်းစုံအပေါ် ကြီးမားစွာ သက်ရောက်လာဖွယ်ရှိသည်။ ထိုအခါ နည်းပညာပိုင်ဆိုင်သော နိုင်ငံ၊ လူတန်းစား၊ လူ့အဖွဲ့အစည်းနှင့် နည်းပညာမပိုင်ဆိုင်နိုင်သူ လူ့အဖွဲ့အစည်းတို့အကြား ကွာဟခြားနားမှုများက ပိုမိုကြီးမားလာဖွယ်ရှိကာ မမျှော်မှန်းနိုင်သောအကျိုးဆက်များလည်း ပေါ်ပေါက်လာဖွယ်ရှိလေသည်။

ကမ္ဘာ့စီးပွားရေး

ကိုဗစ်က ကမ္ဘာ့စီးပွားရေးကို ကမောက်ကမဖြစ်အောင်ချေနှောက်ကာ ဆွဲချပစ်ခဲ့သည်။ ရောဂါပျံ့နှံ့ကူးစက်မှုကိုဖြတ်တောက်ပစ်ရန် နိုင်ငံ၊ မြို့၊ ရွာ၊ ရပ်ကွက်၊ အိမ်ခြေများအလိုက်ပိုင်းခြားပိတ်ဆို့ချုပ်ကန့်သတ်မှုများ ပြုလုပ်လိုက်ခြင်းက သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ ပြတ်တောက်သွားစေခဲ့ပြီး အကျိုးဆက်အနေဖြင့် ကုန်ပစ္စည်းထောက်ပံ့မှု ကွင်းဆက်များထိခိုက် ပြတ်တောက်သွားစေခဲ့သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများရပ်ဆိုင်းမှုကြောင့် လောင်စာလိုအပ်ချက် သိသိသာသာ လျော့ကျသွားခဲ့ပြီး ကမ္ဘာ့လောင်စာဆီ ဈေးနှုန်းသည် လူ့သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် သုညအောက်သို့ ရောက်သွားခဲ့သည်။ လေကြောင်းလိုင်းများ၊ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းများ၊ လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ အရှုံးပေါ်ခဲ့ကြသည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများလည်း ရပ်တန့်သွားခဲ့သည်။ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ရပ်ဆိုင်းကျဆင်းသွားခဲ့သည့်အတွက် ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင်လည်း ထိခိုက်လာခဲ့သည်။ စတော့ရှယ်ယာဈေးကွက်ညွှန်းကိန်း

များစွာနိမ့်ကျဆင်းခဲ့သည်။ အမေရိကစီးပွားရေးကျဆင်းမှုကြောင့် ကမ္ဘာ့စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်တွင် အနုတ် ၃ ရာခိုင်နှုန်းခန့်ကျဆင်းလိမ့်မည်ဟု အိုင်အမ်အက်ဖ်အဖွဲ့က ခန့်မှန်းထားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏စီးပွားရေးမှာ အထိအနာဆုံးဖြစ်ပြီး အနုတ် ၆ ဒသမ ၁ ရာခိုင်နှုန်းခန့်ကျဆင်းနိုင်သည်ဟုခန့်မှန်းထားသည်။ ယင်းတို့အနက် အမေရိကန်က အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ဂျာမနီက အနုတ် ၇ ရာခိုင်နှုန်း၊ ပြင်သစ်က အနုတ် ၇ ဒသမ ၂ ရာခိုင်နှုန်း၊ အီတလီက အနုတ် ၉ ဒသမ ၁ ရာခိုင်နှုန်းစသည်ဖြင့်ကျဆင်းမည်ဖြစ်ပြီး ဂျပန်က အနုတ် ၅ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းနိုင်သည်ဟုဆိုသည်။ ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အထိအနိုက်သက်သာပြီး အနုတ် ၁ ရာခိုင်နှုန်းခန့်သာကျဆင်းနိုင်သည်ဟုမျှော်မှန်းထားသည်။ ယင်းတို့အနက် စီးပွားရေးဖွံ့ဖြိုးစဖြစ်သော တရုတ်မှာ ၁ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်မှုအပေါင်းလက္ခဏာကျန်ရှိပြီး အိန္ဒိယမှာလည်း ၁ ဒသမ ၉ ရာခိုင်နှုန်းမျှသာ တိုးတက်မည်ဟု ခန့်မှန်းထားသည်။ ရုရှား၊ အရှေ့ဥရောပနှင့် လက်တင်အမေရိကတို့မှာ အနုတ် ၅ ရာခိုင်နှုန်းကျော်စီကျဆင်းသွားမည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းနှင့် အလယ်အာရှနိုင်ငံများမှာ အနုတ် ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းမည်ရှိသည်ဟု ဆိုသည်။ ချမ်းသာသောအာဆီယံ ၅ နိုင်ငံမှာ အနုတ် ၀ ဒသမ ၆ ရာခိုင်နှုန်းဖြင့် မဆိုစလောက်ကျဆင်းသွားမည်ဖြစ်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှာမူ ၀ ဒသမ ၄ ရာခိုင်နှုန်းခန့်တိုးတက်မှုကျန်ရှိနေဦးမည်ဟုခန့်မှန်းထားသည်။ ၂၀၂၁ ခုနှစ်တွင်မူ ကမ္ဘာ့စီးပွားရေးက ၅ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများက ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဖွံ့ဖြိုးစ၊ ဖွံ့ဖြိုးဆဲတို့က ၆ ဒသမ ၆ ရာခိုင်နှုန်းပြန်လည်တိုးတက်လာမည်ရှိသည်ဟုဆိုသည်။ ဆိုလိုသည်မှာ ၂ နှစ်ခန့်အကြာတွင် (အကယ်၍ ကိုဗစ်က ဆက်လက်ဖြစ်ပွားမနေတော့ဘဲ ငြိမ်ဝပ်သွားမည်ဆိုပါက) ကမ္ဘာ့စီးပွားရေးနာလန်ပြန်ထူလာမည်ရှိသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများမှာမူ မူလအနေအထားပြန်ရောက်ရန်ပင် ရုန်းကန်ရဦးမည့်သဘောရှိပြီး ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးဆဲတို့မှာ ပို၍အခြေအနေကောင်းလာနိုင်သည့် အနေအထားရှိသည်ဟု သုံးသပ်ရပါ၏။

ကမ္ဘာ့နိုင်ငံရေး

ကမ္ဘာ့နိုင်ငံရေးတွင် ကိုဗစ်ရောဂါ၏သက်ရောက်မှုကလည်း ထင်ရှားသိသာမည်ရှိ၏။ အထူးသဖြင့် ကမ္ဘာ့မဟာဗျူဟာဦးဆောင်မှုပြိုင်ဘက်နှစ်ဦးဖြစ်သည့် အမေရိကန်နှင့် တရုတ်တို့အကြားတွင် ကိုဗစ်အပေါ် တုံ့ပြန်ကိုင်တွယ်ထိန်းသိမ်းနိုင်မှုက အရေးပါသည့် အဆုံးအဖြတ်တွန်းအားတစ်ရပ်ဖြစ်လာမည်ရှိ၏။ ဤနေရာတွင် လက်ရှိအခြေအနေအရ တရုတ်ဘက်က အသာစီးရနေသည်မှာကား မြင်နိုင်သောအချက်ဖြစ်၏။ တရုတ်သည် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်စတင်ပေါ်ထွက်ရာ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားရာနိုင်ငံဖြစ်သည်မှာ မှန်၏။ သို့သော် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလကုန်ပိုင်းကျမှ စတင်ဖြစ်ပွားသည်မှ ၃ လခန့်အကြာတွင် ရောဂါကို ထောင်ချောက်ထိန်းချုပ်နိုင်ခဲ့ပြီး ၅ လအကြာတွင်

တစ်နိုင်ငံလုံး၌ ရောဂါကင်းစင်သလောက်နီးပါး ဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ နှစ်ပေါင်း ရောဂါဖြစ်ပွားမှု ၈၃၀၀၀ ရှိပြီး သေဆုံးသူမှာ ၄၆၀၀၀ ခန့်သာရှိ၏။

အမေရိကန်နိုင်ငံတွင်မူ ရောဂါကူးစက်မှုကို တရားဝင်အားဖြင့် ပထမဆုံးတွေ့ရှိရသည်မှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင်ဖြစ်ပြီး ရောဂါအတွက် ကာကွယ်တားဆီးရန် အချိန်အတော်အတန် ရခဲ့သည်။ သို့တိုင်အောင် ဇွန်လတတိယပတ်တွင် ရောဂါဖြစ်ပွားသူ ၂ သန်းကျော်ရှိပြီး သေဆုံးသူ ၁၁၇၀၀၀ ခန့်ရှိကာ ကမ္ဘာပေါ်၌ ဖြစ်ပွားသေဆုံးမှု အများဆုံးနိုင်ငံဖြစ်နေသည်။ ထို့ပြင် ကူးစက်ဖြစ်ပွားမှုနှုန်းကလည်း ဆက်လက်မြင့်မားနေဆဲဖြစ်သည်။

အဘယ်ကြောင့် နှစ်နိုင်ငံအခြေအနေချင်း ထိုသို့ကွာခြားရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ သေချာစွာလေ့လာသုံးသပ်ကြည့်လျှင် ကျမ်းတစ်စောင် ပေတစ်ခွဲ့ပင်ရနိုင်မည် ထင်သည်။ ယေဘုယျအားဖြင့် မိမိ၏အမြင်တွင် နှစ်နိုင်ငံအကြား ခေါင်းဆောင်မှု၊ နိုင်ငံရေးနှင့် နိုင်ငံ့ဖွဲ့စည်းပုံစနစ်၊ စီးပွားရေးပုံစံနှင့် လူ့အဖွဲ့အစည်း၏စရိုက်လက္ခဏာတို့ များစွာကွာခြားမှုကြောင့်ဖြစ်သည်ဟု သုံးသပ်မိသည်။

နိုင်ငံ့ခေါင်းဆောင်နှစ်ဦးကို ယှဉ်ကြည့်ပါက တရုတ်သမ္မတရှီကျင့်ဖျင်သည် အလုပ်ကို စူးစူးစိုက်စိုက်လေးလေးနက်နက် လုပ်ကိုင်တတ်သူ အပြောထက် လက်တွေ့အလုပ်ကိုဦးစားပေးသူ တစ်ဦးဖြစ်ပြီး နိုင်ငံ့အရေးဦးစားပေးသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ အမေရိကန်သမ္မတ ထရမ့်ကမူ အများကြိုက်လုပ်တတ်ပြီး အပြောကောင်းသူ၊ နိုင်ငံရေးကို စီးပွားရေးဆန်ဆန် အကျိုးအမြတ်တွက်ပြီးလုပ်တတ်သူ၊ သူ့ကိုဆန့်ကျင်အကြံပေးတတ်သူများအား ဖယ်ထုတ်ပြီး သူမှန်သည်ထင်သည့်ကိစ္စကို မည်သူ့မျှဂရုမစိုက်ဘဲ ခေါင်းမာမာနှင့်လုပ်တတ်သူ ရွေးကောက်ပွဲနှင့် အာဏာနိုင်ငံရေးကို ဦးစားပေးအလေးထားသူ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ထို့ကြောင့် ရှီကျင့်ဖျင်က ကိုဗစ်ရောဂါဖြစ်ပွားသည်နှင့် အလေးအနက်ထားကာ တင်းတင်းကျပ်ကျပ်ထိန်းချုပ်ကိုင်တွယ်ခဲ့သော်လည်း ထရမ့်က ရောဂါကို ပေါ့ပေါ့ပေါ့ပေါ့တွက်ကာ စီးပွားရေးမထိခိုက်စေရေးအတွက် ထိန်းချုပ်တင်းကြပ်မှုများပြုလုပ်ရန် ဝန်လေးနေခဲ့သလို ဆေးပါးပညာရှင်များနှင့် ဆေးဝန်ထမ်းများ စုစည်းပြင်ဆင်ရေးတွင် နှောက်ယှက်ခဲ့သည်။

ထိုသို့ဖြစ်ရသည်မှာ နှစ်နိုင်ငံအကြား နိုင်ငံရေးနှင့် နိုင်ငံ့ဖွဲ့စည်းပုံစနစ်ကွာခြားမှုကြောင့်လည်းဖြစ်သည်။ တရုတ်က ပါတီဦးစီးသည့် ကွန်မြူနစ်တစ်ပါတီစနစ်ဖြစ်ပြီး ပါတီမှ အောက်ခြေရပ်ကွက်ကျေးရွာအဆင့်အထိ အမိန့်နှင့်ညွှန်ကြားချက်များကို အကောင်အထည်ဖော်ရာတွင် ဟန်ချက်ညီညီထိရောက်သည်။ တစ်ပြည်ထောင်စနစ်လည်းဖြစ်၍ ပြည်နယ်အစိုးရများက ပါတီ့အစိုးရ၏ လက်အောက်ခံဖြစ်ရာ ပါတီ၏မူဝါဒနှင့်ဆုံးဖြတ်ချက်များအတိုင်း ပြည်နယ်များအပါအဝင် အောက်ခြေအဆင့်ဆင့်က လိုက်နာကြရသည်။ အမေရိကန်မှာမူ ပါတီစုံလစ်ဘရယ် ဒီမိုကရေစီစနစ်ဖြစ်၍ ပါတီအဆင့်မှာပင် အစိုးရနှင့်လွှတ်တော်အကြား ပါတီချင်းမတူနိုင်သလို အပြန်အလှန်ထိန်းကျောင်းမှုအားကြီးသဖြင့် မူဝါဒဆုံးဖြတ်ရာတွင် ကြန့်ကြာနှောင့်နှေးသည်။ အာဏာပိုင်အမှုဆောင်သမ္မတစနစ်ဖြစ်ပြီး သမ္မတက သူ့လုပ်ပိုင်ခွင့်အောက်မှ လုပ်ချင်ရာလုပ်နေပြန်လျှင်လည်း သမ္မတကိုတားမြစ်ဖြတ်ချရန်ခက်ခဲသည်။ အားကောင်းသော

ပြည်ထောင်စုစနစ်ဖြစ်၍ ပြည်နယ်များက မိမိတို့နှစ်သက်သလိုလုပ်ဆောင်နိုင်ကြပြီး ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့်ငွေကြေးစနစ်မှအပ ပြည်ထောင်စုအစိုးရနှင့် သမ္မတကို ဂရုစိုက်ရန်မလိုပေ။ ယင်းစနစ်မှာ ပုံမှန်အခြေအနေ၌ ကောင်းမွန်သော်လည်း အရေးပေါ်အကျပ်အတည်းကာလ၌မူ သူတစ်လှေ ငါတစ်မင်းဖြစ်ကာ စုပေါင်းညှိနှိုင်းလိုက်နာလုပ်ကိုင်ရန်ခက်ခဲပြီး ကိုဗစ်ကဲ့သို့ ကပ်ရောဂါဆိုးကို ရင်ဆိုင်ရာ၌ ထိရောက်စွာလုပ်ဆောင်ရန် ခက်ခဲလှကြောင်းတွေ့ရှိရသည်။

စီးပွားရေးပုံစံ၌လည်း တရုတ်ကထုတ်လုပ်တင်ပို့မှုဦးစားပေးပုံစံဖြစ်၍ အမေရိကန်က အခြေပြုစားသုံးမှုဦးစားပေးပုံစံဖြစ်ရာ အရေးအကြောင်းပေါ်လာသောအခါ တရုတ်တွင် ဆေးဝါး၊ ကိရိယာအရန်သင့်ရှိ၍ ပြတ်လပ်မှုမရှိခဲ့ဘဲ အမေရိကန်တွင်မူ ထောက်ပံ့ဖြန့်ဖြူးမှုပြဿနာ ကြုံတွေ့ခဲ့ရပြန်သည်။

လူတို့၏ စရိုက်လက္ခဏာတွင်လည်း တရုတ်တို့က အထက်အောက်အမိန့်နာခံမှုနှင့် အခက်အခဲကို သည်းခံရင်ဆိုင်မှု၌ အသားကျနေပြီး အမေရိကန်တို့ကမူ လွတ်လပ်မှုနှင့် သက်သာချောင်ချိမှုကို နှစ်သက်သူများဖြစ်၍ စည်းကမ်းတင်းကြပ်မှုများနှင့် ကြုံတွေ့ရသောအခါ သည်းမခံချင်ဘဲ ဆန့်ကျင်လိုမှုများက ပြဿနာဖြစ်လာသည်။

ထိုသို့သော အကြောင်းအမျိုးမျိုးကြောင့် တရုတ်နိုင်ငံက စောစီးစွာ ကိုဗစ်ကိုထိန်းချုပ်နိုင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာပြန်လည်လည်ပတ်နိုင်သောအခါ အမေရိကန်တို့အနေဖြင့် တရုတ်တို့က သူတို့ကိုကျော်တက်သွားမည့်အရေးအပေါ် စိုးရိမ်ပူပန်လာကြသည်။ ဤသို့ဖြင့် တရုတ်တို့၏ ခြေလှမ်းကိုတတ်နိုင်သမျှထိန်းချုပ်နိုင်ရေးအတွက် ပိတ်ဆို့ကန့်သတ်မှုဥပဒေအမျိုးမျိုးကို ချမှတ်လုပ်ဆောင်လာကြသည်။ အခြားသောနိုင်ငံရေး၊ မီဒီယာနည်းလမ်းအမျိုးမျိုးဖြင့်လည်း တရုတ်ကို ပစ်မှတ်ထားထိုးနှက်လာခဲ့သည်။ သံတမန်ရေးအရလည်း ဒေသတွင်းနိုင်ငံများကိုထိုးဖောက်စည်းရုံး၍ တရုတ်ကိုဆန့်ကျင်ရာတွင် လက်တွဲပါဝင်ရေးအတွက် ဖိတ်ခေါ်ခဲ့သည်။ ဤသို့ဖြင့် ကိုဗစ်အလွန်တွင် အမေရိကန်–တရုတ်ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံ၏ အားပြိုင်မှုတင်းမာလာ ပိုမိုပြင်းထန်လာဖွယ်ရှိပြီး အထူးသဖြင့် တရုတ်ကိုဝိုင်းပတ်ထိန်းချုပ်ရေးမဟာဗျူဟာအရ တရုတ်နိုင်ငံပတ်လည်ဒေသများ၊ နိုင်ငံများတွင် ယင်းအားပြိုင်မှု၏ဂယက်အတွင်းကျရောက်ကာ မတည်မငြိမ်လှုပ်ခတ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိလာသည်။

ကိုဗစ်မတိုင်မီကပင် Brexit ကိစ္စ၊ စီးပွားရေးအကျပ်အတည်းနှင့် ဒုက္ခသည်ဝင်ရောက်မှုကိစ္စများကြောင့် ယိုင်နဲ့နေသော ဥရောပမှာ ကိုဗစ်၏ထိုးနှက်မှုကြောင့် ပို၍အခက်တွေ့သွားနိုင်ရှိသည်။ ဥရောပသမဂ္ဂနှင့်ငွေကြေးစနစ်၏ စီးပွားရေးပြန်လည်ထူထောင်မှုအတွက် ... ယူရို ၇၅၀ ဘီလီယံ (...) ...

ဖြင့် လုံလောက်မည့်အခြေအနေမရှိသည့်အတွက် အခြားအားကိုးရာကိုရှာရမည့် အခြေအနေရှိသည်။ ထိုအချိန်တွင် ရပ်ဝန်း၊ လမ်းကြောင်းစီမံကိန်းဖြင့် စီးပွားရေးပြန်နယ်ပယ်တိုးချဲ့လာမည့် တရုတ်ဘက်သို့လှမ်းမျှော်လာရမည်ဖြစ်သည်။ ယခင်ကပင် တရုတ်၏ရပ်ဝန်း လမ်းကြောင်း BRI စီမံကိန်းနှင့် ထိတွေ့ဆက်ဆံမှုရှိသည့် အရှေ့ဥရောပနိုင်ငံများ၊ ဆားဘီးယား၊ ဂရိ၊ အီတလီ စသည့်နိုင်ငံများမှာ အခြေအနေအရ ကိုဗစ်၏ထွန်းအားကြောင့် တရုတ်ဘက်သို့ ပို၍ယိမ်းသွားနိုင်ဖွယ်ရှိသည်။

ရုရှားနိုင်ငံမှာ အမေရိကန်နှင့် ဥရောပအနောက်ခြမ်းတို့နှင့် ရန်စောင်နေသောအင်အားကြီးနိုင်ငံဖြစ်သည်။ ယင်းမှာလည်း ကိုဗစ်ဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားနေရပြီး စီးပွားရေးအတွက် မှီခိုနေရသော ရေနံဈေးနှုန်းမှာလည်း ထိုးကျသွားခဲ့သော ကိုဗစ်ကြောင့် အထိနာသည့်နိုင်ငံများတွင် ပါဝင်နေသည်။ ထို့ကြောင့် စီးပွားရေးပြန်လည်မြှင့်တင်ရေးတွင် ရုရှားအတွက် အရေးပါသော စစ်လက်နက် ပစ္စည်းထုတ်လုပ်ရောင်းချရေးဘက်သို့ဦးတည်မြှင့်တင်လာမည်ဟု မှန်းဆရသည်။ အထူးသဖြင့် အဆင့်မြင့်စစ်ရေးနည်းပညာများ လိုအပ်နေသော တရုတ်နှင့် ပို၍ မဟာဗျူဟာမိတ်ဖက်ဖြစ်လာမည်ဟု ခန့်မှန်းရသည်။

အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှာ အနောက်နိုင်ငံများလောက် ကိုဗစ်ရောဂါဒဏ်ကို ခံစားရခြင်းမရှိသလို များသောအားဖြင့် စီးပွားရေးထိခိုက်မှုလည်း အတိုင်းအတာလျော့သက်သာသော နိုင်ငံများဖြစ်သည်။ သို့ရာတွင် ပိုမိုပြင်းထန်လာသည့် အမေရိကန်နှင့် တရုတ် မဟာဗျူဟာအပြိုင်အဆိုင် ကြားညပ်မည့်သဘောရှိသည်။ သို့သော် ယင်းနိုင်ငံများအနေဖြင့် စစ်အေးတိုက်ပွဲကာလအတွင်းကကဲ့သို့ အမေရိကန်၏ကာကွယ်ရေးထီးရိပ်အောက်မှ စစ်အုပ်စုများ၊ မဟာမိတ်ဖွဲ့မှုများတွင် ပေါ်ပေါ်ထင်ထင်ပါဝင်မည့်အနေအထားမရှိဘဲ ဟိုမှာပါနေပ်ရှာ နိုင်ငံရေးနှင့် သံတမန်ရေးကစားကွက်များဖြင့် ရှောင်တိမ်းနေထိုင်ကြဖွယ်ရှိသည်ဟု မှန်းဆမိသည်။

တောင်အာရှဒေသမှာမူ လူဦးရေများပြားထူထပ်ခြင်း၊ စီးပွားရေးနိမ့်ကျခြင်းနှင့် နိုင်ငံရေးအရလည်း ဖရိုဖရဲအားနည်းမှု၊ လူမျိုးများ၏ ဆိုက်လာကျအားအရ စည်းကမ်းလိုက်နာမှုမရှိခြင်းများကြောင့် ကိုဗစ်နှိပ်စက်သည့်ဒဏ်ကိုခံရကာ များစွာပြဿနာကြီးမားမည့် ဒေသဖြစ်လာနိုင်သည်။

ခြုံ၍သုံးသပ်ရပါလျှင် ကိုဗစ်ရောဂါကြောင့် ကမ္ဘာကြီး၌ လူနေမှုဘဝပုံစံများပြောင်းလဲသွားမည်။ စီးပွားရေးကဏ္ဍတွင်လည်း ပုံမှန်ပြန်လည်ဖြစ်လာရန် အချိန်ယူ၍ ရုန်းကန်ကြရဦးမည်။ အလုပ်လက်မဲ့နှင့် ဆင်းရဲမွဲတေသောကမ္ဘာ့ပြဿနာကြီးမားလာခြင်းကို တစ်ကမ္ဘာလုံး ရင်ဆိုင်ကြရဖွယ်ရှိသည်။ နည်းပညာအဆင့်မြင့်သူများက ပိုမိုအားကြီးမားကာ လွှမ်းမိုးလာနိုင်သည်။ နိုင်ငံရေးအပိုင်းတွင် အင်အားကြီးနိုင်ငံများ၏အားပြိုင်မှုများကိုမူကား တင်းမာမှုများဖြင့်တက်လာချိန်တွင် နိုင်ငံငယ်များအနေဖြင့် စီးပွားရေးအကျပ်အတည်းကြောင့်ပင် နိုင်ငံရေးမြေမ်းတင်ဖြစ်ကာ မတည်ငြိမ်မှုများဖြင့် ရင်ဆိုင်ကြရဖွယ်ရှိသည်။ မျှော်မှန်းနိုင်သော အနာဂတ်ကာလအတွင်း၌ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရင်း ကမ္ဘာ့အကျိုးစီးပွားအတွက်ပါ အပြုသဘောဆောင်မှုပေါင်းဆောင်ရွက်နိုင်ကြမှသာ ကိုဗစ်ရောဂါကပ်နှင့် တွဲဖက်ဆိုးကျိုးများကို တွန်းလှန်ကာကွယ်နိုင်ကြမည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသတည်း။ ။

■ ကိုကိုလှိုင်



အုပ်ချုပ်လျက်ရှိသည်။ ထိုအချိန်တွင် အင်းဝ နိုင်ငံကို မှန်လှမျိုး သိုဟန်ဘွားက အုပ်ချုပ်လျက် ရှိသည်။ ပြည်မြို့ကို နရပတိကအုပ်ချုပ်နေသည်။ ဟံသာဝတီတွင်မူ ဘုရင်သုရှင်တကာရွတ်ပိက အုပ်ချုပ်နေသည်။ ဤသို့ အပိုင်းအပိုင်းအုပ်ချုပ် နေကြသောကြောင့်လည်းကောင်း၊ သက္ကရာဇ် အားဖြင့် ဂဂဂ ဖြစ်နေသောကြောင့်လည်းကောင်း ထိုခေတ်ကာလအချိန်ကို ဂငယ်သုံးခု ဥသျှစ်ထုပ ဟု သတ်မှတ်ခေါ်ဆိုခဲ့ကြသည်။

ကေတုမတီနှင့်မင်းကြီးညို

အင်းဝတွင် သိုဟန်ဘွား၊ ပြည်တွင် နရပတိ၊ ဟံသာဝတီတွင် သုရှင်တကာရွတ်ပိက အုပ်ချုပ် နေစဉ် ကေတုမတီတွင်လည်း မင်းကြီးညိုက အုပ်ချုပ်နေသည်။ မင်းကြီးညိုသည် ငနဲ့ကုန်း (ယခု လယ်ဝေးမြို့) သူကြီးသမီးစင်ဦးကို တောက်ယူ သည်။ တစ်ညတွင် စင်ဦးသည် အိပ်ပျော်နေစဉ် အိပ်မက်တစ်ခုကြောင့် လန့်၍နိုးသည်။ ယင်း အိပ်မက်မှာ တောင်ကောင်က နေမင်းသည် ဆင်းလာ ပြီး သူမ၏ဝမ်းကို ခွဲ၍ ဝင်သည်ဟူ၍ဖြစ်သည်။ စင်ဦးတွင် ပဋိသန္ဓေတည်ရှိနေပြီဖြစ်သည့် သဘော ပင်ဖြစ်သည်။ ထို့နောက် နေ့လစေ့သောအခါ သက္ကရာဇ် ၈၇၈ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ညဉ့် ၄ ချက်တီးကျော်တွင် စင်ဦးသည် သားရတနာမွေးဖွားသည်။ ယင်းသားငယ်၏ ဦးခေါင်းတွင် ရွှေရောင်ကဲ့သို့ တောက်ပြောင်သော ဆံတစ်ချောင်းပါရှိသည်။ လျှာတွင်လည်း ဝိတုန်၊ ရောင်အလား နက်မှောင်သောစက်လက္ခဏာ အမှတ်အသားပါရှိသည်။ ထူးခြားသည်မှာ ယင်း သားရတနာမွေးဖွားသည့်နေ့ရက်တွင် ကေတုမတီ တောင်ငူတွင် မြေလျှင် ပြင်းထန်စွာ ၇ ကြိမ် လှုပ်တော်သည်။ မင်းကြီးညိုသည် ထီးမွေနန်းမွေ ဆက်ခံမည့် သားဦးရတနာရရှိသောကြောင့် အားရဝမ်းသာလျက်ရှိသည်။ ယင်းသားဦးရတနာ ကိုလည်း တပင်ရွှေထီးဟုနာမည်ပေးမှည့်ခေါ် သည်။

ဆရာတော်ဘုရင်မဟိန္ဒ၏သတိပေးချက်

မင်းဆရာတော်မဟိန္ဒသည် မြေလျှင် ပြင်းထန်စွာ ၇ ကြိမ်လှုပ်တော်မူကို အကြောင်းပြု၍ နောက်တစ်နေ့တွင် ဘုရင်မင်းကြီးညိုထံ ကြွသွား သည်။ မင်းကြီးညိုထံသို့ရောက်သောအခါ မင်းကြီး ညိုက ၎င်းတွင် သားဦးရတနာတစ်ဦးရရှိပြီဖြစ် ကြောင်းနှင့် သားတော်၏ထူးခြားချက်များကို လျှောက်ထားသည်။ ထို့နောက် သားတော်အား တပင်ရွှေထီးဟူသော နာမည်ပေးထားကြောင်း လျှောက်ထားသည်။ ထိုအခါ ဆရာတော်က ယင်းအမည်သည် တစ်ဦးတည်းအတွက်ကောင်း ကြောင်း၊ သားသမီးရတနာ မထွန်းကားတတ် ကြောင်း၊ ထွန်းကားသည်ထားဦး နန်းဦးနန်းလျှာ ပြတ်တတ်ကြောင်း။ ဘုန်းကြီးလည်း၊ သက်မရှည် တတ်ကြောင်း၊ ပြန်လည်၍ သတိပေးမိန့်ကြား သည်။

မင်းကြီးညိုနတ်ရွာစံ၍ တပင်ရွှေထီး နန်းတက်ခြင်း

ကေတုမတီတောင်ငူမြို့တည်မင်းကြီးညို သည် သက္ကရာဇ် ၈၉၂ ခု၊ နတ်တော်လဆန်း ၅ ရက် ကြာသပတေးနေ့ ညအချိန် မင်းစည်းစိမ် ၄၆၊ သက်တော် ၇၂ နှစ်တွင် နတ်ရွာစံတော်မူသည်။ မှူးကြီးမတ်ရာသေနာပတိအပေါင်းက ညီနိုင်းပြီး သားတော်တပင်ရွှေထီးအား ထီးနန်းလွှဲအပ်ကြ သည်။ ထိုအချိန်တွင် တပင်ရွှေထီးသည် အသက် အားဖြင့် ၁၅ နှစ်မျှသာရှိသေးသည်။

မင်းတရားရွှေထီး၏ ကျေးဇူးတရားသိတတ်မှု

တပင်ရွှေထီးသည် ဘုရင်အဖြစ်သို့ရောက်ရှိသည်နှင့် ငယ်ရွယ်စဉ်ကစ၍ ကျေးဇူးအထူးရှိသောသူတို့အားလည်းကောင်း၊ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်တို့အားလည်းကောင်း ဘွဲ့ထူးဆုများချီးမြှင့်သည်။ မိမိအားငယ်စဉ်က ထိန်းကျောင်းခဲ့သူမင်းကြီးဇေယျကို မင်းရဲသိင်္ခသူ ဘွဲ့ကိုပေးအပ်သည်။ မင်းကြီးဇေယျသား မိမိနှင့်မွေးဖက်တော် ရှင်ရဲထွတ်ကိုမူ ကျော်ထင်နော်ရထာဟူသောဘွဲ့ကို ချီးမြှင့်သည်။ မင်းတရားရွှေထီးသည် မင်းအဖြစ်သို့ရောက်သော်လည်း မိမိသဘောအတိုင်း ထင်ရာမလုပ်ဘဲ အလိမ္မာဉာဏ်အမြော်အမြင်ရှိပြီး တာဝန်သိတတ်သော ကျော်ထင်နော်ရထာနှင့် အမြဲတိုင်ပင် ညှိနှိုင်းဆောင်ရွက်သည်။

နားတွင်းမင်္ဂလာ၊ သို့မဟုတ် သတ္တိနှင့် စစ်ရေးစွမ်းရည်ပြပွဲ

မင်းတရားရွှေထီး၊ နန်းသက်စံ ၂ နှစ်၊ သက္ကရာဇ် ၈၉၄ ခု၊ သက်တော် ၁၇ နှစ်အရွယ်သို့ရောက်သည့်အခါ မိမိ၏နားတွင်းမင်္ဂလာကို ဟံသာဝတီရှိ ရွှေမော်ဓောစေတီရင်ပြင်တွင် ပြုလုပ်ရန်စီစဉ်သည်။ မှူးမတ်တို့က ရန်သူ့နယ်မြေဖြစ်၍ မသင့်လျော်ကြောင်းလျှောက်ထားသည်။ သို့သော်လည်း မင်းတရားရွှေထီးက "မွန်တို့ ငါ့ကိုရံမည်လော"ဟုမိန့်ကြားပြီး အမတ်လေးကျိပ်၊ မြင်းစီးသူရဲငါးရာကိုဦးဆောင်လျက် ဟံသာဝတီ ရွှေမော်ဓောစေတီသို့ချီတက်သည်။ ရွှေမော်ဓောစေတီသို့ရောက်သောအခါ မြင်းစီးစစ်သည်ငါးရာကို ရွှေမော်ဓောစေတီအားဝန်းရံ နေစေပြီး မိမိနားတွင်းမင်္ဂလာကို ရင်ပြင်ပေါ်တွင်ကျင်းပသည်။ ဟံသာဝတီဘုရင် သုရှင်တကာရွတ်ပိက ဤသတင်းကို ကြားသိသည့်အတွက် တောင်ငူဘုရင်ငယ်လေးကို အရှင်ဖမ်း၍ မိမိထံအပ်ရမည်ဟု မွန်တပ်များကို တာဝန်ပေးသည်။ မွန်စစ်သူကြီးများဖြစ်သော ဗညားလေးနှင့် ဗညားကျန်းတို့က မွန်တပ်များကို ဦးစီး၍ မင်းတရားရွှေထီး၏ မြင်းစီးသူရဲငါးရာကို ထပ်မံ၍ ဝိုင်းပတ်ထားလိုက်သည်။ မွန်တပ်များက ဤသို့ ဝိုင်းပတ်ထားကြောင်းကို မြန်မာမှူးမတ်များက မင်းတရားရွှေထီးအား သတင်းပို့လျှောက်ထားကြသည်။ မင်းတရားရွှေထီးက "တလိုင်းတို့ဝိုင်းထားသည်ကို အရေးမစိုက်ပါနှင့်၊ ငါ့နားကိုသာ တည့်အောင်ထွင်း၊ ပြီးလျှင် ငါကိုယ်တိုင်ဖြိုချက်တော်မူမည်"ဟု မိန့်ဆိုသည်။ နားတွင်းမင်္ဂလာ ပြီးစီးသောအခါ မင်းတရားရွှေထီးသည် ဘုရားကို သုံးပတ်လှည့်လည်ကာ ရှိခိုးဆုတောင်းသည်။ ဆုတောင်းပြီးစီးသည့်အခါ မင်းတရားရွှေထီးသည် သတ္တာဇေယျအမည်ရှိသော မြင်းကိုစီးကာ မြန်မာ မြင်းစီးသူရဲငါးရာကိုဦးဆောင်ပြီး ဝိုင်းရံထားသောမွန်တပ်များ၏ တစ်နေရာကို အရှိန်အဟုန်ဖြင့် ဝင်ရောက်တိုက်ခိုက်သည်။ စက်ကုန်မောင်း၍ အရှိန်ကုန်ပြေးဝင်လာသော မြန်မာမြင်းစီး စစ်သည်ငါးရာ၏ အရှိန်အဟုန်ကို မွန်စစ်သည်များ ဟန့်တားနိုင်စွမ်းမရှိကြ၊ ကြောက်အားလန့်အားနှင့် ထွက်ပြေးကြသည်။ မြန်မာမြင်းစီးစစ်သည်များ၏ နောက်သို့မလိုက်ရဲဘဲ ငေး၍သာကြည့်ပြီး ကျန်ရစ်ခဲ့ကြသည်။ မင်းတရားရွှေထီးနှင့်မြင်းစီးစစ်သည်များသည် တောင်ငူသို့ ချောမောစွာပြန်လည်ရောက်ရှိခဲ့ကြသည်။

နားတွင်းမင်္ဂလာ၊ သို့မဟုတ် စိတ်ဓာတ်နှင့် စစ်ရေးစွမ်းရည်ပြပွဲ

မင်းတရားရွှေထီး၏ ရွှေမော်ဓောစေတီ

ရင်ပြင် နားတွင်းမော်လာသည် အသွင်သဏ္ဌာန်အားဖြင့် ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာပွဲဖြစ်သည်။ သို့သော် အနှစ်သာရအားဖြင့် မင်းတရားရွှေထီးနှင့် မြန်မာစစ်သည်တော်များ၏ စိတ်ဓာတ်နှင့် စစ်ရေးစွမ်းရည်ကို ထုတ်ဖော်ပြသသွားသည့်ပွဲဖြစ်သည်။ ဤပွဲတွင် စိတ်ဓာတ်နှင့် စစ်ရေးစွမ်းရည်ဆိုင်ရာ အချက် ၄ ချက်ကို သက်သေထင်ရှားပြသသွားခဲ့သည်။ ပထမအချက်မှာ မင်းတရားရွှေထီးဆိုသည်မှာ မိမိဆုံးဖြတ်ချက်တစ်ခုကို လုံးဝအောင်မြင်ပြီးမြောက်သည်အထိ ရဲရဲရင့်ရင့်တရားဖြင့် ဆောင်ရွက်နိုင်စွမ်းရှိကြောင်း သက်သေပြသလိုက်ခြင်းဖြစ်သည်။ ဒုတိယမှာ မြန်မာစစ်သည်တော်များသည် မည်သို့သော ရန်သူမျိုးမဆို ရင်ဆိုင်ယှဉ်ပြိုင်ရဲသည့်သတ္တိရှိကြောင်း သက်သေပြသလိုက်ခြင်းဖြစ်သည်။ တတိယမှာ မိမိတွင်ရှိသည့်အင်အား၏ တိုက်စစ်အရှိန်အဟုန်ကို အမြင့်မားဆုံးသို့မြှင့်တင်ပြီး ရန်သူကို လျှပ်တစ်ပြက်ပြင်းထန်စွာတိုက်ခိုက်အနိုင်ယူခြင်းနည်းဗျူဟာကို မြန်မာစစ်သည်တို့ နားလည်ကျွမ်းကျင်ကြောင်းသက်သေပြသလိုက်ခြင်း ဖြစ်သည်။ စတုတ္ထမှာ တိုက်ပွဲအောင်မြင်မှုသည် လူအင်အားက အဓိကမဟုတ် စစ်စွမ်းရည်၊ ရဲစွမ်းသတ္တိ၊ စွန့်လွှတ်စွန့်စားစိတ်နှင့် ဆုံးဖြတ်ချက်ချနိုင်မှုပြတ်သားမှုတို့ကသာ အဓိကကျကြောင်း သက်သေပြလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ရွှေမော်ဓောစေတီနားတွင်းပွဲသည် သာမန်နားတွင်းပွဲမော်လာအခမ်းအနားမဟုတ်ပါ။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်တော့မည့် မြန်မာစစ်သည်တော်များ၏ စိတ်ဓာတ်နှင့် စစ်ရေးစွမ်းရည်ကို ဖော်ထုတ်သက်သေပြသည့်သမိုင်းဝင်အခမ်းအနားတစ်ခုဖြစ်ပါသည်။ ယင်းအခမ်းအနားကို ဦးဆောင်ကျင်းပခဲ့သူမှာ မင်းတရားရွှေထီးပင်ဖြစ်ပါသည်။

> မင်းတရားရွှေထီးသည် ၎င်း၏
> ထီးနန်းစံသက်တမ်းအတွင်း မိမိ၏ဘဝ
> အချိန်များကိုစည်းစိမ်ခံစားရန်အတွက်
> အသုံးမပြုခဲ့ချေ။ အင်အားကြီးမိုင်သော
> နိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေးအတွက်
> စစ်မြေပြင်နှင့်တိုက်ပွဲများတွင်သာ မိမိ၏
> ဘဝအချိန်များကို ပေးဆပ်ခဲ့သူ . . .

■

မင်းတရားရွှေထီး၏တိုက်ပွဲအောင်မြင်မှုများ

မင်းတရားရွှေထီးသည် အပိုင်းပိုင်းပြိုကွဲပြီး အင်အားချည့်နဲ့နေသော မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်းတည်ဆောက်နိုင်ရန်အတွက် တိုက်ပွဲကြီးပေါင်းများစွာကို တိုက်ခိုက်ခဲ့ရသည်။ ယင်းတိုက်ပွဲကြီးများမှာ ဟံသာဝတီတိုက်ပွဲ၊ ပြည်တိုက်ပွဲ၊ မုတ္တမတိုက်ပွဲ၊ နန်းဖြည်ဆောင် ရှမ်းမင်းတို့၏ရန်ကိုနှိမ်နင်းရသည့်ပွဲ၊ ရခိုင်သို့ စစ်ချီရသည့်ပွဲ၊ ယိုးဒယားသို့ ချီတက်တိုက်ခိုက်ရသည့်ပွဲများဖြစ်ကြသည်။ မင်းတရားရွှေထီးသည် ၎င်း၏ထီးနန်းစံသက်တမ်းအတွင်း မိမိ၏ဘဝအချိန်များကိုစည်းစိမ်ခံစားရန်အတွက် အသုံးမပြုခဲ့ချေ။ အင်အားကြီးမိုင်သော နိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေးအတွက် စစ်မြေပြင်နှင့်တိုက်ပွဲများတွင်သာ မိမိ၏ဘဝအချိန်များကို ပေးဆပ်ခဲ့သူဖြစ်သည်။ နန်းရင်ပြင်တွင် ပျော်ပါးလိုသူထက် စစ်မြေပြင်တွင်သာ ပျော်ပါးလိုသူ ဘုရင်တစ်ပါးဖြစ်သည်။

မင်းတရားရွှေထီးစတင်ပျက်စီးပြီ

လူဆိုသည်မှာ ပျက်စီးချိန်တန်လျှင် ဆရာ

တင်မှားတတ်သည်ဟုအဆိုအမိန့်တရားရှိသည်။ ဤနိယာမတရားအတိုင်း ယိုးဒယားသို့ ချီတက် တိုက်ခိုက်စဉ်က အတူပါရှိခဲ့သည့် နိုင်ငံခြားသား ဘရင်ဂျီလူမျိုး ဗိုလ်မှူးဒီယဲဂိုဆိုး၏ လှုံ့ဆော်မှုဖြင့် မင်းတရားရွှေထီး များစွာရှင်းနှီးသွားသည်။ ယင်းနိုင်ငံခြားသားက မင်းတရားရွှေထီးအား အရက်ယမကာ များတိုက်ကျွေးသည်။ မင်းတရားရွှေထီး တဖြည်းဖြည်း အရက်စွဲလာသည်။ ယခင်က စစ်မြေပြင်တွင် လှုံ့ဆော်လှုံ့ဆော်တောက်ခဲ့သော၊ စစ်မြေပြင်တွင် ပျော်မွေ့သော မင်းတရားရွှေထီးသည် ယခုအခါ အရက်ယမကာနှင့် ပျော်မွေ့နေပြီဖြစ်သည်။ သန်လျက်ကိုင်သည့် မင်းစကားရာစ်အဖြစ်မှ ယမကာ ခွက်ကိုင်သည့် ယစ်ထုတ်ကြီးတစ်သို့ ဝမ်းနည်းဖွယ်ရာရောက်ရှိသွားသည်။ ဤအခြေအနေကို သိသောကြောင့် နောင်တော်ဘုရင့်နောင်က သတိပေးသည်။ တိုင်းရေးပြည်ရေးကိုနောင်တော်သာ ငါ၏ကိုယ်စားအုပ်ချုပ်ပါတော့၊ ကျွန်ုပ်သည် လူ့စည်းစိမ်ကို ငြိမ်ငြိမ်အေးအေးခံစားပါတော့မည်ဟု ပြန်လည်ပြောဆိုသည်။ အခြေအနေမှာ ဆိုးသည်ထက်ဆိုးလာသောကြောင့် မှူးမတ်များက မင်းတရားရွှေထီးအားနန်းချ၍ ဘုရင့်နောင်အား တိုင်းပြည်အုပ်ချုပ်ရန် လျှောက်ထားကြသည်။ သို့သော် ဘုရင့်နောင်က ဤအစီအစဉ်ကိုလက်မခံ။ မင်းတရားရွှေထီးအပေါ် ဆက်လက်သစ္စာရှိစွာ စောင့်ရှောက်သည်။

မင်းတရားရွှေထီးလုပ်ကြံခံရခြင်း

သက္ကရာဇ် ၉၁၁ ခုတွင် သန်လျင်ကိုအခြေပြု၍သူပုန်ထသည်။ ဘုရင့်နောင်သွားရောက်နှိမ်နင်းရသည်။ ဘုရင့်နောင်အဝေးသို့ရောက်နေစဉ်က စစ်တောင်းစားသမိန်စောထွတ်သည် ၎င်း၏ ညီတော် လက်ဝဲစောမှူးနှင့်လက်ယာစောမှူးတို့ မှုးပေါင်း၍ မင်းတရားရွှေထီးအားလုပ်ကြံရန်ကြံစည်သည်။ သက္ကရာဇ် ၉၁၂ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက် ဗုဒ္ဓဟူးနေ့အဝင် ညဉ့် ၃ ချက်တီးကျော်တွင် လက်ဝဲစောမှူးက မိမိ၏ဓားဖြင့် စက်တော်ခေါ်နေသော မင်းတရားရွှေထီး၏ဦးခေါင်းကို နတ်ဖြတ်သည်။ မင်းတရားရွှေထီး၏ဦးခေါင်းပြတ်ပြီး အိပ်စက်ရာသလွန်ပေါ်မှ အောက်သို့ လွင့်စဉ်ကျသည်။ ဤတွင် မင်းတရားရွှေထီး နတ်ရွာစံသည်။ ထူးခြားသည်မှာ မင်းတရားရွှေထီးသည် သက္ကရာဇ် ၈၇၈ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသည်။ နတ်ရွာစံသည့်နေ့မှာ သက္ကရာဇ် ၉၁၂ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက် ဗုဒ္ဓဟူးနေ့တွင်ဖြစ်သည်။ မွေးဖွားသည့်လ၊ မွေးဖွားသည့်ရက်နှင့် နတ်ရွာစံသည့်လ၊ နတ်ရွာစံသည့်ရက်တို့သည် တစ်ထပ်တည်း ကျနေသည်။ မင်းတရားရွှေထီးနတ်ရွာစံသည့်အချိန်တွင် သက်တော် ၃၄ နှစ် တိတိရှိပြီဖြစ်သည်။ ဘဝ၏တန်ခိုးအရှိဆုံးသော ခုတိယအရွယ်အပိုင်းအခြားတွင် ကြွေလွင့်ခဲ့ရခြင်းဖြစ်သည်။

မင်းတရားရွှေထီး၏သမိုင်းကြောင်း

လူဆိုသည်မှာ ကိုယ့်သမိုင်းကို ကိုယ်ရေး ကိုယ့်တရားကို ကိုယ်စီရင်၊ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးရခြင်းဖြစ်သည်ဟုသောနိယာမရှိသည်။ ဤနိယာမအတိုင်း မင်းတရားရွှေထီးဆောင်ရွက်သွားခဲ့သည်။ မင်းတရားရွှေထီးသည် ထူးခြားသော အတိတ်နိမိတ်များဆောင်၍မွေးဖွားခဲ့သည်။ သက်တော် ၁၅ နှစ်အရွယ်တွင် ဘုရင်အဖြစ်သို့ရောက်ရှိသည်။ မိမိ၏ နန်းသက်စအတွင်းကျေးစူးရှိခဲ့ဖူးသူများကို ကျေးစူးပြန်လည်ပေးဆပ်ခဲ့သည်။ ဂုဏ်ပြုရိုးဖြင့် ပြောက်စား၊ ထိုက်သူမှန်သမျှကို ရိုးဖြင့် ပြောက်စားခဲ့သည်။ ဟံသာဝတီ၊ အင်းဝ၊

ပြည်၊ မုဂ္ဂလ၊ စုနစ်ပြည်ထောင် ရှမ်းမင်းတို့အရေး၊ ရှိနိုင်သို့ စစ်ချီတက်ရသည့် အရေး၊ ပိုးသယားသို့ ချီတက်တိုက်ခိုက်ရသည့်အရေးစသည့် သမိုင်းဝင်တိုက်ပွဲကြီးများကိုဆင်နွှဲပြီး မြန်မာနိုင်ငံတော်ကြီး၏အင်အားကို ကြီးနိုင်တောင့်တင်းအောင်တည်ဆောက်ပေးခဲ့သည်။ သို့သော် မပေါင်းအပ်သူ နိုင်ငံခြားသားတစ်ဦးနှင့်မှုပေါင်းပြီး ယမကာယစ်ထုတ်ကြီးဘဝသို့ရောက်ရှိပြီး ဘဝနိဂုံးချုပ်ခဲ့ရသည်။ နောက်ဆုံးတွင် လက်အောက်ခံ သစ္စာမဲ့ မင်းမှုထမ်း၏လုပ်ကြံသတ်ဖြတ်ခြင်းကိုခံရပြီး နတ်ရွာစံခဲ့ရသည်။ မင်းတရားရွှေထီးဘဝသမိုင်းကြောင်းကိုလေ့လာကြည့်ပါက ဘဝအစပိုင်းသမိုင်းကြောင်းလှပခဲ့ပါသည်။ ဘဝ၏ဒုတိယပိုင်း၊ သို့မဟုတ် ဘဝ၏အလယ်ပိုင်းသမိုင်းကြောင်းလှပခဲ့ပါသည်။ သို့သော် ဘဝနိဂုံးပိုင်းသမိုင်းကြောင်း အရုပ်ဆိုးအကျည်းတန်ခဲ့ပါသည်။ နောက်ဆုံးတွင် မင်းတရားရွှေထီးသည် မိမိသမိုင်းကို မိမိရေး၊ မိမိတရားကို မိမိစီရင်၊ မိမိကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးခဲ့ခြင်းဖြစ်သည်။

မင်းတရားရွှေထီးပေးခဲ့သော သင်ခန်းစာလေးရပ်

မင်းတရားရွှေထီးက နောင်လာနောက်သားများအတွက် အဖိုးတန်ဘဝသင်ခန်းစာလေးရပ်ကို ပေးခဲ့ပါသည်။ ပထမသင်ခန်းစာမှာဘဝ၏ သမိုင်းကြောင်း၊ အစ၊ အလယ်၊ အဆုံး ၃ ပိုင်းစလုံး ကောင်းရန်အတွက် အဓိကလိုအပ်ချက်မှာ သတိတရားသာဖြစ်သည်။ ဘဝခရီးတစ်လျှောက်လုံး အစဉ်လက်ကိုင်ထားရမည့်အရာမှာ သတိတရားသာဖြစ်သည်။ ဒုတိယသင်ခန်းစာမှာ လူမိုက်ကို ဝေးရှောင်ကြဉ်ပါ။ လူမိုက်နှင့် လုံးဝမပေါင်းသင်းပါနှင့်။ တတိယသင်ခန်းစာမှာ သူတော်ကောင်းကို အမြဲရှာဖွေပေါင်းသင်းပါ။ အချိန်တိုင်း အဆုံးအမတရားများဖြင့် ကြံစည်ပြောဆိုပြုမူဆောင်ရွက်ပါ။ စတုတ္ထသင်ခန်းစာမှာ ဘဝခရီးအတွက် အောင်မြင်မှုကိုရှာဖွေနိုင်သော စွမ်းရည်နှင့် ရရှိပြီးသော အောင်မြင်မှုကို ထိန်းသိမ်းနိုင်သော စွမ်းရည်နှစ်ရပ်လိုအပ်သည်။ အောင်မြင်မှုကို ထိန်းသိမ်းနိုင်သော စွမ်းရည်မရှိပါက ရရှိပြီးသော အောင်မြင်မှုများအချိန်တိုအတွင်း ပျက်စီးဆုံးရှုံးသွားတတ်သည်ဟူ၍ဖြစ်သည်။ ဤသင်ခန်းစာလေးရပ်ကို မင်းတရားရွှေထီးက ကျွန်ုပ်တို့ နောင်လာနောက်သားများအား ပေးအပ်သွားပါသည်။

မင်းတရားရွှေထီးအား ဂုဏ်ပြုကြပါစို့

မင်းတရားရွှေထီးသည် မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သည်။ သို့သော် အတိတ်အကုသိုလ်ကံပါရှိလာသောကြောင့် ဘဝနိဂုံးလှမဖြစ်ခဲ့ရပါသည်။ သို့သော် မင်းတရားရွှေထီး မင်းအဖြစ်သို့ ရောက်ရှိစဉ်က မိမိအပေါ်ကျေးဇူးတရားရှိသူများကို ကျေးဇူးတရားပြန်လည်ပေးဆပ်ခဲ့ပါသည်။ မင်းမှုထမ်းများအား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။ အကွဲကွဲအပြားပြားဖြစ်နေသော မြန်မာနိုင်ငံတော်ကြီးကို တစုတစည်းတည်းဖြစ်အောင် ကြိုးပမ်းပေးခဲ့ပါသည်။ အထူးခြားဆုံးမှာ မိမိ၏ယုံကြည်မှုနှင့်ညီသောအချိန်များကို စစ်မြေပြင်တွင်အသုံးပြုပေးဆပ်ပြီး အမိနိုင်ငံတော်ကြီးကို အင်အားတောင့်တင်းသော နိုင်ငံအဖြစ် ကြိုးပမ်းခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ မြန်မာ့သမိုင်းကောင်းမင်းတရားရွှေထီးအား အမြဲဂုဏ်ပြုတမ်းတနေကြပါစို့ဟု နိဂုံးချုပ်အနေဖြင့် တင်ပြအပ်ပါသည်။ ။

■ ကျော်ကျော်သန်း (မဟာဗိဇ္ဇာ)

ဉာဏ်ရည်တု (AI)
နည်းပညာသိမှတ်ဖွယ်ရာသိကောင်းစရာ

(Artificial Intelligence - AI)

သဘာဝဘာသာစကားနှင့်ဆက်စပ်တွေ့ရှိရသော လုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်ခြင်းပင်ဖြစ်ပါသည်။ လူ့စိတ်နှင့်ဆက်စပ်သောစရိုက်များဖြစ်သည့် သင်ယူခြင်းနှင့် ပြဿနာဖြေရှင်းခြင်း စသည့်လုပ်ဆောင်နိုင်မှုစွမ်းရည်ကို စက်များတွင် အသုံးပြုလာခြင်းဖြစ်ပါသည်။ ဉာဏ်ရည်တု(AI)စနစ်သည် လေ့လာသင်ယူမှုနှင့် ပြဿနာများဖြေရှင်းခြင်းများအပါအဝင် သိမြင်မှုဆိုင်ရာလုပ်ငန်းတာဝန်များအား ဆုံးဖြတ်ချက်ချရန်နှင့် လုပ်ဆောင်ရန်အတွက် အသိဉာဏ်အဆင့်မြင့်သူတစ်ဦးကဲ့သို့ဖြစ်ပါသည်။

၁၉၄၀ ပြည့်နှစ်များတွင် ဒစ်ဂျစ်တယ်ကွန်ပျူတာဖွံ့ဖြိုးတိုးတက်လာချိန်မှစ၍ ကွန်ပျူတာများသည် အလွန်ရှုပ်ထွေးသောလုပ်ငန်းများကို ဖြေရှင်းရန် ပရိုဂရမ်ပြုလုပ်လာနိုင်ပါသည်။ ဥပမာ - သင်္ချာဆိုင်ရာသီအိုရီများအတွက် သက်သေအထောက်အထားများကိုရှာဖွေတွေ့ရှိခြင်း၊ သို့မဟုတ် စစ်တုရင်ကစားခြင်းတို့က ကျွမ်းကျင်မှုများစွာဖြင့် ပြသခဲ့ပါသည်။ ကွန်ပျူတာအမြန်နှုန်းနှင့် မှတ်ဉာဏ်စွမ်းရည်များ ဆက်လက်တိုးတက်နေသော်လည်း၊ မည်သို့ပင်ဖြစ်စေ ပိုမိုကျယ်ပြန့်သောနယ်ပယ်များ (Domains) နှင့် နေ့စဉ် အသိပညာများစွာ လိုအပ်သောလုပ်ငန်းများတွင် လူသားတို့၏ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့်ကိုက်ညီသော ပရိုဂရမ်များ မရှိသေးပါ။ သို့သော် အဖြေတစ်ခုတွင် အချို့သောအစီအစဉ်များသည် တိကျသောလုပ်ငန်းများကိုလုပ်ဆောင်ရာတွင် လူသားတို့၏ကျွမ်းကျင်မှုများနှင့် ကျွမ်းကျင်သူများ၏ စွမ်းဆောင်နိုင်မှုအဆင့်ကို ရောက်ရှိနိုင်ခဲ့သည်။

ဉာဏ်ရည်တု (AI) ကို ၁၉၅၀ ပြည့်နှစ်များကတည်းက သိပ္ပံပညာရပ်နယ်ပယ်တွင် စတင်မိတ်ဆက်ခဲ့ပြီး ကြာမြင့်သောကာလတလျှောက် လျှင်လျှင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ပါသည်။ ၎င်းသည် ဒစ်ဂျစ်တယ်နည်းပညာများကို ထိန်းချုပ်ခြင်းနှင့် စီးပွားရေးလုပ်ငန်းလည်ပတ်မှုများကို စီမံခန့်ခွဲခြင်းများတွင် အဓိကကျပြီး မရှိမဖြစ်လိုအပ်သောတစ်ခု ဖြစ်လာသည်။ အထူးသဖြင့် ဉာဏ်ရည်တု (AI) သည် စက်ပိုင်းဆိုင်ရာသင်ယူမှုနှင့် နက်ရှိုင်းစွာလေ့လာသင်ယူမှုအပိုင်းတို့တွင် အသုံးပြုပါသည်။ ဉာဏ်ရည်တု (AI) သည် အဆက်မပြတ်ရွေ့လျားနေသည့် အရေးပါသည့်နည်းပညာဖြစ်ကြောင်း အသိအမှတ်ပြုထားပါသည်။ တစ်ချိန်က ဉာဏ်

ရည်တု (AI)နယ်ပယ် (Domain) အတွင်း ထည့်သွင်းစဉ်းစားခဲ့သည့်အရာများမှာ စကားကောင်း အသိအမှတ်ပြုခြင်းနှင့် ကွန်ပျူတာစစ်တုရင်ကစားနည်း (ယနေ့အခေါ် ပုံမှန်လုပ်ရိုးလုပ်စဉ် ကွန်ပျူတာသုံးစွဲခြင်း)တို့ဖြစ်ကြပါသည်။ ယနေ့ခေတ်တွင် စက်ရုပ်များ၊ ရုပ်ပုံအသိအမှတ်ပြုခြင်း၊ ဘာသာစကားပြန်ပြောင်းလဲခြင်း၊ အချိန်နှင့်တစ်ပြေးညီ ခွဲခြမ်းစိတ်ဖြာခြင်းစနစ်များနှင့် Internet of Things (IoT) အတွင်း အမျိုးမျိုးသောချိတ်ဆက်မှုစနစ်များသည် ပိုမိုအဆင့်မြင့်သောသွင်ပြင်လက္ခဏာများနှင့် စွမ်းဆောင်ရည်များရရှိရန် ဉာဏ်ရည်တု (AI) ကို အသုံးပြုလာကြပါသည်။

လူ့စိတ်ကိုပုံတူကူးခြင်း ဉာဏ်ရည်တု(AI) သမိုင်းအစ

လူတို့၏ သိမှတ်မှုကိုတုပနိုင်သော စက်ယန္တရားများတီထွင်ရန်စိတ်ကူးသည် ရာစုနှစ်များစွာကတည်းကပင်ဖြစ်ပါသည်။ ၁၈၀၀ ပြည့်နှစ်များတွင် H.G. Wells ကဲ့သို့သော သိပ္ပံစိတ်ကူးယဉ်စာရေးဆရာများသည် စက်ရုပ်များနှင့် လူသားများကဲ့သို့ စဉ်းစားတွေးခေါ်ပြုမူခြင်းဆိုင်ရာ စက်ရုပ်များ၏ အယူအဆကို ဖော်ဆောင်လာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်အစောပိုင်းကာလအထိ မဖြစ်မမြောက်ခဲ့သော်လည်း ဉာဏ်ရည်တု (AI) အယူအဆကို နှစ်ကာလအနည်းငယ်အကြာတွင် ပုံဖော်ရန်စတင်ခဲ့ပါသည်။ Alan Turing သည် ကွန်ပျူတာ၏ 'စဉ်းစားတွေးခေါ်မှု'ကိုတီထွင်ထုတ်လုပ်ရန် ဖြေရှင်းရမည့်လုပ်နည်းစနစ် (Algorithms) အား စက်များမှ မည်ကဲ့သို့အသုံးပြုနိုင်သည်ဆိုသော တွက်ချက်ခြင်းသီအိုရီကို စတင်မိတ်ဆက်ပြီးနောက် အခြားသုတေသီများသည် ဉာဏ်ရည်တု (AI) မူဘောင်များခန့်တီးရန် နည်းလမ်းများကို စတင်ရှာဖွေလာခဲ့ကြပါသည်။

၁၉၅၆ ခုနှစ်တွင် Dartmouth College မှ သုတေသီများသည် ဉာဏ်ရည်တု (AI) ကို လက်တွေ့အသုံးချခဲ့သည်။ ၎င်းကို အသုံးပြုမှုများတွင် ကွန်ပျူတာများကလူသားများကိုနိုင်သည့်အဆင့်ထိ ကစားနိုင်သော စစ်တုရင်ကစားနည်းများပါဝင်ပါသည်။ နောက်ပိုင်း ဆယ်စုနှစ်များအတွင်း ဉာဏ်ရည်တု (AI) နှင့်ပတ်သက်၍ စိတ်အားထက်သန်မှုမှာ ယုတ်လျော့သွားပေါ်သည်။ ၁၉၉၇ ခုနှစ်တွင် IBM Deep Blue က တီထွင်ခဲ့သော စစ်တုရင်ကစားသည့် ကွန်ပျူတာသည် ကမ္ဘာ့ထိပ်တန်းစစ်တုရင်ချန်ပီယံ Garry Kasparov ကိုကျော်ဖြတ်နိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် IBM သည် ထိပ်တန်း Jeopardy ချန်ပီယံနှစ်ယောက်ကိုအနိုင်ယူရန် နက်နက်နဲနဲသင်ယူခြင်းနှင့် စက်ပိုင်းဆိုင်ရာလေ့လာသင်ယူခြင်းများအပေါ်အခြေခံ ပိုမိုရှုပ်ထွေးသောနည်းပညာ

များကို အသုံးပြုခဲ့ပါသည်။

ဉာဏ်ရည်တု (AI) အသုံးပြုမှုနယ်များ

ဉာဏ်ရည်တု(AI)နှင့်ပတ်သက်၍ ကွဲပြားခြားနားသော သုတေသနပြုမှုနှင့်အသုံးပြုမှုနယ်များစွာရှိပါသည်။ သို့သော် များသောအားဖြင့် ဉာဏ်ရည်တု (AI) အသုံးပြုမှုနယ်များမှာ–

(၁) **သာမန်ဉာဏ်ရည်တု (General AI)**။ ဤနယ်များသည် ပုံမှန်အားဖြင့် ၎င်းတို့ပတ်ဝန်းကျင်ရှိ ကမ္ဘာမှသင်ယူပြီး အချက်အလက်များ Domainကို အပြန်အလှန်ပြတ်တောက်သည့်နည်းလမ်းအား အသုံးပြုခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ဂူဂယ်မှပိုင်ဆိုင်သည့် DeepMindသည် ဗီဒီယိုဂိမ်းများကို လူသားများကစားပုံအတိုင်း မည်သို့ကစားရမည်ကိုလေ့လာရန် အာရုံကြောကွန်ရက် (Neural network) ကို အသုံးပြုခဲ့ပါသည်။

(၂) **ဘာသာစကားပြောင်းလဲဆောင်ရွက်ခြင်း (Natural Language Processing-NLP)**။ အဆိုပါနည်းပညာသည် လူသားတို့၏ဘာသာစကားကိုဖတ်ရန်၊ နားလည်သဘောပေါက်ရန်နှင့် ဘာသာပြန်ဆိုနိုင်ရန်ဖြစ်ပါသည်။ NLP သည် စာရင်းအင်းဆိုင်ရာနည်းစနစ်များ၊ သဒ္ဒါနှင့် ဝါကျဖွဲ့ပုံဖွဲ့နည်းကိုနားလည်ရန် ဓါတုဗေဒအခြေခံပြင်ဆင်ချက်ကို အသုံးပြုထားပါသည်။

(၃) **စက်ပိုင်းဆိုင်ရာ သိမြင်နားလည်ခြင်း (Machine Perception)**။ လွန်ခဲ့သောနှစ်အနည်းငယ်က ကင်မရာများ၊ မိုက်ခရိုဖုန်းများ၊ အာရုံခံကိရိယာ၊ GPSနှင့် ရေဒါ စသည့်အာရုံခံကိရိယာများတိုးတက်ခေတ်မီလာမှုက စကားပြောအသိအမှတ်ပြုမှု၊ မျက်နှာနှင့် အရာဝတ္ထုအသိအမှတ်ပြုမှုတို့အတွက်အသုံးပြုသည့် ကွန်ပျူတာသိမြင်မှုအပိုင်းတို့တွင် အထောက်အကူပြုပါသည်။

(၄) **စက်ရုပ်တီထွင်အသုံးချမှုပညာ (Robotics)**။ စက်ရုပ်များ၊ ဒရုန်းများ၊ ဟိုတယ်များနှင့် အခြားနေရာများတွင် ဉာဏ်ရည်တု (AI) ထည့်သွင်းထားသောစက်ရုပ်စက်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြပါသည်။ မကြာသေးမီနှစ်များအတွင်း မောင်းသူမဲ့လေယာဉ်များ၊ မောင်းသူမဲ့မော်တော်ယာဉ်များတွင်လည်း အသုံးပြုခဲ့ကြပါသည်။ ရှုပ်ထွေးသောမြေပုံရေးဆွဲခြင်းနှင့် ရှုပ်ထွေးသောပရိုဂရမ်များ ရေးဆွဲခြင်းများအပေါ်တွင် မှီခိုနေသည့် ဤနယ်များသည် စက်ပိုင်းဆိုင်ရာသိမြင်နားလည်မှုများကို အသုံးပြု၍ လုပ်ငန်းများကို ဆောင်ရွက်ညီလမ်းညွှန်သွားရန်ဖြစ်ပါသည်။

(၅) **လူမှုအသိဉာဏ် (Social Intelligence)**။ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်မှုရှိယာဉ်များ၊ စက်ရုပ်များနှင့် ဒစ်ဂျစ်တယ်အကူအညီများသည် ညီညွတ်မှုနှင့်ပေါင်းစပ်မှုကိုအမြဲပါသည်။ ရလဒ်အနေဖြင့် ဤနယ်များသည် လူမှုဆက်ဆံမှုများကို အသိအမှတ်ပြုခြင်းနှင့်အတူ လူ့စရိုက်အမှုများကို နားလည်သဘောပေါက်ရပါမည်။

ဉာဏ်ရည်တု (AI) နည်းပညာတိမ်

ဉာဏ်ရည်တု (AI) စနစ်များကို တည်ဆောက်ရန်နှင့် တိုးတက်တီထွင်ရန်အတွက် မျိုးစုံပါဝင်နည်းလမ်းများစွာရှိပါသည်။

ဒုံးတို့များ—

(၁) **စက်သင်ကြားခြင်း (Machine Learning- ML)**။ ဉာဏ်ရည်တု (AI) ၏ ဤဌာနခွဲသည် ရှင်းလင်းသောပရိုဂရမ်ရေးဆွဲခြင်းများ မပါဘဲ ကြိုတင်ဟောကိန်းထုတ်ခြင်း၊ သို့မဟုတ် ဆုံးဖြတ်ချက်များချခြင်းအတွက် နည်းစနစ်များနှင့် လေ့ကျင့်ရေးစနစ်များကို ရှာဖွေရန် စာရင်းအင်းဆိုင်ရာနည်းလမ်းများနှင့် ပြဿနာဖြေရှင်းရေးလုပ်နည်းစနစ်များ (Algorithms) ကို အသုံးပြုထားပါသည်။

(၂) **နက်ရှိုင်းသောလေ့လာသင်ယူခြင်း (Deep Learning- DL)**။ ဤနည်းသည် လူ့ဦးနှောက်၏ အာရုံကြောလမ်းကြောင်းများအား စံနမူနာ၍ လုပ်တိုးဖန်တီးထားသော အာရုံကြောကွန်ရက်များ (Artificial Neural Networks- ANN) ပေါ်တွင် မူတည်နေပါသည်။ နက်ရှိုင်းသော လေ့လာသင်ယူမှုစနစ်များသည် ကွန်ပျူတာအမြင်အာရုံ၊ စကားပြောဆိုမှုအသိအမှတ်ပြုခြင်း၊ စက်ဖြင့် ဘာသာပြန်ခြင်း၊ လူမှုကွန်ရက်စစ်ထုတ်ခြင်း၊ ဗီဒီယိုဂိမ်းများနှင့် ဆေးဘက်ဆိုင်ရာဆေးစစ်ဆေးခြင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အသုံးဝင်ပါသည်။

(၃) **Bayesian ကွန်ရက်**။ ဤစနစ်များသည် ဆေးဝါးနှင့် ရောဂါလက္ခဏာများကဲ့သို့သော အကြောင်းကိစ္စများအကြား ဆက်နွယ်မှုများကို ပိုမိုကောင်းစွာနားလည်ရန် ပြုလုပ်ထားသည့်အတွက် အသုံးပြုသော Graphical model များပေါ်တွင် မူတည်ပါသည်။

(၄) **မျိုးရိုးဗီဇဆိုင်ရာပြဿနာဖြေရှင်းရေးလုပ်နည်းစနစ် (Genetic Algorithm)**။ ရှုပ်ထွေးသော စီးပွားဆိုင်ရာစိန်ခေါ်မှုများနှင့် အခြားပြဿနာများကို ဖြေရှင်းရန် ၎င်းတို့သည် Mutation models နှင့် Crossover technique ကို အသုံးပြုထားပါသည်။

ဉာဏ်ရည်တု (AI) ၏ အဓိကသဘောချက်များ

ဉာဏ်ရည်တု (AI) ၏ အဓိကသဘောချက်များမှာ စက်များတွင် လူသားတို့၏ ဉာဏ်ရည်အတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိသော သင်ယူခြင်း၊ ကျိုးကြောင်းဆင်ခြင်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ သိမြင်ခြင်းနှင့် ဘာသာစကားသဘောသည့် ကွန်ပျူတာစနစ်များ ထည့်သွင်းထားခြင်းပင်ဖြစ်ပါသည်။

(၁) **သင်ယူခြင်း**။ ဉာဏ်ရည်တု (AI) အတွက် သင်ယူမှုပုံစံအမျိုးမျိုးရှိကြသော်လည်း အရိုးရှင်းဆုံးပုံစံမှာ စမ်းသပ်ခြင်းနှင့် အမှားများဖြင့် သင်ယူခြင်းပင်ဖြစ်ပါသည်။ ဥပမာ - စစ်တုရင်ပြဿနာများကို ဖြေရှင်းရန် ရိုးရှင်းသော ကွန်ပျူတာပရိုဂရမ်သည် ယခင်က အမှားအယွင်းလုပ်ခဲ့သောပုံစံမျိုး နောက်တစ်ကြိမ်ကြုံတွေ့ရာတွင် ယင်းအမှားမျိုးအတွက် ဖြေရှင်းရမည့်အဖြေကို ပြန်လည်မှတ်မိသည်အထိ ပရိုဂရမ်က သိုမှီးထားနိုင်ပါသည်။

(၂) **ကျိုးကြောင်းဆင်ခြင်ခြင်း**။ ကျိုးကြောင်းဆင်ခြင်ခြင်းသည် အချက်အလက်များကို စုဆောင်းပြီး အနာဂတ်အပြုအမူများကို ဖော်ပြရန်နှင့် ကြိုတင်ခန့်မှန်းရန် တီထွင်ထားသောပုံစံများပင်ဖြစ်ပါသည်။ ကျိုးကြောင်းဆင်ခြင်ခြင်းသည်

သန်ရှာနိုင်ယုဉ္ဇိစေရာတွင် အသုံးများသောနေရာ ဖြစ်ပါသည်။

(၃)ပြဿနာဖြေရှင်းခြင်း။ အထွေထွေဖြင့် ဉာဏ်ရည်တု (AI) တွင် ပြဿနာဖြေရှင်းခြင်းဆိုသည်မှာ ဖြစ်နိုင်ချေရှိသောဆောင်ရွက်ချက်များမှသည် ကြိုတင်သတ်မှတ်ထားသောရည်မှန်းချက်၊ သို့မဟုတ် ဖြေရှင်းချက်အဖြေရသည်အထိ စနစ်တကျ ရှာဖွေလုပ်ဆောင်သွားခြင်းပင်ဖြစ်ပါသည်။ ဉာဏ်ရည်တု (AI) တွင်အသုံးပြုနေသော ယေဘုယျဖြေရှင်းမှုနည်းစနစ်မှာ လက်ရှိအခြေအနေမှ နောက်ဆုံးရည်မှန်းချက်အကြား တွေ့ညီမှုများကိုလျှော့ချပြီး တစ်ဆင့်ပြီးတစ်ဆင့် အဆုံးထိရောက်အောင် ခွဲခြမ်းစိတ်ဖြာခြင်းပင်ဖြစ်ပါသည်။

(၄)သိမြင်ခြင်း။ သိမြင်ခြင်းတွင် ပတ်ဝန်းကျင်အခြေအနေကို အစစ်အမှန်၊ သို့မဟုတ် ဖန်တီးထားသော အာရုံခံကိရိယာအမျိုးမျိုးဖြင့် ဓာတ်ယူမှတ်သားထားခြင်းဖြစ်ပါသည်။ ခွဲခြမ်းစိတ်ဖြာခြင်းသည် အရာဝတ္ထုတစ်ခုအပေါ် ကြည့်ရှုသူ၏မြင်ရသည့်ရှုထောင့်၊ ၎င်းအရာဝတ္ထုအပေါ် ကျရောက်သည့် အလင်းတန်းလားရာနှင့် မြင်အားတို့အပေါ်မူတည်၍ ကွဲပြားခြားနားနိုင်ပါသည်။ လက်ရှိတွင် လူတို့ဖန်တီးထားသောသိမြင်မှုသည် တစ်ခုချင်းစီကို ခွဲခြားသတ်မှတ်နိုင်ရန် အမြင်အာရုံခံကိရိယာများ ပြည့်စုံကောင်းမွန်စွာ ပေါ်ထွက်လာပါသည်။

(၅)ဘာသာစကား။ လူ့ဘာသာစကားဖြင့် ဖေါ်ပြနိုင်သော အချက်များနှင့် ပြောဆိုချက်များကို ကောင်းစွာ တုံ့ပြန်နိုင်ရန်နှင့် ကန့်သတ်ချက်များစွာရှိသော ဘာသာစကားများကို အလွယ်တကူနားလည် သဘောပေါက်ရန် ကွန်ပျူတာပရိုဂရမ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ ဤပရိုဂရမ်သည် ဘာသာစကားအားလုံးကို နားမလည်သော်လည်း ကန့်သတ်ချက်မရှိသောဝါကျအမျိုးမျိုးကို ဖော်ထုတ်နိုင်ပါသည်။

ကမ္ဘာတွင် ဉာဏ်ရည်တု (AI) နည်းပညာအသုံးပြုနေသော နယ်ပယ်များ

ဉာဏ်ရည်တု(AI)နည်းပညာကို လုပ်ငန်းကဏ္ဍအမျိုးမျိုးနှင့်စက်မှုလုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။ အောက်တွင် ဉာဏ်ရည်တု (AI) နည်းပညာအသုံးချမှုနယ်ပယ်အချို့ကို ဖော်ပြထားပါသည်။

(၁) စစ်ဘက်ဆိုင်ရာအသုံးပြုမှု (Military Applications)။ စစ်ဘက်ဆိုင်ရာနည်းပညာများရှိ ပြိုင်တိုးတက်မှုအဖြစ် စက်ရုပ်များတိုတွင်

အသုံးချမှုနည်းပညာ၊ သို့မဟုတ် ကိုယ်ပိုင်ဆုံးဖြတ် လုပ်ကိုင်စွမ်းရှိစနစ်များ၊ မောင်းသူမဲ့တိုက်ခိုက်ရေး ယာဉ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးပစ္စည်း ကိရိယာများ၊ အဝေးထိန်းအာရုံခံကိရိယာများ၊ အလိုအလျောက်ထိန်းချုပ်မှုစနစ် ဒုံးကျည်များနှင့် အခြားစစ်လက်နက်သုံးပစ္စည်းကိရိယာများတွင် ဉာဏ်ရည်တု (AI) ကို ထည့်သွင်းအသုံးပြုလာကြပါသည်။

(၂) ကျန်းမာရေးစောင့်ရှောက်မှု (Health Care)။ လူနာများအတွက် ဆေးဝါးများသုံးစွဲမှုနှင့် မတူညီသောကုသမှုများ၊ ခွဲစိတ်ခန်းအတွင်း ခွဲစိတ်ကုသမှုများအတွက်စမ်းသပ်ခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် ဉာဏ်ရည်တု (AI) ကို အသုံးပြုလျက်ရှိပါသည်။

(၃) စိုက်ပျိုးရေး (Agriculture)။ ဉာဏ်ရည်တု(AI) ကို ယခုအခါ သီးနှံစောင့်ကြည့်လေ့လာရေးတွင် ကျယ်ပြန့်စွာအသုံးပြုနေပါသည်။ ၎င်းသည် တောင်သူများအား ရေ၊ ဓာတ်မြေဩဇာနှင့်အခြားပစ္စည်းများကို အကောင်းဆုံးအဆင့်တွင် အသုံးပြုရန် ကူညီထောက်ပံ့ပေးပါသည်။ ထို့ပြင် လယ်ယာသုံးစက်ကိရိယာများ ကြိုတင်ကာကွယ်ရေးအတွက် အထောက်အကူပြုစေပြီး သီးနှံများ ကောက်ယူရာတွင် ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းရှိ စက်ရုပ်များဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

(၄) ဘဏ္ဍာရေး (Finance)။ ယနေ့တွင် quant (Algorithms) သည် လူတို့ဝင်ရောက်စွက်ဖက်မှုမရှိသော ကုန်သွယ်ရေးစတော့များ၊ အလိုအလျောက် ဈေးကွက်ဆိုင်ရာဆုံးဖြတ်ချက်များကို ချက်ချင်းပြုလုပ်နိုင်သည့် ဘဏ်လုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိပြီး ဘဏ္ဍာရေးအဖွဲ့အစည်းများသည် လိမ်လည်မှုကိုရှာဖွေရန် ခြေရာခံရေးနည်းစနစ်များ (Algorithms) ကို အသုံးပြုလျက်ရှိကြပါသည်။ သုံးစွဲသူများအနေဖြင့်လည်း ငွေကြေးစစ်ဆေးမှုများကို ကောင်းစွာ စစ်ဆေးနိုင်ပြီး စမတ်ဖုန်းဖြင့် ငွေသွင်းငွေထုတ် ပြုလုပ်နိုင်ပါသည်။

(၅) ကုန်စည်လက်လီဖြန့်ဖြူးမှု (Retail)။ သုံးစွဲသူများအတွက် အရေအတွက်များပြားလှသော အက်ပလီကေးရှင်းများနှင့် လက်သုံးကိရိယာများသည် ပုံရိပ်အသိအမှတ်ပြုမှုနှင့် အသံ၊ သဘာဝဘာသာစကားပြောင်းလဲရေးလုပ်ငန်းစဉ်များကို အထောက်အပံ့ပြုစေပါသည်။ လက်လီရောင်းချသူများသည် ဉာဏ်ရည်တု (AI) ကို

ကိုယ်ပိုင်ဈေးကွက်ရှာဖွေရေး၊ ကုန်စည်ဝန်ဆောင်မှု ကွင်းဆက်များစီမံခန့်ခွဲရေးနှင့် ဆိုက်ဘာလုံခြုံရေးအတွက် အသုံးပြုနေကြပါသည်။

(၆) **ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်း။** လေကြောင်းလိုင်းများ၊ ဟိုတယ်များနှင့် အငှားကားကုမ္ပဏီများသည် ဝယ်လိုအားကိုခန့်မှန်းရန်နှင့် ဈေးနှုန်းကို ပြောင်းလဲရန်အတွက် ဉာဏ်ရည်တု(AI)ကိုအသုံးပြုလျက်ရှိပါသည်။ လေယာဉ်များအသုံးပြုမည့် လမ်းကြောင်းများရှာဖွေခြင်း၊ ရာသီဥတုအခြေအနေများစောင့်ကြည့်ခြင်းနှင့် ခရီးသည်တင်ဆောင်ခြင်း စသည့်လုပ်ငန်းများအပြင် လေယာဉ်များပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း ဉာဏ်ရည်တု (AI)ကို အသုံးပြုလာကြပါသည်။ ဟိုတယ်လုပ်ငန်းများတွင် ဓာတ်ပုံအသိအမှတ်ပြုခြင်းအပေါ်အခြေခံ စက်ရုပ်များတပ်ဆင်ခြင်းနှင့် လုံခြုံရေးအတွက် စောင့်ကြည့်ကင်မရာများတပ်ဆင်ခြင်း စသည့်လုပ်ငန်းများတွင် ဉာဏ်ရည်တု (AI) ကို အသုံးပြုလျက်ရှိပါသည်။ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်မှုရှိယာဉ်များနှင့် ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးကွန်ရက်များသည်လည်း ဉာဏ်ရည်တု (AI) ကိုမှီခိုနေရပါသည်။

(၇) **ဗီဒီယိုဂိမ်းများ။** ယခုနောက်ဆုံးပေါ် ဗီဒီယိုဂိမ်းများတွင် ဉာဏ်ရည်တု (AI)နည်းပညာကိုထည့်သွင်းလာခြင်းဖြင့် လူတို့နှင့်ယှဉ်ပြိုင်ကစားနိုင်သည့်ဇာတ်ကောင်များ ပေါ်ထွက်လာခဲ့ပါသည်။

(၈) **စက်မှုလုပ်ငန်းများ။** ယာဉ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများကဲ့သို့ အခြားစက်မှုလုပ်ငန်းတွင် ဉာဏ်ရည်တု (AI) နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေပါသည်။

နည်းပညာများ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဉာဏ်ရည်တု (AI)ကို သတ်မှတ်ထားသောအခြေခံစံနှုန်းများသည်လည်း ပြောင်းလဲလာပါသည်။ ကွန်ပျူတာအခြေခံလုပ်ငန်းများကိုတွက်ချက်သော သို့မဟုတ် လက်ရေးစာသားအသိအမှတ်ပြုသောစက်များသည် ဉာဏ်ရည်တု (AI) စနစ်တွင် ထည့်သွင်းစဉ်းစားစရာမလိုတော့သည့်အချက်ဖြစ်လာပါသည်။ ယခုအခါ အဆိုပါ ကွန်ပျူတာအခြေခံများသည် ကွန်ပျူတာတွင် နဂိုမူလထည့်သွင်းထားသော လုပ်ငန်းဆောင်တာများဖြစ်လာပါသည်။

လူတို့သည် ဉာဏ်ရည်တု (AI) ဟုပြောလိုက်သည်နှင့် စက်ရုပ်များကိုသာ မြင်မြင်ကြပါသည်။ အမှန်မှာ ဉာဏ်ရည်တု (AI) နည်းပညာအသုံးချမှုများသည် အဆုံးမဲ့ဖြစ်ပါသည်။ ဉာဏ်ရည်တု (AI) သည် စက်မှုလုပ်ငန်းများကိုအကျိုးပြုရန် စဉ်ဆက်မပြတ်တိုးတက်ပြောင်းလဲနေပါသည်။ ၎င်းနည်းပညာကို အရပ်ဘက်လုပ်ငန်းကဏ္ဍအမျိုးမျိုးနှင့် စက်မှုလုပ်ငန်းများတွင်သာမက စစ်ဘက်ဆိုင်ရာနည်းပညာများ၊ စစ်ဘက်ဆိုင်ရာလုပ်ငန်းများနှင့် စစ်လက်နက်စံနစ်များ၊ တိုက်ခိုက်ရေးယာဉ်များ၊ မောင်းသူမဲ့ယာဉ်များတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းအသုံးပြုလာကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

■ မင်းသစ်ဆွေ(သုတေသန)

Ref: (1) What is Artificial Intelligence? by www.datamation.com
(2) What is Artificial Intelligence (AI)? by www.investopedia.com
(3) Artificial Intelligence by www.britannica.com

ပျံသန်းမှု

[illegible] (၁[illegible])

● [illegible]

[illegible] Formation Flying [illegible]



တွင် ဇီ ၄၇ သယ်ယူပို့ဆောင်ရေးလေယာဉ် ဒါစင်ပေါင်းများစွာပါဝင်ခဲ့သည်။ နော်မန်ဒီမတိုင်မီ စစ်ဆေးရေးအသားစီးရေထားသော ဂျာမန်က အင်္ဂလန်ကျွန်းကို ဗုံးကြဲတိုက်ခိုက်ရာတွင် ဗုံးကြဲလေယာဉ်ကြီးများနှင့် ဦးစိုက်ဗုံးကြဲလေယာဉ်များ (Dive bomber) ကို အကြိမ်ကြိမ်အုပ်စုဖွဲ့စေလွှတ်ခဲ့သည်။ မဟာမိတ်တို့က စစ်ရေးပြန်သာပြီး Counter air Offensive ပြုလုပ်သောအခါတွင်လည်း အလားတူဗုံးကြဲလေယာဉ်အုပ်စုဖွဲ့ တွေကို စေလွှတ်ခဲ့သည်။ ဤကဲ့သို့ လေကြောင်းတိုက်စစ်ဆင်နွှဲသောအခါတိုင်း မပါမဖြစ်ပါရှိလေ့ရှိသည်မှာ ဗုံးကြဲလေယာဉ်ကြီးများကို ကာကွယ်စောင့်ရှောက်ပေးမည့် တိုက်လေယာဉ်အုပ်စုဖွဲ့များပင်ဖြစ်လေသည်။

ခုတိယကမ္ဘာစစ်လွန်ကာလတွင်လည်း အာရပ်-အစ္စရေးစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲ၊ ကိုရီးယားစစ်ပွဲ အသည့်ကနဲ့သည်စစ်ပွဲများ၌ လေယာဉ်အုပ်စုဖွဲ့များကို စေလွှတ်တိုက်ခိုက်ခြင်း၊ လေကြောင်းနှိမ်နင်းမှုပြုခြင်းတို့ကို တွေ့ရှိရသည်။

ထို့ကြောင့် စစ်ဘက်လေကြောင်းတို့သည် အုပ်စုဖွဲ့ဖွဲ့သန်းမှုကို သင်ခန်းစာအဖြစ် သင်ကြားလေ့ကျင့်ကြရသည်။ ထက်မြက်ရှေ့ပြေးဖြစ်အောင် လေ့ကျင့်သင်ကြားရသည်။ လေယာဉ်တစ်စင်းနှင့်တစ်စင်းအုပ်စုဖွဲ့ရန် မျှော်ကာမှု၊ လေယာဉ်အမျိုးအစားအလိုက်သတ်မှတ်ပေးထားသော အကွာအဝေး၊ ဤအကွာအဝေးအတိုင်း တစ်စင်းနှင့်တစ်စင်း ပုံမှန်အနေအထားရအောင် ပျံသန်းနည်း၊ အုပ်စုဖွဲ့ပျံသန်းမှုပုံသဏ္ဍာန်အမျိုးအစားများ၊ လေထဲတွင် အချက်ပြနည်းစနစ်များ၊ ရေဒီယိုအသေပါစနစ်များ၊ အုပ်စုဖွဲ့ပျံသန်းမှုနည်းကာမ်း အုပ်စုဖွဲ့ရာမှ ခွဲထွက်ခြင်းစသည့် သင်ခန်းစာများဖြစ်သည်။ စာရေးသူသင်ကြားလေ့ကျင့်ခဲ့ဖူးသလောက် ရေးပါသည်။

ရာနှင့်ချီ၍အုပ်စုဖွဲ့ပျံသန်းခြင်း၏အခြေခံမှာ နှစ်စင်းအုပ်စုဖွဲ့ (Twoships formation) ပျံသန်းခြင်းဖြစ်ပါသည်။ နှစ်စင်းကိုပိုင်နိုင်မှ လေယာဉ်အရေအတွက်ကို တိုးမြှင့်အုပ်စုဖွဲ့လေ့ကျင့်ရပါသည်။

အုပ်စုဖွဲ့ပျံသန်းခြင်း၏ အခြေခံပုံသဏ္ဍာန်များကို တင်ပြပါမည် -

ရှေ့နောက်ပုံသဏ္ဍာန် (Line Astern)

ခေါင်းဆောင်လေယာဉ် (Leader) က ရှေ့မှဦးဆောင်ပြီး နောက်လိုက်လေယာဉ် (Wing Man) က နောက်တည့်တည့်မှ လိုက်ရပါသည်။ ရှေ့လေယာဉ်၏လေဟုန်မှ ကင်းလွတ်စေရန် နောက်လေယာဉ်က ရှေ့လေယာဉ်နှင့် အမြင့်တစ်ပြေးညီမနေဘဲ နည်းနည်းလိုနိမ့်ရသည်။

ပုံ(၁)



ရှေ့နောက်ပုံစံ

မှတ်ချက်။

L(LEADER)	- အုပ်စုဖွဲ့ခေါင်းဆောင်
SL(SUB LEADER)	- ဒုတိယအုပ်စုဖွဲ့ ခေါင်းဆောင်
W(WING MAN)	- နောက်လိုက်

ဘေးချင်းယှဉ်ပုံသဏ္ဍာန် (Line Abreast)

ခေါင်းဆောင်လေယာဉ် (L) ၏ ဘယ်ဘက်တွင်ဖြစ်စေ၊ လက်ယာဘက်တွင်ဖြစ်စေ

နောက်လိုက်လေယာဉ် (W) က ရင်ပေါင်တန်း အနေအထားဖြင့် လိုက်ပါပျံသန်းခြင်းဖြစ်သည်။

ပုံ(၂)



ရင်ပေါင်တန်းပုံ

လှေကားထစ်ပုံသဏ္ဌာန် (Echelon)

ဘယ်ဘက်လှေကားထစ် (Port Echelon) နှင့် ညာဘက်လှေကားထစ် (Starboard Echelon) ဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ ဘယ်ဘက်လှေကားထစ်မှာ ခေါင်းဆောင်လေယာဉ် (L)၏ ဘယ်ဘက်နောက်နား ဆင်းကျကျမှ နောက်လိုက်လေယာဉ် (W) က လိုက်ပါ ပျံသန်းခြင်းဖြစ်၍ ညာဘက်လှေကားထစ်မှာ အလားတူ ညာဘက်နောက်နားဆင်းကျကျမှ လိုက်ပါ ပျံသန်းခြင်းဖြစ်သည်။ ဤအခြေခံပုံသဏ္ဌာန်ကို လေ့ကျင့်ရသည်။

ပုံ(၃)

ဗီပုံသဏ္ဌာန် (Vic Formation)

လေယာဉ် ၃ စင်းပါသော အုပ်စုဖွဲ့အခြေခံ ပုံသဏ္ဌာန်မှာ အင်္ဂလိပ်အက္ခရာ ဗီ(V) ပုံသဏ္ဌာန် ပျံသန်းခြင်းဖြစ်သည်။ မြားခေါင်းပုံ (Arrow Head) ဟုလည်း ခေါ်ဝေါ်ကြသည်။ ခေါင်းဆောင်လေယာဉ် (L)က ရှေ့ဆုံးတွင်ရှိပြီး နောက်လိုက် (၁) (W-1) က ဘယ်ဘက်နောက်နားတွင်လည်းကောင်း၊ နောက်လိုက်(၂) (W-2) က ညာဘက်နောက်နားတွင်လည်းကောင်း ရှိရပါသည်။

ပုံ(၄)

ဗီ (VIC) ပုံ

လက် ၄ ချောင်းပုံသဏ္ဌာန် (Finger of Four)

လေယာဉ် ၄ စင်းပါဝင်သောအခါ လက် ၄ ချောင်းပုံသဏ္ဌာန်ကို ပျံသန်းပါသည်။ ခေါင်းဆောင်လေယာဉ်၏ ဘယ်ဘက်တွင် တစ်စင်း၊ ညာဘက်တွင် နှစ်စင်းရှိပါက ညာလက် ၄ ချောင်း ပုံသဏ္ဌာန် (Right Finger of Four) ဟုခေါ်ပြီး ခေါင်းဆောင်လေယာဉ်၏ ညာဘက်တွင် တစ်စင်း၊ ဘယ်ဘက်တွင် နှစ်စင်းရှိပါက ဘယ်လက် ၄ ချောင်း ပုံသဏ္ဌာန် (Left Finger of Four) ဟုခေါ်ပါသည်။ အုပ်စုဖွဲ့ပုံသဏ္ဌာန်မှာ ဘယ်ဘက်ကိုဖြစ်စေ ညာဘက်ကိုဖြစ်စေ လက်ဖဝါးကို ဖြန့်ထားပြီး လက် ၄ ချောင်းကို ဆန့်ထုတ်ထားသော အခါတွင် တွေ့မြင်ရသော အနေအထားအတိုင်း ဖြစ်သည်။ ရှေ့ဆုံး ရှည်ထွက်နေသော လက်ခလယ်

မှာ Leader ဖြစ်၍ လက်ညှိုး၊ လက်သူကြွယ်၊ လက်သန်းတို့မှာ Wing Man များဖြစ်ကြလေသည်။ အကယ်၍ Sub-Leader ပါလာလျှင် လက်သူကြွယ်သည် ၎င်း၏နေရာဖြစ်သည်။ ၄ စင်းအုပ်စုကို ၂ စင်းအုပ်စုနှစ်စုအဖြစ်ခွဲထွက်သွားလျှင် Sub-Leader သည် Leader ဖြစ်သွားပေလိမ့်မည်။



သေတ္တာပုံသဏ္ဌာန် (Box Formation)

Finger of Four ပုံသဏ္ဌာန်မှ အရှေ့အကျဆုံးတစ်စင်း တစ်နည်းအားဖြင့် S.L ၏ လေယာဉ်အစင်းကို Vic ပုံသဏ္ဌာန်၏ နောက်ပိတ်အဖြစ်၊ ခေါင်းဆောင်လေယာဉ်၏ နောက်တည့်တည့်တွင် ပြောင်းထားလိုက်လျှင် သေတ္တာအုပ်စု ပုံသဏ္ဌာန်ဖြစ်လာ၏။ တချို့က စိန်မှုန်ပုံသဏ္ဌာန် (Diamond Formation) ဟုလည်း ခေါ်ပါသေးသည်။



ဤသည်တို့ကား အခြေခံအုပ်စုဖွဲ့ပျံသန်းနည်းများဖြစ်ကြသည်။ ဤအုပ်စုဖွဲ့နည်းများကို စုပေါင်းဖွဲ့စည်း၍ အုပ်စုကြီးများဖြစ်လာသည်။

အုပ်စုဖွဲ့ပျံသန်းမှုသည် စစ်ဆင်ရေးတွင် အလွန်အရေးပါ၏။ [illegible] တစ်စင်းကို တစ်စင်းက အကာအကွယ်ပေးနိုင်သည်။ [illegible] နောက်လိုက်လေယာဉ်သည် ခေါင်းဆောင်လေယာဉ်ကို [illegible] အမြဲတမ်းလိုက်ပါနေပြီး [illegible] နောက်လိုက်လေယာဉ်များသည် ခေါင်းဆောင်အပေါ် ယုံကြည်မှုအပြည့်ဖြင့်လိုက်ပါကြသည်။ အုပ်စု၏ ခေါ်ဝေါ်သံအခေါ်အဝေါ်ကို သတ်မှတ်ပေးထားပြီး (ဥပမာ – Red formation) ခေါင်းဆောင်နှင့် နောက်လိုက်တို့၏ ကိုယ်ပိုင်ခေါ်ဝေါ်သံအခေါ်အဝေါ်ကို အုပ်စုအခေါ်အဝေါ်အပေါ်မူတည်၍ (ဥပမာ – Red leader, Red one, Red two …) ဟူ၍ သတ်မှတ်ပေးသည်။ အုပ်စုကိုယ်စားပြု၍ [illegible] ခေါင်းဆောင်ဖြစ်သည်။ နောက်လိုက်တို့က အုပ်စုအတွင်းမှသာ [illegible] ဆက်သွယ်နိုင်သည်။ ◎

■ အာကာ([illegible])

[illegible]

မွန်ရိုးရာ

[illegible]

"မေမို့အတွေ့အကြုံအရအကြံပြုရမယ်ဆိုရင်တော့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်ထဲမှာရှိတဲ့ စင်ကျိုက်ကျေးရွာအုပ်စုကို ရွေးချယ်ကွင်းဆင်းပါ၊ အဲဒီဒေသက မွန်တိုင်းရင်းသားတွေဟာ ရိုးရာအစဉ်အလာကို သိပ်ပြီးထိန်းသိမ်းကြတယ်၊ အိမ်ဆောက်တာကအစ မြောက်ဘက်ကို မျက်နှာလှည့်ပြီး မြောက်ရှည်ရှည်နဲ့ ဆောက်ကြတယ်၊ ဘာသာရေးနဲ့ ဆယ့်နှစ်လရာသီပွဲတော်တွေကိုလဲ သာစဉ်မြဲဆက် စဉ်ဆက်မပြတ်ကျင်းပလာခဲ့ကြတယ်၊ ဘာသာတရားကိုလဲ သိပ်ကိုင်းရှိုင်းကြတယ်၊ ဒေသခံရွာသူရွာသားတွေကလဲရက်ရောပြီး ရည်ဝတ်ကျေမွန်ကြတယ်"

ထိုကထိကဆရာမကြီး၏ အညွှန်းကောင်းမှုကြောင့် ကျွန်တော်သည် စင်ကျိုက်ကျေးရွာအုပ်စုသို့ ကွင်းဆင်းလေ့လာသုတေသနပြုခဲ့ပါသည်။ ကထိကဆရာမကြီး၏ အညွှန်းစကားသည် ဆိုသာရှိ ပိုရိုသည့်စကားမျိုး မဟုတ်ကြောင်း စင်ကျိုက်ရောက်တော့မှ မျက်မြင်ကိုယ်တွေ့သိရှိရပါတော့သည်။ မိတ်ဆွေဖြစ်သူ နယ်မြေသတင်းထောက်ဦးအောင်မြင့်က ရှာဦးဘုန်းတော်ကြီးကျောင်းသို့ ခေါ်ဆောင်သွားခဲ့၏။ ထိုနေ့သည် တော်သလင်းလပြည့်နေ့ဖြစ်ရာ ဘုန်းတော်ကြီးကျောင်း၌ အလှူလုပ်သူများ၊ ဥပုသ်သီတင်းဆောက်တည်သူများ စသည်ဖြင့် လူစုံလှပေ၏။ ထူးခြားသည်ကား ကျောင်းပရိဝုဏ်အတွင်း၌ သစ်၊ ဝါး၊ ရောင်စုံစက္ကူများဖြင့် ပြုလုပ်ထားသောလှေရှည်၊ သင်္ဘောရုပ်ကြီးများကို တွေ့မြင်ရခြင်းပင်ဖြစ်၏။

"ညဘက်ဆိုရင် အဲဒီအရုပ်ကြီးတွေထဲမှာ ဆီမီးတွေ၊ ဖယောင်းတိုင်တွေထွန်းညှိကြလိမ့်မယ်၊ ဆီမီးနဲ့ ဖယောင်းတိုင်မီးအလင်းရောင်ကြောင့် လှေရှည်၊ သင်္ဘောရုပ်ကြီးတွေဟာ ပိုပြီးဝင်းပြင်ပြင် ပုံပေါ်လာကြတယ်၊ ကြည့်လို့ သိပ်လှတယ်ခင်ဗျ" သတင်းထောက်ဦးအောင်မြင့်က ပြောပြခြင်းဖြစ်၏။

"ဒီလှေရှည်၊ သင်္ဘောရုပ်ကြီးတွေ လုပ်ကြရတဲ့ဓလေ့ရဲ့ အဓိပ္ပာယ်က ဘာလဲခင်ဗျ" မိမိက သိလိုစွာ မေးလိုက်ခြင်းဖြစ်၏။ ထိုအခါ ပရိသတ်ထဲမှ လူကြီးတစ်ဦးက -

"မြတ်နိဗ္ဗာန်ကို ရွှေသင်္ဘောတော်ကြီးနဲ့သွားတဲ့သဘောကို ဖော်ဆောင်တာပေါ့ခင်ဗျာ" ဟု ပြောလိုက်၏။ ထိုအခါ ပရိသတ်ရှေ့ဆုံးတန်းတွင် ထိုင်နေသော အသက် ၈၀ ခန့်အရွယ်ရှိ ဆံပင်ထုံးကြီးနှင့် အဘိုးအိုက -

"ဟေ့ကောင်ဘိုးလေး၊ မင်းလေးသေးသေးတွေ မသိဘဲနဲ့ အရမ်းမပြောနဲ့ကွ၊ ဒါဟာ မွန်ရိုးရာ မီးသင်္ဘောလှူတဲ့ပွဲဓလေ့လို့ခေါ်တယ်၊ ဒီဓလေ့ဟာ သမိုင်းကြောင်းခိုင်ခိုင်မာမာရှိတယ်၊ အဓိပ္ပာယ်လေးနက်တယ်" ဟုပြောလိုက်၏။ ထိုအဘိုးအို၏ နာမည်မှာ ဦးသာမြဖြစ်ကြောင်းသိရ၏။ စင်ကျိုက်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာတွင် နေထိုင်ကြောင်း သိရ၏။

"အဘရယ်၊ ကျွန်တော်ဟာ မွန်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေကို လေ့လာသုတေသနပြုဖို့လာတဲ့ သုတေသီတစ်ဦးပါ၊ အဘဆီက မှတ်သားဖွယ်ရာဗဟုသုတတွေအကြောင်း ကြားနာချင်ပါတယ်၊ အဲဒီမွန်ရိုးရာမီးသင်္ဘောလှူတဲ့ပွဲဓလေ့အကြောင်း ပြည့်ပြည့်စုံစုံသိချင်ပါတယ်၊ ပြောပြပါလားအဘရယ်"

မိမိက အထက်ပါအတိုင်း မေတ္တာရပ်ခံလိုက်ရာ အဘဦးသာမြသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီးနောက် -

"ငါတို့မွန်တိုင်းရင်းသားတွေဟာ ဗုဒ္ဓဘာသာဝင်တွေများတယ်၊ ဘာသာရေးသိပ်ကိုင်းရှိုင်းကြ

**ခေါင်းအုံးနဲ့စကားသီတွေကို
အပျိုတွေက ခေါင်းပေါ်မှာ
ရွက်ပြီး ရှေ့ကသွားကြတယ်၊
လူပျိုကာလသားတွေကတော့
သပိတ်၊ သင်္ကန်းစတာတွေကို
ရွက်ပြီး ရှင်လောင်းတွေရဲ့
နောက်ကနေ လိုက်ကြရတယ်၊
ကာလသားတချို့ကတော့
ဒိုးပတ်ဝိုင်းနဲ့ . . .**

■

တယ်၊ အလှူအတန်းပြုကြတာတွေလဲများတယ်၊ ခင်းကျိုက်တောင်ယှဉ်တန်း၊ တယ်နန်းတွေများ၊ သင်္ကန်းလှုန်းမြေသလေလာမှာ၊ ယောမဝါပြိုင်ရှိ၊ ကုသိုလ်ရေးရဲ့ ရည်စိတ်သန်သည်၊ ပြည်နီရွာနက်ရှု မည့် ပုတီးဆိုတဲ့အတိုင်း၊ ဒီဒေသမှာ ခင်းကျိုက်တောင်ဘုရား၊ သင်္ကန်းလှုန်းတောင်ဘုရား၊ မင်း ၁၀၁ ပါးဘုရားနဲ့ ဘုရားငုတ်တိုတို့ဟာ အဓိကရ ထင်ရှားတဲ့ ဘုရားပုထိုးတွေဖြစ်ကြတယ်၊ ဒီဘုရားပုထိုးတွေအတွက် ရည်စူးကျင်းပတဲ့ ဘုရားပွဲတော်တွေအပြင် လူမှုရေးဆိုင်ရာပွဲတော်တွေကလည်း ဆယ့်နှစ်ရာသီမှင်လုံး ပြတ်လပ်တယ်လို့ မရှိရလောက်အောင် များပြားလှပါတယ်၊ မွန်တိုင်းရင်းသားတွေဟာ ဘာသာတရားကိုင်းရှိုင်းသူတွေ ဖြစ်ကြတဲ့အပြင် ရက်ရောသူများဖြစ်ကြတာကြောင့် အလှူဒါနပြုရင် ရှိုးထားရှောမနေကြသူတွေဖြစ်ပါတယ်"

"တန်ခူးလမှာ ခင်းကျိုက်တောင်ဘုရားပွဲတော်ကြီးကို ၁၀ ရက်တိုင်တိုင် အထူးစည်ကားစွာ ကျင်းပလေ့ရှိကြတယ်"

"ခင်းကျိုက်တောင်ဘုရားကြီးဟာ တောင်မြင့်ကြီးပေါ်မှာတည်ရှိတာကြောင့် ဘုရားပွဲတော်ကျင်းပတဲ့အခါ လူကြီး၊ လူရွယ်၊ လူငယ်၊ အပျို လူပျိုတွေဟာ နံနက် ၄ နာရီလောက်ကတည်းက ဘုရားစောင်းရှိရာကိုတက်ရောက်ကြတယ်၊ ပျော်ပျော်ရွှင်ရွှင်တက်ရောက်ဖူးမြော်ကြတာဖြစ်တယ်၊ အိမ်ရှေ့မှာပဲ ကျောက်သဆောင်ဘုရားရှိရာ တောင်ခြေကို လူစုလူဝေးနဲ့ တပျော်တပါးကြီးသွားရောက်ကြတယ်၊ အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြတယ်"

"ကဆုန်လမှာတော့ မြန်မာ(ဗမာ)တွေလိုပဲ၊ ညောင်ရေသွန်းပွဲတော်ကိုကျင်းပကြတယ်၊ ဘုန်းကြီးကျောင်းတွေမှာ နံနက်နဲ့ နေ့လယ်ပိုင်း တရားနာပြီး စိတ်နှလုံးညည်လည်ကာ ညောင်ရေသွန်းကြတာဖြစ်ပါတယ်၊ ဒါ့အပြင် ကဆုန်လမှာ စုပေါင်းရှင်ပြုပွဲတော်ကိုလည်း ကျင်းပလေ့ရှိကြပါတယ်၊ ရှင်လောင်းလှည့်တဲ့အခါ ကန်တော့ပွဲ၊ ဖျာလိပ်၊ ခေါင်းအုံးနဲ့စကားသီတွေကို အပျိုတွေက ခေါင်းပေါ်မှာရွက်ပြီး ရှေ့ကသွားကြတယ်၊ လူပျိုကာလသားတွေကတော့ သပိတ်၊ သင်္ကန်းစတာတွေကို ရွက်ပြီး ရှင်လောင်းတွေရဲ့ နောက်ကနေလိုက်ကြရတယ်၊ ကာလသားတချို့ကတော့ ဒိုးပတ်ဝိုင်းနဲ့ နောက်ဆုံးက လိုက်ကြတယ်၊ ရှင်လောင်းလှည့်ပွဲကို အကြောင်းပြုပြီး လူငယ်အချင်းချင်းလိုခိုရင်းနှီး ခင်မင်မှုရရှိကြပါတယ်"

"နယုန်လမှာ တောင်သူလယ်သမားတွေ လုပ်ငန်းရှုပ်ထဲဝင်ကြရတာကြောင့် လယ်နှတ်ထည့်ပွဲကလွဲပြီး တခြားဘာပွဲတော်မှကျင်းပလေ့မရှိကြဘူး"

"ထူးခြားတာကတော့ ဝါဆိုလမှာ ဝါဆိုပန်းကောက်ပွဲမရှိဘူး၊ ဒါပေမဲ့ ဘုန်းတော်ကြီးတွေ ဝါတောင်းကောင်းဆိုနိုင်ဖို့အတွက် ပစ္စည်းလေးပါး ပါဝင်တဲ့ကန်တော့ပွဲများကို အိမ်တိုင်းလိုလိုက ဘုန်းကြီးကျောင်းတွေဆီကို ပို့ကြတယ်"

"အဲ… ဒါပေမဲ့သနေ့တော့ ရွှေစိုးကြီး ရွှေစိုးကြီးလည်းလျှာကျင်းပေးလေ့ရှိကြတယ်။ မာရသောက်စနေ့တွေမှာ ဆွမ်းလှည့်အိမ်လို့ခေါ်တဲ့ ကျောင်းဆောင်အနီးအနားမှာ ရှိကြတယ်။ သပိတ်ရှစ်ကို ဆွမ်းလှည့် တစ်လှည့်မှာ အိမ်ထောင်စု ၅ စုပါဝင်ရတယ်"

"ရွှေစိုးကြီး၊ ရွှေစိုးကြီးလျှာကျောင်းအနီး ရောက်တဲ့အခါ ဆွမ်းလှည့်အိမ်တစ်နေ့စီက … တည့်သင့်တဲ့ပစ္စည်းတွေကို အဲဒီအိုးထဲမှာ တည့်ကြရတယ်။ အစဉ်အလာအရဆိုတော့ သပေါ်များ တစ်ထွာခန့်ကို ပထမတည့်ကြပြီး အဲဒီအပေါ်မှာ ကြေးပြား အမ်ချွန်နဲ့အမ်တစ်ထုပ်ကို တည့်ကြရတယ်။ သပေါ်များတည့်ရတဲ့ရည်ရွယ်ချက်ကတော့ မြတ်စွာဘုရားအတွက် နေရာထိုင်ခင်း သဘောမျိုး ဖော်ပြချင်လို့ဖြစ်ပါတယ်။ အမ်တည့်ရတာကတော့ အမ်ချွန်းသလို ထားထက်လိုပြီး

> သပေါ်များတည့်ရတဲ့
> ရည်ရွယ်ချက်ကတော့
> မြတ်စွာဘုရားအတွက်
> နေရာထိုင်ခင်းသဘောမျိုး
> ဖော်ပြချင်လို့ဖြစ်ပါတယ်။
> အမ်တည့်ရတာကတော့
> အမ်ချွန်းသလို
> ထားထက်လိုပြီး …

ပညာရည်ချွန်စေဖို့ဖြစ်တယ်။ ကြေးပြားတည့်တာကတော့ ငွေကြေးကြွယ်ဝပေါများစေဖို့ဖြစ်ပါတယ်။ အမ်ချွန်တည့်ရတာကတော့ အချင်းချင်း စိတ်ဝမ်းကွဲပြားမှုကင်းပြီး ညီညွတ်စေဖို့ ဖြစ်ပါတယ်။ အဲဒီပစ္စည်းတွေအပြင် ချိုးပေါ်း တစ်ထုပ်၊ ဆေးခါးတစ်ထုပ်၊ ကောက်ညှင်းပေါက်တစ်ထုပ်နဲ့ … နဲ့ ကောက်ပဲသီးနှံပေါ်များတွေနဲ့ကောက်ပဲစေဖို့အတွက် ဖော်သေတာမျိုးတည့်ကြရပါတယ်။ ဒီပစ္စည်းတွေနဲ့အတူ ကောက်ညှင်းထုပ်ကလေး … ထည့်ပြီး ဘုန်းကြီးကျောင်းတော်ဖို့ ပြင်ဆင်ကြရပါတယ်။"

"ဘုန်းကြီးကျောင်းသို့ ပို့ဆောင်ကြတဲ့အခါမှာ ဆွမ်းလှည့်အိမ်ပေါင်းဆောင်အချို့ သမီးတွေက ဦးခေါင်းပေါ်မှာရွက်ပြီးသွားကြရတယ်။ အဲဒီလိုရွက်လာတဲ့အတိုင်း … ဘုန်းကြီးကျောင်းရဲ့ … အဲဒီနောက် ဘုန်းတော်ကြီးကို …

တယ်၊ သိလာပေကြတယ်၊ နောက်ဆုံး အမှုအသေပြီး ရင်တော့ ရွှေအိုကြီးငွေအိုကြီးလှေပွဲဟာ နိဋ္ဌိတ် သွားပြီပေါ့ကွယ်”

အဘဦးသာခြွေသည် အသံကြောက်သွားဟန် တူ၏။ ၎င်းထားသေသာရေနွေးကြမ်းပန်းကန်ကိုကောက် ယူမော့ချလိုက်၏။ ထို့နောက် ကွမ်းအစ်ထဲမှ ကွမ်း ရွက်ကိုထုတ်ယူကာ ကွမ်းတစ်ယာကိုယာ၏။ ထို ကွမ်းယာကို ပါးစပ်ထဲသို့မသွင်းခင် –

“အဲ . . . အခုပြောမှာကတော့ မွန်နိုင်ငံရာဇဝင် သဘော်လွှတ်ပွဲတော်အကြောင်းပေါ့၊ အခုအခါ ပြောပြမယ့်ပွဲတော်တွေကတော့ ရာမညမြေ စင်းကျိုက်ကိုရောက်လာကြရင် တစ်နှစ်ပတ်လုံး ကျင်းပနေတဲ့ပွဲတော်တွေအကြောင်းပဲဖြစ်တယ်၊ ငါတို့ မွန်တိုင်းရင်းသားတွေဟာ ဘယ်လောက် ဘာသာရေးကိုင်းရှိုင်းကြတယ်၊ အလှူအတန်း ရက်ရောကြတယ်ဆိုတာကိုသိစေချင်လို့ပါ”

“ပိဋကတ်သုံးပုံဟာ ရာမညမြေကို ၁၀ ရာစုကတည်းက ရောက်ရှိနေခဲ့တယ်၊ ပုဂံ အနော်ရထာမင်းလက်ထက်မှာ အဲဒီပိဋကတ်တော် တွေကို ပင့်ဆောင်ဖို့ကမ်းလှမ်းခဲ့တာကို သထုံ ပြည့်ရှင် မနုဟာမင်းက မချေမငံတုံ့ပြန်လိုက်တာ ကြောင့် အနော်ရထာဟာ အမျက်တော်ရှပြီး အင်အားသုံးခဲ့တယ်၊ သထုံပြည်ကိုအောင်နိုင်ပြီး ပိဋကတ်တော်တွေကို ပင့်ဆောင်သွားခဲ့တယ်၊ ပုဂံနေပြည်တော်မှာ ပိဋကတ်တိုက်တော်ကြီး ဆောက်လုပ်ပြီး အဲဒီပင့်ဆောင်လာခဲ့တဲ့ ပိဋကတ် တော်တွေကိုထားရှိခဲ့တယ်”

“ဒီပိဋကတ်တော်တွေရဲ့ မူရင်းမူလနေရာ ကတော့ သိန်းဇိုကျွန်း(သီဟိုဠ်)ပဲဖြစ်တယ်၊ ဒီကနေ့ သီရိလင်္ကာလို့အမည်တွင်နေတဲ့ နိုင်ငံပေါ့ကွယ်၊ ရာမညဒေသက မထေရ်မြတ်ကြီးတစ်ပါးဟာ သိန်းဇိုကျွန်းကိုကြွသွားခဲ့တယ်၊ အဲဒီကနေ ပိဋ ကတ်တော်တွေကိုပင့်ဆောင်ပြီး ရာမညဒေသကို ရေကြောင်းခရီးနဲ့ ပြန်ကြွတော်မူလာခဲ့တယ်၊ သုဝဏ္ဏဘုမ္မိ ဆိပ်ကမ်းကို မထေရ်မြတ်ကြီး ပြန်လည်ရောက်ရှိတဲ့နေ့ဟာ တော်သလင်းလပြည့် နေ့ဖြစ်ပါတယ်၊ ဝမ်းသာကြည်နူးကြလွန်းလို့ မင်းနဲ့တကွ ပြည်သူတွေဟာ လှေတွေသင်္ဘော တွေနဲ့ မထေရ်မြတ်ကြီးနဲ့ ပိဋကတ်တော်တွေကို ကြိုဆိုခဲ့ကြတယ်၊ တော်သလင်း လပြည့်နေ့ကိုလဲ နေ့ထူးနေ့မြတ်အဖြစ်သတ် မှတ်ခဲ့ကြတယ်၊ အဲဒီအချိန်ကစပြီး နှစ်စဉ် တော်သလင်းလပြည့်နေ့ရောက်ရင် ဘုန်းတော်ကြီး ကျောင်းတွေထဲမှာ လှေရှည်၊ သင်္ဘောရှည်ကြီး တွေပြုလုပ်ကြတယ်၊ ဘုန်းတော်ကြီးတွေကို ဆွမ်း၊ ကွမ်းနဲ့ လှူဖွယ်ဝတ္ထုပစ္စည်းတွေကပ်လှူ ကြတယ်၊ ညဘက်ရောက်တော့ လှေရှည်၊ သင်္ဘော ရှည်ကြီးတွေထဲမှာ ဆီမီးခွက်တွေ၊ ဖယောင်းတိုင် တွေ ထွန်းညှိပူဇော်ကြတယ်၊ မထေရ်မြတ်ကြီးနဲ့ ပိဋကတ်တော်တွေကို မင်းနဲ့တကွ ပြည်သူတွေက လှေတွေ၊ သင်္ဘောတွေနဲ့ ကြိုဆိုခဲ့သလောက်ကြိုဆိုခဲ့ ကြတဲ့ ကုသိုလ်ကောင်းမှုအကြောင်း၊ အောက်မေ့ ဖွယ်ရာ ပြန်လည်ဖော်ဆောင်တဲ့ သဘောပဲဖြစ်ပါ တယ်”

“ဒီလှေဟာ အခေါင်းရာမညဒေသ တစ်ခွင်လုံးမှာ ထွန်းကားခဲ့ပေမဲ့ နောက်ပိုင်းမှာ တော့ ကျွန်တို့ရဲ့ စင်းကျိုက်မှာပဲရှင်သန်ကျန်ရစ်ခဲ့ ပါတယ်၊ ဒါကြောင့်လဲ နှစ်စဉ်တော်သလင်းလပြည့် နေ့ရောက်ရင် စင်းကျိုက်ရဲ့ ဘုန်းတော်ကြီးကျောင်း တွေထဲမှာ လှေရှည်၊ သင်္ဘောရှည်ကြီးတွေပြုလုပ် ပြီး ဆီမီးခွက်တွေ၊ ဖယောင်းတိုင်မီးတွေထွန်းညှိ ပူဇော်တာကိုတွေ့ မြင်ကြရတာဖြစ်ပါတယ်”။ ။

■ မှုသမောကျော်ဝင်း

(အမျိုးသားစာပေဆုရ)

SHARP POWER

[illegible] Hard Power [illegible] Soft Power [illegible] NED [illegible] RT News Network [illegible] Confucius Institute Educational Partnerships [illegible] Sharp Power [illegible]

[illegible] Soft Power [illegible]

[illegible] Sharp Power [illegible]

[illegible] Sharp Power [illegible] Sharp Power [illegible]

Sharp Power [illegible]

Christopher Walker [illegible]

အကာအကွယ်ပေးပြီးဖြစ်ပါတယ်။ အထက်ပါ အကြောင်းအရာများဟာ ကိုးကားပါ ဆောင်းပါးရှင်တို့ရဲ့ ကောက်နုတ်ဖော်ပြချက်များပဲဖြစ်ပါတယ်။

Soft Power တွင် ပညာရပ်ဆိုင်ရာများ ဝေမျှခြင်း၊ ယဉ်ကျေးမှုနှင့် အားကစားပွဲများကို ကမကထပြုခြင်းတို့ ပါဝင်ပြီး **Sharp Power** သည် **Soft Power** နှင့် ကွဲပြားခြားနားမှုရှိပါတယ်။ ၎င်းသည် ဆွဲဆောင်မှုရှိသောနည်းများဖြစ်ပြီး တိုင်းပြည်တစ်ခုရဲ့ အပြုသဘောဆောင်သော သဘောထားအမြင်ကို ဖော်ဆောင်တာ။ အခြားတိုင်းပြည်တစ်ခုနှင့် နှုတ်ဆက်ပြုမှုကို ပြိုကွဲစေသည့်အပြင် ကောက်ချက်တွင် အခြားနိုင်ငံ၏ ဆုံးဖြတ်ချက်များအား ဆွဲဆောင်ခြင်းဖြင့် လွှမ်းမိုးနိုင်ပါတယ်။ **Hard Power** သည်လည်း **Sharp Power** နှင့် ကွဲပြားခြားနားမှုရှိတာ ပုံသေသည် တိုင်းပြည်တစ်ခုကို အဓမ္မဖိအားပေးပြီး ဆုံးဖြတ်ချက်ချခြင်းများကြောင့် အဆင်းအကျပ်ချင်းအောင်ပေးသော နည်းလမ်းများရှိပါတယ်။ **Hard Power** တွင် စစ်ရေး၊ စီးပွားရေးပိတ်ဆို့မှုများနှင့် သံတမန်ရေးဆက်ဆံရေးဖြတ်တောက်မှုများပါဝင်ပါတယ်လို့ ရေးသားတင်ပြရင်း အမြင်တစ်ခုမှာသည် သုတအနှံ့အနှံ့ဆီသို့ ရောက်ရှိပါစေ၊ ရှိပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား ။

■ ကျော်ဇင်ရွှေ(ဗမာ)

Ref: (1) https://en.m.wikipedia.org/wiki/Sharp power
(2) https://www.foreignaffairs.com/articles/china/2017-11-16/meaning sharp power

အသိဉာဏ်ပစ္စည်း
ရှုပွင့်သီးအောင်

■ သက်ဝေမှူး

ယခင်လမှအဆက် –

[illegible]

ဖြင့် ကန့်သတ်ချည်းတားထားသောကြောင့် အခြား
သူတို့နိုင်ငံမှတပါး၍ မူပိုင်ခွင့်ချိုးဖောက်သော်လည်း
မူလပိုင်ရှင်၏ အခွင့်အရေးဆုံးရှုံးသဖြင့် ဆန်းသစ်
ဖန်တီးတီထွင်မှုများ ဆင့်ကဲမပြတ်ဆက်လက်
ပေါ်ထွန်းစေသည်။

မူပိုင်ခွင့်ချိုးဖောက်မှုများ အဘယ်ကြောင့်
ပေါ်ပေါက်လာရသနည်း။ အချို့သူတို့သည် မူပိုင်
ခွင့်အပေါ် အမှန်တကယ်သိရှိနားလည်ခြင်းမရှိ၍
ရိုးသားစွာကျူးလွန်ချိုးဖောက်တတ်ကြသည်။
အချို့သူတို့သည် မူပိုင်ခွင့်အပေါ်သိရှိနားလည်
သော်လည်း ငွေကြေးအကျိုးစီးပွားကိုလို၍
မရိုးသားစွာကျူးလွန်ချိုးဖောက်တတ်ကြသည်။
မည်သို့ပင် ကျူးလွန်ချိုးဖောက်စေကာမူ အပြစ်မှ
လွတ်ကင်းနိုင်လိမ့်မည်မဟုတ်ပေ။ မူပိုင်ခွင့်ကျူး
လွန်ချိုးဖောက်မှုအများစုသည် လုပ်ငန်းတူအတွင်း
အများဆုံးဖြစ်ပေါ်လေ့ရှိသည်။ တစ်ဦးနှင့်တစ်ဦး
အပြိုင်အဆိုင်စီးပွားရှာပြိုင်ရာမှ အသာစီးရလို
သောဆန္ဒဖြင့် မူပိုင်ခွင့်ကိုကျူးလွန်ချိုးဖောက်
တတ်သည်။ မူပိုင်ခွင့်ကျူးလွန်ချိုးဖောက်ခြင်း
ကြောင့် လျော်ကြေးငွေပေးဆောင်ရခြင်း၊ ဝန်ချ
တောင်းပန်ခြင်းတို့ကို နေ့စဉ်ထုတ်သတင်းစာများ
တွင် ကြော်ငြာအဖြစ်တွေ့မြင်နိုင်သည်။

မူပိုင်ခွင့်ကျူးလွန်ချိုးဖောက်ခြင်းသည်
ဘာသာရေးအမြင်အရ တင်စားပါမူ ခိုးမှုကဲ့သို့
ကျူးလွန်သူအပြစ်ရှိသည်၊ လှုံ့ဆော်သူအပြစ်ရှိသည်
ဟုဆိုရသည်။ မူပိုင်ခွင့်ကျူးလွန်ချိုးဖောက်မှုပေး
သူကို ဗီဇအကျင့်စာရိတ္တ ကောင်းမွန်ခြင်းမရှိသော
ရိုးသားမှုမရှိသူဟု တံဆိပ်ခတ်၍ ရှုမြင်ကြလေ့ရှိ
သည်။ မူပိုင်ခွင့်ကျူးလွန်ချိုးဖောက်သူသည် မျှော်မှန်း
မျှော်လင့်သောအကျိုးအမြတ်ထက် သာလွန်သော
အရှုံးများစွာဖြင့် ပေးဆပ်ရသည်ကများသည်။
ရေရှည်မျှော်ကိုးစဉ်းစားဆောင်ရွက်ခြင်းမရှိဘဲ ရေတို
တစ်ဘဝကောင်းစားရေးကို ဦးစားပေးသူတို့သာ
လောဘတရားကြီးစိုးမှုဖြင့် မူပိုင်ခွင့်ကို ကျူးလွန်
ဖောက်ဖျက်တတ်ကြသည်။ လောဘတရားနည်း
ပါး၍ ဘာသာရေးတရားလွှမ်းမိုးမှုအောက်၌ နေ
ထိုင်သူများသည် သူတစ်ပါးပစ္စည်းခိုးယူခြင်း၊ တုပ
ပြုလုပ်ခြင်းတို့ဖြင့် အကျိုးစီးပွားကိုတက်ဆောင်
ဆောင်ရွက်လိမ့်မည်မဟုတ်ပေ။

မူပိုင်ခွင့်ကျူးလွန်ချိုးဖောက်သူအပေါ်
မူပိုင်ခွင့်ရရှိသူသည် ပြစ်မှုကြောင်းအရလည်း
ကောင်း၊ တရားမကြောင်းအရလည်းကောင်း
တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ထိုသို့ တရားစွဲအပြစ်
ပေးနိုင်ခြင်းကြောင့် မူပိုင်ခွင့်ကျူးလွန်ချိုးဖောက်
သူများအပေါ် ထိရောက်စွာဟန့်တားနိုင်သကဲ့သို့
မူလဖန်တီးတီထွင်သော မူပိုင်ရှင်အတွက် ကိုယ်
ပိုင်အကျိုးခံစားခွင့် ဆုံးရှုံးနစ်နာခြင်းမရှိတော့ပေ။
မူပိုင်ရှင်အတွက် ပြည့်ဝသောအခွင့်အရေးရရှိ
သဖြင့် ဖန်တီးတီထွင်မှုများ ခန်းခြောက်ခြင်းကင်း

၍ စီမံလေ့ရှိသော အသိဉာဏ်ပစ္စည်း ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို ဖြစ်ထွန်းပေါ်ပေါက်စေသည်။

အသိဉာဏ်ပစ္စည်းဖွံ့ဖြိုးတိုးတက်မှုဆုတ်ယုတ်ခြင်းသည် လူ့ဘောင်အဖွဲ့အစည်းသာယာဝပြောရေးအတွက် ထိခိုက်စေနိုင်သကဲ့သို့ နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည်။ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးသောနိုင်ငံအများစုသည် ဖန်တီးတီထွင်မှုရှင်သန်ခြင်းနှင့် အသိဉာဏ်ပစ္စည်းဖွံ့ဖြိုးထွန်းကားခြင်းအပေါ် အဓိကတည်မှီနေကြောင်း လေ့လာသိရှိနိုင်သည်။ ဖန်တီးတီထွင်မှုပိုမြှင့်ခြင်းနှင့် အသိဉာဏ်ပစ္စည်းလေးစားသောနိုင်ငံတို့သည် အခြားနိုင်ငံများနှင့် တန်းတူရည်တူ ရင်ပေါင်တန်းနိုင်ခြင်းမရှိဘဲ နောက်ကောက်ကျသော အဆင်းရဲဆုံးနိုင်ငံများအဖြစ် ဆက်လက်လျှောက်လှမ်းရသည်။

ကမ္ဘာကြီးကို လူသားများဦးဆောင်၍ လူသားများကို အသိဉာဏ်ကဦးဆောင်သည်။ လူသားတို့ကိုဦးဆောင်သော အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှု မရှိပါက အသိဉာဏ်ပစ္စည်းများတိုးတက်မှုနည်းပါးပြီး ကမ္ဘာကြီးကို မည်သို့မျှဦးဆောင်နိုင်မည်မဟုတ်ပေ။ အပြန်အလှန်ဆက်နွယ်မှုသဘောတရားအရ လူသားတို့၏ အသိဉာဏ်ဖွံ့ဖြိုးမှုသည် ရေသောက်မြစ်ဖြစ်မှသာ အသီးအပွင့်ဝေဆာသော ကမ္ဘာကြီးဖြစ်လာနိုင်ပေသည်။

လုပ်ငန်းဆိုင်ရာအချက်အလက်များကိုလည်း လုပ်ငန်းရှင်များဆုံးရှုံးနစ်နာမှုမရှိစေရန် မူပိုင်ခွင့်ပေးထားသည်။ လုပ်ငန်းရှင်သီးသန့်ပိုင်ဆိုင်သောနည်းပညာ၊ အတတ်ပညာ၊ ထုတ်လုပ်မှုနည်းစဉ်၊ စီမံခန့်ခွဲမှုနည်းနာ၊ ဈေးနှုန်းစာရင်း၊ ထုတ်လုပ်မှုစရိတ်စာရင်း၊ ဖောက်သည်စာရင်း၊ လုပ်ငန်းအဖွဲ့အမြတ်၊ အစုရှယ်ယာအခြေအနေ၊ လုပ်ငန်းဆိုင်ရာသုံးသပ်ချက်၊ ဆုံးဖြတ်ချက်စသည်တို့သည် လုပ်ငန်းပိုင်းဆိုင်ရာလျှို့ဝှက်ချက်များဖြစ်သည်။ ထိုအချက်အလက်များကို တစ်စုံတစ်ဦးမှ ဖောက်ဖျက်ကျူးလွန်ပါက လုပ်ငန်းရှင်၏ အကျိုးစီးပွားနစ်နာဆုံးရှုံးစေသည်ဟု ဆင်ခြင်သုံးသပ်ပြီး မူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးထားခြင်းသည် တရားမျှတသည်ဟု ဆိုရပေမည်။

အသိဉာဏ်ပစ္စည်းနှင့်ပတ်သက်သော မူပိုင်ခွင့်အား အမျိုးအစား၊ အကြောင်းအရာ၊ ပုံပန်းသဏ္ဌာန်ကွဲပြားမှုအရ နှစ်ကာလအပိုင်းအခြားဖြင့် မူပိုင်ခွင့်အား ခံစားခွင့်ပြုထားသည်။ မူပိုင်ခွင့်သတ်မှတ်ထားသည့်ကာလအတွင်း အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မိတ္တူကူးခြင်း၊ ခိုးယူအသုံးပြုခြင်းတို့ဆောင်ရွက်ခွင့်မရှိပေ။ အကယ်၍ မူပိုင်ခွင့်ပေးအပ်ထားသည့် ကာလစည်းကမ်းသတ်မှတ်ချက်အတွင်း ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မိတ္တူကူးခြင်း၊ ခိုးယူအသုံးပြုခြင်းတို့ ကျူးလွန်ဖောက်ဖျက်ပါက မူပိုင်ခွင့်ချိုးဖောက်သည်ဟုသတ်မှတ်ပြီး မူလပိုင်ရှင်အကျိုးစီးပွားနှင့် မဆုံးရှုံးစေရန် နှစ်ဦးသဘောတူညီစည်းကမ်းသတ်မှတ်ချက်နှင့်ဖြစ်စေ၊ တရားရုံး၏ အဆုံးအဖြတ်ခံယူ၍ဖြစ်စေ မူပိုင်ခွင့်ချိုးဖောက်သူက ပြန်လည်ပေးလျော်ရန်တာဝန်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ၏အမျိုးသားယဉ်ကျေးမှု၊ လူမျိုး၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ၊ ယုံကြည်ချက်များ၊ သဘာဝထွက်ကုန်များ၊ ကုန်ထုတ်ပစ္စည်းများ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများစသော အသိဉာဏ်ပစ္စည်းနှင့် ဆက်စပ်သောရပိုင်ခွင့်များ၊ သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် အကာအကွယ်ပေးခြင်းတို့ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာဥပဒေသစ်ပြဋ္ဌာန်း၍ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိဉာဏ်ပစ္စည်းမူပိုင်

နှင့်စနစ် တိုးတက်အောင်မြင်အောင် အဆင့်ဆင့်ပြုစု ရေးဆွဲအတည်ပြုပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံနှင့် အရှေ့အာရှစီးပွားရေးဒေသ သနတို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တီထွင်ဆန်းသစ်မှုများတိုးတက် မြင့်မားရေး၊ အသေးစားနှင့် အလတ်စားစက်မှုလုပ် ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိဉာဏ် မူပိုင်ခွင့်ဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ သည်။ ခေတ်မီသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများမရှိခြင်းသည် ကုန်စည်အပြိုင်တင်သွင်း ခြင်း၊ တီထွင်မှုပိုင်ဆိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူ ပိုင်ခွင့်နှင့် နိုင်ငံခြားရေးရာကျက်မှု ဝယ်ယူခြင်း၊ မူလပိုင်ရှင်၏မူပိုင်ခွင့်တို့အတွက် အငြင်းပွားဖွယ် ပြဿနာများဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ (WTO) နှင့်ပူးပေါင်း၍ ကုန်သွယ်မှုနှင့်သက်ဆိုင်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် (TRIPS) နှင့်အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေကိုရေးဆွဲပြဋ္ဌာန်းသည်။ ထို့ပြင် အနုပညာ မူပိုင်ခွင့်နှင့် စက်ပစ္စည်းများ အကာအကွယ်ပေး သည့် တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းနှင့် ကုန် အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် တံခါးဖွင့်စီးပွားရေးစနစ် ကို ကျင့်သုံးလာသည်နှင့်အမျှ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများတိုးတက်မြင့်မားလာပြီး ဈေး ကွက်ထိုးဖောက်နိုင်ရေးအတွက် အပြိုင်အဆိုင် ယှဉ်ပြိုင်ကြခြင်းအပေါ် ယှဉ်ပြိုင်ခြင်းဥပဒေရေး ဆွဲလျက် စားသုံးသူများ မှန်ကန်စွာရွေးချယ် ဆုံးဖြတ်နိုင်သည့်အပြင် အသိဉာဏ်ပစ္စည်းမူပိုင် ခွင့်ချိုးဖောက်ခြင်းပြဿနာများကိုလည်း ဖြေရှင်း ပေးလျက်ရှိသည်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများကို ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အဖွဲ့အစည်းမှ ပညာရှင်များအကြံပြုချက်နှင့် ပြည် တွင်းပညာရှင်များ ပူးပေါင်းရေးဆွဲထားသဖြင့် မူပိုင်ခွင့်နှင့်ပတ်သက်၍ ပေါ်ပေါက်လာသော ပြဿနာများကို လျော့နည်းစေသည်။ အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်သည် တစ်ကမ္ဘာလုံးအလိုအလျောက် မူပိုင်ခွင့်ရရှိသောအခွင့်အရေးမဟုတ်သော်လည်း နယ်မြေဒေသတစ်ခုအတွင်း မူလပိုင်ရှင်၏အခွင့် အရေးကို အပြည့်အဝအကာအကွယ်ပေးထား သည်။

လူသားတို့၏ အသိဉာဏ်ဖြင့် ဖန်တီး တီထွင်သောအသိဉာဏ်ပစ္စည်းများသည် လူ့ဘောင် အတွင်း မဖြေရှင်းနိုင်သောပြဿနာမျိုးစုံကို ဖြေ လည်အောင် ဖြေရှင်းပေးသည်။ အသိဉာဏ်ပစ္စည်း၏ အကျိုးကျေးဇူးကြောင့် လူသားတို့သည် အေး ငြိမ်းသော လူနေမှုဘဝကို တည်ဆောက်နိုင်သည်။ နိုင်ငံ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးသာမ က ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် များစွာအထောက်အပံ့ပေးသည်။ အသိဉာဏ် ပစ္စည်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကြောင့် ခေတ်မီတိုးတက်သော လူနေမှုဘဝကိုရရှိစေရ သည်။ အသိဉာဏ်ပစ္စည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုအပေါ် ဟန့်တားကာကွယ်နိုင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်သည် လူ့ဘောင်အဖွဲ့ အစည်းအတွက်မရှိမဖြစ်အရေးပါသောအခန်း ကဏ္ဍမှ ပါဝင်သည်။ သို့ပါ၍ နိုင်ငံဖွံ့ဖြိုးတိုးတက် ၍ အေးချမ်းသာယာသော လူနေမှုစနစ်ပေါ်ထွန်း စေရန်နှင့် အသိဉာဏ်ပစ္စည်းဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရပ်တန့်ခြင်းမရှိစေရန် မူပိုင်ခွင့်နှင့် အသိဉာဏ်ပစ္စည်း ကာကွယ်စောင့်ရှောက်ရန် အထူးလိုအပ်ပေသည်။ ။

■ သက်ဝေသူ

ဆေးဝါးသုံးစွဲရန်မလိုသော

သွေးတိုးနှုန်းကျဆင်းစေသည့် နည်းလမ်းများ

သွေးတိုးနှုန်းကို ၄ မှ ၈ မီလီမီတာမာကျူရီ ကျဆင်းစေနိုင်သည်။ သို့သော် ပုံမှန်တစ်ခုကိုမဆက်မပြတ်လုပ်ဆောင်ရမည်ဖြစ်ပြီး ရပ်တန့်လိုက်ပါက သွေးတိုးနှုန်းပြန်လည်မြင့်တက်လာနိုင်သည်။ သင့်တွင်သွေးတိုးရောဂါရှိနေပါက ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် အန္တရာယ်ကင်းသည့်အဆင့်သို့ သွေးတိုးနှုန်းလျော့ချပေးနိုင်သည်။ လမ်းလျှောက်ခြင်း၊ ဆော့ဂျင်းပြေးခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ သို့မဟုတ် ကခုန်ခြင်းတို့သည်လည်း သွေးတိုးနှုန်းလျော့ကျစေနိုင်သည်။

အစားအသောက်ထဲတွင် ဆိုဒီယမ်ဓာတ်လျော့ချပါ

သင်သွေးတိုးနှုန်းမြင့်တက်နေပါက အစားအသောက်ထဲတွင် ဆိုဒီယမ်ဓာတ်အနည်းငယ်လျော့ချနိုင်လျှင်ပင် သင့်ကျန်းမာရေးကိုတိုးတက်စေနိုင်ပြီး သွေးတိုးမှုကို ၅ မီလီမီတာမာကျူရီမှ ၆ မီလီမီတာမာကျူရီအထိလျော့ကျစေနိုင်သည်။ ဆိုဒီယမ်ဓာတ် ၁၅၀၀ မီလီဂရမ်၊ သို့မဟုတ် ထို့ထက်လျော့နည်းသုံးစွဲပါက အရွယ်ရောက်သူလူကြီးအများစုအတွက် သင့်တော်ပေလိမ့်မည်။ ဆိုဒီယမ်ဓာတ်လျော့နည်းစေရန် အစားအသောက်အညွှန်းများကို သေချာစွာဖတ်ရှုခြင်း၊ အသင့်ပြုလုပ်ပြီး အစားအစာများလျော့ချစားသုံးခြင်း၊ ဆားလျော့စားခြင်းတို့ဖြင့် လုပ်ဆောင်နိုင်သည်။

ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များကိုစားသုံးပါ

ဂျုံ၊ ပြောင်း၊ ဆန်၊ အသီးများ၊ ဟင်းသီးဟင်းရွက်များနှင့် အဆီဓာတ်နည်းပါးသော နို့ထွက်ပစ္စည်းများကိုစားသုံးခြင်း၊ ပြည့်ဝဆီနှင့်ကိုလက်စထရောနည်းပါးသောအစားအစာများကို စားသုံးခြင်းသည် သွေးတိုးနှုန်းကို ၁၁ မီလီမီတာမာကျူရီအထိ ကျဆင်းစေနိုင်သည်။ ၎င်းစားသောက်မှုအစီအစဉ်ကို သွေးတိုးရောဂါပျောက်ကင်းရန် အစားအသောက်ဖြင့်ချဉ်းကပ်မှု(DASH) ဟုခေါ်သည်။ တစ်ပတ်အတွင်းစားသောက်မည့်အစားအစာများကို ဒိုင်ယာရီမှတ်တမ်းရေးသားခြင်း၊ ပိုတက်ဆီယမ်ဓာတ်မြင့်တက်စေရန် စဉ်းစားဆောင်ရွက်ခြင်း၊ ဈေးဝယ်ရာတွင် ကျန်းမာရေးနှင့်ကိုက်ညီသောအစားအသောက်များကို ဝယ်ယူခြင်းတို့ဖြင့် စားသောက်မှုပုံစံကို ပြောင်းလဲနိုင်သည်။

အရက်သောက်သုံးမှုကိုကန့်သတ်ပါ

အရက်သောက်သုံးမှုသည် ကျန်းမာရေးအတွက် အကောင်းအဆိုး ၂ မျိုးလုံးဖြစ်စေပါသည်။

သည်။ ထိုအခါ ၁၂ နာရီ၊ ၆ ၅ နာရီ၏ အကျော် ၁၁ နာရီ ၅ ခွက်မြောက်သောက်သုံးပါက သွေးတိုးနှုန်း ၄ မီလီမီတာမာကျူရီအထိတက်လာနိုင်သည်ဟု ဆိုထားသည်။ ဆေးကော်ဖီခွက် ကော်ဖီ ပိုမိုသောက်သုံးပါက သွေးတိုးနှုန်း ၇ မီလီမီတာမာကျူရီအထိတက်နိုင်ပြီး သွေးတိုးကျသူများ များ၏ ထိခိုက်မှုကို ကျရောက်စေနိုင်သည်။

ဆေးလိပ်ဖြတ်ပါ

ဆေးလိပ်သောက်သုံးခြင်းသည် သွေးတိုးနှုန်းကိုမြင့်တက်စေနိုင်ပြီး ဆေးလိပ်သုံးပြီးချိန်

မိနစ်များစွာ ဆက်လက်မြင့်တက်နေနိုင်သည်။ ဆေးလိပ်ဖြတ်လိုက်ပါက သွေးတိုးနှုန်းပုံမှန်ဖြစ်စေနိုင်သည်။ ထို့ပြင် နှလုံးရောဂါနှင့် အခြားကျန်းမာရေးတိုးတက်မှုဖြစ်စေနိုင်သည်။ ဆေးလိပ်သောက်သုံးမှု ရှုပ်လျှော့ခဲ့သူများသည် ဆက်လက်သောက်သုံးနေသူများထက် အသက်များစွာ ပိုရှည်နိုင်သည်။

ကော်ဖီသောက်လျှော့ချပါ

ကော်ဖီနှင့်ကော်ဖီက သွေးတိုးခြင်းအပေါ် သက်ရောက်မှုကို အငြင်းပွားနေကြဆဲဖြစ်သည်။ ကော်ဖီသည် ရှားရှားပါးပါးသောက်သုံးသူများ၌ ၁၀ မီလီမီတာမာကျူရီအထိမြင့်တက်စေသည်ဟုဆိုသည်။ သို့သော် ပုံမှန်ကော်ဖီသောက်သုံးသူများ

အပေါ်တွင် သွေးတိုးအားအနည်းငယ်သာ သို့မဟုတ် လုံးဝသက်ရောက်မှုမရှိနိုင်ပေ။ ထို့ကြောင့် ကော်ဖီ၏ ကာဖိန်းသည် သွေးတိုးအားအပေါ် သက်ရောက်မှုရှိပါက သွေးတိုးအားအနည်းငယ်တက်လာနိုင်ကြောင်းသိရှိရသည်။

စိတ်ဖိစီးမှုလျှော့ချပါ

နာတာရှည်စိတ်ဖိစီးမှုသည် သွေးတိုးအားမြင့်တက်မှုဖြစ်စေနိုင်ပါသည်။ အခြေအနေအလိုက် စိတ်ဖိစီးမှုမှာ သင့်အနေဖြင့် ကျန်းမာရေးနှင့် မညီညွတ်သောအစားအစာ အရက်သောက်သုံးခြင်း၊ သို့မဟုတ် ဆေးလိပ်သောက်ခြင်းဖြင့် တုံ့ပြန်ပါက သွေးတိုးအားတက်လာသည်ဖြစ်သည်။ သင်၏ အလုပ်၊ မိသားစု၊ ငွေကြေး၊ သို့မဟုတ် နာမကျန်းမှုတို့တွင် မည်သည့်အရာက စိတ်ဖိစီးမှုဖြစ်စေသည်ကို အချိန်အနည်းငယ်ယူစဉ်းစားပါ။ သင်

အပန်းဖြေကို စနစ်တကျလုပ်နိုင်သည့်နည်းလမ်းများလည်း လေ့လာပြီးနည်းလမ်းများကို ကျင့်သုံးသင့် သည်။ သင်၏စိတ်ဖိစီးမှုများကိုဖြေလျော့ပေးပါ။ သင်ထိန်းချုပ်နိုင်မည့်ပြဿနာများကို အာရုံစိုက် ဖြေရှင်းရန်အစီအစဉ်များရေးဆွဲပါ။ စိတ်ဖိစီးစေ နိုင်သည့်အခြေအနေများကို ရှောင်ရှားပါ။ အနားယူခြင်းနှင့် ပျော်ရွှင်စေသည့်လှုပ်ရှား မှုများဆောင်ရွက်ပါ။ ကျေးဇူးတင်တတ်စေရန် လေ့ကျင့်ပါ။

သွေးပေါင်ကို နေအိမ်တွင်စောင့်ကြည့်တိုင်းတာ၍ ဆရာဝန်နှင့်ပုံမှန်ပြပါ

နေအိမ်တွင် သွေးတိုးနှုန်းစောင့်ကြည့် တိုင်းတာခြင်း၊ ဘဝနေထိုင်မှုပုံစံပြောင်းလဲခြင်း၊ ဆရာဝန်နှင့် ပုံမှန်တွေ့ဆုံခြင်းများလုပ်ဆောင် သင့်ပါသည်။ သွေးပေါင်အားတိုင်းကိရိယာများ အလွယ်တကူရရှိနိုင်ပြီး ဆရာဝန်ကိုလည်း အိမ် တွင် သွေးတိုးစောင့်ကြည့်ခြင်းလုပ်ငန်းများလုပ် ဆောင်နေမှုကိုအစီရင်ခံပြောပြနေပါ။ ဆရာဝန် ထံပုံမှန်သွားရောက်ခြင်းများလည်း သင်၏သွေး ပေါင်ကိုထိန်းချုပ်ရာတွင် အဓိကကျသောအချက် ဖြစ်သည်။

အကယ်၍ သင်သည် ဆေးသောက်သုံးမှု အပြောင်းအလဲ သို့မဟုတ် အခြားအပြောင်းအလဲ

ရှိပါက ဆရာဝန်က သင့်ကို ကုသမှုပြောင်းလဲပြီး ၂ ပတ်အကြာတွင် နောက်တစ်ကြိမ် ပြန်လည် စစ်ဆေးပြီး တစ်ပတ်အလိုတွင် သွေးပေါင်အားစောင့် ကြည့်တိုင်းတာရန်အကြံပေးနိုင်သည်။

ကူညီအားပေးမှုရှာပါ

အားပေးကူညီသောမိသားစုနှင့် သူငယ် ချင်းများက သင်၏ကျန်းမာရေးကို တိုးတက်စေ ရန် ကူညီပေးပါလိမ့်မည်။ ၎င်းတို့က သင့်ကိုယ် သင်ဂရုစိုက်ရန်၊ ဆရာဝန်ထံသွားရန်နှင့်လေ့ကျင့် ခန်းအစီအစဉ်ကိုရှုပြုလုပ်ဆောင်ရန် အကြံပေး လိမ့်မည်ဖြစ်ပြီး သွေးပေါင်ကျဆင်းစေရန် ကူညီ ထိန်းသိမ်းပေးပါလိမ့်မည်။ သင့်အား စိတ်ဖိစီး ဆိုင်ရာအားပေးမှုပေးနိုင်ပြီး သင့်အခြေအနေ အပေါ် သက်ရောက်မှုရှိနိုင်သည့် ကူညီ များကို ကူညီပေးနိုင်ပါလိမ့်မည်။ ။

■ ကျော်မင်းသွင်

Ref: 10 ways to control high blood pressure without medication

အမေရိကန်ရဲ့ နာမည်ကျော် စပိုင်ပြတိုက်ကြီး

International Spy Museum (Washington, D.C)

တစ်နေ့လုံး အနှိပ်အစက်ခံနေရတဲ့ သူလျှိုအကျဉ်းသားက ခံနိုင်ရည်ရှိနေကာလကြောင့် စပိုင်တွေရဲ့ အရေးပါမှုကို ခန့်မှန်းနိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမှာ တည်ရှိတဲ့ စပိုင်ပြတိုက်မှာတော့ နိုင်ငံတကာ အထူးအထောက်စပိုင်တွေအသုံးပြုခဲ့တဲ့ ပစ္စည်းတွေကို ပြသထားပါတယ်။ ပြတိုက်ရဲ့ ရည်မှန်းချက်ကတော့ ကမ္ဘာ့အနှံ့ လုပ်ဆောင်ခဲ့ကြတဲ့ စပိုင်တွေရဲ့ အကြောင်းကို သိရှိအောင်လုပ်ဆောင်ဖို့ ဖြစ်ပါတယ်။

ဝါရှင်တန်ဒီစီမှာရှိတဲ့ စပိုင်ပြတိုက်ကြီးကို တည်ထောင်ခဲ့သူကတော့ နာမည်ကျော်ပြတိုက် တည်ထောင်သူ **Milton Maltz** ဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၄၀ အထိအကုန်ကျခံကာ ၎င်းစပိုင်ပြတိုက်ကို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ယင်းပြတိုက်ဟာ ၁၉၉၆ ခုနှစ်က ဒီဇိုင်းရေးဆွဲတည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်မှာတော့ တရားဝင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်ကတည်းက **Milton Maltz** တည်ထောင်ခဲ့တဲ့ **Malrite Company** က စပိုင်ပြတိုက်ကုန်ကျစရိတ်ရဲ့ တစ်ဝက်ကို ကျခံပေးခဲ့ပြီး ကျန်တစ်ဝက်ကိုတော့ **District of Columbia** ကနေ ကျခံခဲ့တယ်လို့ သိရပါတယ်။

စပိုင်ပြတိုက်ဟာ မူလက ဝါရှင်တန်ဒီစီမြို့ရှိ **Penn Quarter** မှာ ၂၀၀၂ ခုနှစ်တွင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလကနေစပြီး **L'-Enfant Plaza** ကိုပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ယင်းနှစ် မေလမှာပဲ တရားဝင်ဖွင့်လှစ်ပြသခဲ့တာဖြစ်ပါတယ်။ အသစ်တည်ဆောက်ပြီးစီးခဲ့တဲ့ စပိုင်ပြတိုက်အသစ်ကြီးဟာ စတုရန်းပေ ၃၂၀၀၀ အကျယ်ရှိပြီး အမေရိကန်ဒေါ်လာ ၁၆၂ သန်း အထိ ကုန်ကျစရိတ်ရှိခဲ့ပါတယ်။

ပြတိုက်အတွင်း စတုရန်းပေ ၂၀၀၀၀ အကျယ်မှာတော့ စပိုင်အသုံးအဆောင်ပစ္စည်း အမျိုးပေါင်း ၇၅၀ ကျော်ကို ခင်းကျင်းပြသထားပြီး သမိုင်းအစတ်ပိုင်း စီဒီယိုမှတ်တမ်းတွေအထိကို နှံ့နှံ့စပ်စပ်ပြသထားပါတယ်။ ယင်းထဲကပစ္စည်းအချို့ဆိုရင် ရှေးအင်ပါယာ၊ ဂရိအင်ပါယာ၊ ဗြိတိသျှအင်ပါယာ၊ အလယ်ခေတ်ကာလနဲ့ အမေရိကန်တော်လှန်ရေးကာလ၊ ပထမကမ္ဘာစစ်နဲ့

ဒုတိယကမ္ဘာစစ်ကာလ၊ စစ်အေးတိုက်ပွဲကာလ တွေအတွင်းကနေ မျက်မှောက်ခေတ်ကာလတွေ အထိ စပိုင်တွေအသုံးပြုခဲ့တဲ့ ထောက်လှမ်းရေး ပစ္စည်းအသုံးအဆောင်တွေအထိ ပြသထားပါ တယ်။

ပြတိုက်ရဲ့ အချို့နေရာတွေမှာဆိုရင် **Covers and Legends, School for Spies, Spies Among Us, The Secret History of History** နဲ့ **The 21 st Century** ဆိုတဲ့ သီးခြား ခေါင်းစဉ်တွေအောက်က အထူးအေးဂျင့်စပိုင် တွေရဲ့အကြောင်းအရာများကွဲတွေကို လေ့လာခွင့် လည်းရှိပါတယ်။ ပြတိုက်ရဲ့အချို့အပိုင်းတွေမှာ ဆိုရင်လည်း အမေရိကန်စပိုင်တွေရဲ့ နောက်ကွယ်ကလုပ်ငန်းတာဝန်တွေကို ရုပ်သံ၊ ဓာတ်ပုံမှတ်တမ်းတွေနဲ့ မှတ်တမ်းတင်ထားတာ ကို တွေ့ရမှာဖြစ်ပါတယ်။

ဒီပြတိုက်အတွင်းမှာဆိုရင် သူလျှိုလုပ်ငန်း အကြောင်းအသေးစိတ်ကအစ ဖော်ပြထားတဲ့ အတွက် လာရောက်လေ့လာသူတွေအနေနဲ့ စပိုင်တွေ ရဲ့အကြောင်းကို နားလည်လွယ်စေဖို့ ကွန်ပျူတာ ဆိုင်ရာအထောက်အကူပစ္စည်းတွေနဲ့ စီစဉ်ပေး ထားတာကို တွေ့ရမှာဖြစ်ပါတယ်။

စပိုင်တစ်ယောက်ရဲ့ နေ့ရက်အလိုက်၊ အချိန်နဲ့နေရာအလိုက် ကွဲပြားခြားနားတဲ့လုပ်ငန်း ဆောင်တာတွေကို ကွန်ပျူတာစနစ်အတွင်းသို့ ထည့်သွင်းထားရှိမှာဖြစ်ပြီး လေ့လာသူတွေအနေနဲ့ စပိုင်တွေရဲ့ လျှို့ဝှက်လက်နက်အသုံးပြုပုံအထိ သိရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် GPS လို တည်နေရာအထောက်အကူပစ္စည်းတွေလျှို့ဝှက် လက်နက်တွေရဲ့ Password နံပါတ်ရှာဖွေတည့် သွင်းခြင်းတွေကိုပါ ကွန်ပျူတာမျက်နှာပြင်ပေါ် မှာပဲ အလွယ်တကူလေ့လာနိုင်မှာဖြစ်ပါတယ်။ ဒါတင်မကသေးဘဲ ပြတိုက်တာဝန်ရှိသူတွေဘက် က လာရောက်လေ့လာသူတွေနဲ့ ကျောင်းသား ကျောင်းသူတွေအတွက် စပိုင်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပညာရပ်ဆိုင်ရာဟောပြော ပွဲတွေ၊ လေ့လာရေးဆိုင်ရာခရီးစဉ်တွေနဲ့ ရုပ်ရှင်တွေအပြင် များစွာသော **Special Events** တွေကို ပြုလုပ်ပေးထားတာကိုလည်း တွေ့ရမှာဖြစ် ပါတယ်။ အနှစ်ချုပ်ပြောရမယ်ဆိုရင် အမေရိကန် ပြည်ထောင်စုရဲ့ စပိုင်ပြတိုက်ကြီးဟာ ကမ္ဘာ့ရှေးပါး ပြတိုက်တစ်ခုအဖြစ်ရှိနေရုံသာမက တစ်ဖက်က လည်း စာသင်သားကလေးငယ်တွေအတွက် စာပေ လေ့လာရေးဆိုင်ရာ စာကြည့်တိုက်တစ်ခုအဖြစ် လည်း ရှိနေတာဖြစ်ပါတယ်။ စပိုင်ပြတိုက်ကြီး ကို နှစ်စဉ်လာရောက်လည်ပတ်သူဦးရေဟာ ၆၀၀၀၀၀ လောက်အထိရှိနေပြီး စပိုင်ပြတိုက်ရဲ့ ဒါရိုက်တာအဖြစ် **Christopher P. Costa** က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြ လိုက်ရပါတယ်။ ။

■ ကောင်းစံဟန်

Ref: thutazone and wikipedia.com

ဇီဝစစ်ပွဲဆင်နွှဲခံရခြင်း

[illegible]

[illegible] (Bio warfare) [illegible]

[illegible] Joe Park [illegible] COVID-19 [illegible] Type A [illegible]



ရှိကြောင်း၊ ကာလကြာမြင့်စွာအချိန်မှာ ပွားနေတွင် ဖြစ်ပွားသည့် နိုင်ငံရပ်ခြားနှင့်ဆက်သွယ်မှုရှိနေပြီး ကျွန်ုပ်တို့သတင်းထောက်များ၏ Sub-cluster တစ်ခုက အမေရိကန်နှင့် ပြင်သစ်ကြားတွင်ပျံ့နှံ့ဖြစ်ပွားသော နိုင်ငံရပ်ခြားနှင့်ဆက်နွယ်မှုရှိကြောင်း၊ Type B မှာ Type A မှဆင်းသက်လာပြီး ပွားနေတွင်ဖြစ်ပွားသော နိုင်ငံရပ်ခြားမျိုးဖြစ်ပြီး Type C မှာ Type B မှတစ်ဆင့်မျိုးဗီဇပြောင်းလဲလာသော ပင်မတွင်မှတစ်ဆင့် ဥရောပသို့ပျံ့နှံ့နေသည့် နိုင်ငံခြားမျိုးဖြစ်သည်ဟု ပျံ့နှံ့သည့်လမ်းကြောင်းပေါ်မူတည်၍ ထုတ်ဖော်ပြောဆိုထားသည်ကို တင်ပြလိုက်ရပါ၏။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ဝူဟန်မြို့၌ နိုင်ငံရပ်ခြားကူးစက်မှုစတင်နေကြောင်း ကမ္ဘာက စတင်သိရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် တရုတ်၌စတင်ထိန်းချုပ်နိုင်ကြောင်း သတင်းထွက်လာ၏။ မတ်လတွင် အနောက်နိုင်ငံအချို့၌ နိုင်ငံရပ်ခြားသူတစ်ဦး၊ နှစ်ဦး စတင်တွေ့လာသည်။ အမေရိကန်အပါအဝင် အနောက်ဥရောပနိုင်ငံများက ယခုလောက်ကူးစက်မှုဖြစ်ပြီး ပြင်းထန်မည်ဟုမမျှော်လင့်ခဲ့။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကလည်း Pandemic ကမ္ဘာ့ကပ်အဆင့်မဟုတ်ပါဟုဆိုခဲ့ရာ အားလုံးက ပေါ့ပေါ့တွက်ခဲ့ကြရာမှ ကူးစက်မှုအလွန်မြန်ဆန်သော COVID-19 က အနောက်ကမ္ဘာတစ်ခုလုံးကို



လောင်းစွာ ပြင်းပြင်းထန်ထန်တိုက်ခိုက်ခွင့်ရလိုက်ပါတော့၏။ WHO မှ ကမ္ဘာ့ကပ်အဆင့်ဖြစ်သည်ဟုကြေညာချိန်တွင် အားလုံးမှာ ရင်းရင်းစ်၏ မညှာမတာတိုက်ခိုက်မှုအောက်တွင် အလူးအလဲခံနေရပါတော့သည်။

WHO သည် အမှားကြီး ၂ ခုကိုကျူးလွန်ခဲ့သည် -

(၁) ကမ္ဘာ့ကပ်အဖြစ် နောက်ကျမှ ကြေညာနိုင်ခဲ့ခြင်းနှင့်

(၂) Mask တပ်ရန်မလိုပါဟု ကြေညာခဲ့ခြင်း ထို ၂ ချက်စလုံးက အနောက်အုပ်စုတစ်ခုလုံးကို ပြင်းပြင်းထန်ထန် အထိနာစေခဲ့သော မှားယွင်းချက်ကြီးဖြစ်သည်။

ထို့ကြောင့် WHO သည် တရုတ်အစိုးရ၏ အရုပ်အဖြစ်ဆောင်ရွက်သည်ဟုဆိုကာ အမေရိကန်က ငွေကြေးထောက်ပံ့မှုကို ဖြတ်တောက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ WHO အကြီးအကဲအဖြစ် အီသီယိုပီးယားနိုင်ငံသား Tedros ကို ရွေးကောက်ရာတွင်လည်း တရုတ်နိုင်ငံက WHO အကြီးအကဲဖြစ်လာအောင် ကျောထောက်နောက်ခံ

ကြီးပမ်းခဲ့သည်ဟု သိရသည်။

မည်သို့ပင်ဖြစ်စေ COVID-19 သည် ကမ္ဘာ့နိုင်ငံအားလုံးသို့ ပျံ့နှံ့သွားခဲ့ပြီး ဗိုင်းရပ်စ်တို့၏ တိုက်ခိုက်ခြင်းကို လူသားများအားလုံးအလဲ ခံနေရလေပြီ။

ဖြစ်စဉ်တို့၏သဘောနှင့်တည်ရာ

တရုတ်ကို စီးပွားရေးတန်ခိုးရှင်တက်လာ၏။ နှစ် ၂၀ ကျော်စေ့တွင် အမေရိကန်ကို ယှဉ်ပြိုင်တန်းနိုင်ရန်နီးနီးဖြစ်လာခဲ့သည်။ ပုံမှန်အတိုင်းဆိုပါက ၂၀၂၅ ခုနှစ်တွင် တရုတ်ကကျော်တက်နိုင်ပေရေတော့မည်ဖြစ်ခဲ့သော ထရမ့်သည် Huawei ကို စတင်တိုက်ခိုက်ဆင်သည်။ ထို့နောက် အမေရိကန်–တရုတ် ကုန်သွယ်ရေးစစ် ဆင်နွှဲသည်။ ၂၀၁၈ ခုနှစ် နှစ်လယ်ကစတင်ခဲ့သော စီးပွားရေးစစ်သည် ၂၀၁၉ ခုနှစ်ကုန်ခါနီးအထိ အမေရိကန်တို့ ချွင်းလင်းသလိုဖြစ်မလာခဲ့။ နှစ်ဖက်စလုံး ဒဏ်ရာရခဲ့ကြသော်လည်း တရုတ်ဘက်က ဒဏ်ရာရနည်းပါးခဲ့ပြီး GDP Growth တွင် အမေရိကန်ထက်ပင် ပိုကောင်းသွားစေခဲ့သလိုဖြစ်သွားသည်။

အမေရိကန်သမ္မတတိုင်းသည် ဒုတိယသက်တမ်းတွင် ပေါ်ကြွမ်းကြွမ်းကိုင်တွယ်လေ့ရှိကြသည်။ ၂၀၂၀ ပြည့်နှစ်သည် ထရမ့်၏ဒုတိယသက်တမ်း ရွေးကောက်ပွဲနှစ်ဖြစ်သည်။ ကြုံခဲ့ နှင့်တိုက်ဆိုင်မှာ အမေရိကန်အပါအဝင်အနောက် EU တစ်ခုလုံး သည် COVID-19၏ တိုက်ခိုက်မှုကို အပြင်းအထန်ခံနေရသည်။ ထရမ့်သည်လည်း အလူးအလဲ၊ ကမ္ဘာပေါ်တွင် အမေရိကန်သည် ကူးစက်မှုနှုန်းအမြင့်မားဆုံးနိုင်ငံဖြစ်လာပြီး မီဒီယာများ၊ ဆန့်ကျင်ဘက်များ၏ တိုက်ခိုက်မှုမုန်တိုင်းကို နာရီနှင့်အမျှ ခံနေရသည်။

ဗိုင်းရပ်စ်ပြန့်ပွားမှု ခြေရာခံကြရာတွင် ဝူဟန်မှတစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ပြန့်ပွားသွားသည်မှာ သေချာသည်။ ဗိုင်းရပ်စ်ကိုစလှုံလာကြည့်ရာတွင်လည်း ဓာတ်ခွဲခန်းမှ ထုတ်လုပ်ခဲ့သည့် လူလုပ်ဗိုင်းရပ်စ်ဖြစ်သည်က ငြင်းမရပြန်။ မသေချာသေးသည်က တရုတ်ဘက်မှ တိုက်ခိုက်မှုစပြီးမှ ပြန်၍တိုက်ခိုက်တန်ပြန်ခြင်းလား၊ သို့မဟုတ် တရုတ်ကပင် ထရမ့်ကို ဒုတိယသက်တမ်းသမ္မတမဖြစ်စေရ၊ စီးပွားရေးရှည့်နဲ့သွားစေရေးအတွက် လက်ဦးမှုရယူတိုက်ခိုက်ခဲ့သည်လား ကောက်ချက်ချရန် အနည်းငယ်စောနေပြန်ပါသေးသည်။

စစ်ပွဲအစ၊ သို့မဟုတ် ရိုက်ချက်ပြင်းပြင်း၏ နောက်ဝယ်

ဇီဝအဆိပ်ဖြစ်တတ်သောကမ္ဘာ့စစ်သည် တိုက်ပိတ်မှာ အသစ်ရှာကြံ၍ အနောက်ကမ္ဘာကိုတိုက်ခိုက်လေပြီ။ သမားရိုးကျစစ်ပွဲများထက်ပို၍ ရေရှည်တန်ကို

လူတို့သွက်ချာနေရ၊ အေးနေ့ကိုမကိုင်နိုင်၊ ပျော်ပွဲ၊ စားမဆဲ့နိုင်၊ အိမ်တွင်းမှ အိမ်ပြင်မထွက်ရဲသော စစ်ပွဲသစ်ဖြစ်ပါ၏။

ဤစစ်ပွဲသည် လူတို့၏အသက်ကိုလိုသည် မဟုတ်။ နိုင်ငံတို့၏ စီးပွားရေးအခြေခံအဆောက်အအုံကို ရိုက်ချိုးသည့်စစ်ပွဲဖြစ်သည်။ သို့သော်လည်း၊ ကူးစက်မှုကြောင့် သေကျေနိုင်သည်ကိုတော့ပြရေ၏။ သို့မှသာ အပြင်မထွက်၊ အလုပ်မလုပ်နိုင်ဘဲ စီးပွားရေးကျဆင်းကြရမည်ဖြစ်သည်။

အမေရိကန်ဘက်ကရော၊ UKဘက်ကရော လာမည့် ၂၀၂၁ ခုနှစ်အထိရှည်ကြာသွားနိုင်သည် ဟုဆိုသည်။ ထိုနိုင်ငံကြီး ၂ ခုစလုံးက အမှောင်မိုက်ဆုံးကိုမရောက်သေးပါ။ ကြောက်စရာကောင်းပါမည်ဟုဆိုကာ [illegible] အမေရိကန်။ [illegible] နာသည့်သာသည်။ တရုတ်ကို အကောင်းကြွေးစွမ်းဖြစ်နေသည်။ လောလောဆယ် အလှူအလဲခံနေရသည်။ COVID-19 ကြောင့် ထရမ့်၏ ၂၀၂၀ ရွေးကောက်ပွဲနှင့် ဒုတိယသက်တမ်းအတွက် အတော်ဝေါ်ဝါဖြစ်နေပြီး အမေရိကန်စီးပွားရေး များစွာရှည်နှံ့သွားခဲ့သည့်အတွက် ထရမ့်အနေဖြင့် ဆောက်တည်ရာမရသည့်အထိ တရုတ်တို့အပေါ် ဒေါသထွက်နေပါ၏။

မကြာသေးမှီတွင် အမေရိကန်သည် အမှောင်မိုက်ဆုံးကာလကိုဖြတ်ကျော်ပြီးလောက်မည်ဟု ခန့်မှန်းသည်။ အမှောင်မိုက်ဆုံးကို လွန်ခဲ့သည့်နေ့တွင် တရုတ်အပေါ် မည်သို့လက်တုံ့ပြန်မည်နည်း၊ အသံထွက်စစ်ရေးဖြင့် တုံ့ပြန်မည်လော၊ သေနတ်သံမပါ အသံတိတ်စစ်ပွဲဖြင့် တုံ့ပြန်မည်လော၊ [illegible] တုံ့ပြန်မည်လော။

တရုတ်လူဦးရေသည် [illegible] ဖြစ်၏။ အသံထွက် [illegible] စစ်ပွဲဖြင့်တုံ့ပြန် [illegible] တရုတ်က အမေရိကန်ထက် [illegible] ဆိုကို [illegible] တရုတ်၏ [illegible]

လှည့်ဖျားစစ်သည် အကြောင်းအသေတ်များများကို သည်း၊ ကရုတ်ကလည်း၊ အကျပ်ဖြစ်နိုင်ချေဖြစ်နေသည်။

မြစ်နိုင်ငံကြီးများအား ကိုဗြစ်စစ်ပွဲများ လှည့်မှုစစ်သာလျှင်ဖြစ်သည်။ တရုတ်စီးပွားရေး ကျဆင်းမှုအခွင့်ကျွင်း ဆော်လှန့်ပုန်ကန်မှုဖြစ်ကော မည်။ တရုတ်ပြည်တွင်းဖြစ်နေစဉ်ကာလတွင် ကြီးလေ သောအကြောင်းအပေါ်များဖြစ်ပွားမည်။ စီးပွား ရေးကျဆင်းအောင်ဆောင်ရွက်နိုင်လျှင် လူဦးရေ သန်း ၁၄၅၀ ကို နောက်တစ်ကြိမ် စီးပွားနှံ့အတွင်း မှ တစ်ခါဆွဲထုတ်နိုင်ရန် နှစ်ပေါင်း ၂၀၊ ၃၀ ကြာ သွားနိုင်သည်။

COVID-19စစ်ပွဲသည်လည်း အနောက် ကမ္ဘာတစ်ခုလုံးကို စီးပွားရေးကျဆင်းစေရန် အဓိကရည်ရွယ်မည်ဖြစ်သည်။ ခေတ်သစ်ကမ္ဘာ စစ်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်ရန် ကိုလိုနီပြုရန် မဟုတ်တော့ပါချေ။ အခြားနိုင်ငံ တစ်ခု၏ စီးပွားရေးကို အခြေခံမှလဲပြုစေပြီး စီးပွားနှံ့ထဲနှစ်ပစ်သည့် နည်းသာဖြစ်ပါ၏။

သုညကြွင်းစစ် (Zero-Sum War)

စစ်ရေးလက်နက်များအကြိုင် တီထွင်နေကြ ခြင်းသည် နောက်ဆုံးမရှဲသာစရောင်းသာမှုသာ အသုံးပြုရမည့်ကျည်ထွက်စစ်ဖြစ်သည်။ စစ်ပွဲ သစ်တို့၏ သဘောတရားမှာ ခေတ်သစ်တွင် အလုံးစုံနီးပါးမျှ အပြောင်းအလဲဖြစ်သွားပြီဟု ဆိုနိုင်ပါသည်။

စစ်ဖြစ်ခဲ့လျှင်လည်း သရေမှုတ္တုမရှိတော့။ Win-Lose ဟူသော တစ်ဖက်နိုင်၊ တစ်ဖက်ရှုံး အနေအထားသို့ မရောက်ရောက်အောင် ထွက် ချက်ပြီးမှ တိုက်ကြတော့မည့်စစ်ဖြစ်သည်။ ဆိုရ လျှင် သုညကြွင်းစစ် (Zero-Sum War)ဖြစ်လာ

ပါသည်။

လောလောဆယ် တတိယကမ္ဘာစစ်ဟုယူဆ ရန်ရှိသော Bio warfare သည် အမေရိကန်၊ ဗြိတိန်အပါအဝင် ဥရောပအဓိကနိုင်ငံများကို အပြင်းအထန်တိုက်ခိုက်နေပါသည်။ မည်မျှအထိ အထိနာကြပါမည်နည်း။ Zero - Sum War ဖြစ် ပါက ကမ္ဘာ့အခင်းအကျင်းသစ်တစ်ခုထွက်လာ ပါမည်။ အကယ်၍ အနောက်ကမ္ဘာကို မသေမချင်း 'ကျားနာ' ဖြစ်စေခဲ့ပါမူ ကျားနာတို့၏ သဘာဝ အတိုင်း၊ တရုတ်သည် ရန်သူ့ပိုင်းဖိုင်းလည်ကာ ပြန်၍ အတိုက်ခံရမည်ကိုလည်း မျှော်လင့်ထား ရပါလိမ့်မည်။

အသံတိတ်တတိယကမ္ဘာစစ်ကတော့ စတင် ခဲ့ချေပြီ။ စစ်ဦးမျှသာဖြစ်သည်ဟု ယူဆပါ၏။ စစ်ဦးတို့၏ထုံးစံအတိုင်း 'ဘီလူးစီး'အတိုက်ခံနေ ရပါသည်။ အမှောင်ခိုက်ဆုံးအချိန်ကိုဖြတ်သန်း ခဲ့ပြီး ထွက်လာသည့်ရလဒ်သည် တရုတ်တို့လိုချင် သည့်ရလဒ်မျိုးမဟုတ်ခဲ့ပါက ဆန့်ကျင်ဘက် ကမ္ဘာ့အခင်းအကျင်းသစ်တစ်ခုကို မြင်ရဖွယ်ရှိ သည်ဟု သုံးသပ်မိပါသည်။ ။

■ နေခင်ပတ်



အာရှဒေသမှ
လည်ပတ်စရာကျွန်းများ (၂)

[illegible]

ဖီဂျီကျွန်းစုများ (ဖီဂျီ)

အဓိကကျွန်း ၃၃၀ ကျော်နှင့် ကျွန်းငယ် ၅၅၀ ကျော်တည်ရှိနေသည့် ဖီဂျီသည် သန္တာကျောက်တန်းများ၌ ရေအောက်ရေကူးစမ်းသွားလာမှု၊ သဲသောင်ပြင်ကမ်းခြေများနှင့် ကြည်လင်သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်ရှိသောကြောင့် ထင်ရှားကျော်ကြားသည်။ ငါးမျိုးစိတ်ပေါင်း ၁၅၀၀ နှင့် သန္တာမျိုးစိတ် ၄၀၀ ခန့်ရှိသော ဖီဂျီ၏ ရေအောက်ကမ္ဘာမှာ အဓိကဆွဲဆောင်ရာဖြစ်သည်။ ငါးမန်းကျောက်တန်း၊ ပင်လယ်ရေကြောင်းထိန်းသိမ်းရာ နေရာ၊ Beqa နှင့် Great Astrolabe ကျောက်တန်းများလည်းရှိသည်။

ဆာဘန်း (အင်ဒိုနီးရှား)

ဆုမတြာကျွန်း၏ မြောက်ဘက်ပိုင်းတွင် တည်ရှိသော ဆာဘန်းသည် ခရီးသွားလာရာနေရာ တစ်ခုအဖြစ် အင်ဒိုနီးရှားနိုင်ငံသားများထဲတွင် ထင်ရှားကျော်ကြားမှုရှိသည့် နေရာဖြစ်သည်။ ထို့ကြောင့် အလွန်ခေတ်စားသော အားလပ်ရက်ခရီးသွားလာရာနေရာများကို ရှာဖွေနေသူများအတွက် ကြီးကျယ်သောအားလပ်ရက်ခရီးသွားနေရာတစ်ခုဖြစ်လာသည်။ အလွန်တရာကြည်လင်သောရေပြင်တွင် ရေကူးခြင်းနှင့် ဆာဘန်း၏ လှပသည့်သန္တာကျောက်တန်းများကို ရှုမြင်ခံစားနိုင်သည့် နေရာဖြစ်သည်။

လက်ရှာဒီကျွန်းစု (အိန္ဒိယ)

ပါဠိဘာသာတွင် 'ရာထောင်ချီကျွန်းများ' ဟု ဘာသာပြန်ဆိုထားသော လက်ရှာဒီးဒေသသည် အိန္ဒိယနိုင်ငံ၏ အသေးငယ်ဆုံးပြည်ထောင်စုနိုင်နက်နယ်မြေဖြစ်သည်။ အလွန်ကွဲပြားခြားနားသည့်ကျွန်းပေါင်း ၃၆ ကျွန်းပါဝင်နေသော ကျွန်းစုတစ်ခုဖြစ်ပြီး လှပသောနေရောင်ခံ ကမ်းခြေများနှင့် ဆွဲဆောင်မှုအားကောင်းသော မြေမျက်နှာသွင်ပြင်ရှိသည့်အတွက် လူသိများထင်ရှားသည်။ ၎င်းကျွန်းများတွင် သစ်ပင်များ များပြားကျယ်ပြန့်ခြင်း၊ အပင်နှင့် တိရစ္ဆာန်များဂေဟ်များနှင့်ပင်လယ်ရေကြောင်းဘဝများကိုခံစားကြည့်ရှုနိုင်ကြသည်။

နီတာလူ (ထိုင်း)

ထိုင်းနိုင်ငံ၏ [illegible] အနောက်ဘက် ကမ်းလွန်ကျွန်းသို့ စက်လှေဖြင့် နာရီဝက် ကြာသွားရသော ပုဂ္ဂလိကပိုင်ကျွန်းတစ်ကျွန်းဖြစ်သည်။ နီတာလူကျွန်းသည် အုန်းပင်များပေါက်ရောက်နေသည့် ကမ်းခြေနှင့် ရေတိမ်ကျောက်တန်းများရှိသောကြောင့် ပင်လယ်ရေအောက် ငုပ်စမ်းသွားလာခြင်းများ လုပ်ဆောင်နိုင်သည်။ ငါးစမ်းခြင်းမှာ တိုးတက်ဖွံ့ဖြိုးလျက်ရှိပြီး ကြက်တူရွေးငါး၊ Wrasse, Sergeant Majors နှင့် Hard corals စသော ပင်လယ်ငါးမျိုးစုံကို တွေ့ရှိနိုင်သည်။ ရေစီးကြောင်းနှေးသောကြောင့် ပင်လယ်ရေအောက် သွားလာသူများအတွက် ကောင်းမွန်သောနေရာတစ်ခုဖြစ်သည်။ ။

■ ခေတ်ညီ

ကမ္ဘာ့အကြီးမားဆုံး စိန်တွင်းကြီးများ

Aikhal Diamond Mine

နှိုင်းယှဉ်ကြည့်ရင် ကြီးမားပါတယ်။ ရုရှားနိုင်ငံ Aikhal စိန်တွင်းကြီးဟာ စိန်ကာရက်ပေါင်း ၁၅ သန်းခန့်ထုတ်လုပ်နိုင်တဲ့ စိန်တွင်းကြီးဖြစ်ပါတယ်။ ဒီစိန်တွင်းကြီးကို ရုရှားနိုင်ငံအခြေစိုက် Alrosa ကော်ပိုရေးရှင်းက ပိုင်ဆိုင်တယ်လို့လည်း သိရပါတယ်။

Jwaneng Diamond Mine

(ဘော့ဆွာနာ)

အာဖရိကတောင်ပိုင်း ဘော့ဆွာနာနိုင်ငံမှာတည်ရှိတဲ့ Jwaneng စိန်တွင်းကြီးဟာ တန်ဖိုးအရဆိုရင် အကြီးမားဆုံးစိန်တွင်းကြီးတစ်ခုအဖြစ် ခေါ်ဆိုရပါတယ်။ နိုင်ငံရဲ့မြို့တော် Gaborone မြို့ကနေ မိုင် ၁၂၀ ခန့်အကွာမှာတည်ရှိတဲ့ စိန်တွင်းကြီးဟာ ဘော့ဆွာနာနိုင်ငံရဲ့ အများဆုံးနဲ့ တန်ဖိုးအမြင့်ဆုံးစိန်များထွက်ရှိရာ နေရာတစ်ခုဖြစ်ပါတယ်။ ပျမ်းမျှအားဖြင့် နှစ်စဉ် စိန်ကာရက် ၁၁ သန်းခန့် ထုတ်လုပ်နိုင်တဲ့ စိန်တွင်းကြီးကို ၁၉၈၂ ခုနှစ်ကစပြီး တူးဖော်ခဲ့တယ်လို့လည်း သိရှိရပါတယ်။ Jwaneng စိန်တွင်းကြီးကို ဘော့ဆွာနာအစိုးရနဲ့ De Beers တို့က Debswana စိန်တူးဖော်ရေးကုမ္ပဏီအဖြစ် ပူးတွဲဆောင်ရွက်လျက်ရှိနေပါတယ်။

Udachny Diamond Mine (ရုရှား)

ရုရှားနိုင်ငံမှာရှိတဲ့ စိန်တွင်းကြီး ဟာ ကမ္ဘာမှာ နံပါတ် ၂ နေရာကိုယူထားတဲ့စိန်တွင်းကြီးတစ်ခုဖြစ်ပါတယ်။ စိန်တွင်းကြီးဟာလည်း Jwaneng စိန်တွင်းနည်းတူ နှစ်စဉ်ပေါင်း စိန်ကာရက် ၁၀ သန်းခန့်ကိုထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အနက်ကြောင့်လည်း ကမ္ဘာ့အနက်ဆုံးတွင်း နံပါတ် ၃ နေရာကို ရရှိထားခြင်းလည်းဖြစ်ပါတယ်။ ၁၉၅၅ ခုနှစ်က တွေ့ရှိခဲ့တဲ့စိန်တွင်းကြီးကို ၂၀၁၀ ခုနှစ်မှာ အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းခဲ့ပေမယ့် ယခုအချိန်အထိ မြေအောက်တူးဖော်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီစိန်တွင်းကို Alrosa ကော်ပိုရေးရှင်းကြီးက ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။



Diamond Mine Nyurba (ရုရှား)

[illegible] Alrosa [illegible]



Orapa Diamond Mine (ဘော့ဆွာနာ)

[illegible] ၂၀၃၀ [illegible] De Beers [illegible] Debswana [illegible]



Catoca Diamond Mine (အင်ဂိုလာ)

[illegible] Catoca [illegible] Angola state-owned Endiama, Alrosa and Lev Leviev International [illegible] Mineira de Catoca [illegible]

Ekati Diamond Mine (ကနေဒါ)

[illegible] Ekati [illegible]

တွင်းကြီးတစ်ခု စုစုပေါင်းစိန်ကာရက် ၁၀၅ သန်းခန့် ရှာဖွေတူးဖော်ပြီးဖြစ်ပါတယ်။ ၎င်းစိန်တွင်းကို ၂၀၃၄ ခုနှစ်အထိ တူးဖော်သွားမယ်လို့ လျာထားခဲ့သော်လည်း လက်ရှိအချိန်မှာတော့ ၂၀၄၂ ခုနှစ်အထိ တူးဖော်သွားမယ်လို့သိရှိရပါတယ်။ ဒီစိန်တွင်းကြီးကို ကနေဒါနိုင်ငံအခြေစိုက် Dominion ကုမ္ပဏီက ပိုင်ဆိုင်ပါတယ်။

Venetia Diamond Mine (တောင်အာဖရိက)

တောင်အာဖရိကနိုင်ငံမှာ တည်ရှိတဲ့ စိန်တွင်းတစ်ခုပဲဖြစ်ပါတယ်။ ကမ္ဘာ့ အကြီးဆုံးစိန်ထုတ်လုပ်မှုအရ နံပါတ် ၈ နေရာတွင် တည်ရှိနေပြီး စုစုပေါင်း စိန်ကာရက် ၆၃ သန်းခန့် ရှာဖွေတူးဖော်ပြီး ဖြစ်ပါတယ်။ အဆိုပါစိန်တွင်းကို ၁၉၉၂ ခုနှစ်ကစတင်ခဲ့ပြီး လက်ရှိအချိန်အထိဆိုရင် နှစ်ပေါင်းအားဖြင့် ၂၈ နှစ်ခန့် ရှိခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိ စိန်တူးဖော်ရှာဖွေရေးနည်းပတ်သက်ပြီး ၂၀၂၃ ခုနှစ်အထိ လုပ်ဆောင်သွားနိုင်မယ်လို့လည်း ခန့်မှန်းထားကြောင်း သိရှိရပါတယ်။ ဒီစိန်တွင်းကို De Beers ကုမ္ပဏီက ပိုင်ဆိုင်ပါတယ်။

Lomonosov Diamond Mine (ရုရှား)

နံပါတ် ၉ အဆင့်နေရာမှာရှိတဲ့ နောက်ထပ် ရုရှားနိုင်ငံပိုင် စိန်တွင်းတစ်ခုပဲဖြစ်ပါတယ်။ ၎င်းစိန်တွင်းဟာ စုစုပေါင်း စိန်ကာရက် ၄၄ သန်းခန့်ကို ရှာဖွေတူးဖော်ပြီး ဖြစ်ပါတယ်။





Mir Diamond Mine (ရုရှား)

နံပါတ် ၁၀ အဆင့်နေရာမှာရှိတဲ့နောက် ရုရှားနိုင်ငံပိုင် စိန်တွင်းတစ်ခုပဲဖြစ်ပါတယ်။ ၎င်းစိန်တွင်းဟာ စုစုပေါင်း စိန်ကာရက် ၄၀ သန်းခန့်ကို ရှာဖွေတူးဖော်ပြီးဖြစ်ပါတယ်။ ■

• ဖုန်းနိုင်

Source: World's 10 Biggest Diamond Mines by Steelgiant Blog.com



ကမ္ဘာ့အစောဆုံးပန်းချီကားများ

လူအများက လိုဏ်ဂူနံရံပန်းချီများကို ကမ္ဘာ့အစောဆုံးပန်းချီကားများအဖြစ် သိရှိထားကြပြီး လိုဏ်ဂူနံရံတွင် ရေးဆွဲခဲ့ခြင်းမဟုတ်သည့် အခြားသောပန်းချီကားများအကြောင်းလည်းရှိပေသည်။ ကမ္ဘာတစ်ဝန်းတွင်တွေ့ရှိခဲ့သည့် ပန်းချီကားပုံစံများ ထောင်ပေါင်းများစွာရှိကြခြင်းသည် အမှန်ပင်ဖြစ်သည်။ ယင်းတို့၏သက်တမ်းသည် နှစ်ပေါင်းထောင်နှင့်ချီကာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး အဓိကယဉ်ကျေးမှု လက်ရာအများအပြားလုံးပန်းချီများတွင် ရှိနေကြသည်။ ထို့ကြောင့် ကမ္ဘာ့အစောဆုံးပန်းချီကားဟု အတိအကျပြောနိုင်မည့် ပန်းချီရုပ်ပုံကိုရှာဖွေရန် မလွယ်ကူပေ။ သို့သော် ရှာဖွေတွေ့ရှိခဲ့သမျှပန်းချီများအနက် ဖော်နိုင်သမျှအစောဆုံးနှင့် အကောင်းဆုံးသောပန်းချီကားများကို The Oldest အင်တာနက်စာမျက်နှာက ဖော်ပြခဲ့သည်။

အစောဆုံးဗြိတိန်ပန်းချီ

ဗြိတိန်နိုင်ငံ၏ ပန်းချီကားများကို [illegible] The Lindisfarne Gospels [illegible]

ရှိသောပန်းချီစာမူသည် ဆေးရောင်နှင့် အထောက်အကူတစ်ခုဖြစ်ခဲ့သည်။ ယနေ့ခေတ်တွင် ယင်းပန်းချီကားသည် နှစ် ၁၃၀၀ ကျော်ခဲ့ပြီဖြစ်၍ ရောနှောတွင်ပါဝင်သည့် ပန်းချီကားများသည် ရှေးကျသည့် ရောင်စုံလက်ရာများပါရှိသည်။ ယင်းပန်းချီများသည် အင်္ဂလန်နိုင်ငံအတွင်း သင်္ဘောကျင်းနိုင်ငံခြားကြီး ပိုင်ရှင်၊ ... ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။

The Lindisfarne Gospels သည် ဥရောပအလယ်ခေတ်၏ အထင်ရှားဆုံးလက်ရေးမူများဖြစ်၍ သဘာဝအရောင်ခြယ် ဘာသာရေးဆိုင်ရာပုံများဖြစ်သည်။ ရှေးယခင်ကတွင် ဆွဲသားသည့်ပုံများမှာသည် အနက်ရောင်နှင့် အညိုရောင်များဖြစ်ကာ အနီ၊ အဝါ၊ အစိမ်းစသည့် အခြားသောအရောင်များကိုလည်း အသုံးပြုထားပြီး ယင်းဆေးရောင်များကို ကြက်ဥနှင့်တူသော အဖြူရောင်၊ ကြည်ပြာရောင်ကဲ့သို့သော အရာများဖြင့် ပြုလုပ်ခဲ့သည်။

အာစုကာဆုံ့ကျူမန်ပန်းချီ

ခရစ်နှစ် ၆၀၀ မှ ၇၀၀ အတွင်းက တာကာမတ်ဆုစုကာ (Takamatsuzuka) အုတ်ဂူတွင် ရေးဆွဲခဲ့သည့်ပန်းချီကားသည် အာစုကာ၏အလှများ (Asuka Beauties) ဟုထင်ရှားသည့် နန်းတွင်းသူ၊ နန်းတွင်းသားပုံဖြစ်ကာ ဆေးရောင်စုံရေးဆွဲခဲ့သည့် နံရံသုံးပန်းချီအနုပညာဖြစ်သည်။ ဂျပန်နိုင်ငံတွင် ရှေးကျသောပန်းချီပုံစံအချို့ရှိသည့်အနက် တာကာမတ်ဆုစုကာအုတ်ဂူပန်းချီသည် ရှေးအကျဆုံးဂျပန်ပန်းချီကားများတွင် လှပသောပုံစံတစ်ခုဖြစ်ခဲ့သည်။ ၇ ရာစုလက်ရာ ယင်းပန်းချီကား



ကို ၁၇၉၀ ပြည့်နှစ်များတွင် လယ်သမားတစ်ဦးက ရှာဖွေတွေ့ရှိခဲ့သည်။ အုတ်ဂူတွင် များစွာသော ပန်းချီလက်ရာများရှိနေသော်လည်း အထင်ရှား ဆုံးပန်းချီကားသည် အဆုကာ၏အလှများဖြစ် သည်။ ယင်းပန်းချီသည် ကိုရီးယားဟန်ဝတ်စုံများ ဝတ်ဆင်ထားသည့် အမျိုးသမီးများ သို့မဟုတ် နန်းတွင်းသူများပုံကိုရေးဆွဲထားသည်။ အမျိုးသမီး များ၏နောက်ဘက်တွင် အမျိုးသား ၄ ယောက် နှင့် တိရစ္ဆာန်ပုံအချို့ပါရှိက ယင်းပန်းချီကားကို ဂျပန်နိုင်ငံ၏အမျိုးသားအဆင့် ရတနာတစ်ပါးဟု ယူဆ၍ ထိန်းသိမ်းကာကွယ်မှုများပြုလုပ်ခဲ့သော် လည်း အခြားသောအကြောင်းများကြောင့် ပျက်စီး သွားနိုင်သည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပေသည်။

အနက် သက်တမ်းအရှည်ဆုံးဖြစ်သည့် ယင်းပန်းချီ ကို အင်္ဂတေသရွတ်ဖြင့်ပြုလုပ်ထားကာ အပေါ်တွင် ဆေးရောင်များခြယ်ထားသည်။ ပန်းချီကားများ နှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်အချက်မှာ မူလပန်းချီများကို ခရစ်တော်မပေါ်မီ ၁ ရာစုတွင် ဖန်တီးခဲ့ပြီး အခြားပန်းချီဆရာက မူလပန်းချီများ အပေါ်၌ ထပ်မံရေးဆွဲခဲ့ခြင်းဖြစ်သည်။ သို့သော် စစ်တန်နာဗာစယ်ပန်းချီများသည် ထိုအချိန် ကာလက ရေးဆွဲလေ့ရှိခဲ့သည့်ပုံများကဲ့သို့ ဘာသာ ရေးဆိုင်ရာပုံများမဟုတ်ဘဲ လူ၊ ငါးနှင့် ဆင်ပုံများ ကို ရေးဆွဲခဲ့သည်။ ထို့အတူ ပန်းချီကားများတွင် ငှက်များ၊ ကချေသည်များနှင့် တေးသီချင်းသီဆို သူများလည်း ပါဝင်ခဲ့သေးသည်။

အစောဆုံးအိန္ဒိယပန်းချီ

အိန္ဒိယနိုင်ငံ၏ အစောဆုံးပန်းချီကားကို လိုဏ်ဂူတစ်ခုအတွင်းမှတွေ့ရှိခဲ့သော်လည်း အများ ယူဆထားသကဲ့သို့ လိုဏ်နံရံပန်းချီမဟုတ်ဘဲ စစ်တန်နာဗာစယ် (Sittanavasal) ဂူနံရံများနှင့် မျက်နှာကြက်ကို အလှဆင်ထားသည့် ပုံများဖြစ် ကြသည်။ ယင်းနေရာသည် အနီးအနားအဆောက် နေရာတစ်ခုခုကို အလှဆင်ရန်ကြိုးပမ်းထားမှုများ

အစောဆုံးရောမပန်းချီ

ခရစ်တော်မပေါ်မီ နှစ် ၄၀၀ မှ ၁၀၀ အတွင်းက ရောမသမိုင်းပညာရှင် ဆေလတ်စ် (Sallust) ၏ အိမ်နံရံတွင် ရေးဆွဲခဲ့သည့်ပန်းချီကို အင်္ဂတေသရွတ်ဖြင့်ပြုလုပ်၍ ဆေးရောင်များခြယ် ထားပြီး ထူးခြားသည့်အကြောင်းအရာများမပါရှိ ချေ။ လူအများက ရောမပန်းချီများကို သက်တမ်း အနှန့်ထက် ပိုမိုကြာမြင့်စွာကပင်ရှိခဲ့သည်ဟု



ထင်မြင်ကြသော်လည်း ရောမအနုပညာလက်ရာများသည် ယင်းတို့၏ပန်းချီများကြောင့် ထင်ရှားခဲ့ခြင်းမရှိခဲ့ချေ။ ရောမအနုပညာထွန်းကားချိန်တွင် ဗိသုကာပညာရပ်က ထိပ်တန်းမှာရှိခဲ့သော်လည်း ရောမလက်ရာပန်းချီများမရှိဟု ဆိုလိုခြင်းမဟုတ်ချေ။

ရောမအနုပညာနှင့် ယဉ်ကျေးမှု၏အဓိက ပေါ်ထွန်းရာတစ်ခုဖြစ်ခဲ့သည့် ပွန်ပေမြို့အနီးရှိ Vesuvius မီးတောင်ပေါက်ကွဲမှုနှံ့မြှုပ်ခဲ့သည့် ရောမမြို့မှ ပန်းချီကားများမှာမူ ကျန်ရစ်ခဲ့သည်။ ကျန်ရှိနေသည့် ပန်းချီကားများသည် မိုးဇင်းကျ၍ အသည်းကြိုက်ခဲ့ရန်အသ ရေးဆွဲခဲ့သည့်ပန်းချီကားများဖြစ်ရာ ယင်းတို့ကို အဓိကထားသည့် နံရံပန်းချီကားများဖြစ်ခဲ့ပေသည်။ ယင်းတို့အနက် ထင်ရှားမှုရှိသည့် ကြီးကျယ်သောစံအိမ်တစ်ခုဖြစ်သည့် Sallust ၏ အိမ်နံရံတွင် ရေးဆွဲထားသည့် ပန်းချီကားမျိုးဖြစ်သည်။ ယင်းပန်းချီကားကို ကျောက်ကြားနှင့် ကုလားစေးရောမျိုးရေးဆွဲထား၍ နံရံမှာ အရောင်တောက်သကဲ့သို့ ဖြစ်စသအယောင် ဖန်တီးထားခြင်းဖြစ်သည်။

အစောဆုံးသောရုပ်တုပန်းချီ

တရုတ်တို့၏ ပထမဆုံးပန်းချီပုံစံများကို လက်ရေးစာလုံးတို့ဖြင့် သရုပ်ဖော်ခဲ့ကြသည်။ သို့သော် ပထမဆုံးသောပန်းချီကားများကိုရေးဆွဲရာတွင် လူပုံများက အများဆုံးပါရှိခဲ့ပြီး ယခုပုံသည် တရုတ်အနုပညာနှင့် ပိုးပန်းချီ၏ အစောဆုံးပုံတစ်ခုဖြစ်ကာ ဘီစီ ၅ ရာစုကရေးဆွဲခဲ့သည့်

ပုံဖြစ်နိုင်သည်။ လှေတစ်စင်းနှင့်တူသည့် နဂါး တစ်ကောင်ကိုစီးနင်းနေစဉ် ဓားကိုင်ထားသော လူတစ်ယောက်ပုံကို ပိုးသားပေါ်တွင် ရေးဆွဲထား သည့်ပန်းချီကို ခရစ်တော်မပေါ်မီ ၄၇၅ ခုနှစ်မှ ၂၂၁ ခုနှစ်အကြားတွင် ဖန်တီးခဲ့သည်။ ပုံတွင် ချိုင်းတစ်ဖက်ကနေ၍ [illegible] ယင်းတို့သည် အလွန်အနုပညာ [illegible] တွေ့ရသည့် [illegible] ယင်းပုံကို Qu Yuan ၏ Shejiang ကဗျာနှင့် ဆက်စပ်ယှဉ်တွဲ [illegible] ကြသည်။

အစောဆုံးပေါ်ပေါက်ခဲ့သောပန်းချီ

[illegible] ဖြစ်သည့် အီထရူစကန် (Etruscan)၏ [illegible] ပန်းချီကို [illegible] ဖြစ်သည်။ [illegible] ဂူ၏ သင်္ကေတကို ခရစ်တော်မပေါ်မီ နှစ် ၆၀၀ ဟုခန့်မှန်းကာ စစ်သည်တော်မင်းသားတစ်ပါးကို မြင်နိုင်သည့်ပုံဟု ယူဆကြသည်။ ဂူတွင်ရေးဆွဲ ထားသည့်ပန်းချီတွင် တိရစ္ဆာန်ရုပ်များပါဝင်၍ ယင်းတို့ကို ပထမဆုံးတွေ့ရှိသူက မြေခွေးရုပ်များဟု ထင်မြင်ခဲ့ကြပြီး အနုပညာဆိုင်ရာသမိုင်းပညာရှင်

ပန်းချီကား သင်္ကေတများ သို့မဟုတ် မြို့ပြများသော ဖြစ်ခဲ့ကြောင်းယုံကြည်ကြသည်။ အုတ်ခွက်များကို ထိုင်ခုံပေါ်တင်ထားသည့်ပုံစံများ တရုတ်နိုင်ငံ နိုင် တွင် ဖြစ်ပေါ်ခဲ့ကြောင်း အုတ်ခွက်ပြည်နယ်မှ ထိုသုံးစွဲခဲ့ကြသည်ကို သက်သေပြနေပြီ ကိုရင်းနှီးမြင်နိုင်သည် ၂၀၀၀ နှစ်ကျော်ရှိ နေသည်။

ယင်းအုတ်ခွက်ပေါ်တွင်ရှိသည့် စိတ်ဝင်စား ဖွယ်အရာများတွင် စားသောက်ပွဲများ၊ ကျိုးနှင်းဆို တစ်ခုံ၊ နှင်းပွင့်ဝင်ခံနေပုံသရုပ်ဖော်ခြင်း သရုပ်ဖော် ပြသထားသည့် အသားကင်တံများပါဝင်ခဲ့ သည်။ အုတ်ခွက်တွင် ရေးဆွဲထားသည့်ပန်းချီသည် အနီရောင်နှင့်အနက်ရောင်ဖြစ်ကာ အချို့က ယင်း ပန်းချီသည် အစောဆုံးအနောက်တိုင်းပန်းချီ လက်ရာဟု ယုံကြည်ကြကာ အုတ်ခွက်တွင် ရေးဆွဲ သည့်ပန်းချီအမျိုးအစားတွင် ထည့်သွင်းခြင်း မပြုကြချေ။

အစောဆုံးဂရိပန်းချီ

အစောဆုံးဂရိပန်းချီလက်ရာသည် မီနိုရန် (Minoan) ယဉ်ကျေးမှုမှဆင်းသက်လာခဲ့ကာ မီနိုရန်တို့သည် ဆိုက်ပရပ်စ်နှင့် ဆီးရီးယားတို့မှ ကျွင်းမှုကိုကြောင့် ထင်ရှားခဲ့သည်။ ယင်းအိုးပန်းချီ ပုံစံ၏ သက်တမ်းသည် ခရစ်တော်မပေါ်မီ နှစ် ၁၆၀၀ ဖြစ်ကာ ထိုခေတ်တွင်ရေးဆွဲထားသည့် ထူးခြားအံ့ဖွယ်လက်ရာဖြစ်သည်။ ထိုခေတ် တွင်ရေးဆွဲထားသည့် အမျိုးသမီးသည် မည်သူ ဖြစ်သည်၊ သို့မဟုတ် သူမသည် အဘယ်ကြောင့်ရှိနေ သနည်းဟူသည်ကိုမသိရှိကြချေ ထို့အတူ ရေးဆွဲ ခဲ့သူကိုလည်း မသိရှိကြချေ။ ယင်းပန်းချီနှင့်စပ် လျဉ်း၍ သိရှိရသည့်အချက်မှာ ပန်းချီထဲမှ အမျိုး သမီးသည် မီနိုရန်တို့၏ ရိုးရာဝတ်စုံကိုဝတ်ဆင် ထားပြီး သူမ၏ ဆံပင်သည် မီနိုရန်အမျိုးသမီးဆံပင်ပုံစံ ဖြစ်ကြောင်းသာသိရှိရသည်။

အစောဆုံးသော ဂူနံရံပန်းချီ

ပီရမစ်တို့သည် ယင်းတို့၏ အနုပညာလက်ရာများကြောင့်သာမက အထူးကြီးမားမှုကြောင့် ထူးခြားလှသည်။ ယင်းအနုပညာလက်ရာများသည် ဂူနံရံများပေါ်တွင် ရေးဆွဲထားသည့် အလွန်ထူးခြားသော ပန်းချီကားများဖြစ်သည်။ Hierakonpolis ရှိ ဂူတစ်ခုအတွင်း တွေ့ရှိရသည့် ပန်းချီကားသည် ဘီစီ ၃၅၀၀ ခန့်က ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ယင်းသည် တူတန်ခါမွန် (Tutan-khamen) နှင့် နီဖာတီတီ (Nefertiti) တို့ကဲ့သို့သော ထင်ရှားသည့်ဖာရိုဘုရင်များ မပေါ်ထွန်းမီ နှစ် ၁၀၀၀ ခန့်ဖြစ်သည်။

ယင်းပန်းချီကားကို အချိန်ကြာမြင့်စွာ ရေးဆွဲခဲ့ကြောင်း ယုံကြည်ထားကြသော အချို့သော အပိုင်းများကို အခြားပန်းချီဆရာများက ပြင်ဆင်ရေးဆွဲခဲ့ကြကာ ပန်းချီကားပေါ်တွင် လုပ်ဆောင်ချက်များစွာရှိနေခဲ့သည်။ အနုပညာဆိုင်ရာသမိုင်း

ပညာရှင်များက ယင်းပန်းချီကားသည် ဗိမာန်သို့ အလှူတော်သသားများရောက်ရှိလာပြီး ယင်းကျောက်ဂူ နံရံ၏ငြိမ်းချမ်းမှု အောင်မြင်မှုတို့ကို ပြသနေသည်ဟု ယုံကြည်နေကြသည်။ ပန်းချီကားတွင် လှေများ၊ တိရစ္ဆာန်များ၊ လူများနှင့် စစ်ပွဲတို့ပါဝင်နေသည်။ ။

■ လှိုင်သမျှ

Ref: 8 Oldest Paintings in The World

အဝိုင်းပတ်တွေ ကောင်း၊ မကောင်း

... National Lampoon's European Vacation ...

စတော်ဝင်ခန်းတစ်ခန်းနဲ့ ဆင်တူနေလို့ပါ။ အဲဒီ စတော်ကာလထဲက မင်းသားဖြစ်သူဟာ အားလပ်ရက်မှာ လန်ဒန်မြို့ကိုသွားလည်ရင်း အဝိုင်းပတ်တစ်ခုကိုပတ်မိတဲ့အခါ ပြန်မထွက်တတ်တော့တဲ့အတွက် မိုးချုပ်သွားတဲ့အကြောင်းပါ။ ဒီဖြစ်ရပ်နှစ်ခုစလုံးဟာ လမ်းလယ်အဝိုင်းများတည်ဆောက်ခြင်းနည်းပညာတစ်ခုရဲ့အစွန်းထွက်လာတဲ့ ဆိုးကျိုးတစ်ရပ်ဖြစ်ပါတယ်။

ဒီတော့ လမ်းလယ်အဝိုင်းများအကြောင်းပြောဖို့ လိုအပ်လာပါတယ်။ အဝိုင်းများဟာ ကမ္ဘာနေရာအနှံ့အပြားတွင် တည်ရှိကြသော လမ်းဆုံထက်က စီးသွားလာလက်ရာများဖြစ်ကြပါတယ်။ ဒါ့အပြင် အဝိုင်းများဟာ သူတို့တတ်နိုင်သလောက် အကောင်းဆုံးတာဝန်ထမ်းဆောင်ပေးနိုင်ကြတယ်လို့ ပြောနိုင်ပါတယ်။ အမေရိကန်နိုင်ငံ ဖက်ဒရယ်အဝေးပြေးလမ်းမ အာဏာပိုင်အဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ လမ်းလေးခွဆုံရာမှာထားရှိတဲ့ လမ်းလယ်အဝိုင်းတစ်ခုဟာ မီးပွိုင့်ဖြင့်ထိန်းချုပ်ထားသောလမ်းဆုံတစ်ခုနှင့်ယှဉ်ပါက မတော်တဆဖြစ်ပွားမှုများကို ၇၈ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်စွမ်းရှိပြီး အချက်ပြဆိုင်းဘုတ်များဖြင့်သာ ထိန်းချုပ်ထားသော လမ်းဆုံတစ်ခုထက် ၈၂ ရာခိုင်နှုန်း လျှော့ချပေးနိုင်စွမ်းရှိပါတယ်။ ထိုသို့ အန္တရာယ်လျော့နည်းရသည့် အကြောင်းရင်းနှစ်ရပ်ရှိပါတယ်။ ပထမတစ်ချက်က ကားတွေက အဝိုင်းရောက်ချိန်မှာ အရှိန်လျှော့ချလိုက်ရတာကြောင့်ဖြစ်ပြီး ကားမတော်တဆဖြစ်ပွားတဲ့အခါမှာလည်း တည့်တည့်ဖြတ်တိုက်တာထက် ပွတ်ဆွဲပြီး တိုက်မိတာမျိုးသာဖြစ်တဲ့အတွက်ဖြစ်ပါတယ်။

ကိန်းဂဏန်းများအရဆိုလျှင် အဝိုင်းပတ်တစ်ခုကိုဖြတ်သန်းသွားလာနေရသော ကားအရေအတွက်က သာမန်အနေအထားများမှာထက် ပိုမိုများပြားသော်လည်း မီးပွိုင့်မီးနီစောင့်နေသည့်အတွက် ရပ်ထားသည့်ကားများမှထုတ်လုပ်သော အိမ်ဖန်ငွေ့များက အဝိုင်းတစ်ခုကိုပတ်မောင်းနေသည့်ကားများက ထုတ်လုပ်သည်ထက် ပိုမိုများပြားခြင်းကြောင့် အဝိုင်းများက မီးပွိုင့်များထက် ပိုမိုအကျိုးပေးတယ်လို့ ယူဆနိုင်ပါတယ်။ ဒါကြောင့် လုံခြုံစိတ်ချရမှုနှင့် လူများအားရပ်တန့်မနေဘဲ သွားလာနေစေခြင်းဖြင့်ဆုံးဖြတ်ပါမူ အဝိုင်းများဟာ win-win အခြေအနေများကို ဖြစ်စေပါတယ်။

အင်္ဂလန်ကျွန်းကတော့ အဝိုင်းတွေကို အတော်များများ သံယောဇဉ်ဖြစ်ထားခဲ့ပါပြီး အဝိုင်းတွေကို အတော်များများ မီးပွိုင့်တွေ၊ နံကျော်တံတားတွေနဲ့ အစားထိုးခဲ့ပြီးဖြစ်ပါတယ်။ ဒါတောင် ကျွန်းမြောက်များအသေးတွေအပါအဝင် အဝိုင်းပေါင်း အရေအတွက် ၂၅၀၀၀ လောက် ကျန်နေသေးပြီး လမ်းအကွာအဝေး ၁၆ ကီလိုမီတာတိုင်းမှာ အဝိုင်းတစ်ခုရှိနေဆဲပါ။ ဒီအဝိုင်းတွေထဲမှာ ဆွင်ဒန်အဝိုင်းကြီး (**Swindon's Magic Roundabout**) လို အဝိုင်းအကြီးကြီးတစ်ခုနှင့် အဝိုင်းအသေးလေး ၅ ခု ပေါင်းစပ်တည်ဆောက်ထားတဲ့အဝိုင်းများလည်း ပါဝင်နေပါတယ်။ ဒါဟာ စီးသွားတွေအတွက် အသည်းယားဆုံ အားသင့်ကြရတဲ့ တည်ဆောက်မှုအနုလက်ရာတွေပါပဲ။ ၂၀၀၃ ခုနှစ်ကစပြီး ယူကေဆိုင်ရာလမ်းလယ်အဝိုင်းမြတ်နိုးသူများအဖွဲ့အစည်းက အဝိုင်းများနှင့်ပတ်သက်သော အမှတ်တရများ၊ အလှအပများ၊ ခမ်းနားသောအတိတ်များအား ဖော်ကျူးသည့်ဓာတ်ပုံများပါဝင်တဲ့ ပြက္ခဒိန်၊ စာအုပ်၊ အမှတ်တရပစ္စည်းများကို ထုတ်ဝေခဲ့ကြပါတယ်။ "အဝိုင်းတွေက ကားစီးပြီး ဖြတ်သန်းသွားသူတွေရဲ့စိတ်နှလုံးကို အရောင်အသွေး၊ တီထွင်ဆန်းသစ်မှုတွေနဲ့ဖြည့်တင်းပေးခဲ့ကြတာ နှစ်ကာလ

ရှိနေပါပြီ"လို့ ၎င်းအသင်းရဲ့ဥက္ကဋ္ဌဖြစ်သူ ကီဗင်ဘယ်ရက်ရှိန်ဒ်က ပြောပြပါတယ်။

ဒီလိုအဝိုင်းတွေမှာ အလှဆုံးတွေထဲမှာ ပါဝင်တဲ့ ထိုင်လာတဲ့ အဝိုင်းများဟာ ရှုပ်ထွေးမှုနဲ့ ရှုပ်ယှက်ခတ်မှုတွေကို တည်ဆောက်ထားပါတယ်။ ဆိုလိုတာက ဒီလိုအဝိုင်းတွေကို စတင်တီထွင်အသုံးပြုခဲ့ကြတာက အင်္ဂလန်တွေဖြစ်နေပါတယ်။ ကမ္ဘာ့ပထမဆုံးအဝိုင်းအဖြစ် နယူးယောက်မြို့မှာရှိတဲ့ ကိုလံဘတ်အဝိုင်းဖြစ်ပါလိမ့်မယ်။ ထိုနောက်ပိုင်း ဥရောပနိုင်ငံများမှာတော့ အင်္ဂလန်ပြည်ထောင်စုမှာ အဝိုင်းတွေ အများအပြားတည်ဆောက်အသုံးပြုခဲ့ကြပါတယ်။ ဒါဖြင့် အခုတော့ အဝိုင်းတွေကို ဘာကြောင့်အသုံးပြုရမည်ပါလဲဆိုရင်ပါသလဲ။ "ခုချိန်မှာ အဝိုင်းတွေကို လူကြိုက်နည်းလာရတဲ့အကြောင်းရင်းက ကားစိုင်းသူတွေ တဖြည်းဖြည်းများလာလို့ပါပဲ"ဟု အင်္ဂလန်နှင့် တစ်ကမ္ဘာလုံးရှိအဝိုင်းများစာရင်းကိုပြုစုရသည့် ပိုလန်းအမြစ်စိုက် ကက်တဲလ်ဆန်နှင့် ဆောင်းရင်းများကျွမ်းကျင်မှုဆိုင်ရာ လမ်းအင်ဂျင်နီယာထီရှိဒီဂရက်က ဆိုပါတယ်။

အစောပိုင်းကာလက တည်ဆောက်ခဲ့ကြတဲ့ အဝိုင်းပတ်များမှာ ရိုးရှင်းပေမဲ့ ထိခိုက်ပျက်စီးမှုများပြားစေခဲ့တဲ့ အားနည်းချက်ကြီးတစ်ခုရှိခဲ့ပါတယ်။ ဒါကတော့ "အဝိုင်းပတ်ထဲ ဝင်မဲ့ယာဉ်ကို ဦးစားပေးရမယ်" ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒီတော့ အဝိုင်းပတ်နေတဲ့ယာဉ်နှင့် ဖြတ်ဝင်မဲ့ယာဉ် အကြား နားလည်မှုလွဲပြီး ပဋိပက္ခတွေဖြစ်ပေါ်စေပါတယ်။ ယာဉ်တွေရဲ့မြန်နှုန်းနှင့် အရေအတွက်မြင့်တက်လာတဲ့အခါ ဒီလိုအဝင်အထွက်ကော်ခြင်းတွေကို ဖြေရှင်းနိုင်ဖို့ အဝိုင်းရဲ့အရွယ်အစားကို ပိုကြီးမားအောင် တည်ဆောက်လာကြပြန်ပါတယ်။ ဒီအခါ ယာဉ်တွေရဲ့အမြန်နှုန်းက ပိုမြင့်

တက်လာပြန်ပြီး ဂျာအားသူ့အခမ်းကိုက်နေပါတော့တယ်။

ဒီပြဿနာကို ၁၉၆၆ ခုနှစ်အတွင်းမှာ အင်္ဂလန်ရှာဖွေခဲ့သူကတော့ ယူကေစရီးသွားလာရေးသုတေသနဓာတ်ခွဲခန်းက တော်လှန်သောအတွေးအခေါ်ရှိသူ ဗြိတိသျှအင်ဂျင်နီယာဖရန့်ဘလက်မောပ်ဖြစ်ပါတော့တယ်။ ဒါကတော့ အနေသင့် လက်ရှိအသုံးပြုနေတဲ့အဝိုင်းပတ်စနစ်ကို ပြောင်းလဲပေးခြင်းပါ။ အဝိုင်းပတ်ကားကိုဦးစားပေးတဲ့စနစ်သို့ပြောင်းလဲပြီး အဝိုင်းသို့ချဉ်းကပ်လာသော မော်တော်ယာဉ်များအား နှေးသွားအောင် အဝိုင်းသို့ဝင်မည့်လမ်းကြောင်းများအား မသိမသာကွေးပေးလိုက်ခြင်းကို သူက စတင်ခဲ့ပါတယ်။ သူ့ရဲ့နည်းဥပဒေသကိုအသုံးပြုပြီး အဝိုင်း၏အရွယ်အစားကိုလည်း အချိုးချခြနစ်တီးနိုင်ပါတယ်။ ဘလက်မောရဲ့ တွေးမြင်ကြံဆမှုကနေ အဝိုင်းသေးသေးလေးများကို တီထွင်အသုံးပြုနိုင်ခဲ့ပါတယ်။ လမ်းအလယ်မှာ ဆေးသုတ်ထားတဲ့ အုတ်နံရလေးတစ်ခုထားရုံနဲ့ အလုပ်ဖြစ်နိုင်ပြီး ထိရောက်ကာ အကုန်အကျသက်သာစေပါတယ်။ ဘလက်မောဟာ ဝီတာဘို့ရှေ့က အသစ်တည်ဆောက်ထားတဲ့ အဝိုင်းတစ်ခုအလယ်မှာရပ်ပြီး

ယာဉ်သွားလာမှုတွေကို ကိုယ်တိုင်စီစဉ်ညွှန်ကြား ခဲ့တယ်လို့လည်း ဆိုကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ယူဆချက်တွေကိုတော့ တစ်ကမ္ဘာလုံးလိုလို လက်ခံအသုံးပြုနေကြပါပြီ။ ဗြိတိန်နိုင်ငံမှာ ခေတ်မီလှပသောအဝိုင်းအမျိုးမျိုး တစ်သောင်းကျော်ရှိသလို ပြင်သစ်နိုင်ငံဟာလည်း နိုင်ငံတစ်ဝန်း အဝိုင်းပေါင်း ၃၂၀၀၀ နီးပါးရှိနေတဲ့အတွက် အဝိုင်းအရေအတွက်အားဖြင့် ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်ခုဖြစ်နေပါပြီ။

ခုချိန်မှာတော့ အမေရိကန်ပြည်ထောင်စုဟာ အခြားနိုင်ငံများနှင့်မတူဘဲ သီးသန့်လမ်းကြောင်းတစ်ခုကို သွားနေပါတယ်။ လမ်းဆောက်ရန်နေရာကျယ်ပြန့်ပြီး သက်သောင့်သက်သာ အကောင်အထည်ဖော်နိုင်သော အခြေအနေရှိခြင်းကြောင့် မီးပွိုင့်များတပ်ဆင်သည့် လမ်းဆုံလမ်းခွများကိုသာ အသုံးများနေပါတယ်။ ၁၉၈၀ ခုနှစ်မှာ အမေရိကန်အင်ဂျင်နီယာ လိဖ်အော်စတွန် (**Leif Ourston**) က ဥရောပမှာ သူတွေ့မြင်ခဲ့ရတဲ့ အဝိုင်းတွေကို သဘောကျပြီး ဘလက်ဆောက်ကိုမိတ်ခေါ်က အမေရိကန်မြေမှာ အဝိုင်းယဉ်ကျေးမှုကို ပြန်လည်မိတ်ဆက်ပေးဖို့ အကူအညီတောင်းခဲ့ပါတယ်။

"၁၉၄၁ ခုနှစ်မှာ ဆာဝင်စတန်ချာချီက ဒီမိုကရေစီကိုကာကွယ်ဖို့ အမေရိကန်ကို အကူအညီတောင်းခဲ့ဖူးပါတယ်၊ နှစ်နိုင်ငံပေါင်းပြီး အောင်မြင်မှုတွေ ရယူနိုင်ခဲ့ကြပါတယ်၊ အခု နောင်နှစ်ပေါင်း ၄၅ နှစ်ကျော်ကြာလာတဲ့အခါမှာတော့ ကျွန်တော်တို့ကြုံတွေ့နေကြရတဲ့ အခက်အခဲကို ကူညီပေးဖို့ ခင်ဗျားကို အကူအညီတောင်းချင်ပါတယ်၊ ဗြိတိန်စတိုင်အဝိုင်းတွေ ကျွန်တော်တို့ လမ်းမတွေမှာ ဖန်တီးနိုင်ဖို့ ကူညီပေးပါအုံး" လို့ သူက စာထဲမှာ ရေးသားခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ကယ်လီဖိုးနီးယားပြည်နယ်ကိုပတ်သွားပြီး အဝိုင်းတွေတည်ဆောက်နိုင်ရေး ကြိုးပမ်းခဲ့ကြပေမဲ့ ပထမပိုင်းမှာ အောင်မြင်မှု မရခဲ့ကြပါဘူး။ ပို့ဆောင်ရေးဌာနများက အဝိုင်းများတည်ဆောက်ခြင်းဟာ ယာဉ်မောင်းတွေအတွက် ပိုမိုအန္တရာယ်နည်းပါးစေတယ်ဆိုတာကို မယုံကြည်ကြပါဘူး။ မီးသတ်ဌာနကလည်း အဝိုင်းတွေက အရေးပေါ်ကားတွေ သွားလာရေးအတွက် အတားအဆီးဖြစ်စေလိမ့်မယ်လို့ ယူဆခဲ့ကြပါတယ်။ အဆိုးဆုံးကတော့ စစ်တမ်းကောက်ယူချက်များအရ လူထုက အဝိုင်းတွေတည်ဆောက်ခြင်းရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ အဝိုင်းပတ်ယာဉ်များဟာ မီးပွိုင့်ကို စောင့်နေစရာမလိုဘဲ ကိုယ့်ထိန်းချုပ်မှုနဲ့ကိုယ် သွားလာနိုင်ကြတယ်ဆိုတဲ့ အချက်ကို သဘောမတူကြဘဲ ဒေါသထွက် စိတ်ရှုပ်ထွေးမှုများ ပိုဖြစ်စေလိမ့်မယ်လို့ ထင်မြင်ခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။

အော်စတွန်အတွက် ကြီးမားသောပြောင်းလဲမှုက ၁၉၉၀ ပြည့်နှစ်မှာ ပေါ်ပေါက်ခဲ့ပြီး လတ်စ်ဗီးဂတ်စ် တောင်ကြားတည်ဆောက်ရာတွင် ဘလက်မောင်းတိုင် အဝိုင်းပတ်နှစ်ခုတည်ဆောက်ဖို့ ခွင့်ပြုချက်ရရှိခဲ့ပါတယ်။ ထိုအဝိုင်းများနှင့် ထို့နောက် တည်ဆောက်ကြသောအဝိုင်းများက အဆင်ပြေချောမွေ့စွာဖြင့် အန္တရာယ်ကင်းပြီး ယာဉ်များသွားလာမှုကို လွယ်ကူချောမွေ့စေကြောင်း သက်သေပြနိုင်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာတော့ ထိုအချိန်က တပ်မတော်အင်ဂျင်နီယာတစ်ဦးအဖြစ် အမှုထမ်းနေသူ ရိုဒီဂရက်အားခေါ်ယူပြီး အမေရိကန်ရဲ့ အဝိုင်းပတ်ပုံစံများ ထုတ်လုပ်ဖို့ အကူအညီတောင်းခံခဲ့ရပါတယ်။ အမေရိကန်နိုင်ငံတစ်ဝန်းမှာ အဝိုင်းတွေတည်ဆောက်ရေး အတွေ့အကြုံကို ကျယ်ပြန့်စွာလက်ခံလာရေး လုပ်

ဆောင်မှုရဲ့ တစ်စိတ်တစ်ပိုင်းကတော့ အမေရိကန် အင်ဂျင်နီယာများရဲ့ ရှေးရိုးစွဲအယူဟောင်းတွေကို ကျော်ကျွံအောင် ဆောင်ရွက်ရတဲ့လုပ်ငန်းများလည်း ပါဝင်ပါတယ်။ လုပ်ဆောင်မှုက အထိုက်အလျောက် အောင်မြင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ လွန်ခဲ့သော နှစ်ကာလများအတွင်း ပြည်နယ်နှင့် ဒေသန္တရအစိုးရများက အဝိုင်းပတ်တွေကို မြို့ပြလမ်းမတွေပေါ်မှာ ပိုမိုတည်သွင်းတည်ဆောက်လာနေကြပါပြီ။ လူထုရဲ့ ကောင်းသောတုံ့ပြန်မှုတစ်ခုကတော့ အမျိုးသားအဝိုင်းပတ်များ ရက်သတ္တပတ်ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူမှုကွန်ရက်များကနေ အဝိုင်းပတ်များရဲ့ကောင်းခြင်း၊ လုပ်ခြင်းတွေကို မျှဝေခဲ့ကြပါတယ်။ ထိုသို့ ဆောင်ရွက်ခဲ့မှုဟာ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ ဒုတိယအကြိမ်တိုင်ခဲ့ပါပြီ။ "လူတွေအနေနဲ့ အဝိုင်းတွေရဲ့အလှအပတွေကို ပိုမိုသိမြင်လာကြရမယ်၊ ပိုမိုကြားသိလာကြရမယ်" လို့ ရှောက ပြောကြားနေပါတယ်။ ဒါကြောင့်လည်း လွန်ခဲ့တဲ့ဆယ်စုနှစ်တွင်းက အရေအတွက်ရာဂဏန်းသာရှိခဲ့တဲ့အဝိုင်းများဟာ အမေရိကန်တစ်ဝန်းမှာ ၅၀၀၀ ကျော်ထိ ရောက်ရှိတိုးတက်လာနေပါပြီ။ ရှောကတော့ အဝိုင်းအားလက်ခံယုံကြည်ကြဖို့ချင်း တွေညီကြပေမဲ့ လူထုက ပိုမိုလက်ခံလာကြတာကိုတော့ ထင်သာမြင်သာရှိလှပါတယ်။

ဆက်ကာဆက်ကာ ပတ်သွားကြမယ်

အမေရိကန်ပြည်ထောင်စုအတွင်း အဝိုင်းပတ်တို့ရဲ့ မြို့တော်လို့ ခေါ်ဆိုရမဲ့နေရာကတော့ အင်ဒီယားနားပြည်နယ်၊ ကာမဲလ်မြို့ဖြစ်ပြီး အခုအချိန်မှာတော့ အဝိုင်းပေါင်း ၂၀၀ ကျော်ရှိနေပါပြီ။ ၂၀ ရာနှုန်းနှုန်းသော ပြည်နယ်များရဲ့ အစိုးရများအနေဖြင့် အဝိုင်းများက အကောင်းဆုံးအဖြေလားဆိုတာကို သိမြင်နိုင်ခဲ့ အစီအစဉ်များချမှတ်ထားကြပြီဖြစ်ပါတယ်။ ဆန့်ကျင်ဘက်အနေဖြင့် အင်္ဂလန်ကျွန်းပေါ်မှာတော့ အဝိုင်းတွေ တဖြည်းဖြည်းနည်းလာနေပါတယ်။ မော်တော်ယာဉ်တွေ များပြားလာခြင်းကြောင့် ပိုမိုကြီးမားသောလမ်းများစွာပါသော အဝိုင်းကြီးများကို တည်ဆောက်လာနေပြီး လမ်းလျှောက်သူများနှင့် စက်ဘီးသမားများအတွက် နေရာမရှိလောက်အောင် ဖြစ်လာနေပါတယ်။ အချို့သောအဝိုင်းများမှာတော့ အဝိုင်းထဲကနေပြန်ထွက်ဖို့ မော်တော်ကားတွေ အတော်ရှုပ်နေကြရပါတယ်။ အချို့ အဝိုင်းများမှာတော့ ကားတွေ အရှုပ်ပြေတ်သွားလောပြီ ဝိတ်ဆိုနေတာတွေမြင်စေဖို့ အဝိုင်းပတ်လည်တွင် အချက်ပြအမှတ်အသားတွေချထားရဲ့ စီမံကိန်းချဲ့သူတွေအပေါ် ဖိအားသက်ရောက်နေပါတယ်။

သို့တည်းမဟုတ် အဝိုင်းတွေကိုဖယ်ရှားလိုက်ကြရတော့မှာလား။ အခု အချိန်မှာတော့ ဖေ့စ်ဘွတ်ခ်ပေါ်မှာ အဝိုင်းတစ်ခုတည်ဆောက်မယ်ဆိုတဲ့ ပို့စ်တစ်ခုတက်လာတိုင်း ဆောင်းပါးအစမှာပါတဲ့ ရုပ်ရှင်ကားထဲက ဇာတ်ဝင်ခန်းကို ပြပြီး လှောင်ပြောင်တဲ့ စာသားတွေတက်လာပါလိမ့်မယ်။ ဒီလိုလှောင်ပြောင်မှုတွေက တာဝန်ရှိသူတွေရဲ့ခေါင်းထဲကိုတောင် ဝင်ရောက်နေကြပြီ ထင်ပါတယ်။ လန်ဒန်မြို့တော်ရဲ့ အဓိကလမ်းဆုံလမ်းရှုပ်များအား တာဝန်ယူထားရတဲ့ လန်ဒန်သယ်ယူပို့ဆောင်ရေးအဖွဲ့က လန်ဒန်တတ်အဝိုင်းကို လေးလမ်းသွား မီးပွိုင့်တပ်လမ်းများဖြင့် အစားထိုးဖို့ ကြံစည်နေကြပြီဖြစ်ပါတယ်။ ။

■ **ဒေါက်တာကျော်စွာထွန်း (ဆေးဝါးဗေဒ)**

Source: Circular argument, New Scientist (21/28-12-2019)

တောင်အမေရိကပုလဲနက်သို့ အလွမ်းပြေ

[illegible] Chamber of Deputies of Chile [illegible] IPU [illegible] World e-Parliament Conference [illegible] Valparaiso [illegible] e-Parliament Conference [illegible] IPU [illegible] IPU [illegible] IPU [illegible]

World Parliament
Conference

[illegible]

[illegible]

ထန်လေဆိပ်တွင် ရန်ကုန်၊ ဘန်ကောက်လေဆိပ် ကဲ့သို့ ပြသနေသကော်၊ အမေအမြန်မျှ ဒီအတိုင်း ပဲမွှမ်းမြိုးပါတယ်။ KLM လေယာဉ်သည် ဥရောပ တိုက်မှ တောင်အမေရိကတိုက်ကို ပျံသန်းပါတယ်။ အာဂျင်တီးနားနိုင်ငံ၊ ဘွန်နိုဆိုင်းရစ်လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁ နာရီ ၃၀ မိနစ်နေ့တွင် ရောက်တယ်။ ရာသီဥတုက သိသာစွာအေးနေ ပြီး IPU အစည်းအဝေးလာတက်သည့် ဖိလစ် ပိုင်အုပ်စုနှင့်တွေ့ပါတယ်။ အာဂျင်တီးနား-ချီလီ ခရီးစဉ်က လေယာဉ်တိုင်နဲ့အလွတ်များတယ်။

အင်ဒီးစ်တောင်တန်းနဲ့ ပစိဖိတ်ကမ်းခြေ တောင်တန်းများအကြားက သာယာလှပတဲ့ ဆန်တီယာဂိုမြို့ကို အပေါ်စီးကနေတွေ့မြင်ရပါ တယ်။ နှင်းဖုံးနေတဲ့တောင်တန်းများအကြားက ဆန်တီယာဂိုလေဆိပ်ကိုတွေ့ရပါတယ်။ တောင် အမေရိကတိုက်တွင် အလှဆုံးမြို့တစ်မြို့လို့ စာ ထဲတွင်ဖော်ပြခဲ့သည့် တောင်အမေရိကတိုက်ရဲ့ တော်တော်မြို့ကြီးကို လေယာဉ်ပေါ်က တွေ့နေရပါ တယ်။ KLM လေကြောင်းလိုင်းလေယာဉ်တွေ အစီအရီရပ်ထားသည်ကို လှမ်းမြင်နေရပါတယ်။ ဆန်တီယာဂိုလေဆိပ်တွင် ချီလီလွှတ်တော်ကြိုကြိ ရေးမှ ဆိုက်ရောက်စီစာကို စနစ်တကျစောင့်ကြို ပေးတယ်။ သေနတ်ကိုင်ထားသော လုံခြုံမှုကြီး ကြပ်ရေးအဖွဲ့သမီး၏ စောင့်ရှောက်မှုကိုလည်း IPU ဖြန့်ဝေထားက စီစဉ်ပြန်တယ်။

ချီလီလွှတ်တော်မှ လုံခြုံရေးက လေဆိပ် အထွက်တွင် လာကြိုပါတယ်။ ရာသီဥတုက တော်တော်အေးတယ်။ ၄၅ မယောက်စီးဘတ်စကား တစ်စီးက စောင့်နေပါတယ်။ မော်ရိုကိုလွှတ်တော် ဝန်ထမ်းများ၊ ကင်ညာလွှတ်တော်အမတ်များနဲ့ အခြားနိုင်ငံက INGO အဖွဲ့ဝင်များ ဘတ်စကား ပေါ်ရောက်နေကြပြီဖြစ်ပါတယ်။ ဖိလစ်ပိုင်အဖွဲ့ကို သူတို့သိရှိက လာခေါ်သွားပါတယ်။ ဆန်တီ ယာဂိုလေဆိပ်မှ Valparaiso ကို အဝေးပြေး ကားလမ်းအတိုင်းမောင်းနှင်နေပါတယ်။ လမ်း တစ်ဖက်တစ်ချက်တွင် နာမည်ကျော်ဝိုင်ထုတ်လုပ် သည့်စပျစ်ခင်းတွေ တစ်မျှော်တစ်ခေါ်ရှိလှပါ တယ်။ လမ်းဘေးတစ်လျှောက်တွင် မြူအလားတွေ့ကိုတွေ့



ရှိပါတယ်။ မူထိပါဆိုင်ရာတွေတိုးတက်မှုကိုတော့ အစားသောက်ကုန်များ၊ အလှအပပစ္စည်းများနှင့်တန်ဆာဆင်ထားပါတယ်။ အဝေးပြေးလမ်းကိုဖြတ်၍ လူကူးတံတားတွေ ဆောက်လုပ်ပေးထားပါတယ်။ ရန်ကုန်–မန္တလေးအဝေးပြေးလမ်းပေါ်တွင်လည်း လူနေထူထပ်မှုလည်းရှိပေါ်မူတည်၍ ဆောက်လုပ်ပေးနိုင်လျှင်ကောင်းမည်ဟု စိတ်ကူးယဉ်မိပါတယ်။ မိမိတို့က ဟိုတယ် **Diego de Almagro** မှာ တည်းခဲ့ပါတယ်။ ချီလီနိုင်ငံသည် တောင်အမေရိကတိုက်၏ အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက် ပစိဖိတ်သမုဒ္ဒရာနဲ့ အင်ဒီးစ်တောင်တန်းတို့ကြားတည်ရှိသည့် ရှည်လျားကျဉ်းမြောင်းသည့်နိုင်ငံဖြစ်ပါတယ်။ ချီလီသမ္မတနိုင်ငံတော်ဟုခေါ်တွင်သည့် တောင်အမေရိကတိုက်၏ အနောက်ဘက်ကမ်းရိုးတန်းနိုင်ငံ ရာသီဥတုအားဖြင့်လည်းကောင်း၊ မြေမျက်နှာသွင်ပြင်အားဖြင့်လည်းကောင်း၊ ထွက်ကုန်ပစ္စည်းအားဖြင့်လည်းကောင်း နိုင်ငံအတွင်း တစ်နေရာနှင့်တစ်နေရာ ခြားနားလှသည်မှာ ချီလီနိုင်ငံပင်ဖြစ်ပါတယ်။ အချို့မြို့ကြီးများသည် နယူးယောက်မြို့ကဲ့သို့ ခေတ်မီစမ်းနေလှသော်လည်း အချို့ဒေသများမှာမူ ယနေ့တိုင် လူသူမရောက်သေးသောတောကြီးများရှိ ရှိပါတယ်။ ချီလီနိုင်ငံသည် **GMT minus (Greenwich Mean Time, Time Zone Abbreviation)** ရှိသဖြင့် မိမိတို့နိုင်ငံမှသွားလျှင် အချိန်တစ်ရက်လျော့သွားတဲ့နိုင်ငံ၊ ကြေးနီသတ္တုသိုက်များဖြင့် ပေါကြွယ်ဝသော ကမ္ဘာ့ဒုတိယကြေးနီအများဆုံးထွက်တဲ့နိုင်ငံ၊ မြောက်များတွင် အတာကာမာသဲကန္တာရနှင့် တောင်ဘက်တွင် ရေခဲတောင်များရှိနေတဲ့နိုင်ငံ၊ အဖြေရှာမရသောတဲ့ ကျောက်ရုပ်တုကြီးများဖြင့် စိတ်ဝင်စားစရာ **Easter Island** ရှိတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ရပ်ကွက်များတွင်လည်း ဘောလုံးကွင်းများဖန်တီးပေးထားသဖြင့် ကိုပါကလာချန်ပီယံ၊ လက်တင်အမေရိကဘောလုံး၊ အင်အားကြီးနိုင်ငံ၊ ကြေးနီသတ္တုနိုင်ငံကြီးကျွန်းတွင် နိုင်ငံလုပ်သားများကိုကယ်တင်ရာမှ ဟောလီးဝုဒ်အတွက် ရုပ်ရှင်တစ်ကားရိုက်ကူးပေးခဲ့သည့်နိုင်ငံ၊ စပိန်ကိုလိုနီဖြစ်ခဲ့ဖူးပြီး စပိန်ဘာသာပြောသည့်နိုင်ငံလည်း ဖြစ်ပါတယ်။ ချီလီနိုင်ငံသည် စပိန်တို့လက်အောက်၌ နှစ်ပေါင်း ၃၀၀ ကျော်နေခဲ့ပြီးနောက် ၁၈၁၀ ခုနှစ်တွင် ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပါတယ်။ ကြေးစား လျှင်

သဘာဝဓာတ်သတ္တုများရှိသော်လည်း မီးသတ်တပ်ဖွဲ့သည် လစာစားဝန်ထမ်းများဖြင့် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ စေတနာ့ဝန်ထမ်းများအဖြစ် ဂုဏ်ယူစွာတာဝန်ထမ်းဆောင်နေသော တပ်မအဆင့်ထိ ဖွဲ့စည်းထားပြီး လွှတ်တော်တွင်လည်း မီးသတ်တပ်ဖွဲ့အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းပေးထားသည့်နိုင်ငံဖြစ်ပါတယ်။ ထိုနိုင်ငံသည် ၁၉၇၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ စစ်အစိုးရအုပ်ချုပ်ခဲ့သည့်နိုင်ငံ၊ ၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်မှစတင်၍ ချီလီပါလီမန်ကို ချီလီနိုင်ငံ၊ မြို့တော်ဆန်တီယာဂို၌ တည်ဆောက်ခဲ့ပြီး အောက်လွှတ်တော် အမတ် ၁၂၀ ဦး၊ အထက်လွှတ်တော် အမတ် ၃၈ ဦးရှိတယ်။ ၁၉၂၅ ခုနှစ်တွင် ပြဋ္ဌာန်းအတည်ပြုသော အုပ်ချုပ်ရေးဥပဒေအရ နိုင်ငံတော်သမ္မတကို ၆ နှစ်လျှင်တစ်ကြိမ်၊ ပြည်သူတို့မှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး အထက်လွှတ်တော်အမတ်များ၏ သက်တမ်းမှာ ၈ နှစ်ဖြစ်၍ အောက်လွှတ်တော်အမတ်များ၏ သက်တမ်းမှာ ၄ နှစ်ဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက အတည်ပြုလိုက်သောဥပဒေအရ အသက် ၂၁ နှစ်ပြည့်၍ စာရေးစာဖတ်နိုင်သော နိုင်ငံသူ၊ နိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားတဲ့နိုင်ငံ၌ကျင်းပသည့် **e-Parliament Conference** ကို တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်ပါသည်။ IPU နိုင်ငံတကာပါလီမန်များအဖွဲ့က စီစဉ်ကြီးကြပ်၍ World e-Parliament Conference ကို ၂ နှစ်လျှင်တစ်ကြိမ်ကျင်းပခြင်းဖြစ်ပါတယ်။

၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် ဗိုလ်ချုပ်ကြီးပီနိုချေး စစ်အစိုးရမှ ပါလီမန်အား ဖျက်သိမ်းခဲ့ပြီး ပီနိုချေး၏ စစ်အစိုးရနောက်ဆုံးနေ့များဖြစ်သည့် ၁၉၉၀ ပြည့်နှစ်တွင် မြို့တော်ဆန်တီယာဂို၏ အနောက်ဘက် ၁၂၀ ကီလိုမီတာအကွာရှိ **Valparaiso** ဆိပ်ကမ်းမြို့သို့ ပါလီမန်အား ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ **Valparaiso** သည် တစ်ချိန်က နိုင်ငံခြားကုန်သည်တို့ဖြင့် အလွန်စည်ကားခဲ့သော ဆိပ်ကမ်းမြို့လည်းဖြစ်ပြီး အင်္ဂလန်၊ ဂျာမန်၊ ပြင်သစ်ကုန်သည်တို့ဖြင့် စည်ကားခဲ့တဲ့မြို့ဖြစ်ပါတယ်။ အင်္ဂလန်မှရွက်လွှင့်လာရာတွင် ရေယာဉ်တည်ငြိမ်ရေး (**Ship Stability**) အတွက် အင်္ဂလန်မှကျောက်တုံးအနက်များကို ရေယာဉ်ဝမ်းဗိုက်တွင်သယ်လာပြီး **Valparaiso** တွင် အပြန်ကုန်များတင်ဆောင်လာတဲ့ ကျောက်တုံးအနက်များကို လမ်းခင်းကျောက်များအဖြစ် အသုံးချခဲ့ရာ **Valparaiso** ကမ်းနားလမ်းများတွင် အနက်ရောင်ကျောက်တုံးများဖြင့် လမ်းခင်းထားသည်ကို ကမ်းနားလမ်းတစ်လျှောက်တွင် ယနေ့တိုင်မြင်တွေ့နေရဆဲဖြစ်ပါတယ်။ ၎င်းကျောက်တုံးများသည် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးတွင် ခင်းထားတဲ့ကျောက်တုံးများနဲ့ အရောင်ရော၊ အရွယ်အစားရော အလွန်တူတယ်။ ပနားမားတူးမြောင်းဖောက်လုပ်ပြီးသည့်နှစ်မှစ၍ **Valparaiso** ၏ စည်ကားမှုလျော့နည်းလာခဲ့ပြီး တောင်အမေရိကပုလဲနက်ဟု တင်စားခံရသည့်မြို့၊ **Valparaiso** တွင် ၁၈၈၃ ခုနှစ်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းအိမ်များ၊ အဆောက်အအုံများရှိသဖြင့် UNESCO က ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတွင် သတ်မှတ်ခြင်းခံထားရသည့် နေရာတစ်ခုလည်းဖြစ်ပါတယ်။

World e-Parliament Conference အား ချီလီနိုင်ငံ၊ **Valparaiso** မြို့ရှိ အောက်လွှတ်တော်၌ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်မှ ၃၀ ရက်အထိကျင်းပခဲ့ပြီး **World e-Parliament**

Conference Report 2016 အား ဆွေးနွေးခြင်းနဲ့ပေါင်းစပ်ညှိနှိုင်း၍ အပြီးသတ်ခြင်းတို့အား ပြုလုပ်ရန်အတွက် Conference ကျင်းပနေစဉ်အတွင်း မူဝါဒရေးရာနဲ့ နည်းပညာပိုင်းဆိုင်ရာများအား တက်ရောက်လာသည့်ကိုယ်စားလှယ်များမှ ၎င်းတို့၏ အတွေ့အကြုံများ ဝေမျှနိုင်ရန်နဲ့ ICT အနေဖြင့် လွှတ်တော်၏ကိုယ်စားပြုမှုနဲ့ ဥပဒေပြုမှုစောင့်ကြည့်ခြင်း (Parliamentary Oversight) တို့ကို မည်ကဲ့သို့အထောက်အပံ့ပေးနိုင်မည့် နည်းလမ်းများအားဆွေးနွေး၍ လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၌ ပွင့်လင်းမြင်သာမှုရှိစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစိတ်ကိုတက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်။

မူဝါဒရေးရာကဏ္ဍအား ချီလီပါလီမန်စံနမူနာကြီးတွင်လည်းကောင်း၊ နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုအား ချီလီအောက်လွှတ်တော်အစည်းအဝေးခန်းမကြီး၌လည်းကောင်း သီးခြားစီခွဲ၍ တစ်ပြိုင်တည်းကျင်းပပါတယ်။ Conference သို့ နိုင်ငံပေါင်း ၅၀ ကျော်မှ လွှတ်တော်အမတ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၊ ပြင်ပလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ Conference တွင် အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်ဘာသာစကားများ အသုံးပြုကြပါတယ်။ Conference ကျင်းပတဲ့ ၃ ရက်အတွင်း မျက်နှာစုံညီဆွေးနွေးခြင်းများနဲ့ [illegible] အစည်းအဝေးဆွေးနွေးခြင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ နည်းပညာပြပွဲ [illegible] ကြပါတယ်။ [illegible] ၈ [illegible] အမျိုးသမီး ၂၇ ရာခိုင်နှုန်းနဲ့ အမျိုးသား ၇၃ ရာခိုင်နှုန်း တက်ရောက်ခဲ့ကြပါတယ်။

ချီလီကဗျာဆရာကြီး Pablo Neruda ၏ မွေးရပ်မြေဖြစ်တာကြောင့် Valparaiso သည် ထင်ရှားကျော်ကြားတယ်။ ဗိသုကာပညာရပ်အဆောက်အအုံပုံစံသမိုင်းကြောင်းနဲ့ ရေကြောင်းတိုက်ပွဲများ ယဉ်ကျေးမှုဆိုင်ရာ ပြယုဂ်များကြောင့်လည်း Valparaiso ၏ ဂုဏ်သတင်းကို ထင်ရှားစေခဲ့ပါတယ်။ တောင်အမေရိက၏ ပန်းခြံမြို့တော်များအနက် တစ်ခုအပါအဝင်ဖြစ်ကာ ရှုခင်းသာကြီး အရောင်အသွေးစုံသော နံရံဆေးရေးပန်းချီကားပေါင်း ၂၀ ကျော်ကို ၁၉၆၉ ခုနှစ်နဲ့ ၁၉၇၃ ခုနှစ်များအတွင်း၌ တက္ကသိုလ်ကျောင်းသားများက ဖန်တီးခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါ နံရံဆေးရေးပန်းချီကားများ၊ လှေကားထစ်တွင်ရေးဆွဲထားသော ပန်းချီကားများ၊ ဂရပ်ဖစ်ဒီဇိုင်းများနဲ့ မြို့တော်ကို ဖုံးအုပ်အလှဆင်ထားပါတယ်။ ၎င်းပန်းချီကားများသည် နိုင်ငံခြားသားဧည့်သည်များအား ဆွဲဆောင်ရာနေရာတစ်ခု ဖြစ်နေပြီဖြစ်ပါတယ်။

Valparaiso ရဲ့ယဉ်ကျေးမှုအမှတ်အသားများထဲမှတစ်ခုကတော့ ဒဏ္ဍာရီလာတောင်ပင် ဖြစ်ပါတယ်။ ယဉ်ကျေးမှုဆိုင်ရာ လမ်းဘေးအနုပညာ အရောင်အသွေးစုံပန်းချီကားများ၊ ဘားများ၊ စားသောက်ဆိုင်များနှင့် ဝန်းရံလျက်ရှိပါတယ်။



၁၉၀၆ ခုနှစ်ကဆောက်ခဲ့သည့် Funicular Elevator များ ၇ ခုလောက်ရှိပါတယ်။ ၁၀ ဒီဂရီခန့် မတ်စောက်ပြီး တောင်ပေါ်ကို ယင်းဓာတ်လှေကားတွေနဲ့ အလွယ်တကူတက်လို့ရပါတယ်။ တစ်ယောက်ကို ချီလီပီဆို ၁၀၀ ပေးရပါတယ်။ ချီလီလွှတ်တော်အဆောက်အအုံနဲ့ လှေကားရောက်ကိုလို ရောက်နိုင်ပါတယ်။ ချီလီလွှတ်တော်အတွင်းမှာတော့ ကြေးနီသတ္တုမိုင်းတွေကို ဂုဏ်ပြုဖော်ပြထားတဲ့ အထိမ်းအမှတ်ရုပ်တုတွေ အများကြီးရှိပါတယ်။ ချီလီပါလီမန် Chamber of Deputies သစ်သားတံခါး တံခါးဝမှာ လက်ဝါးပုံကြီးထွင်းထားပြီး အဓိပ္ပာယ်က သင်ကိုယ်တိုင်ဖွင့်ပေးနိုင်တယ်၊ ဝင်ရောက်နိုင်တယ်ဆိုတဲ့အဓိပ္ပာယ်ကိုဖော်ဆောင်ပါတယ်။ အောက်လွှတ်တော်အစည်းအဝေးခန်း သဘာပတိထိုင်ခုံအနောက်မှာတော့ သူတို့နိုင်ငံ၏ မိုင်းတွင်းများမှထွက်သော ကြေးနီပြားတွေ အချပ်လိုက်ကပ်ထားသည်ကိုတွေ့ရပါတယ်။

ချီလီ၏ အလှဆုံးမြို့ကို ပြောပါဆိုရင်တော့ သမုဒ္ဒရာကိုမျက်နှာမူထားသည့် Vina del Mar မြို့ကတော့ ဗီနိုချောင်းအနီးရောက်ထက်မှာ ဆော်စ်မြို့အဖြစ်တည်ရှိကာ အိမ်တော်ကလည်း သမုဒ္ဒရာအနားသတ်တောင်ကုန်းပေါ်မှာ ဆောက်ထားခဲ့တာတွေ့ရပါတယ်။ ၁၈၇၈ ခုနှစ်ကတည်း ဆောက်ခဲ့သော ပန်းခြံ မြေယာရှုခင်းနှင့် တောင်စောင်းမှာ တည်ဆောက်ထားသော Flower Clock ကတော့ နိုင်ငံခြားသားများကိုဆွဲဆောင်မှုအပြည့်ပေးသောနေရာတစ်ခုဖြစ်တယ်။ သမုဒ္ဒရာအနားသတ်မှာ ခုတ်ယကျွဲရုစ်ကာလ ဂျာမန်အဆောင်တပ်တွေ နေသွားတဲ့ Castillo Wulff ကိုတော့ ယခုပြတိုက်အဖြစ်ထားရှိသည်ကို တွေ့ရပါတယ်။ Valparaiso နဲ့ Vina del Mar က ကားမောင်းရင် ၄၅ မိနစ်လောက်ကြာတယ်။ Valparaiso က ရှေးဟောင်းအမွေအနှစ်နဲ့ပြည့်နေတဲ့မြို့တစ်ခုဖြစ်ပြီး Vina del Mar ကတော့ ခေတ်မီသစ်လွင်တဲ့ ဥရောပဆန်တဲ့မြို့တစ်မြို့အဖြစ်တည်ရှိနေပါတယ်။ ချီလီနိုင်ငံနှင့်မှာ ချီလီ၊ ပီရူး၊ ဘိုလီးဗီးယားတို့၏ ၁၈၇၉ ခုနှစ်မှာဖြစ်ခဲ့တဲ့ သမိုင်းဝင်ရေကြောင်းတိုက်ပွဲ (The Battle of Iquique) အထိမ်းအမှတ်ရုပ်တုကတော့ Valparaiso ရေတပ်ဌာနချုပ်နားမှာရှိပါတယ်။ ချီလီလွတ်လပ်ရေးတိုက်ပွဲတွေမှာ ပါဝင်ခဲ့တဲ့ ဗြိတိသျှစစ်သား ၄ ယောက်အတွက် အထိမ်းအမှတ်ကလည်း Valparaiso မှာ တည်ရှိပြီး ၁၉၁၀ ပြည့်နှစ်မှာ ဗြိတိသျှအသိုင်းအဝိုင်းက

အမှတ်တရတည်ဆောက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ **World e-Parliament Conference** ပြီးတဲ့နောက်ဆုံးနေ့မှာ ချီလီပါလီမန်ဥက္ကဋ္ဌ **H.E. Mr. Osvaldo Andra de** နဲ့ IPU အတွင်းရေးမှူးကို ချီလီအောက်လွှတ်တော်ရှေ့နေမှူးများနဲ့ အတူ ချီလီပါလီမန်ထမင်းစားဆောင်မှာ နေ့လယ်စာစားရင်း ချီလီပါလီမန်၏ ICT နဲ့ပတ်သက်တဲ့ လေ့လာရေးကို ဆွေးနွေးခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာနေထိုင်ခဲ့ဖူးတဲ့ ချီလီစာပေဆိုင်ရာနိုဘယ်လ်ဆုရှင် **Pablo Neruda** ရဲ့ ယခုပြတိုက်ပြုလုပ်ထားတဲ့အိမ်ကိုလည်း သွားရောက်လေ့လာပတ်ရှုခဲ့ပါတယ်။ **Pablo Neruda** ကတော့ **Valparaiso** အလှအပတွေကို မြတ်နိုးပြီး တမ်းချင်းတွေကိုပါ ရေးဖွဲ့လေ့ရှိပါတယ်။

၁၈၈၃ ခုနှစ်ပတ်ဝန်းကျင်မှာတည်ဆောက်ခဲ့တဲ့အိမ်များအနက် အင်္ဂလန်ကုန်သည်ကြီးများရဲ့အိမ်များက ပစိဖိတ်သမုဒ္ဒရာကိုမျက်နှာမူ၍ သင်္ဘောများဝင်ထွက်မှုများကို တောင်ကုန်းပေါ်ရှိ အိမ်ကနေ ထိုင်ပြီး အရသာခံကြည့်ရှုတာပဲဖြစ်ပါတယ်။ ယခုအချိန်ထိ ထိန်းသိမ်းထားတဲ့ သပ်ရပ်လှပပြီး ချစ်စရာကောင်းတဲ့ အဲဒီအိမ်တွေဟာ ချီလီကမ်းရိုးတန်းအလှအပကိုခံစားလို့ အကောင်းဆုံးနေရာများပဲဖြစ်ပါတယ်။

ချီလီမှာနေခဲ့ရတဲ့ကာလ ၁၂ ရက်စေ့မှာ ချီလီလွှတ်တော်၏ ပျူငှာလှမှု၊ နွေးထွေးမှုများက အမှတ်တရဖြစ်စေခဲ့ပါတယ်။ ကျောက်ရုပ်တုကြီးများရှိတဲ့ **Easter Island** ကို စနေ၊ တနင်္ဂနွေပိတ်ရက်မှာ လေယာဉ်ဖြင့်သွားဖို့ ကြိုးစားခဲ့ပါသေးတယ်။ သမုဒ္ဒရာထဲက ကျွန်းဆိုတော့ ရာသီဥတုမကောင်းရင်လည်း လေယာဉ်ခရီးစဉ် မရှိဘူးဆိုသဖြင့် အဲဒီကျွန်းကိုတော့ မသွားဖြစ်ခဲ့ပါ။ အဲဒီကျွန်းက **Polynesians** တွေအကြောင်းကိုတော့ ပြတိုက်မှာပဲ လေ့လာဖြစ်ခဲ့ပါတယ်။

Valparaiso မှာနေတုန်း နေ့တိုင်းလိုလို **Sultan Kebap** ဆိုတဲ့ အိန္ဒိယနွယ်ဖွားများဖွင့်ထားသည့်စားသောက်ဆိုင်မှာပဲ သွားစားဖြစ်ခဲ့ပါတယ်။ စားသောက်ဆိုင်က တည်းတဲ့ဟိုတယ်နဲ့ ကိုက် ၅၀၀၊ ၆၀၀ ခန့်ဝေးပါတယ်။ ဆိုင်မျက်နှာချင်းဆိုင်မှာ **Plaza Victoria Square** ဆိုတော့ အပန်းဖြေလာတဲ့ မိသားစုများ၊ လူငယ်များကို ကြည့်ပြီး ကျွန်တော်တို့နိုင်ငံက ပျောက်ဆုံးသွားတဲ့ **Public Area** များကို ပြန်လည်တမ်းတရတဲ့ အရသာက တစ်မျိုးဖြစ်ပါတယ်။ ဒေါ်လာနဲ့ ချီလီပီဆိုငွေလဲနှုန်းကလည်း ကျွန်တော်တို့နိုင်ငံနီးနီးလောက်ဆိုတော့ စားသောက်ရာတွင် အဆင်ပြေပါတယ်။ **Valparaiso** ကို ကြည့်ရသည်မှာ ငြိမ်းအေးလှ၏။ ရှေးဟောင်းယဉ်ကျေးမှုများ၊ နံရံပန်းချီကားများ၊ ရှေးဟောင်းအဆောက်အအုံများနဲ့ သာယာလှပပါတယ်။ တောင်အမေရိက ပုလဲနက်ကတော့ ၂၁ ရာစုရဲ့ ကြမ်းတမ်းလျှော်စီးမှုများကို အိပ်မဲ့ရုပ်ပေါ်ပါ၊ တစ်ချိန်က ဖြတ်သွားကုန်သည်များ၊ အရှေ့အနောက်သင်္ဘောများ ဝင်ထွက်ခဲ့ရာ ဆိပ်ကမ်းကတော့ ပုံမှန်ကုန်သွယ်မှုသာရှိတော့တဲ့ အနေအထားသာ ဖြစ်နေသည်ကို တွေ့ရတယ်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်တွင် ချီလီနိုင်ငံက အသွားခရီးစဉ်အတိုင်းပြန်ဖြစ်ခဲ့ပါတယ်။ ၄ နှစ်နီးပါးရှိခဲ့ပြီဖြစ်သည့် ခရီးစဉ်ပေမဲ့ တောင်အမေရိကပုလဲနက်ရဲ့ ငြိမ်သက်အေးချမ်းမှုကတော့ ရင်ထဲမှာရှိနေဆဲပဲ ဖြစ်ပါတော့တယ်။ ။

■ ကျော်ဖြိုးဦး(MPA)

ကမ္ဘာ့မြို့တော်များ (နယူးယောက်)

နယူးယောက်မြို့သည် အမေရိကန်ပြည်ထောင်စုတွင် လူဦးရေအများဆုံးမြို့တော်ဖြစ်သည်။ ၂၀၁၅ ခုနှစ် လူဦးရေစာရင်းအရ အကျယ်အဝန်း ၃၀၂ ဒသမ ၆ မိုင်တွင် လူဦးရေ ၈၃၃၆၈၁၇ ဦးနေထိုင်ကြသည်။ လူဦးရေနေထိုင်မှုအသိပ်သည်းဆုံး အဓိကမြို့ကြီးလည်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်တောင်ဘက်စွန်းတွင်ရှိပြီး နယူးယောက်မက်ထရိုပိုလီတန်နယ်မြေသည် ကမ္ဘာ့အကြီးဆုံးမြို့ပြနယ်မြေဖြစ်သည်။ နယူးယောက်မြို့တော်သည် ကမ္ဘာ့ယဉ်ကျေးမှု၊ ဘဏ္ဍာရေးနှင့် မီဒီယာမြို့တော်ဖြစ်ပြီး ကူးသန်းရောင်းဝယ်ရေး၊ ဖျော်ဖြေရေး၊ သုတေသန၊ နည်းပညာ၊ ပညာရေး၊ နိုင်ငံရေး၊ ခရီးသွားလာရေး၊ အနုပညာ၊ ဖက်ရှင်နှင့် အားကစားတို့ ကျယ်ကျယ်ပြန့်ပြန့်လွှမ်းမိုးမှုရှိသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဌာနချုပ်ရုံးစိုက်ရာမြို့ဖြစ်ပြီး နိုင်ငံတကာသံတမန်ရေးရာအတွက် အရေးအကြီးဆုံးဗဟိုဌာနတစ်ခုဖြစ်သည်။

နယူးယောက်မြို့တွင် အုပ်ချုပ်ရေးနယ်မြေခွဲပေါင်း ၅ ခုရှိ၍ The Bronx၊ ဘရွတ်ကလင်၊ မန်ဟက်တန်၊ ကွင်းစ်နှင့် စတေတန်ကျွန်းတို့ဖြစ်ကြသည်။ ၎င်းတို့ကို ၁၈၉၈ ခုနှစ်တွင် တစ်ခုတည်းသောမြို့တော်အဖြစ် ပေါင်းစည်းခဲ့သည်။ နယူးယောက်တွင် ဘာသာစကားအမျိုးပေါင်း ၈၀၀ အထိ သုံးနှုန်းပြောဆိုကြသည်။



၂၀၁၃ ခုနှစ်တွင် အမေရိကန်မြို့ပြထုတ်ကုန်စုစုပေါင်း (GMP) ဒေါ်လာ ၂ ထရီလီယံနီးပါးရှိသည်။ နယူးယောက်သည် ကမ္ဘာပေါ်တွင် [illegible] မြို့တစ်မြို့လည်း ဖြစ်သည်။ နယူးယောက်မြို့ [illegible] ဖြစ်ရာ [illegible] ၂၀၁၃ ခုနှစ်က [illegible] ဝင်ငွေ [illegible] ဖြစ်သည်။ [illegible] New York ဟု [illegible] ဖြစ်သည်။ နယူးယောက်သည် [illegible] ၁၇၉၀ ခုနှစ်မှ ၁၈၀၀ [illegible] ဖြစ်သည်။ [illegible] ဖြစ်သည်။

၂၀ ရာစုတွင် နယူးယောက်သည် [illegible] ဖြစ်သည်။ နယူးယောက်မြို့ [illegible] ၂၀၁၀ ခုနှစ် [illegible] ၁၀ ရာခိုင်နှုန်း [illegible] သည်။ ၂၀၁၃ ခုနှစ်က [illegible] ၈၃ [illegible] ၈ သိန်း ၄၀ နယူးယောက်မြို့

ထို့ပြင် လူများ၏ အသည်းပြည့်နေသည့် Times Square သည် ကမ္ဘာပေါ်တွင် အသွားအလာအများဆုံး လမ်းဆုံလမ်းခွဖြစ်သည်။ ဘရော့ဒ်ဝေးပြဇာတ်ရုံ ရပ်ကွက်၏ ထင်ရှားသောနေရာဖြစ်ပြီး ကမ္ဘာ့ ဖျော်ဖြေရေးလုပ်ငန်း၏ အဓိကကျသောနေရာဖြစ် သည်။ မင်ဟက်တန်၏ အိမ်ခြံမြေဈေးကွက်မှာ ကမ္ဘာ့ဈေးအကြီးဆုံးများထဲတွင် ပါဝင်သည်။ ထို့ပြင် နယူးယောက်သည် အမေရိကန်ပြည်ထောင်စု တွင် တရုတ်လူမျိုးများ အကြီးဆုံး နေထိုင်ရာ တည်နေရာဖြစ်ပြီး မြို့တော်တစ်ခုလုံးတွင် တရုတ် လူနေရပ်ကွက်များရှိသည်။

၂၄ နာရီ ၇ ရက်လုံး ဖွင့်ထားသော မြေအောက်ရထားဖြစ်သည့် The City That Never Sleeps ဟု အမည်တွင်သော နယူးယောက် မြေအောက်ရထားလုပ်ငန်းသည် ကမ္ဘာ့ အကြီးဆုံး မြေအောက်ရထားစနစ်ဖြစ်ပြီး ကောလိပ် ၅၀ နှင့်သည်။ နယူးယောက်တွင် တက္ကသိုလ်

နှင့် ကောလိပ်ပေါင်း ၁၂၀ ရှိရာ ကိုလံဘီယာ တက္ကသိုလ်၊ နယူးယောက်တက္ကသိုလ်၊ ရော့ခ် ဖဲလားတက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စု တွင် အကြီးဆုံး မြို့ပြပြည်သူ့တက္ကသိုလ်စနစ် ဖြစ်သော City University of New York System တို့သည်။ ပါဝင်သည်။ Lower Manhattan ရှိ Wall Street ဘဏ္ဍာရေးခရိုင်မှာ တည်ရှိရာ နယူးယောက်မြို့သည် ကမ္ဘာ့ဘဏ္ဍာ ဘဏ္ဍာရေးစင်တာနှင့် ကမ္ဘာ့ ဘဏ္ဍာရေးအား အကောင်းဆုံးမြို့တစ်မြို့ဖြစ်ပြီး ကမ္ဘာ့ စတော့ချိန်းဖြစ်သည့် အများဆုံးသော စတော့ ချိန်း ၂ ခုဖြစ်သော နယူးယောက်စတော့ချိန်း နှင့် NASDAQ တို့သည်။ တည်ရှိသည်။

နယူးယောက်မြို့သည် ကမ္ဘာ့လုပ်ငန်းကဏ္ဍ စီးပွားရေးနှင့် ကုမ္ပဏီကောင်းကယ်များအတွက် ဆုံရာဖြစ်သကဲ့သို့ ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေး၊ လက်လီလုပ်ငန်း၊ ကမ္ဘာ့ကုန်သွယ်ရေး၊ သယ်ယူ ပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ အိမ်ခြံမြေ ဆောင်ရွက်ရေး၊ ဆေးပညာနှင့် သတင်းမီဒီယာ ကြော်ငြာ၊ ဥပဒေရေးရာလုပ်ငန်းများ၊ စာရင်းကိုင် လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ပြဇာတ်ရုံများ၊ ဖက်ရှင် နှင့် အနုပညာလုပ်ငန်းများလုပ်ဆောင်ရာ ဗဟိုဌာန ကြီးတစ်ခုဖြစ်သည်။ မြင့်မားသောနည်းပညာ များလုပ်ကိုင်သည့် Silicon Alley များသည်။

ထပ်မံတိုးချဲ့ကျယ်ပြန့်လာဦးမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းမှာ နယူးယောက်မြို့၏ အသက်သွေးကြောတစ်ခုသဖွယ်ဖြစ်ပြီး နိုင်ငံတကာနှင့် ပြည်တွင်းစီးပွားရေးများပေါင်းစပ်ရာ ၂၀၁၇ ခုနှစ် [illegible] နယူးယောက်သို့ [illegible] ၁၂ သန်းမှာ အမေရိကန်ပြည်ထောင်စု [illegible] ကမ္ဘာ့ [illegible] ဖြစ်သည်။ နယူးယောက်မြို့သည် အမေရိကန် [illegible] တစ်ခုဖြစ်ပြီး ရုပ်ရှင်များ၊ ရုပ်သံဇာတ်လမ်းတွဲများ၊ တေးဂီတနှင့် အခြားမီဒီယာများကိုပါ ထုတ်လုပ်ကြသည်။ နယူးယောက်တွင် ရုပ်ရှင်ရိုက်ကူး ဖျော်ဖြေရေးလုပ်ငန်းမှာ တိုးတက်လျက်ရှိပြီး ၂၀၁၅ ခုနှစ်၊ ဒေါ်လာ ၉ ဘီလီယံနီးပါး နယူးယောက်၏စီးပွားရေးကို အထောက်အကူပြုနိုင်ခဲ့သည်။

သတင်းစာ ၂၀၀ ကျော်နှင့် မဂ္ဂဇင်း ၃၅၀ တို့မှာ နယူးယောက်တွင် ရုံးခန်းဖွင့်လှစ်ထားပြီး ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတွင် လူ ၂၅၀၀၀ ကျော် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။ The Wall Street နှင့် The New York Times ဟူသည့်

အမေရိကန်ပြည်ထောင်စု၏ စောင်ရေအများဆုံး သတင်းစာကြီး ၂ စောင်မှာ နယူးယောက်တွင် အခြေစိုက်လျက်ရှိသည်။ အမေရိကန်ပြည်ထောင်စု၏ အဓိကကျသော ရုပ်သံလွှင့်ဌာနကြီးများဖြစ်ကြသော ABC, CBS နှင့် NBC တို့မှာ နယူးယောက်တွင် အခြေစိုက်သည်။

နယူးယောက်မြို့၏ အဆင့်မြင့်ပညာရေးအဖွဲ့အစည်း၊ ၁၂၀ ကျော်တွင် ကျောင်းသား ၆၀၀၀၀၀ ကျော် စာရင်းသွင်းတက်ရောက်လျက်ရှိရာ ကမ္ဘာပေါ်ရှိ မည်သည့်မြို့ထက်မဆို ပိုမိုများပြားလျက်ရှိသည်။ နယူးယောက်မြို့၏ [illegible] ကမ္ဘာပေါ်တွင် [illegible] သည်။ [illegible] ၂၀၁၈ ခုနှစ်တွင် [illegible] ကြသည်။

■ ရွှေထက်

လွှတ်တော်အစည်းအဝေးများနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ

ကိုသီဟ

[illegible]

[illegible]

သောက်ခံသူ အရေအတွက်ကိုကြည့်ပြီး အဆိုကို လွှတ်တော်တွင် ဆွေးနွေးရန်မရှိကြောင်း ကြေညာနိုင်ပါသည်။ နည်းဥပဒေအရ အဆိုကိုဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူသော အဆင့်တွင် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ ၆ ပုံ ၁ ပုံက ဆွေးနွေးသင့်ကြောင်းထောက်ခံမှုအတွက် ရရှိရမည့်အရေအတွက်မှာ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁၀၁ ဦးရှိသဖြင့် ၆ ပုံ ၁ ပုံမှာ လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးဖြစ်ပါသည်။ ဆွေးနွေးရန်သင့်ကြောင်း၊ ထောက်ခံမဲမှာ ၂၉ မဲရှိသဖြင့် နည်းဥပဒေအရ လွှတ်တော်တွင် ဆွေးနွေးခြင်းဆောင်ရွက်ရမည့် အဆိုဖြစ်နေပါသည်။

လွှတ်တော်အစည်းအဝေးတွင် ပြောဆိုဆွေးနွေးမှုများကို လုံးစေ့ပတ်စေ့မှတ်တမ်းတင်ပြီး လွှတ်တော်အစည်းအဝေးမှတ်တမ်းထုတ်ပါသည်။ နည်းဥပဒေ ၃၉ နည်းဥပဒေခွဲ(စ)အရ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်သည် မိမိအမှန်တကယ်ပြောခဲ့သည်ကို ပြန်လည်ပြင်ဆင်ခွင့်မရှိပါ။ နည်းဥပဒေ ၄၂ နည်းဥပဒေခွဲ(ခ)၌ ဥပဒေကြမ်းတင်သွင်းသည့်ကိစ္စနှင့် ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စများမှအပ အခြားကိစ္စများတွင် နှုတ်ဖြင့်သာဆွေးနွေးပြောကြားရမည်။ ကြိုတင်ပြုစုလာသောစာတမ်းကို ဖတ်ကြားတင်သွင်းခြင်း မပြုရဟု ပြဋ္ဌာန်းထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်တွင် အကြောင်းအရာကိစ္စတစ်ရပ်အားဆွေးနွေးရာတွင် တစ်စုံတစ်ဦး၏ ပယောဂဖြင့် တစ်ပါးသူ ရေးပေးလိုက်သည်ကို ဖတ်ကြားဆွေးနွေးခြင်းမဖြစ်စေရန် ကာကွယ်ခြင်းအတွက် ရည်ရွယ်ထားခြင်းဖြစ်မည်ဟုယူဆရပါသည်။

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတစ်ခုတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အဆိုတစ်ခုအား ပါဝင်ဆွေးနွေးရာ ဖတ်ကြားဆွေးနွေးခွင့်ပြုရန် လွှတ်တော်ဥက္ကဋ္ဌအား ပန်ကြားပြီးဆွေးနွေးရာ ဆွေးနွေးနေသည့်အကြောင်းအရာများသည် ခေါင်းစဉ်နှင့်လွဲနေ၍ လွှတ်တော်ဥက္ကဋ္ဌကသတိပေးလိုက်ရာ ဆွေးနွေးနေသူသည် ဆက်၍မဆွေးနွေးနိုင်တော့ဘဲ နိဂုံးချုပ်လိုက်ရသည့် အခြေအနေဖြစ်ခဲ့ပါသည်။ အလားတူ ဒုတိယအကြိမ်အချို့သောလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးနေသည့်လွှတ်တော်ကိုယ်စားလှယ်သည် ဆက်လက်၍ မဆွေးနွေးတတ်တော့သည်ကို တိုက်ရိုက်ထုတ်လွှင့်မှု၌ တွေ့လိုက်ရပါသည်။

လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြောကြားရာ၌ စကားလုံးအသုံးအနှုန်းများလည်း အရေးကြီးပါသည်။ ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတစ်ခုတွင် ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်၊ ကရင်ပြည်သူ့ပါတီမှ ဦးစောထွန်းအောင်မြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးဆွေးနွေးပွဲအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသော ၆ ပွင့်ဆိုင် ၆ ဦးတွေ့ဆုံမှုအစား မြန်မာနိုင်ငံ၏ အဓိကတိုင်းရင်းသားမျိုးနွယ်စုကြီးများ၏ ကိုယ်စားလှယ်များအပါအဝင် ၁၂ ပွင့်ဆိုင် ၁၂ ဦးတွေ့ဆုံဆွေးနွေးသင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့တင်ပြရန် အဆိုကို အရေးကြီးအဆိုအဖြစ် လွှတ်တော်သို့ တင်သွင်းလာပါသည်။ လွှတ်တော်ဥက္ကဋ္ဌက အရေးကြီးအဆိုကို လွှတ်တော်သို့ ဖတ်ကြားတင်ပြရာတွင် ကရင်ပြည်သူ့ပါတီ ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ဟုသာ ဖတ်ကြားသွားပါသည်။ လွှတ်တော်ရုံးနှင့

ချိန်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်ဥက္ကဋ္ဌကို လွှတ်တော်သို့ အရေးကြီးအဆို ဖော်ကြားသွားရာတွင် ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်ဟုသာ ဖော်ပြသွားကြောင်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးရာထူးမပါရှိကြောင်းပြောကြားရာ လွှတ်တော်ဥက္ကဋ္ဌက ဦးစောထွန်းအောင်မြင့်မှာ ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်ခြင်းခံရသဖြင့် အလိုအလျောက် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဖြစ်လာကြောင်း၊ ယနေ့အရေးကြီးအဆိုတင်သွင်းရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်သွင်းခြင်းမဟုတ်ဘဲ ကရင်ပြည်သူ့ပါတီမှ ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်အနေဖြင့် တင်သွင်းခြင်းဖြစ်၍ ရာထူးအား တမင်ချန်ထားပြီး လွှတ်တော်သို့ ဖော်ကြားတင်ပြခြင်းဖြစ်ကြောင်း ပြောပါသည်။ အဆိုကို လွှတ်တော်တွင် ဆွေးနွေးသောအခါ ဥပဒေအဖွဲ့ရလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးရာတွင် အရေးကြီးအဆိုကို တင်သွင်းသူမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးက တင်သွင်းခြင်းဖြစ်၍ တိုင်းဒေသကြီးအစိုးရနှင့် ဆက်စပ်နေမလားဟူသော ဆွေးနွေးချက်ပါလာပါသည်။ ထိုအခါ လွှတ်တော်ဥက္ကဋ္ဌက အရေးကြီးအဆိုကို လွှတ်တော်သို့ဖော်ကြားစဉ်က ကရင်ပြည်သူ့ပါတီ၊ ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်ဟုသာ သုံးနှုန်းခဲ့ကြောင်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး အသုံးအနှုန်းမပါရှိကြောင်း ပြန်လည်ရှင်းလင်းလိုက်ပါသည်။

လွှတ်တော်အစည်းအဝေးတွင် အကြောင်းအရာကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ ဆန္ဒမဲလက်မှတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးရာတွင် ပထမအကြိမ် လွှတ်တော်ကာလတွင်လည်းကောင်း၊ ဒုတိယအကြိမ်လွှတ်တော်ကာလတွင်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆန္ဒမဲလက်မှတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးရာတွင် နာယကများကိုယ်တိုင်ဆင်း၍ မဲပေးခဲ့ကြောင်း သတင်းများတွင်တွေ့ရှိရပါသည်။ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေနည်းဥပဒေ ၃၁ ဥက္ကဋ္ဌက တာဝန်နှင့် လုပ်ပိုင်ခွင့်များနည်းဥပဒေ၌ (စ) တွင် လွှတ်တော်အစည်းအဝေးများ မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သက်ဆိုင်ရာဥပဒေများတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲပေးခြင်းမပြုရဘဲ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ ဆန္ဒမဲအရေအတွက်ချင်းတူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးခြင်းဟု ပြဋ္ဌာန်းထားပါသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၄) ဥပဒေပြုရေး ပုဒ်မ ၈၆ ပုဒ်မခွဲ (ခ) တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက၊ သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်းတူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်ဟု ပြဋ္ဌာန်းထားသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ဆန္ဒမဲပေးသည့်ကိစ္စရပ်တွင် လွှတ်တော်ဥက္ကဋ္ဌ၊ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် မဲပေးလိုက်ပါက ထောက်ခံဆန္ဒမဲနှင့်ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်းတူညီနေချိန်တွင် အနိုင်မဲပေးခွင့်မရှိတော့ပါ။ ဆန္ဒမဲပေးသည့်လုပ်ငန်းစဉ်အားလုံး ရှုပ်ထွေးကုန်မည်ဖြစ်ပါသည်။

ပထမအကြိမ်လွှတ်တော်သက်တမ်းကာလက NGOနှင့် INGOများပြုလုပ်သောဆွေးနွေးပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်အချို့က ဥပဒေပြုလွှတ်တော်တွင် ဥပဒေနှင့်သက်ဆိုင်သောဘွဲ့ မရှိသောကြောင့်၊ ဥပဒေပညာမတတ်ကျွမ်းသောကြောင့် အခက်အခဲရှိကြောင်း ဆွေးနွေးပြောဆိုကြပါသည်။ ဥပဒေအဖြစ် အာဏာမသက်ရောက်သေးသည့်ဥပဒေကြမ်း (Bill) ကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့်လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်အတည်ပြုလိုက်ခြင်းဖြင့် အာဏာသက်ရောက်သည့် ဥပဒေ (Law) ဖြစ်သွားသည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ လွှတ်တော်တွင်ဆွေးနွေးရာတွင်လည်း လူထုကိုယ်စားလှယ်များက လူထုအကျိုးအတွက်ရည်ရွယ်၍ ဆွေးနွေးရန်သာဖြစ်ပါသည်။ ဥပဒေပြုလွှတ်တော်ဆိုသည့် အသုံးအနှုန်းကြောင့် ဥပဒေပြုရေးသားနိုင်ရန် ဥပဒေပညာတတ်ကျွမ်းရမည်မဟုတ်ပါ။ အင်္ဂလိပ်ဘာသာဖြင့် အခေါ်အဝေါ်မှာ ပိုမိုရှင်းလင်းပါသည်။ ဥပဒေကြမ်းရေးဆွဲပြုစုသူကို **Drafter** ဟုခေါ်ပါသည်။ ဥပဒေကြမ်းရေးဆွဲသူသည် ဥပဒေပညာတတ်ကျွမ်းသူဖြစ်ရန်လိုအပ်ပါသည်။ ဥပဒေပြုလွှတ်တော်ကို **Legislative Assembly**၊ သို့မဟုတ် **Legislative body** ဟုလည်းခေါ်ပါသည်။ အာဏာမသက်ရောက်သေးသောဥပဒေကြမ်း (Bill) ကို အာဏာသက်ရောက်သည့်ဥပဒေ (Law) အဖြစ် လွှတ်တော်တွင် ဆွေးနွေးပြဋ္ဌာန်းသူကို **Lawmaker** သို့မဟုတ် **Legislator** ဟုခေါ်ပါသည်။ ယင်းတို့မှာ ဥပဒေပြုလွှတ်တော်အတွက် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်အမတ်များဖြစ်ကြပါသည်။

ဆက်စပ်၍ လွှတ်တော်ဥက္ကဋ္ဌကို **The Speaker** ဟုရေးမှုသာရေးထုံးအမှန်ဖြစ်ပါသည်။ **Capital letter 'S'** ဖြင့်ရေးရပါသည်။ **Speaker** မှာ စကားပြောသူသာအဓိပ္ပာယ်ရပါသည်။ လွှတ်တော်ဥက္ကဋ္ဌကျယ်လွန်ခြင်း၊ သို့မဟုတ် တာဝန်မှနုတ်ထွက်ခြင်းစသည်ဖြင့် လွှတ်တော်ဥက္ကဋ္ဌလစ်လပ်မှုဖြစ်ပါက ဒုတိယဥက္ကဋ္ဌသည် အလိုအလျောက် ဥက္ကဋ္ဌဖြစ်မလာပါ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးထဲမှ လွှတ်တော်ဥက္ကဋ္ဌကို ပြန်လည်ရွေးကောက် တင်မြှောက်ရမည်ဖြစ်ပါသည်။

ဒုတိယအကြိမ်လွှတ်တော်များကာလတွင် လွှတ်တော်ကိုယ်စားလှယ်အချို့ ပြင်ပတွင်ဖြစ်ပွားသော အမှုအခင်းကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ ဖမ်းဆီးခြင်းနှင့်ပတ်သက်ပြီး လူမှုကွန်ရက်တွင် တွေ့မြင်ရသောသတင်းများအရ အမျိုးမျိုးဖြစ်ပေါ်နေသည်ကို တွေ့မြင်ကြားနေရပါသည်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂ လွှတ်တော်ကိုယ်စားလှယ်များရပိုင်ခွင့်နှင့် အခွင့်အရေးများတွင် 'လွှတ်တော်အစည်းအဝေးတက်ရောက်နေစဉ်အတွင်း၊' 'လွှတ်တော်အဖွဲ့ အစည်းတစ်ရပ်ရပ်၏ အစည်းအဝေးတက်ရောက်နေစဉ်အတွင်း၊' စသောစာပိုဒ်များဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ၁၂ နည်း၊ ဥပဒေခွဲ(က) တွင် လွှတ်တော်အစည်းအဝေးတက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက် မရရှိပါက (၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊ (၂) တရားရုံးတစ်ခုခုက သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှကင်းလွတ်ခွင့်ရှိခြင်းဟုဖော်ပြထားပါသည်။

ဥပဒေတွင်ပြဋ္ဌာန်းထားသည့် စာသားများ ရှင်းလင်းပါသည်။ လွှတ်တော်အစည်းအဝေးတက် ရောက်နေသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကို လွှတ်တော်ဥက္ကဋ္ဌအား ကြိုတင်အသိပေးထား ခြင်းမရှိဘဲ လွှတ်တော်အစည်းအဝေးတွင် ဝင် ရောက်ဖမ်းဆီးပါက လွှတ်တော်အစည်းအဝေး အတွင်း ရှုပ်ရှက်ခတ်သည့်အခြေအနေ ဖြစ်ပေါ်ပါ မည်။ လွှတ်တော်အစည်းအဝေးကိုကြီးမှူးကျင်းပ နေသော လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်မှုကို မလေးမစားပြုရာအခြေအနေမျိုး မဖြစ်စေရန် ကြိုတင်ကာကွယ်ထားသည့် အခြေအနေဖြစ်ပါ သည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဥပဒေအရ မလွှဲမရှောင်သာဖမ်းဆီးရန်အခြေ အနေမျိုးဖြစ်လာပါက လွှတ်တော်ဥက္ကဋ္ဌအား သက်ဆိုင်ရာအဖွဲ့က ကြိုတင်အသိပေးထားပါ လျှင် လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် လွှတ်တော် အစည်းအဝေးတွင် ရှုပ်ရှက်ခတ်သည့်အခြေအနေမျိုး မဖြစ်စေဘဲ စီမံပေးနိုင်ရန်ဖြစ်ပါသည်။ လွှတ်တော် ဥက္ကဋ္ဌဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်စေ ဥပဒေဘောင်ကိုကျော်လွန်၍ ရရှိပေးထားသော အခွင့်အရေးတစ်ရပ်မဟုတ်ပါ။ နည်းဥပဒေ၏ (င) အရ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့ အစည်းများ၏ အစည်းအဝေးများသို့တက်ရောက် ခွင့်ရှိခြင်းမှာလည်း လွှတ်တော်ကိုယ်စားလှယ်မှာ ပြစ်ဒဏ်စီရင်ခြင်းမခံရသေးသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်ခြင်း၊ ယင်းကိုယ်စားပြုသော မဲဆန္ဒနယ်ပြည်သူလူထု၏ အကျိုးမထိခိုက်စေရေးအတွက် အခြေအနေ အရပ်ရပ်ပေါ်တွက်ဆချင့်ချိန်၍ လွှတ်တော်ဥက္ကဋ္ဌ က ခွင့်ပေးနိုင်ရန် ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် နိုင်ငံ တော်အတွက်လည်းကောင်း၊ နိုင်ငံသားတိုင်းရင်း သားလူမျိုးများအတွက်လည်းကောင်း ကောင်းမွန် သော နိုင်ငံတော်ထူထောင်တည်ဆောက်နိုင်ရေး နိုင်ငံသားတိုင်းရင်းသားလူမျိုးများ အကျိုးဖြစ် ထွန်းစေရေးတို့ကို ရည်ရွယ်ပြီး အုပ်ချုပ်မှုစနစ် အမျိုးမျိုးဖြင့်ဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံတော် တွင် ရေရှည်အကျိုးရှိပြီး ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာစေရေးအတွက် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားညီလာခံဖြင့် ဆောင် ရွက်ခဲ့ပါသည်။ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစားအဖွဲ့အစည်း များမှပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင်များပါဝင်ခဲ့ကြ ပြီး ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါ သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တွင် ဥပဒေပြုလွှတ်တော်များ၊ အစိုးရအဖွဲ့များ၊ တရား လွှတ်တော်များဖြစ်ပေါ်လာသည်မှာ သက်တမ်း ၂ ကြိမ်ပြည့်လုပြီဖြစ်ပါသည်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသား နိုင်ငံရေးအတွက် ပါဝင်တာဝန်ထမ်းဆောင်ကြ ရပါသည်။

မြန်မာနိုင်ငံတော်တွင် ဗြိတိသျှကိုလိုနီဘဝ ကျရောက်ခဲ့ရာမှ လွတ်လပ်ရေးရရှိရန် မျိုးချစ် လူငယ်များ ပြည်သူလူထုတို့အား နှိုးဆော်ခဲ့သည့် စိတ်ဓာတ်မြှင့်တင်ခဲ့သည့် အဓိကစွမ်းဆောင်ခဲ့ သော အင်အားမှာ မျိုးချစ်စိတ်၊ အမျိုးသားရေး စိတ်ဓာတ်ပင်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော် တွင် တွေ့ကြုံခဲ့ရသောနိုင်ငံရေး၊ စစ်ရေးအကျပ် အတည်းများကြားမှ အခက်အခဲများကိုကျော်လွှား

အောင်မြင်စေနိုင်သောအဓိကအင်အားမှာ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ပင်ဖြစ်ပါသည်။

၂၀ ရာစုတွင် ကမ္ဘာပေါ်ရှိနိုင်ငံငယ်များသည် အစ္စရေးနိုင်ငံကိုအားကျခဲ့ကြသည်။ အစ္စရေးနိုင်ငံသည် ယင်းကိုလိုလားခြင်းမရှိသော အာရပ်နိုင်ငံများအကြားတွင် ယနေ့တိုင်ထည်ဝါစွာရပ်တည်နေလျက်ရှိပါသည်။ လူအင်အားများပြားသောအာရပ်နိုင်ငံများစုစည်း၍ စစ်ပြုမှုကိုလည်း အကြိမ်ကြိမ် အောင်မြင်စွာရင်ဆိုင်နိုင်ခဲ့သည်။ ထိုသို့သောအခြေအနေမျိုးရှိသည့် အစ္စရေးနိုင်ငံကိုကြည့်ပါက နိုင်ငံတော်၏နား မျက်စိဖြစ်သော အစ္စရေးထောက်လှမ်းရေးအဖွဲ့၊ မော့ဆက်ထောက်လှမ်းရေးအဖွဲ့သည် ကမ္ဘာ့နိုင်ငံကြီးများ၏ထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် ရင်ပေါင်တန်းနိုင်သော အရည်အချင်းရှိသည့်ထောက်လှမ်းရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ အစ္စရေးတပ်မတော်မှာလည်း လေ့ကျင့်မှုပြည့်ဝခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ တိုက်ရည်ခိုက်ရည်ကောင်းခြင်းစသည့်အရည်အချင်းပြည့်ဝသော တပ်မတော်ဖြစ်သည့်အပြင် ခေတ်မီလက်နက်များတပ်ဆင်ထားသောတပ်မတော်ဖြစ်ပါသည်။ ထို့ပြင် အစ္စရေးနိုင်ငံအတွက် ယခုကဲ့သို့ ထည်ဝါစွာရပ်တည်နေနိုင်ခြင်း၏ အဓိကမောင်းနှင်နေသောစွမ်းအားမှာ တစ်နိုင်ငံလုံး၏ တစ်စိတ်တစ်ဝမ်းတည်းညီညွတ်သောအမျိုးသားရေးစိတ်ဓာတ်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ယခုအခါလစ်ဘရယ်ဝါဒီတို့၏လှုံ့ဆော်မှုကြောင့် အမျိုးသားရေး၊ မျိုးချစ်စိတ်ကို မှားယွင်းစွာပစ်ပယ်မှုများရှိနေပါသည်။ မြန်မာ့တပ်မတော်သည် ဒီမိုကရေစီခေတ်လွှတ်တော်အသီးသီးတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များပါဝင်နေ၍ အမျိုးသားနိုင်ငံရေးပါဝင်ဆောင်ရွက်နေရသည်။ တပ်မတော်၏မူလတာဝန်စစ်ဘက်တာဝန်များ မလစ်ဟင်းအောင် တာဝန်ထမ်းဆောင်နေရသည့်သဘောက တိုင်းရင်းသားပြည်သူလူထုတွင်ကျရောက်သည့် သဘာဝဘေးအန္တရာယ်ကိစ္စရပ်များတွင်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိနေရပါသည်။ တပ်မတော်၏အမျိုးသားရေးဆောင်ရွက်မှုများကို ပြည်သူလူထုအတွင်း အားပေးထောက်ခံမှုများလည်း တိုးတက်လာနေသည်ကိုတွေ့ရှိနေရပါသည်။

မြန်မာနိုင်ငံသည် လူဦးရေများပြားသောနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ နိုင်ငံအကျယ်အဝန်းအရွယ်အစားနှင့် လူဦးရေအချိုးအစားမမျှတဘဲ လူဦးရေပေါက်ကွဲနေသည့်နိုင်ငံကလည်း အနီးကပ်တည်ရှိနေပါသည်။ ထိုသို့သောအခြေအနေတွင် အစွမ်းထက်မြက်သော၊ နိုင်ငံတော်၏နား မျက်စိဖြစ်သော နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်း၊ စည်းလုံးညီညွတ်၍ စွမ်းရည်ပြည့်ဝသော မြန်မာ့တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းရှိသော ပြည်သူလူထု၏ အမျိုးသားရေး၊ မျိုးချစ်စိတ်ဓာတ်စွမ်းအားတို့မှာ အဓိကအကျဆုံးသော အခြေခံစွမ်းအား ၃ ရပ်ဖြစ်ပါတော့သည်။

- အစိုးရသည် နိုင်ငံရေးရည်မှန်းချက်ကို ပြဋ္ဌာန်းရာ၏။
- စစ်တပ်သည် နိုင်ငံရေးရည်မှန်းချက်ကို နည်းလမ်းရှာအကောင်အထည်ဖော်ရာ၏။
- ပြည်သူလူထုသည် စစ်ပွဲ၏အဓိကအပိုင်းနှင့်တူသော မောင်းနှင်ရာစိတ်တန်ခိုးဖြစ်ရာ၏။

(ကားလ်ဗွန်ကလော့စဗစ်)

■ ကိုသီဟ

သိပ္ပံပညာရှင်များ ရှာဖွေနေသော
အငယ်ဆုံးအမှုန်များ



[illegible]

ဟုမေးလျှင် ထပ်မံခွဲစိတ်၍မရနိုင်သည့်အထိ အသေးငယ်ဆုံးအရာကို အခြေခံအမှုန် (Fundamental Particle) ဟု ခေါ်ပါသည်။ လူသားတို့သည် အက်တမ် (Atom) ဟုခေါ်သောအရာကို တွေ့ရှိခြင်းမှစ၍ အခြေခံအမှုန်များကို ရှာဖွေလေ့လာခဲ့ကြသည်။ အက်တမ်တွင် နျူကလိယ (Nucleus) ဟုခေါ်သည့် ဗဟိုဆံကလေးကို အီလက်ထရွန်များက ပတ်နေကြောင်း သိရှိလာကြသည်။ ထိုနျူကလိယကို ထပ်မံခွဲစိတ်လေ့လာသည့်အခါ ပရိုတွန် (Proton) ဟုခေါ်သည့် လျှပ်စစ်အဖိုဆောင် (Positive charge) အမှုန်နှင့်နျူထရွန် (Neutron) ဟုခေါ်သည့် လျှပ်စစ်မဲ့အမှုန်တို့ ပါဝင်ကြောင်း သိလာကြသည်။

ထိုနျူကလိယတွင် ပါဝင်သည့် ပရိုတွန်နှင့် နျူထရွန်တို့ကိုလေ့လာရာမှ သန့်စင်ထားသော ယူရေနီယံနျူကလိယကို နျူထရွန်အမှုန်နှင့် တိုက်ကြည့်ရာ နျူကလိယကွဲကြခြင်းဖြစ်စဉ် (Nuclear Fission) ကိုတွေ့ရပြီး လွန်စွာစွမ်းအင်ကြီးမားသည့် အဏုမြူစွမ်းအင်ကိုထုတ်လုပ်လာနိုင်ကြောင်း လက်တွေ့စမ်းသပ်လာကြကာ အဏုမြူစွမ်းအင် (Nuclear Energy) ခေတ်ကိုရောက်ရှိလာကြသည်။

သို့ရာတွင် ပညာရှင်များသည် ဤမျှနှင့် မကျေနပ်နိုင်သေးပေ။ ထိုပရိုတွန်အမှုန်၊ နျူထရွန်အမှုန်တို့ကို ထပ်မံခွဲစိတ်လျှင် ငယ်သည့်အမှုန်များ ထပ်တွေ့ရမလဲဟု သိရှိလိုစိတ်ပြင်းပြလာကြပါသည်။ ထို့ကြောင့် ပရိုတွန်နှင့် နျူထရွန်တို့တွင် ငယ်သည့်အမှုန်များနှင့် ဖွဲ့စည်းထားကြောင်း လေ့လာရာမှ အခြေခံအမှုန် ကွပ်ခ် (Quark) ဟု ခေါ်သည့် အမှုန်ငယ်များကို ထပ်မံတွေ့ရှိလာပြန်ပါသည်။ ထိုသို့ဖြင့် အခြေခံအမှုန်များအကြောင်းကို အသေးစိတ်လေ့လာသည့် Elementary particle physics ဘာသာရပ်ကို စိတ်ဝင်စားလာကြပါသည်။ ထိုသို့ အလွန်သေးငယ်သည့် အမှုန်များကိုရရှိရန် အလွန်အင်အားကြီးသော အမှုန်အရှိန်ပေးတိုက်သည့်စက် (High Energy Accelerator) များကိုအပ်လာပါသည်။ ဥပမာ ခန်ပေသီးတစ်လုံးသည် သာမန်အားဖြင့် ရိုက်ခွဲပါက အမှုန် ၄၊ ၅ ခုလောက် ကွဲကြေသွားပါမည်။ ထိုအမှုန် ၄၊ ၅ ခုသည် ခန်ပေသီး၏ငယ်သောအမှုန်များ ဖြစ်ပါသည်။ သို့သော် ၎င်းခန်ပေသီးကို အလွန်ကြီးမားသောတူဖြင့် အားပြင်းပြင်းထုရိုက်ပါက လွန်စွာသေးငယ်သော အမှုန်ငယ်များ အလွန်များပြားစွာရပါလိမ့်မည်။ ထိုအမှုန်ငယ်များသည် ယခင်ကွဲထွက်လာသောအမှုန်များထက် များစွာငယ်သော ခန်ပေသီး၏ သေးငယ်သော အမှုန်များထပ်ဖြစ်လာပါသည်။ ထို့ကြောင့် အလွန်အားပြင်းသောအရာနှင့် ပစ်ခတ်တိုက်ရိုက်လိုက်သောအခါ အတိုက်ခံရသောဖြပ်မှုန်သည် အလွန်ငယ်သောအမှုန်များအဖြစ်ကွဲကြေသွားပြီး အခြေခံ



အမှုန်များ ထွက်လာပါတော့သည်။ ထို့ကြောင့် အက်တမ်တွင်ပါဝင်သော ပရိုတွန်၊ နျူထရွန်အမှုန်များကို လွန်စွာအရှိန်ပြင်းသော အမှုန်အရှိန်မြှင့်စက်ထဲတွင်ထည့်၍ တစ်ခုနှင့်တစ်ခုတိုက်မိစေသောအခါ အလွန်သေးငယ်သောအမှုန်များထွက်လာပါသည်။ ထို့ကြောင့် အသေးဆုံးအမှုန်ကို လက်တွေ့လေ့လာရန် အလွန်ပြင်းသောအားများဖြင့် တိုက်ရပါသည်။ ၎င်းအားဖြင့် တိုက်၍ရရှိသော အမှုန်အကြောင်းလေ့လာသည့်ဘာသာရပ်ကို **High Energy Physics (HEP)** ဟုလည်း တချို့က ခေါ်ပါသည်။

ယခုအခါတွင် အသေးဆုံးအမှုန်များကို လေ့လာရာတွင် သီအိုရီအရ တွက်ချက်၍လေ့လာနေသည့် ရူပဗေဒပညာရှင်များနှင့် အထက်ဖော်ပြပါ အလွန်စွမ်းအင်ကြီးသည့် အမှုန်အရှိန်မြှင့် တိုက်စက်များနှင့် လက်တွေ့လေ့လာနေသည့် ရူပဗေဒပညာရှင်များပူး၍ အချိန်နှင့်အမျှ အခြေခံအမှုန်များကို ကျွမ်းကျင်ကြိုးစား၍ သိပ္ပံပညာရှင်များမှ အချိန်ပြည့်လေ့လာနေကြပါသည်။

ယခုအချိန်ထိ အခြေခံအမှုန်တစ်မျိုးဖြစ်သော ကွပ်ခ် (Quark) ၆ မျိုး တွေ့ရှိထားပါသည်။ ၎င်းတို့မှာ အပ်ကွပ်ခ် (Up quark) ဒေါင်းကွပ်ခ် (Down quark) စထရိန့်ချ်ကွပ်ခ် (Strange quark) ချမ်းကွပ်ခ် (Charm quark) ဘော်တမ်ကွပ်ခ် (Bottom quark) နှင့် တော့ပ်ကွပ်ခ် (Top quark) ဟူ၍ ခွဲခြားထားပါသည်။ အတိုကောက်အားဖြင့် u, d, s, c, b, t ဟူ၍ ခေါ်ပါသည်။

ပရိုတွန်အမှုန်ကို လေ့လာသည့်အခါ အဆိုပါ Quark ၆ ခုမှ u ဟုခေါ်သည့် Up quark နှစ်လုံးနှင့် d ဟုခေါ်သည့် Down quark တစ်လုံးဖြင့်ဖွဲ့စည်းထားကြောင်း တွေ့ရှိလာရပါသည်။ ထို့ကြောင့် ပရိုတွန်သည် အခြေခံအမှုန်မဟုတ်တော့ပါ။ ပရိုတွန်တစ်လုံးတွင် u + u + d ဟုခေါ်သည့် အမှုန်တို့ဖြင့် ဖွဲ့စည်းထားပါသည်။

Table 1

Quark	Symbol	Electric charge	Single-quark mass (MeV*)
Down	*d*	$-\frac{1}{3}$	5
Up	*u*	$+\frac{2}{3}$	3
Strange	*d*	$-\frac{1}{3}$	104
Charm	*u*	$+\frac{2}{3}$	1,270
Bottom	*b*	$-\frac{1}{3}$	4,200
Top	*t*	$+\frac{2}{3}$	171,200

* million electron volts



Baryon (proton, p^{+})   Meson (negative pion, π^{-})

Proton = u + u + d

Charge = $(\frac{2}{3}e + \frac{2}{3}e - \frac{1}{3}e)$
= + 1 e = + 1 x 1.6 x 10^{-19} coulomb (1 e = 1.6 x 10^{-19} coulomb)

အထက်ပါတွက်ချက်မှုအရ ပရိုတွန်သည် အဘယ်ကြောင့် လျှပ်စစ်အဖိုဓာတ်ဆောင်နေရသည်ကို တွေ့ရှိလာရပါသည်။ ထိုနည်းတူစွာပင် နျူထရွန်ကိုခွဲစိတ်ရာတွင် d ဟုခေါ်သည့် Down quark နှစ်လုံးနှင့် u ဟုခေါ်သည့် Up quark တစ်လုံးဖြင့်ဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်။

$$\text{Neutron} = d + d + u$$
$$\text{Charge} = \left(-\tfrac{1}{3}e - \tfrac{1}{3}e + \tfrac{2}{3}e\right) = 0$$

ထို့ကြောင့် နျူထရွန်သည် လျှပ်စစ်သဘောမရှိသောအမှုန် ဖြစ်နေခြင်းကို တွေ့ရပါသည်။ နျူထရွန်ကို ၁၉၃၂ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး ရူပဗေဒပညာရှင် Sir James Chadwick (1891 – 1974) က စတင်တွေ့ရှိခဲ့ပါသည်။ ၁၉၃၅ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ရရှိခဲ့ပါသည်။ တစ်ခုထူးခြားသည်မှာ ပရိုတွန်နှင့် နျူထရွန်တွင်ပါဝင်သော Quark အမှုန်တစ်ခုချင်းကိုပေါင်းသည့် ဒြပ်ထုသည် ပရိုတွန်နှင့် နျူထရွန်၏ဒြပ်ထုနှင့်မတူညီကြောင်း တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ Quarks အချင်းချင်းကြား ပြင်းအားသက်ရောက်မှုကြောင့် ပေါ်ပေါက်သော အမှုန် ဂလူအွန် (Gluon) အမှုန်များနှင့် QCD ဟုခေါ်သည့် Quantum chromodynamics နှင့် QED ဟုခေါ်သည့် Quantum electro-dynamics တို့ကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

နျူကလီးယားရူပဗေဒတွင် ဒြပ်ထုကို ကီလိုဂရမ်ဖြင့် မဖော်ပြပါ။ MeV/C^2 ဖြင့်သာ ဖော်ပြပါသည်။ အဓိပ္ပာယ်မှာ အိုင်းစတိုင်း၏ ညီမျှခြင်း $E = mc^2$ မှ $m = \frac{E}{c^2}$ ကို အခြေခံခြင်း ဖြစ်ပါသည်။ E သည် စွမ်းအင်ဖြစ်ပြီး ၎င်း၏ ယူနစ်ကို electron volt (eV)၊ MeV (Mega electron volt) ဖြင့် တိုင်းပါသည်။ စွမ်းအင်ကို အလင်းအလျင် ၂ ထပ်နှင့်စားပါက ဒြပ်ထုယူနစ်ရပါသည်။ အလင်းအလျင်သည် ၁ စက္ကန့်တွင် 3×10^8 meter ခရီးရောက်ပါသည်။

Up quark နှင့် Down quark၊ Strange quark တို့ကို ၁၉၆၈ ခုနှစ်တွင် စတန်းဖို့ဒ်အရှိန်မြှင့်စက် (Stanford Linear Accelerator – SLAC) မှ ရှာဖွေတွေ့ရှိခဲ့ပါသည်။ Charm quark ကို ၁၉၇၄ ခုနှစ်တွင် အမေရိကန်ရူပဗေဒပညာရှင် Burton Richter နှင့် အဖွဲ့ကတွေ့ရှိခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ရူပဗေဒနိုဘယ်လ်ဆုကို ရရှိခဲ့ပါသည်။ Bottom quark ကို ၁၉၇၇ ခုနှစ်တွင် အမေရိကန်ရူပဗေဒပညာရှင် Leon Max Lederman နှင့် Martin Lewis Perl တို့ကလေ့လာတွေ့ရှိခဲ့ကြပါသည်။ Bottom quark ကို Beauty quark ဟုလည်း ခေါ်ကြပါသည်။

ယခုကဲ့သို့ Quark အမှုန်များတွေ့ရှိလာပြီးနောက် အခြားသော ပရိုတွန်၊ နျူထရွန်ကဲ့သို့ အမှုန်များ ကြယ်ငွာအတွင်းတွင် ရှိနေနိုင်သည်ကို လေ့လာခဲ့ကြပါသည်။ ထိုအခါ အမှုန်များ (Particles) ကို များစွာတွေ့ရှိလာပါသည်။ ထိုအမှုန်များကိုအုပ်စုခွဲ၍ လေ့လာကြည့်ပါက Quark (၃)လုံးနှင့် ဖွဲ့စည်းထားသောအမှုန်များကို ဘေရွန်အမှုန်များ (Baryon particles) ဟု ခေါ်ပါသည်။ ၎င်းဘေရွန်အမှုန်အများမှာ 'ဆစ်ဂမာ'အမှုန်များ (Sigma particles) ($\Sigma^-\Sigma^0\Sigma^+$)၊ 'ဆိုင်'အမှုန်များ (Xi particles) (Ξ^0, Ξ^-)၊ အိုမီဂါအမှုန် (Omega particle) (Ω) များဖြစ်ကြပါသည်။ ထိုကဲ့သို့ Quark ၃ လုံးဖြင့် ဖွဲ့စည်းထားသောအမှုန်များကို ဘေရွန်အမှုန်များ

Mesons $q\bar{q}$
Mesons are bosonic hadrons
These are a few of the many types of mesons.

Symbol	Name	Quark content	Electric charge	Mass GeV/c^2	Spin
π^+	pion	$u\bar{d}$	+1	0.140	0
K^-	kaon	$s\bar{u}$	−1	0.494	0
ρ^+	rho	$u\bar{d}$	+1	0.776	1
B^0	B-zero	$d\bar{b}$	0	5.279	0
η_c	eta-c	$c\bar{c}$	0	2.980	0

အုပ်စု (Baryon particles) ဟုခေါ်ကြသည်။ ပရိုတွန်နှင့်နျူထရွန်သည် ဘေရွန်အုပ်စုဝင်အမှုန်များဖြစ်ကြပါသည်။

အမှုန်တစ်ခုတွင် ဆန့်ကျင်ဘက်အမှုန်တစ်ခုရှိပါသည်။ ၎င်းကို **anti-particle** ဟုခေါ်ပါသည်။ ဥပမာ - အီလက်ထရွန်သည် လျှပ်စစ်အမဆောင်သည့်အမှုန် (- 1e) ဖြစ်ပါသည်။ ၎င်း၏ဆန့်ကျင်ဘက်အမှုန်မှာ ပိုစီထရွန် (Positron) ဖြစ်ပါသည်။ အပေါင်းလျှပ်စစ် (+1e)ဆောင်သည့်အမှုန်ဖြစ်ပါသည်။ အီလက်ထရွန်၊ ပြိုတွန်နှင့် စပင် (spin) တန်ဖိုးတူကာ လျှပ်စစ်ပမာဏတူပြီး လျှပ်စစ်အဖိုဆောင်နေခြင်းတစ်ခု ခြားနားပါသည်။ ၎င်းအီလက်ထရွန်နှင့် ဆန့်ကျင်ဘက်အမှုန် ပိုစီထရွန်တို့တိုက်မိပါက ဖိုတွန်(Photon) ဆိုသည့်အမှုန် ဖြစ်လာပါသည်။ ဤနေရာတွင် စပင် (spin) ဆိုသည်မှာ မိမိဝင်ရိုးပေါ်တွင်လည်နေသည့် လည်ပတ်မှုဖြစ်ပါသည်။ ကမ္ဘာကြီးသည် မိမိဝင်ရိုးပေါ်တွင် ၂၄ နာရီ တစ်ပတ်လည်သည့်ခြင်းမျိုးဖြစ်ပါသည်။ ဤသို့လည်ရာတွင် လက်ယာရစ်လည်ခြင်းနှင့် လက်ဝဲရစ်လည်ခြင်းပေါ်မူတည်၍ **Spin positive** နှင့် **negative** ဟူ၍ လားရာ (**direction**) ခွဲခြားနိုင်ပါသည်။ စပင်တန်ဖိုးသည် မဂဏန်းဝက် ($\frac{1}{2}, \frac{3}{2}, \frac{5}{2}$, ...)စသည်ဖြင့်ရှိပြီး ၎င်းတန်ဖိုးဆောင်သည့်အမှုန်များကို ဖာမီယွန်အမှုန်များ (**Fermion**) ဟုခေါ်ပါသည်။ ၎င်းတို့သည် **Fermi-Dirac statistics** ကို လိုက်နာပါသည်။ ထို့နည်းတူ စပင်တန်ဖိုး ကိန်းပြည့် (1, 2, 3, -----) စသည်ဖြင့် ရှိသည့် အမှုန်များက **Bose-Einstein Statistics** ကို လိုက်နာပါသည်။ ၎င်းတို့ကို ဘိုဆွန် (**Bosom**) အမှုန်များဟုခေါ်ပါသည်။ **Quark** အမှုန်များသည် ဖာမီယွန်အမှုန်များဖြစ်ကြပါသည်။ (**Bose** ဆိုသည်မှာ အိန္ဒိယရူပဗေဒပညာရှင် **Satyendra Nath Bose 1894–1974** ကိုရည်ညွှန်းပါသည်။)

ယခုတစ်ခါ မေဆွန် (**Meson**) ဆိုသည့်အမှုန်များကို မိတ်ဆက်တင်ပြပေးပါဦးမည်။ ကွပ်စ်

(Quark) တစ်ခုနှင့် ဆန့်ကျင်ဘက်ကွပ်ခ် (Anti-Quark) တစ်လုံးတို့ ပေါင်းစပ်ပါဝင်နေသည့် အမှုန်ကို မယ်ဆွန်အမှုန်ဟုခေါ်ပါသည်။ ထင်ရှားသည့် မယ်ဆွန်အမှုန်များမှာ ကေအွန် (Karons) ဟုခေါ်သည့် K^+, K^0, K^- အမှုန်များ၊ ပိုင်ယွန် (Pions) ဟုခေါ်သည့် π^+,π^0,π^- အမှုန်များ ဖြစ်ပါသည်။ +, 0, - တို့မှာ လျှပ်စစ်အဖိုဓာတ်၊ လျှပ်စစ်မဲ့နှင့် လျှပ်စစ်အမဓာတ်အမှုန်များဖြစ်ပါသည်။ K^+ အမှုန်တွင် up quark (u) တစ်ခုနှင့် anti – strange ($\bar{s}$) တစ်ခုတို့ ပါဝင်၍ K^+ (ဆ $= \frac{2}{3}e + \frac{1}{3}e = +1e$) ဖြစ်နေပါသည်။ s quark သည် $-\frac{1}{3}e$ ဖြစ်၍ $\bar{s}$ သည် s ၏ ဆန့်ကျင်ဘက်အမှုန်ဖြစ်၍ $+\frac{1}{3}e$ ဖြစ်ပါသည်။

ယခုကဲ့သို့ ဘေရွန်အမှုန်များနှင့် မယ်ဆွန်အမှုန်များကိုပေါင်း၍ ဟေဒရွန်(Hadrons)အမှုန်များဟု ခေါ်ပါသည်။

အီလက်ထရွန်၊ မြူယွန် (Muon) နျူထရီနို (Neutrino) အမှုန်များကို လက်ပတွန် (Leptons) အမှုန်များဟု ခေါ်ပါသည်။ အလွန်ပေါ့ပါးသည့် အမှုန်များဟု အဓိပ္ပာယ်ရပါသည်။ ဥပမာ – အီလက်ထရွန်အမှုန်သည် ပရိုတွန်၏ဒြပ်ထုထက် အဆ ၂၀၀၀ ခန့် ပိုငယ်ပါသည်။ သို့ရာတွင် ၁၉၇၄ ခုနှစ်တွင် အနည်းငယ်ပိုလေးသည့် လက်ပတွန် အုပ်စုဝင် တော် (Tau) ဆိုသည့်အမှုန်ကို တွေ့ရှိခဲ့ပြန်သည်။ တော်အမှုန်ကို အဖေရိုကန်နိုင်ငံသား ရူပဗေဒပညာရှင် Martin Lewis Perl (1927 – 2014) က ၁၉၇၅ ခုနှစ်တွင် တွေ့ရှိခဲ့ပါသည်။ ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ၁၉၉၅ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ထိုတော်အမှုန်သည် လျှပ်စစ်အမဓာတ်ဆောင်အမှုန်ဖြစ်ပါသည်။

ရူပဗေဒတွင် အား ၄ မျိုး ခွဲခြားထားပါသည်။ ၎င်းကို အခြေခံအလုပ်သက်ရောက်မှုအား ၄ မျိုးဟုခေါ်ပါသည်။ ၎င်းတို့မှာ ကမ္ဘာမြေကြီး၏ဆွဲအား (Gravitation)၊ လျှပ်စစ်သံလိုက်ဆွဲအား (Electromagnetism)၊ အပျော့စားအား (Weak interaction)နှင့် အပြင်းစားအား (Strong interaction) တို့ဖြစ်ပါသည်။ ၎င်းအားကို Nuclear Force ဟုလည်းခေါ်ကြပါသည်။ ဤနေရာတွင် အားတစ်ခုဖြစ်ရန် အနည်းဆုံး ဝတ္ထု ၂ ခုလိုအပ်ပါသည်။ ဥပမာ–သစ်သားတုံးတစ်ခုကို လက်နှင့်ထိ၍တွန်းပါက လက်နှင့် သစ်သားတုံးသည် ဝတ္ထု ၂ ခုဖြစ်ပါသည်။ သို့ရာတွင် လက်နှင့်သစ်သားတုံးကို တိုက်ရိုက်မထိဘဲ တုတ်ချောင်းတစ်ချောင်းကို လက်ကကိုင်၍ သစ်သားတုံးကို တွန်းနိုင်ပါသည်။ ထိုအခါ ဝတ္ထု ၃ ခုဖြစ်သွားပြီး လူ၏ လက်မှတွန်းအားကို တုတ်ချောင်းမှတစ်ဆင့် သစ်သားတုံးဆီသို့ရောက်သွားပါသည်။ ထို့ကြောင့် 'တုတ်ချောင်း' ကို အားလွှဲပေးသည့်ဝတ္ထု (Force Exchange Object) ဟုခေါ်ပါသည်။ ထို့ကြောင့် သံလိုက်ချောင်းနှစ်ခုကို တိုက်ရိုက်မထိဘဲ အကွာအဝေးအနည်းငယ်မှာထားရုံနှင့် ဆွဲခြင်း၊ တွန်းခြင်းပြုလုပ်ခြင်းမှာ ၎င်းသံလိုက်ချောင်းနှစ်ခုကြားတွင် လူ၏ မျက်စိဖြင့် အလွယ်တကူမမြင်နိုင်သည့် အလွန်သေးငယ်သောအမှုန်များက ဆွဲခြင်း၊ တွန်းခြင်းပြုလုပ်ပေးနေကြပါသည်။ ၎င်းအမှုန်များကို သိပ္ပံပညာရှင်များက လွှဲယမ်းအမှုန်များ (Exchange particles) ဟု နာမည်ပေးကာ ရှာဖွေနေကြပါသည်။ အပြင်းစားအား (Strong interaction) ကို လွှဲယမ်းပေးသည့်အမှုန်ကို ဂလူရွန် (Gluons) ဟုခေါ်ပါသည်။ လျှပ်စစ်သံလိုက်အား (Electro-magnetic) ကို လွှဲယမ်းပေးသည့်အမှုန်ကို ဖိုတွန် (Photon) အမှုန်ဟုလည်းကောင်း၊ အပျော့စားအား (Weak interaction) ကို လွှဲယမ်းပေးသည့်

အမှုန်ကို (W⁻, W⁺) အမှုန်များ၊ ဖော်ဆောင်ပျံ့နှံ့ အမှုန်များ (Intermediate vector bosons) ဟုခေါ်ပါသည်။ ကမ္ဘာ့ဆွဲအား (Gravity) ကို ကာယဖြစ်စေသည့်အမှုန်ကို ဂရက်ဗီတွန် (Graviton) ဟုသည်းခေတ်တစ်ခေါ်ပါသည်။ ၎င်းအမှုန်များကို အား ၄ မျိုးကို ကာယပါသည့်အမှုန်များဟု ခေါ်ပါသည်။

ယခုဆောက်ပြီး Standard Model အကြောင်းရေးသားပါဦးမည်။ Standard Model ဆိုသည်မှာ Fermion အုပ်စုဝင် Quark ၆ ခု နှင့် Lepton ၆ ခု၊ Gauge boson အုပ်စုဖြစ်သည့် Gluon (g), Photon (γ), Z boson နှင့် W boson ဟုခေါ်သည့် Interaction force carrier အမှုန်များနှင့် Higgs boson (H^0) တို့ပါဝင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ Higgs boson ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်မှာ Switzerland နိုင်ငံအနီးမှာ တည်ဆောက်ထားသည့် CERN ဟုခေါ်သည့် အမှုန်အရှိန်မြှင့်စက်လုပ်ကိုင်နေသည့် အဖွဲ့အစည်းက တောင်တွေ့ရှိခဲ့ပါသည်။ Edinburgh တက္ကသိုလ်က ပါမောက္ခ Peter Higgs ကိုဂုဏ်ပြုပြီး ဤအမည်ကိုပေးခဲ့ပါသည်။ သင်္ကေတကို H^0 ဟုသတ်မှတ်ပါသည်။ ဤအမှုန်၏ ဂျင်စစ်

မဲလဲ ပေပင်တန်နိုက်ဒွိုသည် အညစ်ဖြစ်ပြီး ဖြစ်ထုသည် 125.18 Gev/c² ($m = E/c^2$) ဖြစ်ပါသည်။ ပါရတီ ၁ ရှိပါသည်။ ပျမ်းမျှ သက်တမ်း 1.56×10^{-22} s ရှိပါသည်။ ဤအမှုန်ကိုရှာဖွေတွေ့ရှိခဲ့သည့် ပါမောက္ခ Peter Higgs နှင့် Francois Englert ကို ၂၀၁၃ ခုနှစ်မှာ ရူပဗေဒနိုဘယ်ဆုကို ပေးခဲ့ပါသည်။ ၎င်း Higgs အမှုန်ကို God particle ဟုလည်း ခေါ်ကြပါသည်။ ဤနေရာတွင် GeV မှာ Giga electron volt ဟုခေါ်သည့် စွမ်းအင်ကို သတ်မှတ်သည့်ယူနစ်ဖြစ်ပါသည်။ (Giga = 10^9)

ဤဆောင်းပါးအစပိုင်းမှာ အမှုန်များကို ရှာဖို့ အမှုန်အရှိန်မြှင့်စက်နှင့် တိုက်ရသည်ဟု ရေးခဲ့ပါသည်။ ယခု အမှုန်အရှိန်မြှင့်စက်တွေ အကြောင်း ဆက်ပြပါမည်။ အလွန်သေးငယ်သော အမှုန်များကိုရှာဖွေရန် အနုမြူတစ်ခု၏ကြီးမားသော အမှုန် (ဥပမာ—ပရိုတွန်အမှုန်) တွေ အချင်းချင်းကို အရှိန်မြှင့်ထားလိုက်သည့်ပြီး တိုက်ခိုင်းပါသည်။ ထိုအခါ အမှုန်တွေသည် အချင်းချင်းတိုက်မိကာ ကွဲကြေကာပြီး နဂိုထက်ပိုမိုသေးငယ်သော အမှုန်များကို ရရှိလာပါသည်။ ဤအမှုန်များကို မျက်စိနှင့်ကြည့်လို့ မမြင်ရပါ။ ၎င်းတို့တိုက်မိကြွင်း ချန်ထားသည့် ပျောက်ကွယ်သွားသည့်လမ်း ကြောင်း (Track) များကို ဓာတ်ပုံရိုက်ပြီး ကို



လျှင်စဉ်သွားသည့် အမှုန်လမ်းကြောင်းအစင်းများ၏ စွမ်းအင်နှင့် လျှပ်စစ်ပမာဏကိုတွက်ချနည်းသည့်အမှုန်ဆိုသည်ကို ခွဲခြားရပါသည်။ စွမ်းအင်ကိုသိလျှင် m = [illegible] အရ ဒြပ်ထုကိုသိပါသည်။

ထိုကဲ့သို့ အမှုန်များကိုတိုက်စေသောင် အရှိန်ပေးရသည့်စက်များကို တည်ဆောက်သည့်အခါ စက်ဝိုင်းပုံ အမှုန်သွားနိုင်သည့် ပိုက်လိုင်းကြီးများ တည်ဆောက်ပြီး Circular Motion ဖြင့်သည့် စက်ဝိုင်းအရွေ့နှင့် အရှိန်ကို အသုံးပြုပါသည်။ အိမ်တွင်အသုံးပြုနေသည့် ပန်ကာများ လေယာဉ်ပျံ၏ ပန်ကာများသည် စက်ဝိုင်းပုံ အမြန်နှင့် လည်ပတ်ရင်း အလွန်ကြီးမားသည့် အရှိန်ရရှိသည့်နည်းကို အသုံးပြုခြင်းဖြစ်ပါသည်။ ရိုးရိုးမျဉ်းဖြောင့်အရှိန်ပေးလျှင်လည်း ရပါသည်။ ဥပမာ – ဘိုးလင်းဘောလုံးကို အရှိန်နှင့်ဝင်တိုက်ပြီး တိုင်လုံးလေးများကို လှမ်းပစ်သည့်သဘောမျိုး ဖြစ်ပါသည်။ သို့သော် ဤကဲ့သို့ မျဉ်းဖြောင့်အရှိန်



ရရန် မိုင်ပေါင်းအလွန်ရှည်သည့် အရှိန်ပေးစက်ကြီး တည်ဆောက်ရပါမည်။ ယခု စက်ဝိုင်းပုံအရှိန်ပေးစက်မှာ အချင်းဝက် မိုင်အနည်းငယ်နှင့်ပိုင်းပတ် ပြီးတည်ဆောက်နိုင်ပါသည်။ ရူပဗေဒပညာရှင်များက အမှုန်များကိုတိုက်ရာမှ ထွက်လာသည့် လမ်းကြောင်းပုံတွေကို တီဗီမှန်သားပေါ်တွင် ကြည့်ပြီး အမှုန်အသစ်များကို ရှာဖွေလေ့လာနေကြပါသည်။

ဤအမှုန်များအရှိန်ရရန် လျှပ်စစ်စက်ကွင်းနှင့် အရှိန်ပေးပြီး သံလိုက်စက်ကွင်းနှင့်ထိန်းနိုင်ပါသည်။ ထို့ကြောင့် သံလိုက်စက်ကွင်းထုတ်ပေးနိုင်သည့် ဆိုလင်နွိုက်ပုံစံ လျှပ်ကူးမှုနည်းကြိုးများကို အရှိန်ပေးစက်ပြွန်၏ အပြင်ဘက်မှနေ၍ ပတ်ထားရပါသည်။ နည်းပညာအလွန်မြင့်ပါသည်။ အရှိန်ကို MeV (Megaelectron volt - 10^6), GeV (Gigaelectron volt - 10^9), TeV (Teraelectron volt - 10^{12}) စသည်ဖြင့် ပေးနိုင်ပါသည်။ ထင်ရှားသည့် အရှိန်ပေးစက်များမှာ CERN ဟု ခေါ်သည့် The European Organization for Nuclear Research က တည်ဆောက်ထားသည့် အမှုန်အရှိန်ပေးစက်သည် ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် ဆွစ်ဇာလန်၊ အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ ဆွီဒင်၊ ဂရိ၊ နယ်သာလန်၊ နော်ဝေ



စသည့်နိုင်ငံများစုပေါင်းပါဝင်ကြသူများနှင့် တည်ဆောက်ခဲ့ပါသည်။ Large Hadron Collider စက်ကြီး ဖြစ်ပါသည်။

KEK ဟု လူသိများသည့် The High Energy Research Organization ၏ တည်ဆောက်ထားသည့် အမှုန်အရှိန်ပေးစက်ကြီးကို ဂျပန်နိုင်ငံ Tsukuba တွင် ၁၉၉၇ ခုနှစ်က

တည်ဆောက်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် ရူပဗေဒဆိုင်ရာနိုဘယ်လ်ဆုကို KEK တွင် တာဝန်ထမ်းဆောင်နေသောပါမောက္ခ Makoto Kobayashi က ကျိုတိုတက္ကသိုလ်မှ ပါမောက္ခ Yoichiro Nambu နှင့်အတူ ပူးတွဲရရှိခဲ့ပါသည်။

Fermilab ဆိုသည်မှာလည်း ကမ္ဘာမှာ နာမည်ကြီးပါသည်။ Fermi National Accelerator Laboratory ဟုလည်းခေါ်ပါသည်။ အမေရိကန်နိုင်ငံ၊ ချီကာဂိုအနီးတွင်ရှိပြီး ၂၀၀၇ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပါသည်။ ပရိုတွန်၏ ဆန့်ကျင်ဘက်ပရိုတွန်အမှုန်များကို 1 TeV အထိ အရှိန်နှင့်တိုက်မိုက်နိုင်သဖြင့် Tevatron ဟုလည်း ခေါ်ကြပါသည်။

ယခုဆက်လက်၍ ဟိုက်ပါရွန် (Hyperon) ဆိုသည်ကိုရှင်းလင်းပြပါမည်။ ဟိုက်ပါရွန်ဆိုသည်မှာ ဘေရွန် (Baryon) အုပ်စုဝင်အမှုန်များဖြစ်သည့် Strange quark ပါဝင်ပြီး Charm quark, Bottom quark နှင့် Top quark တို့ မပါဝင်သော အမှုန်များဖြစ်ပါသည်။ Sigma (Σ) အမှုန်များ၊ Xi (Ξ) အမှုန်များနှင့် Omega (Ω) အမှုန်များကို ခေါ်ပါသည်။ ၎င်းအမှုန်များကို လေ့လာနေသည့် ရူပဗေဒဘာသာကို Hypernuclear Physics ဟုလည်း ခေါ်ပါသည်။

အမေရိကန်နိုင်ငံသား ရူပဗေဒပညာရှင် Murray Gell – Mann သည် သီအိုရီဆိုင်ရာ အခြေခံအမှုန်များနှင့်ပတ်သက်၍ ၁၉၆၉ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကိုရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ကွယ်လွန်ချိန်တွင် အသက် ၈၉ နှစ်ရှိပြီဖြစ်ပါသည်။ သူသည် အစ္စရေးနိုင်ငံသား သီအိုရီရူပဗေဒပညာရှင် Yuval Ne'eman (1925–2006) နှင့်အတူ Eightfold way အဆိုကို တင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင် High Energy Physics ဘာသာရပ်နှင့်ပတ်သက်၍ နိုင်ငံတကာအဆင့် စာတမ်းဖတ်ပွဲကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အအုံတွင် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလက ပညာရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မန္တလေးတက္ကသိုလ် ရူပဗေဒဌာနမှတာဝန်ယူကာ ကျင်းပခဲ့ပါသည်။ နိုင်ငံတကာမှ ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များဦးဆောင်ကာ စာတမ်းများဖတ်ခဲ့ကြပါသည်။ ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ် ရူပဗေဒဌာနမှ High Energy Physics နှင့်ပတ်သက်သည့် ပါရဂူဘွဲ့အစီရင်ခံစာများကိုလည်း နှစ်စဉ်ရေးသားထုတ်ဝေလျက်ရှိပါသည်။

ထိုပွဲပညာရှင်များသည် အလွန်သေးငယ်သည့် ရူပဗေဒဆိုင်ရာအမှုန်များကို ဆက်လက်ရှာဖွေနေကြဦးမည်ဖြစ်ပါသည်။

ယခုဆောင်းပါးသည် အခြေခံအမှုန်များနှင့် ပတ်သက်၍ မိတ်ဆက်ပေးသည့်ဆောင်းပါးဖြစ်ပါသည်။ အမှုန်တကယ် သီအိုရီကျကျ ရေးသားထားခြင်းမဟုတ်သဖြင့် ဘာသာရပ်ဆိုင်ရာသီအိုရီများ မပါဝင်ပါ။ ဆောင်းပါးရေးသားရာတွင် အကူအညီပေးကြသည့် ပါမောက္ခ ဒေါက်တာချစ်ဆွေနှင့် ပါမောက္ခ ဒေါက်တာခင်ဆွေမြင့် (ပါမောက္ခချုပ်-ငြိမ်း)တို့အား ကျေးဇူးတင်ရှိပါသည်။ ။

■ ဒေါက်တာသန့်ဇင်(ရူပဗေဒ)

Ref: (1) Particle Physics (Tom Whyntie & Oliver Pugh)
(2) Theoretical Nuclear Physics (Blatt & Weisskopf)
(3) Modern Atomic and Nuclear Physics (Yang & Hamiltion)
(4) Quantum Mechanics (Aruldhas)
(5) Source from internet

တမာ

[illegible]

[illegible]

တမာပင်သည် နှစ်ရှည်အမြဲစိမ်းလန်းသော သက်ကြီးသစ်ပင် (Agronomic Tree)ဖြစ်ပြီး မူလ ပေါက်ရောက်သည့်နေရာမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး မျိုးရင်းမှာ Meliaceae ဖြစ်ပါသည်။ မြန်မာနိုင်ငံ အရပ်ရပ်တွင်လည်း တမာပင်ပေါက်ရောက်နိုင် လေ့ရှိသည်။ အထူးသဖြင့် အပူပိုင်းဒေသဖြစ်သော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ပိုမိုဖြစ် ထွန်းအောင်မြင်သည်။ ဓာတုဗေဒပုံသေနည်းအရ (Chemical Formula) $C_{35}H_{44}O_{16}$ ဖြစ်သည်။ တမာပင်ကို အကြမ်းအားဖြင့် ၆ မျိုးခွဲခြားနိုင် သည်။

(၁) မြန်မာတမာ (Myanmar Neem)

မြန်မာနိုင်ငံအရပ်ရပ်တွင် ပေါက်ရောက်နိုင် သော်လည်း အပူပိုင်းဖြစ်သော အညာဒေသတွင် ကောင်းမွန်စွာဖြစ်ထွန်းသည်။

(၂) ကုလားတမာ (Indian Neem)

၎င်းအရွက်သည် သေးပြီး ချွန်သည်။ ချေး သွားစိပ်နက်၍ အရသာမှာ မြန်မာတမာထက် ပိုခါးပါသည်။

(၃) တောင်တမာ (Mountain Neem)

အရွက်ကြီးပြီးတွင် တောကောက်မှ ချေးသွား စိပ်များ မထင်မရှားပါရှိသည်။ အရသာမှာ မြန်မာ တမာထက် ပိုခါးပါသည်။ သစ်တောကျွန်းများမှာ "ဆက် ကတို" ဟုခေါ်သည်။

(၄) ပန်းတမာ (Flower Neem)

အပွင့်အပြည့်လေးများပွင့်၍ ပန်းရုံမှာ တမာပြီးလှပေါ်သည်။

(၅) ဧရာတမာ (Kind of Ornamental Shade Tree)

ဧရာတမာသည် အားခန့်လေးများရှိသော အရွက်ကြီးသည်။ အရိပ်ရအလှသစ်ပင် (Shade Tree) အနေဖြင့် စိုက်ပျိုးကြသည်။

(၆) တမာချို (Sweet Neem)

အရွက်ကြီးပြီးတွင် တောကောက်မှ ချေးသွား စိပ်များ မထင်မရှားပါရှိသည်။ အရသာမှာ မြန်မာ တမာထက် ပိုချိုပါသည်။

တမာတွင် ပိုးသတ်ဆေး (Azadirachtin) ပါဝင်နှုန်း

အသီးတွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်း၊ အစေ့ တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ ဆီကြိတ်ဖတ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် အရွက်တွင် ၁ ရာခိုင်နှုန်း တို့ပါဝင်ပါသည်။

တမာ၏ ဂုဏ်သတ္တိများ

ပိုးများပွားခြင်းကိုဟန့်တားခြင်းနှင့် ပိုးများ သေစေခြင်း အကျိုးကျေးဇူးတို့ဖြစ်ပါသည်။ ထို့ ကြောင့် ပိုးသတ်ဆေးဖော်စပ်ရာတွင် များစွာအသုံး ပြုသည်။ ထို့ပြင် ဆီကြိတ်ဖတ်များကိုလည်း သဘာဝမြေဩဇာအဖြစ် အသုံးပြုသည်။

ဆေးဘက်ဝင်မှု အကျိုးပြုပုံများ (Medical Benefits of Neem)

တောအရပ်ဒေသများရှိ မြန်မာအမျိုး သမီးများ မီးဖွားရာတွင် တမာရွက်၊ အပွင့်တို့ကို

အဝေးကိုမှုတ်ထုတ်ပြီးပါသည်။ တမာရွက်များကို လည်းကောင်း၊ အပွင့်တို့ကို ရေဖြင့်ကြိတ်ချေ၍ ခေါင်းတွင်လည်းကောင်း၊ မျက်နှာတွင်လည်းကောင်း အုံပေးခြင်းဖြစ်ပါသည်။

သန်းဦးကျခြင်း

တမာရွက်သတ္တုရည် (တမာရွက်ညှစ်ထားသောအရည်) ကို ထမင်းစားဇွန်း ၁ ဇွန်းနေ့စဉ်အိပ်ရာဝင်ခါနီးသောက်ပေးသည်ရှိသော် ဝမ်းတွင်းရှိ သန်ကောင်များ၊ ပိုးများ နံနက်စောစောဝမ်းသွား ရှိန်ပါသွားနိုင်ပါသည်။ တစ်ရက်တည်းနှင့် ၎င်းတို့ မပါခဲ့သော် ၃ ရက် ဆက်၍သောက်သုံးပါ။

ဆီးလွန်ရောဂါ

တမာသီးအဆန်ကို ဆန်ဆေးရည်နှင့်ရော၍ ထမင်းစားဇွန်းဖြင့် နံနက် ၁ ကြိမ်နှင့် ည ၁ ကြိမ် နှံ့ပြီးစွာသောက်ပေးပါက ဆီးကောင်းစွာပေါက်နိုင်ပါသည်။

အဖုရောဂါ

တမာရွက်ရှိုင်ရှိုင်သတ္တုရည်ကိုလိမ်းပေးပါက အဖုအရောင်ရောဂါပျောက်ကင်းစေပါသည်။ တမာရွက်ပြုတ်ရည်ကို စောစောချိုးပေးခြင်းအားဖြင့်လည်း အဖုရောဂါပျောက်ကင်းစေပါသည်။

ယားနာအမျိုးမျိုး

တမာပွင့်ကို အခြောက်လှန်း၍ နှမ်းဆီစစ်စစ်ဖြင့် ယားသည့်နေရာသို့ လိမ်းပေးပါ။ မလိမ်းမီ ဝဲယားနာတို့၏နေရာများကို ကုတ်ဖဲ့ပေးပါ။

၎င်းနေရာတို့ကို ရေနွေးနှင့် ဆေးပေးပြီး မှန်မှန်လိမ်းပေးပါက ပျောက်ကင်းနိုင်ပါသည်။ ကိုယ်ရေပြားရောဂါများပင် ပျောက်ကင်းစေနိုင်ပါသည်။

အကိုက်အခဲ

တမာသီးကို အစေ့ပါကြိတ်ချေ၍အဆစ်ရောင်၊ သို့မဟုတ် ကိုက်ခဲနေသည့်နေရာများတွင် လိမ်းပေးပါ။ ပတ်တီးစည်းထားပါက ပိုမိုကောင်းပါသည်။ စတော်ရှိုလ်သီးသွေးထားသော အရည်ထဲသို့ထည့်ပါက ပိုမိုကောင်းမွန်အစွမ်းထက်ပါသည်။

နှုတ်ကို မြိန်စေခြင်း

တမာသည် ခါးသောအရသာရှိ၍ ၎င်းအရသာကပင် နှုတ်ကိုမြိန်စေသည်။ အစာစားကြေစေ၏။ အသားအရေကိုစိုစိုပြည်စေပြီး ခံတွင်းပျက်ရောဂါကိုလည်း လွယ်ကူစွာကုစားနိုင်သည်။ အစာမကြေခြင်းကို ပျောက်စေ၏။

ဉာဏ်ပညာထက်မြက်ခြင်း

တမာပင်သည် ဉာဏ်ပညာထက်မြက်စေသဖြင့် ကျောင်းသူ ကျောင်းသားများ၊ ဦးနှောက်ကို အသုံးပြုသူများအတွက် အထူးသင့်တော်သည်။

ဓာတ်များပါဝင်ခြင်း

တမာသီး၊ တမာရွက်တို့တွင် ဗီတာမင်အများဆုံးပါဝင်ပြီး ကယ်လ်ဆီယမ်ဓာတ်၊ ဖော့စဖရ ဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ ကစီဓာတ်၊ သတ္တုဓာတ်၊ သံဓာတ်နှင့် မီးစုန်းဓာတ်များပါဝင်ကြပါသည်။

အမျိုးသမီးရောဂါများကို ကုစားနိုင်ခြင်း

အထူးသဖြင့် အမျိုးသမီးများ၌ ဖြစ်လေ့ဖြစ်ထရှိသော အမျိုးသမီးရောဂါများတွင် အသီး၊ အရွက်ကိုစားသုံးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

ထူးခြားသောကိစ္စရပ်များ (Significant Feature)

သွေးသားဖောက်ပြန်မှုကြောင့်ဖြစ်ပေါ်လာသော အရေပြားပေါ်တွင် အဖြူကွက်၊ အနီကွက်၊ ဖွတ်ကွက်၊ ဝဲ၊ ယားနှင့် သည်းခြေရောင်ရောဂါတို့ကို ဟန့်တားနိုင်ပါသည်။

လူသားများတွင် ဖြစ်လေ့ဖြစ်ထရှိသော ပိုးမွှားရောဂါကို တမာသီးအစေ့ ၃ စေ့ကိုစားခြင်းဖြင့် အထူးနှိမ်နင်းနိုင်ပါသည်။ တမာပိုးသတ်ဆေး (Neem Insecticide) နှင့် တမာဆပ်ပြာ (Neem Soap) တို့ကို လူအသုံးအဆောင်အဖြစ် ပြုလုပ်နိုင်ပါသည်။

ရှေးအခါက စစ်သူရဲကောင်းများနှင့် စစ်သည်တော်များသည် ခရီးရှည်စစ်ထွက်ရာတွင် တမာသီးများကို ကျည်တောက်တွင်ထည့်၍သုံးခဲ့ကြပါသည်။ အရပ်သားများ၊ ကုန်သည်များသည် ခရီးဝေးဝေးနှင့်ရာတွင် ဆေးပေါ်အဖြစ်သုံးခဲ့လေ့ရှိသည်။

နေပူဒဏ်နှင့် အအေးလွန်ကဲမှုဒဏ်ကို တမာသီးနှင့် တမာရွက်ကိုစားခြင်းဖြင့် ကြံ့ခိုင်နိုင်ကြပါသည်။ စင်စစ်တမာသီး၏ ဂုဏ်သတ္တိသည် ခါး၏၊ ခပ်၏၊ သွေးဖြစ်၏၊ ကြေလွယ်၏၊ ဝမ်းကို ချုပ်စေတတ်၏၊ ချမ်းဖျားနာကုန်များ အနာပေါက်ကင်း များကိုပျောက်ကင်းစေ၏။

အာယုဗေဒကျမ်းတွင် ပိုးနာ၊ သွေးပေါက်နာ၊ ဖောသန်းနာ၊ ရင်ပူနာ၊ ဆီးချို သွေးချိုတို့ပျောက်ကင်းစေနိုင်သည်ဟုဖော်ပြထားပါသည်။ အထူးမှာ တမာသီးကို ထောပတ်နှင့်ကြော်စားလျှင်

အသားအရောင်ကြည်လင်စေပြီး မျက်လုံး၏ အကြည်ဓာတ်ကို ဝင်းလက်တောက်ပစေသည်။

အသုံးဝင်ပုံနှင့် အသုံးပြုပုံ (Utilization of Neem)

တမာသည် အရောင်တင်ရာတွင် နှံ့စနေသဖြင့် အိန္ဒိယနိုင်ငံတွင် အိမ်ဆောင်ပရိဘောဂ ပြုလုပ်ရာ၌ အသုံးပြုသည်။ တမာခေါက်ကို စင်ကိုးနား (Cinchona Tree) အစား အဖျားဖြတ်ဆေးအဖြစ်လည်းအသုံးပြုသည်။

မြန်မာနိုင်ငံတွင် တမာခေါက်ကို အားဆေး ဖော်စပ်ရာတွင်လည်းကောင်း၊ တမာသီး၊ တမာရွက်ကို အင်းဆက်ပိုးသတ်ဆေးအဖြစ်လည်းကောင်း၊ အားကြွဆေးအဖြစ်လည်းကောင်း၊ တမာစေးနှင့် အပွင့်ကို အနာအကင်းသေဆေးအဖြစ်လည်းကောင်း၊ အစာကြေဆေးအဖြစ်လည်းကောင်း အသုံးပြုသည်။

ဆေးဖွဲ့တောင့်မှ အသုံးဝင်၊ အသုံးပြုခြင်း

အပွင့် (Blossom)

မှုတ်ဆို အဖုအထစ်ဖြစ်စေသည်။

အစေး (Latex)

အားဆေး၊ အစာကြေဆေးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုသည်။

အဆီ (Oil)

အသီးမှရသောအဆီကို ယားယံသော အနာများပျောက်ကင်းရန် သုံးစွဲသည်။ သန်ချဆေးအဖြစ်လည်း အသုံးပြုသည်။

အခေါက် (Bark)

တမာခေါက်ကိုသွေး၍ ဆားနှင့်သောက်သော် အဖျားပျောက်စေသည့်အပြင် တမာရွက်ပြုတ်၍ ရေချိုးက အယားအယံပျောက်သည်။

တမာရွက်ခြောက်များ မြေပေါ်ကြဲကျပါက တီကောင်များ၊ မြေအောင်းပိုးများ၊ နီမတုတ်များ (Nematode) မှိုများ (Fungus) နှင့် ဗက်တီးရီးယားများ (Bacteria) ကိုကာကွယ်နှိမ်နင်းပေးသည်။ တမာပင်ကို ခေါင်းလျှော်ရည်၊ ဆပ်ပြာရည်ဆိုးဆေးများတွင် အသုံးပြုသည်။

အသုံးဝင်ပုံ

ငှက်များသည် [illegible]

တမာရွက်များချိုးပြုတ်ချက် အသိုက်ဆေးကောက်လုပ်ကြသည်။

နှင်းခူရောဂါ၊ ဝဲခြောက်၊ ပြည်တည်၊ ရေယုန်ရောဂါကို တမာရွက်သတ္တုရည်ကိုလိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေသည်။ တမာရွက်ကို သားဖွားသဘာဝဆေးအဖြစ်သုံးစွဲနိုင်ပါသည်။

တမာရွက်သတ္တုရည်ဖြင့် မျက်စိကိုဆေးပေးပါက မျက်စိယားယံခြင်း၊ မျက်ရည်ယိုကျခြင်းကို ပျောက်ကင်းနိုင်ပါသည်။

အခေါက်ကို ရေ ၃ ခွက် ၁ ခွက်ကျန်အောင် ကျိုချက်၍ ပြုတ်ရည်ဖြင့်ပေးပါက သွားကိုက်၊ သွားနာ၊ သွားရောဂါများကိုပျောက်ကင်းနိုင်ပါသည်။

တမာသီးကို နေ့စဉ်စားသုံးခြင်းအားဖြင့် လိပ်ခေါင်းသွေးကျရောဂါ၊ သန်ကောင်၊ တုတ်ကောင်၊ ဆီးလမ်းကြောင်းပြဿနာများ၊ နှာခေါင်းသွေးလျှံခြင်း၊ ချွဲသလိပ်ပျော်ဆေး၊ မျက်စိရောဂါများ၊ ပွန်းပဲ့ဒဏ်ရာနှင့် ကိုယ်ခြောက်ရောဂါများကို ပျောက်ကင်းနိုင်ပါသည်။

သွား၊ ခံတွင်းရောဂါနှင့် ခံတွင်းရနံ့ဆိုးရောဂါများကို ပျောက်စေပါသည်။ တမာရွက်ကို အပူပေး အမှုန့်ပြုလုပ်ကာ ဆားအနည်းငယ်ထည့်၍ နေ့စဉ်သွားတိုက်ပေးလျှင် သွားများခိုင်မာသန့်ရှင်းစေပါသည်။ တမာသွားတိုက်ဆေး (Neem Toothpaste) အဖြစ်လည်းသုံးစွဲလျှက်ရှိပါသည်။

တမာစေ့ကိုကြိတ်မှုအောင် ထုထောင်း၍ လိပ်ခေါင်းရောဂါအတွက် ကပ်ဆေးအဖြစ်သုံးစွဲနိုင်ပါသည်။ ၎င်းပြင် ပိုးသတ်ဆေး (Insecticide) ဖယောင်းတိုင် (Candle) မီးလင်းဆီ (Lighting Oil) မြေကြီးတွင်းအကောင်ပိုးများ (Soil Inhabitants) နှိမ်နှင်းပေးသည်။ သိုလှောင်သီးနှံများ (Storage Crops) တာရှည်ခံနိုင်စေရန် ထိန်းသိမ်းပေးသည်။ အာဖရိကနိုင်ငံများတွင် တမာပင်ကို သဘာဝပိုးသတ်ဆေးအဖြစ် အသုံးပြုကြသည်။ ဥရောပနိုင်ငံတွေမှာ တမာသီးကို ပုတီးအဖြစ်ဝတ်ဆင်ကြသဖြင့် တမာပင်ကို ပုတီးပင် (Beads of Neem) ဟုလည်းခေါ်သည်။

တမာပင်တွင် ပါဝင်မှုများ

တမာကြိတ်ဖတ် (Neem Cake) တွင် နိုက်ထရိုဂျင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ ဖော့စဖရပ် ၀ ဒသမ ၅ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ် ၁ ရာခိုင်နှုန်း၊ ကယ်လ်စီယမ် ၀ ဒသမ ၅ ရာခိုင်နှုန်း၊ မဂ္ဂနီဆီယမ် ၀ ဒသမ ၃ ရာခိုင်နှုန်း၊ ကန့်(Sul-

(plier) ၊ ဆီ ၁၀ ။ ၂ ရာခိုင်နှုန်း၊ ကြိုင်ပင် ၁၀ ရာခိုင်နှုန်း ပေါင်းစပ်ပြီး (Organic Fertilizer) အဖြစ်သုံးစွဲနိုင်သည်။

တမာသည် သဘာဝအားဖြင့် အင်းဆက်ပိုးမွှား အပေါ်သတ်ပိုးသတ်သည်။ 'တမာရွက်'သည်။ ပိုးမွှားကင်းဝေးစေပါသည်။

ဆံပင်ကျွတ်ခြင်း၊ ဆံပင်ဖြူခြင်း၊ ဗောက်များ (Dandruff) ကို တမာဆီသုံးခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။ ခေါင်းလျှော်ရာတွင် တမာဆီ ၁ ဇွန်းတွင် အုန်းဆီ ၁ ဇွန်းရောစပ်၍ ခေါင်းလိမ်းသုံးစွဲပါ။

အထူးသတိပေးချက် (Warning Specially)

တမာတစ်ပင်လုံးအသုံးဝင်သော်လည်း သဘာဝအရ အကောင်းနှင့် အဆိုးနှစ်ခုလုံးရှိပါသည်။

တမာဆီသည် ကိုယ်ခန္ဓာအပြင်ပိုင်းများတွင်သာ အသုံးဝင်ခြင်းဖြစ်ပါသည်။ ၎င်းသည် စားသုံးရန် မသင့်ပါ။ တမာဆီကို ကလေးများ လက်လှမ်းမမီသောနေရာတွင် ထားရန်သတိပြုရမည်။ ဆိုလိုသည်မှာ 'တမာဆီ'ဟုထင်ရှားစွာ ရေးပြီး ပုလင်းတွင် ကပ်ထားရမည်။ တမာနှင့် ဓာတ်မတည့်သူများ (Allergic) လုံးဝမသုံးစွဲသင့်ပါ။

တမာရိုင်းကို 'သွေးတိုးကိုလက်' အဖြစ်အသုံးပြုမည်ဆိုပါက ရှေ့လျှိုးပြီး အနည်းဆုံး ၁၀ ရက်မှ သုံးစွဲပါ။ နို့တိုက်မိခင်များ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် လုံးဝအသုံးမပြုသင့်ပါ။ ကလေးမက်နေရာရောဂါရှိသူများ၊ အဆစ်အမြစ်ရောင်နာရှိသူများ တမာသွားတိုက်ဆေးကို မသုံးသင့်ပါ။ ဆီးချို သွေးချိုရှိသူများအနေဖြင့် သုံးသင့်ပါသည်။ သို့သော်လည်း၊ မိမိ၏ဆီးချိုအတက်အကျကို ဆရာဝန်နှင့်ချိန်ဆ၍ လိုအပ်သလိုသုံးပါ။

လူသားတို့သည် ရှေးခေတ်နှစ်ပေါင်း မြောက်မြားစွာကပင် ယခုချိန်ထိ တမာ၏အစွမ်းသတ္တိများကိုသိရှိထားသောကြောင့် ဆက်လက်အသုံးပြု သုံးစွဲလျက်ရှိပေသည်။

အတွင်းတစ်နေ့၏ ရှေးဟောင်းသည် စက်ကို ပြည်း [illegible] မွေးမြူရေးနှင့်ပင်လည်း အစိတ်အပိုင်း ရောဂါဝေဒနာကိုင်ရာများကိုလည်း ဖျောက် အသုံးပြုတာနှင့် ပုံမှန်အကျိုးကို ကစ်ပြီးလည်းရေးချက် [illegible] ဝိဇ္ဇာသည်နှင့် သိပ္ပံညာတို့၏ ဦးဆိုက်ရာ မြစ်ရာ ထိုအရာပင်ကား 'ဦးစိုးမြား' ဟု ခေါ်ကြသည်။ ။

● မေခင်ကြည်

စာမူရှင်များသို့ မေတ္တာရပ်ခံချက်

မြဝတီစာပေတိုက်ရှိ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ သုတအလင်း မဂ္ဂဇင်းများသို့ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များ ပေးပို့ကြရာတွင် မိမိတို့၏ စာမူအပေါ်၌ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ မည်သည့်စာပေတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်များနှင့်အတူ မိမိတို့၏နေရပ်လိပ်စာ အပြည့်အစုံအပြင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (မိတ္တူ) နှင့် ဖုန်းနံပါတ်များကိုပါ တစ်ပါတည်း ပူးတွဲပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

ယနေ့ ကျန်းမာရေးသတင်းများ

သေဆုံးဆဲလ်များကိုစားသုံးခြင်းကြောင့် ကင်ဆာဆဲလ်များ ဆေးယဉ်ပါးမှုဖြစ်

သုတေသီတို့က ကင်ဆာဆေးဝါးများ ကင်ဆာဆဲလ်တွေက ဆေးယဉ်ပါးမှုဖြစ်စဉ်သတိပြုမိလာတယ်။ သိပ္ပံပညာရှင်တို့က ကင်ဆာဆဲလ်တွေက သေဆုံးသွားတဲ့ ကင်ဆာဆဲလ်များစားသုံးခြင်းကနေ ကင်ဆာဆေးယဉ်ပါးမှုဖြစ်ပေါ်စေတာကို သတိထား မိလာကြတယ်။

အိုင်ဗိုင်း (Irvine) မြို့၊ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီတို့က ဒီဖြစ်စဉ်ကိုတွေ့ရှိလာပြီး အချို့ကင်ဆာဆေးတွေမှာ ဆေးယဉ်ပါးမှုဖြစ်မှုလျော့ကျလာတာနဲ့ပတ်သက်လို့ ရှင်းပြနိုင်ခဲ့တယ်။

သုတေသီတို့က တွေ့ရှိမှုတွေကို သဘာဝဆက်သွယ်ခြင်း (Nature Communications) ဂျာနယ်မှာပုံနှိပ်ဖော်ပြထားရာ နောက်ထပ်ကင်ဆာဆေးဝါးများအနေနဲ့ ကင်ဆာဆေးယဉ်ပါးမှုဖြစ်ပေါ် စေရေးကာကွယ်နိုင်လိမ့်မယ်လို့ဆိုတယ်။

လေထုညစ်ညမ်းမှုက ကမ္ဘာ့ဆိုင်ရာ သေဆုံးမှုဖြစ်စေတဲ့အကြောင်းရင်းတစ်ခုဖြစ်



ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါအကြမ်းစားကိုမှတွေ့ကို လူကိုသေဆုံးစေတဲ့အချက်အလက်အဖြစ် မြင်တက်လို့လာနေပါတယ်။

သုတေသီတွေက ကမ္ဘာလုံးဆိုင်ရာသေဆုံးမှုတစ်ခုအဖြစ် လေထုညစ်ညမ်းမှုကိုထည့်သွင်းလာတယ်။ ဒီနေရာမှာ သုတေသီတို့က သုတေသနစာတမ်းကို 'နှလုံးသွေးကြောသုတေသန' ဂျာနယ်မှာ ပုံနှိပ်ဖော်ပြထားပါတယ်။ ကျန်းမာရေးအဖွဲ့များ၊ ကျန်းမာရေးတက်ကြွလှုပ်ရှားသူများ၊ မီဒီယာသမားများအပေါ်မှာ လေထုညစ်ညမ်းမှုက သက်ရောက်နေပါတယ်။

ကူးစက်ရောဂါ COVID-19 ကို ပါမောက္ခပေါလ်ကယ်လင်ရဲ့ တိုက်ဖျက်နည်း

ယနေ့ကျန်းမာရေးသတင်းများ အင်္ဂလန်မှာ ကူးစက်ရောဂါအကြောင်းကို ပါမောက္ခပေါလ်ကယ်လင်း (Prof. Paul Kellam)ရဲ့သတင်းပေးလာတာက ရှိနေတယ်။ လူတိုင်းရဲ့ တည်ရှိမှုအပေါ်မှာတည်လို့ COVID-19ရောဂါက ဖြစ်ပွားနေပါတယ်ဆိုတယ်။

ပါမောက္ခပေါလ်ကယ်လင်က COVID-19 ဖြစ်စေတဲ့ဗိုင်းရပ်စ် SAR-CoV- 2 ဗိုင်းရပ်စ် ကာကွယ်ဆေးက အရှိန်ထက်ပါတယ်။

လူတစ်ဦးနဲ့တစ်ဦးကြား ၃ ပေအကွာမှာ နေရုံနဲ့ မကူးစက်နိုင်တာလည်း အမြဲမမှန်ဘူး။ ကမ္ဘာ့ကပ်ရောဂါဖြစ်နေတဲ့အပေါ် SARS-CoV-2 ကာကွယ်ဆေး အမြန်လိုအပ်နေတာပဲဖြစ်တယ်။ ကာကွယ်ဆေးအပြင် ကုသဆေးတွေပါ ကျယ်ကျယ်ပြန့်ပြန့် လိုအပ်နေတာပဲဖြစ်တယ်။

ဒေါက်တာပေါ်ကယ်လင်ဟာ ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ အင်ပီရီယယ် (Imperial) ကောလိပ် ကူးစက်ရောဂါ ဖေကလ်တီ (Faculty) ဆေးပညာဌာနမှ ဗိုင်းရပ်စ်ပါရဂူတစ်ယောက်ဖြစ်ပါတယ်။

ပါမောက္ခပေါ်ကယ်လင်ဟာ မားစ် (MERS)၊ တုပ်ကွေး(Influenza)၊ အိပ်ချ်အိုင်ဗွီ စတဲ့ကူးစက်ဗိုင်းရပ်စ်တွေနဲ့ အတွေ့အကြုံရှိကျွမ်းကျင်ပြီး ယခု SARS-CoV-2 ဗိုင်းရပ်စ်ကာကွယ်ဆေးအတွက် အဖွဲ့နဲ့ကြိုးပမ်းရှာဖွေနေကြတာပဲ ဖြစ်တယ်။

ယနေ့ကျန်းမာရေးသတင်းမှာ ပါမောက္ခကယ်လင်းကပြောကြားရာမှာ ယခင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခဲ့စဉ်က ကမ္ဘာ့ကပ်ရောဂါအထိ မရောက်ခင် စိန်ခေါ်မှုများကြုံခဲ့ရကြောင်း၊ ယခု COVID-19ဖြစ်စေတဲ့ SARS-CoV-2က 'ကမ္ဘာ့ကပ်ရောဂါ' ဖြစ်နေတာ ပျံ့နှံ့မှုလျင်မြန်လွန်းလို့

ဖြစ်ကတယ်။ ဗိုင်းရပ်စ်အသစ်ဖြစ်တာကြောင့် အညီ သို့ပြ ပညာရှင်တို့က ကာကွယ်ဆေးထုတ်လုပ်ပြီး 'အသိရောဂါ' အသင့်ရှာတို့ ကြိုးစားနေကြတယ်။ ရောဂါတွေ ရောဂါကူးစက်မှုအသစ် ကိုယ်ခံအားမှာ ကိုယ် ခိုင်မာအောင်နေကြတယ်။ တရုတ်အနောက်ကော ပထမဆုံးရောဂါကူးစက်တဲ့ ဗိုင်းရပ်စ်ကို ဖော်ထုတ်သေနိုင်ခဲ့တာ ဆားစ်ရောဂါ (SARS) နဲ့ မားစ် (MERS)ရောဂါတို့ဖြစ်စေတဲ့ ကိုရိုနာ (Corona)ဗိုင်းရပ်စ်မျိုးနွယ်ဝင်ပဲဖြစ်တယ်။ ကြောင့် ကာကွယ်ဆေး၊ ကုသဆေးတွေထွက်မလာသေးမှာ ပါလို့ ဆိုတယ်။

ထိခိုက်သက်ရောက်မှုများ အလွန်ပြင်းထန်နေမှုကြောင့်

အနံ့အာရုံက ယခင်မှတ်ဉာဏ်ကိုဝန်းဆန်းစေကာ ဆရာဝန်တွေက ကြွက်တွေမှာလေ့လာမှုကို တောင်ကေတွန်တက္ကသိုလ်မှ စမ်းသပ်ချက်အရတွေ့ရှိထားပါတယ်။ ကြွက်တွေမှာ သုတေသနအရ အနံ့အာရုံတွေက ထိခိုက်ခံစားရတွေကို ကူညီပေးတယ်ဆိုတယ်။ အာရုံကြောသိပ္ပံရဲ့အကြီးဆုံးလျှို့ဝှက်ချက်တစ်ခုဟာ သဘာဝမှတ်ဉာဏ်ဖြစ်နေတယ်။ အနံ့အာရုံရဲ့ သဘာဝမှတ်ဉာဏ်က ကမ္ဘာတစ်လွှားပေါင်းစည်းနိုင်မှာနေပါတယ်။

လေ့လာမှုကို တောင်ကေတွန်တက္ကသိုလ်၊ အာရုံကြောသိပ္ပံဌာနကပြုလုပ်ခဲ့ပြီး အနံ့အာရုံရဲ့သက်ရောက်မှုများနဲ့ လွှမ်းမိုးတဲ့ဆယ်စုနှစ်များစွာက စိန်ခေါ်နေမှုတွေပြသနိုင်ခဲ့ပါတယ်။ သုတေသီတဘက်ကိုသင်ကြားခြင်းနှင့် မှတ်ဉာဏ် (Learning and Memory) ဂျာနယ်မှာ ပုံနှိပ်ဖော်ပြထားပါတယ်။

တိရစ္ဆာန်များမှ လူသားကို ရောဂါကူးစက်မှုက အန္တရာယ်ကြီးရတဲ့အချက်

COVID-19 ဗိုင်းရပ်စ်ဟာ ကမ္ဘာ့ကပ်ရောဂါအဖြစ်ရောက်ရှိနေတဲ့ SARS-CoV-2 ဗိုင်းရပ်စ်

တဲ့ တိရစ္ဆာန်များမှာကို ကူးစက်နိုင်တာပဲဖြစ်တယ်။ တိရစ္ဆာန်မှ လူကို ကူးစက်မှုတိုင်းတော့ အန္တရာယ်ရှိတာ မဟုတ်ပါဘူး။

တရုတ်နိုင်ငံ၊ ဟူပေပြည်နယ်၊ ဝူဟန်မြို့မှာ မြွေ၊ ပုရွက်ဆိတ်တို့ကို စားသောက်တတ်တဲ့ သင်းခွေချပ်လို နို့တိုက်သတ္တဝါ (Pangolins) ကနေ လူတွေထံ ကူးစက်ပြီး SARS-CoV-2 ဗိုင်းရပ်စ်ကတော့ ကမ္ဘာ့ကပ်ရောဂါအဖြစ်နဲ့ လူသားတွေရဲ့အသက်အန္တရာယ်ကို ခြိမ်းခြောက်လို့နေပါတယ်။ အဆိုပါဗိုင်းရပ်စ်ကနေ COVID-19 ရောဂါဖြစ်စေတာ မူရင်းတိရစ္ဆာန်မှာတွေ့ရတဲ့ ဗိုင်းရပ်စ်အမျိုးအစားဖြစ်တယ်။ COVID-19 ရောဂါကူးစက်ခံရတဲ့ လူသားဦးရေ တစ်သောင်းတစ်စများနေတယ်။ ဂျွန်ဟော့ပကင်းတက္ကသိုလ် (Johns Hopkins University) အဆိုအရ လူသား ၇၃၀,၀၀၀ ကျော်ကူးစက်ခံပြီး ကူးစက်လူမှာ ၃၄,၀၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်တယ်။

နိုင်ငံတကာမှတ်တမ်းတစ်ခုအရ ၂၀၁၂ ခုနှစ်မှာ ရောဂါ ၅၆ခု ဖြစ်ပွားခဲ့ရာ လူသား ၂ ဒသမ ၅ ဘီလီယံရောဂါခံစားခဲ့ရပြီး၊ လူသား ၂ ဒသမ ၇ သန်း ရောဂါကြောင့် နှစ်စဉ်သေဆုံးနေကြရတယ်လို့ဆိုပါတယ်။ အဆိုပါရောဂါတွေထဲမှာ ရွှေးရှူးရောဂါ၊ တောက်ဆို ပလာ်စ်မိုဆစ် (Toxo-

plasmosis) ရောဂါ၊ ကျူဖီဗား (Qfever)၊ သွေး လွန်တုပ်ကွေး (Dengue Fever)၊ ကြက်ငှက် တုပ်ကွေး (Avian Iufluenza)၊ အီဘိုလာ (E- bolar)နဲ့ ဒေါင်သန်း (Anthrax)ရောဂါတို့ပါဝင် ကြောင်းသိရပါတယ်။

ဦးနှောက်ကျောင်းရမ်းခြင်းကနေ သူငယ်ပြန်ခြင်းဖြစ်တဲ့အပေါ် ကုသမှုအသစ်

လူသားတို့ဦးနှောက်ကို စကင် (Scan) ဖတ်ခြင်းနည်းအရ ဦးနှောက်ရဲ့အရွယ်တော်ခြမ်း နေရာ သုံးလွှာမှာ ဦးနှောက်ရောင်ရမ်းမှုဖြစ်ကာ သူငယ်ပြန်ခြင်း (Dementia) ဖြစ်စေတယ်ဆို တယ်။ သုတေသီတွေက ဦးနှောက်ရောင်ရမ်းခြင်း က အာရုံကြောတို့ပြန့်မှုယုတ်လျော့စေခြင်းကနေ သူငယ်ပြန်စေတာပဲ ဖြစ်တယ်ဆိုတယ်။ ဦးနှောက် အရွယ်တော်ခြမ်းကနေ အဆိုပါရောင်ရမ်းမှုကုသ ပေးနိုင်ရင် သူငယ်ပြန်ခြင်းလျော့ကျစေနိုင်မှာ ဖြစ်တယ်။

သုတေသနသစ်အရ ဦးနှောက်ရောင်ရမ်း ခြင်းကသာ သူငယ်ပြန်ခြင်းဖြစ်စေတယ်ဆိုတော့ သူငယ်ပြန်ကုသဆေးသစ်တွေ ထွက်ရှိလာနေပါ တယ်။

ဦးနှောက်အရွယ်တော်ခြမ်း ရောင်ရမ်းမှုပြင်း ထန်ခြင်းကနေ လူသားတွေရဲ့အာရုံကြောထိခိုက် မှုဖြစ်လာစေပါတယ်။ လူသားရဲ့ တစ်ကိုယ်ရေ အားနည်းချက်တွေ၊ ယခင်အကျွမ်းတဝင်ဖြစ်ခဲ့

သူ့ရဲ့ နေ့စဉ်လှုပ်ရှားမှုတွေ၊ နှင့်ဆောင်ရွက်မှုတွေ၊ မှတ်ဉာဏ်မသိစိတ်တွေကိုထိခိုက်စေ ပါတယ်။ ဒါကို သူငယ်ပြန် ခြင်း (Dementia) လို့ခေါ်ပါ တယ်။

ပြင်သစ်နိုင်ငံ၊ ကင်းဘရစ်ချ် တက္ကသိုလ်မှ သုတေသနအဖွဲ့အရ ဦးနှောက် အရွယ်တော်ခြမ်းရောင်ရမ်းမှုက သူငယ်ပြန်ခြင်း (Dementia) ရောဂါအမျိုးမျိုး ဖြစ်ပေါ်စေတယ်လို့ ဆိုတယ်။

သည်အချက်အလက်ဟာ Dementia ခေါ် အာရုံကြောဆုတ်ယုတ်ရောဂါဖြစ်ပေါ်စေနိုင်တဲ့ အကြမ်းဖျင်းအချက်အလက်ပဲဖြစ်တယ်။

သုတေသီတွေက တွေ့ရှိချက်စာတမ်းကို ဦးနှောက်အာရုံကြောစာ (Brain: A Journal of Neurology) မှာ ပုံနှိပ်ဖော်ပြထားပါတယ်။

ကိုဗစ်ရောဂါက မျောက်ကျွဲကျော်တွေဖြစ်နိုင်သလား

လူသားတွေမှာ ယခုဖြစ်နေတဲ့ ကိုဗစ်- ၁၉ ရောဂါဟာ မျောက်ကျွဲကျော်တွေမှာ ဖြစ်နိုင် သလား၊ စမ်းသပ်နေတယ်။ လူသားတို့အတွက် SARS-CoV-2 ဗိုင်းရပ်စ်ကာကွယ်ဆေးရရှိဖို့ အပြင်းအထန်ရှာဖွေနေကြပါတယ်။

မျောက်ကျွဲကျော်တွေဆီမှာ ကူးစက်နိုင် သလားဆိုတော့ ကိုဗစ်ကပ်ရောဂါဟာ ကမ္ဘာ တစ်ဝန်း အန္တရာယ်ကျိုက်ကလဲ့ရင် ကမ္ဘာအနှံ့ ပျံ့နှံ့ဝင်ရောက်နေပြီပဲဖြစ်တယ်။ ရောဂါကူးစက် ပျံ့နှံ့မှုဟာ လျင်မြန်လှသလို လူသားတွေအကိုက် မိသွားတဲ့အချိန် ကမ္ဘာအနှံ့ရောက်ရှိသွားပြီပဲဖြစ် တယ်။

အချို့သိပ္ပံပညာရှင်တွေက နိုဗယ်ကိုရိုနာ (Novel Corona virus) အနေနဲ့ အခြားနို့တိုက်

ဘေးဖြစ်စေနိုင်သော
သတ္တဝါ ဥပမာ–သင်းခွေချပ် (Pangolins) များအပါအဝင် အခြားကြောင်း ရောဂါတွေလည်းဖြစ်နိုင်တယ်ဆိုရင် တိရစ္ဆာန်တွေမှာ SARS-CoV-2 ဗိုင်းရပ်စ်က ကူးစက်ပြန့်ပွားနိုင်ကောမယ်လို့ ယုံကြည်ကြတယ်။

အခြားတိရစ္ဆာန်တွေထက် လူသားတွေမှာ ဘာလို့ကပ်ရောဂါအသွင်ဖြစ်ရသလဲဆိုတဲ့ တိရစ္ဆာန်မှရသော ကူးစက်ရောဂါ (Reverse zoonosis) [illegible] နိုင်ကြောင်းသိပါမှာ

ကိုရိုနာ နှလုံးနဲ့ကျောက်ကပ်တွေမှာ ပျံ့နှံ့မှုတော အသေ

လူသားတွေ COVID-19 ရောဂါဖြစ်နေတဲ့ နှလုံးနဲ့ ကျောက်ကပ်တွေမှာ ပျံ့နှံ့ကြောင်း တွေ့ရှိရတယ်လို့ COVID-19 ဆေးပညာရှင်များက ဆိုပါတယ်။

COVID-19ဖြစ်တဲ့လူနာတွေကို စာရင်းတွေက [illegible]

[illegible] ကျောက်ကပ်၊ နှလုံးစတဲ့အင်္ဂါတွေအပေါ် သက်ရောက်မှုရှိရင် သွေးတိုးရောဂါ၊ နှလုံးအားနည်းရောဂါ၊ နာတာရှည်ကျောက်ကပ်အားနည်းရောဂါတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာ အန္တရာယ်ဖြစ်စေသလားဆိုတဲ့အပေါ် စိုးရိမ်စရာဖြစ်လာတယ်။

နယ်သာလန်နိုင်ငံ၊ ရော်တာဒမ်မြို့၊ အီရာမက် (Erasmus) ဆေးပညာရပ်ပြည်တွင်းဆေးပညာဌာနမှ ဒေါက်တာ ဂျန်ဒန်ဆာ (A.H. Jan Danser) က သွေးတိုးအပေါ်ထိခိုက်မှုရှာဖွေခဲ့ကြ

တယ်။ နယ်သာလန်မှာသုတေသီအဖွဲ့ကတွေ့ရှိမှုတွေကို အမေရိကန်နှလုံးအဖွဲ့ (AHA - **American Heart Association**) ရဲ့သွေးတိုး (**Hypertension**) ဂျာနယ်မှာ ပုံနှိပ်ဖော်ပြထားပါတယ်။

အာရုံကြောဆိုင်ရာပြဿနာနှင့်ဆက်နွှယ်မှုများ

အနာဂတ်မှာ ဦးနှောက်ကို ဦးခွံအတွင်းမှာ သိမ်းဆည်းထားတဲ့အခါ အဖွဲ့အစည်းနဲ့ မမျှော်လင့်ထားတဲ့ အမှန်တရားနဲ့ အသစ်တွေ့ရှိမှုတွေ ပေါ်ပေါက်လာနိုင်တယ်။ အာရုံကြောသိပ္ပံပညာဟာ အရှေ့ကို ရွေ့လျား နှစ်ပေါင်းကျော်လွှားနေလို့ အလွယ်တကူမသိလွယ်တော့ကြပါဘူး။

ဦးနှောက်အာရုံကြောနားလည်သဘောပေါက်မှုရက်သတ္တပတ်ကာလမှာ မှုဝ်ဆွေးတဲ့အခါ အခြေနဲ့ ဆက်လက်ဆည်းပူးလေ့လာစရာတွေရှိနေဦးမှာပဲဖြစ်တယ်။ ဒီနေရာမှာ ဦးနှောက်ဦးခွံအတွင်း အသိရှက်နက်နဲလှတဲ့ စွမ်းအင်တွေတွေ့ရှိလာနိုင်ပါတယ်။

ဦးနှောက်ဝင်ရိုးမှာ အချက်အချာအကျဆုံးဖြစ်တဲ့ဗဟိုအာရုံကြောစနစ် (**CNS-Central nervous system**)ပါဝင်ပါတယ်။ ဦးနှောက်ကနေ အိပ်မက်တွေ၊ အမှန်တရားတွေ ဘာသာစကားကျွမ်းကျင်မှုတွေ ကျင့်ကြံနိုင်၊ လူ့ခန္ဓာကိုယ်တစ်ခုလုံး ထိန်းချုပ်ခြင်း၊ လမ်းညွှန်ခြင်းတို့ကို လူသားတို့ထိတွေ့ခံစားနေရတာ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ ထိတွေ့မှု အာရုံငါးပါး ခံစားလာတဲ့အထိ ဦးနှောက်နဲ့ ဗဟိုအာရုံကြောစနစ် ထင်ရှားစွာစေခံစားသိရှိနေပါတယ်။ လူသားတွေ အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် ပုံမှန်အသက်ရှူ၊ ပုံမှန်နှလုံးခုန်ခြင်း၊ ပုံမှန်အညစ်အကြေးစွန့်ခြင်း၊ ဟော်မုန်းညီမျှစွာထွက်ရှိခြင်း၊ ကလေးကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း၊ ကလေးနို့တိုက်မွေးမြူခြင်းစတဲ့ မျိုးဆက်ပွားလုပ်ငန်းတွေကိုပါ ဦးနှောက်ကပါဝင်ပတ်သက်လို့နေပါတယ်။ သုတေသီကတွေ့ရှိမှုကို ယနေ့ကျန်းမာရေးသတင်းမှာ ပုံနှိပ်ဖော်ပြထားသည်။ (၁) နှောက်ကိုယ်တွင်းသွေးကြော (အချို့) တောက ဦးနှောက်အတွင်းသွေးဖြစ်စဉ်ကို ၁၂ ရက်ကြာ ပြောင်းလဲနိုင်ခြင်း၊ (၂) အစာအိမ်အူလမ်းကြောင်း အကျိုးပြုဘက်တီးရီးယားများကို ဦးနှောက်က အမိန့်ပေးစေနိုင်းနိုင်ခြင်း၊ (၃) အစာအိမ်အူလမ်းကြောင်းအကျိုးပြုဘက်တီးရီးယားက ပါကင်ဆန်ရောဂါဖြစ်စေနိုင်ခြင်း၊ (၄) သမ်းဝေခြင်း၊ အိပ်ငိုက်ခြင်းစတဲ့ ဦးနှောက်နားနေမှု အချက်ပြမှုများ သိလွယ်ခြင်း၊ (၅) အသက်ကြီးပိုင်းမှာ အာရုံကြောဆဲလ်သစ်ရယူနိုင်ခြင်း၊ (၆) ဦးနှောက်ဆဲလ်သစ် ပုံစံသစ်တစ်မျိုးရရှိနိုင်ခြင်းစတဲ့ ဆွဲဆောင်မှု ၆ မျိုး တွေ့ရှိထားပါတယ်။ ။

■ **ဒေါက်တာသက်လှိုင်(ပြည်သူ့ကျန်းမာရေး)**

Ref: Health Update Today News (3-4-2020)



ကမ္ဘာ့အမြင့်ဆုံးရုပ်တုကြီးများ (၂)

Guan Yin of the South Sea of Sanya (၃၅၄ ပေ)

တရုတ်နိုင်ငံတောင်ပိုင်းကမ်းရိုးတန်းဒေသ၊ Hainan ပြည်နယ်အနီးက Sanya မြို့၊ Nanshan ဘုရားကျောင်းမှာတည်ရှိတဲ့ Guan Yin မယ်တော်ရုပ်တုကြီးဟာ ၁၀၈ မီတာ (၃၅၄ ပေ) မြင့်မားပြီး ၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ကမ္ဘာပေါ်မှာရှိရှိသမျှ ၅ ခုမြောက်အမြင့်ဆုံးဖြစ်တဲ့ရုပ်တုကြီးဟာ ဆုတောင်းနေဟန်အနေအထားနဲ့ မျက်နှာမြင့် ၃ ခုကို ပူးတွဲတည်ဆောက်ထားတာဖြစ်ပြီး [illegible] Vajrasattva [illegible]

Ushiku Daibutsu (ဂျပန်)

ကြီးမြတ်တဲ့ရုပ်ပွားလို့ သိကြတဲ့ Ushiku Daibutsu ပုထိုးတော်ကြီးတည်ရှိရာနေရာက တော့ ဂျပန်နိုင်ငံ Ushiku မြို့မှာပဲဖြစ်ပါတယ်။ ရုပ်ပွားတော်ကြီးရဲ့ အောက်ခြေခုံဟာ ၁၀ မီတာ လောက်ရှိနေပြီး ယင်းအောက်ခြေခုံကိုထည့်သွင်း မရေတွက်ဘူးဆိုရင်တော့ Ushiku Daibutsu ရဲ့ ဉာဏ်တော်ဟာ ၁၀၀ မီတာလောက်ရှိပါတယ်။ ပုထိုးတော်ကြီးထဲကိုဝင်ရောက်ကြည့်ရှုမယ်ဆိုရင်တော့ အထပ်ပေါင်း ၄ ထပ် ပါဝင်ပါတယ်။

[illegible] ဆိုရင် လာရောက်ဖူးမြော် သူတွေအနေနဲ့ [illegible] တွေကို [illegible] ပုထိုးတော်ကြီးရဲ့ [illegible] Ushiku Daibutsu ရဲ့ အလယ်တဲ့ ဘုရားခန်းကျော်မှုဝင်တွေကို အပေါ်ဆီ ကနေ ရှုမြင်နိုင်အောင် ခင်းကျင်းပေးထားတာကို တွေ့ရပါတယ်။ လာရောက်ဖူးမြော်သူတွေ ပုထိုး တော်ကြီးရဲ့ အမြင့်ပိုင်းအထပ်တွေကို အဆင် ပြေပြေသွားလာနိုင်ဖို့အတွက် Elevator တွေ စီစဉ်ပေးထားတာကိုတွေ့ရပြီး တော်ဖွင့်လှစ်ခဲ့တဲ့ ခုနှစ်ကတော့ ၁၉၉၃ ခုနှစ်ပဲဖြစ်ပါတယ်။

လေကျွန်းစေကြာ (၄၂၄ ပေ)

ကမ္ဘာပေါ်မှာ ဒုတိယမြောက်အမြင့်ဆုံး ရုပ်တုကြီးအဖြစ် စာရင်းဝင်ထားတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက လေကျွန်းစေကြာ (Laykyun Sekkya) ရုပ်တော်မှုဘုရားကြီး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ခတက္ကန်တောင်ရွာက ဘောဓိတထောင် သာသနာ့နယ်မြေ အတွင်းမှာရှိတဲ့ လေကျွန်းစေကြာရုပ်တော်မှုဘုရားကြီးဟာ သလွန် ၁၃ ဒသမ ၅ မီတာအပါအဝင် ၁၂၉ ဒသမ ၂ မီတာ (၄၂၄ ပေ) မြင့်မားပြီး ၁၉၉၆ ခုနှစ်ကစတင်တည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။

ရုပ်တော်မှုဘုရားကြီးရဲ့ အတွင်းပိုင်းမှာတော့ အဆောင်ပေါင်း ၃၁ ထပ် [illegible] ၂၂ ထပ်အထိ [illegible] လေကျွန်းစေကြာရုပ်တော်မှုဘုရားကြီးအတွင်းမှာတော့ ၃၁ ဘုံကို ရည်ညွှန်းသရုပ်ဖော်ထားတဲ့ နံရံဆေးပန်းချီတွေအပြင် များစွာသော ဗုဒ္ဓဘာသာအရေး အသက်များကို ခံစားရနိုင်ပါတယ်။ လေကျွန်းစေကြာ ရုပ်တော်မှုဘုရားကြီးရဲ့ အနီးမှာပဲ ၈၉ မီတာ မြင့်မားတဲ့ လျောင်းတော်မူဘုရားကြီးကိုလည်း ထပ်မံဖူးမြော်နိုင်ပါတယ်။

Spring Temple Buddha (ပုံ-၂၈)

ကမ္ဘာပေါ်မှာ ဒုတိယမြောက်အမြင့်ဆုံးဖြစ်တဲ့ ရုပ်တုကြီးဖြစ်တဲ့ Spring Temple Buddha ရဲ့ အမြင့်ဟာ ၁၂၈ မီတာ (ပုံ-၂၈)

မြို့က ရုပ်တုရှည်ကြီးကို ဖြင့်ထားတဲ့ ၄၂၀ ပေရှိပြီး တရုတ်နိုင်ငံ Henan ပြည်နယ်မှာ တည်ရှိပါ တယ်။ Spring Temple Buddha ရုပ်ထုတော်ကို တရုတ်ပြည်တည်ဆောက်ထား ၁၉၉၇ ခုနှစ်ကနေ စတင် တည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၀၈ ခုနှစ်မှာပြီးစီး ခဲ့ပါတယ်။

ရုပ်ထုတော်ကြီးဟာ ၂၀ မီတာအမြင့်ရှိတဲ့ ကြာပွင့်ပလ္လင်ပေါ်မှာ ရပ်နေတာဖြစ်ပြီး ကြေးနီနဲ့ပြုလုပ်ထားတဲ့ ဆင်းတုတော်ဖြစ်ပါတယ်။ ၁၀၀၀ တောင်ကျော်ရှိတဲ့ ကြေးနီပြားတွေနဲ့ပြုလုပ်ထားတဲ့ Spring Temple Buddha (ရွှေဦးဘုရား) ကိုတည်ဆောက်ဖို့အတွက် ရုပ်ထုကို ဘုရားတည်ဆောက်ဖို့ တရုတ်နိုင်ငံရဲ့ ပြည်သူတွေကလှူဒါန်းထားတာ ဖြစ်ပါတယ်။ ရုပ်တုအတွက် ကုန်ကျစရိတ်အနေနဲ့ ဒေါ်လာ ၅၅ သန်းကုန်ကျခဲ့ပါတယ်။

Statue of Unity (၅၉၇ ပေ)

Iron man လို့လည်းသိကြတဲ့ ယနေ့လက်ရှိ ကမ္ဘာပေါ်မှာ အမြင့်ဆုံးသောရုပ်တုကြီးကတော့ အိန္ဒိယနိုင်ငံရဲ့ လက်ရှိအကျယ်အဝန်းကို စုစည်းပေးခဲ့တဲ့ နာမည်ကျော် အိန္ဒိယခေါင်းဆောင်တစ်ဦးဖြစ်တဲ့ Sardar Vallabhbhai Patel ရဲ့ပုံတူဖြစ်ပြီး ရုပ်တုသက်သက်ဆိုရင် အမြင့်ပေ ၅၉၇ ပေ မြင့်မားပါတယ်။ သူဟာ အိန္ဒိယနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပထမဆုံးပြည်ထဲရေးဝန်ကြီးတာဝန်တွေအပြင် ဒုတိယဝန်ကြီးချုပ်တာဝန်တွေကိုလည်း ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။

Statue of Unity ရုပ်တုရဲ့ ခေါင်းကနေ ခြေဖျားအထိ အတိုင်းအတာဟာ အမေရိကန်က လွတ်လပ်ရေးရုပ်တု ၂ ဆနီးပါးလောက်ရှိနေပြီး ရုပ်တုကိုဒီဇိုင်းဆွဲဆောက်လုပ်ရေးကိုတော့ အိန္ဒိယလုပ်ငန်းစုကုမ္ပဏီတစ်ခုဖြစ်တဲ့ Larsen & Toubro ကနေ တာဝန်ယူတည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်မှာ အပြီးသတ်နိုင်ခဲ့တဲ့ Statue of Unity ရဲ့ ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ သန်း ၄၂၀ အထိဖြစ်ခဲ့ပါတယ်။

ဒီစီမံကိန်းကို ဦးဆောင်ခဲ့သူကတော့ အိန္ဒိယဝန်ကြီးချုပ်မိုဒီဖြစ်ပြီး Sardar Vallabhbhai Patel ရဲ့ ၁၄၃ နှစ်မြောက်နှစ်ပတ်လည်နေ့မှာ သူ့ရဲ့ဇာတိဖြစ်တဲ့ Gujarat ပြည်နယ်၊ Vadodara မြို့အနီး Sardar Sarovar ဆည်ရဲ့မျက်နှာချင်းဆိုင်က ၃ ကီလိုခန့်ရှိတဲ့ Sadhu Bet ကျွန်းမြေပေါ်မှာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ရုပ်တုကြီးရဲ့အောက်ဘက်မှာတော့ ပြတိုက်တစ်ခုကို ဖွင့်လှစ်ထားပြီး Sardar Vallabhbhai Patel ရဲ့ အတ္ထုပ္ပတ္တိကို အများပြည်သူ လေ့လာနိုင်အောင်ပြသထားပါတယ်။ ◆

• ဖြိုးပြည့်အောင်

[illegible]

ဆိုဗီယက်က
အာကာသသို့စေလွှတ်ခဲ့သည့်
သက်ရှိသတ္တဝါများ

■ ခင်အောင်ငြိမ်း

နှစ်ကောင်ကိုစေလွှတ်ရာ စရိုးစဉ်အောင်မြင်ခဲ့သည်။ စက်တင်ဘာလအကြိမ်တွင် မအောင်မြင်ဘဲ ခွေးနှစ်ကောင်ဆုံးရှုံးခဲ့ရ၏။ ဩဂုတ်လအတွင်းမှာပင် ပဥ္စမအကြိမ်မြောက် ခွေးနှစ်ကောင်ကို လွှတ်တင်လိုက်ရာ ခရီးစဉ်အောင်မြင်ခဲ့သည်။

၁၅-၉-၁၉၅၁။ ZIB အမည်ရှိခွေးနှင့် အခြားခွေးတစ်ကောင်ကို ဆဋ္ဌမအကြိမ်မြောက်လွှတ်တင်ရာ ကမ္ဘာမှအမြင့် ၁၁၀ ကီလိုမီတာအထိရောက်ရှိခဲ့ပြီး အောင်မြင်စွာပြန်လာနိုင်ခဲ့ကြသည်။ R-1 အစီအစဉ်တွင် Albina, Dymka, Modnista, Kozyavka အမည်ရှိခွေးများကိုလည်း အာကာသသို့စေလွှတ်ခဲ့သည်။

၃-၁၁-၁၉၅၇။ Sputnik 2 ဂြိုဟ်တုနှင့်အတူ Laika အမည်ရှိ ခွေးကလေးကိုလွှတ်တင်လိုက်သည်။ Laika မှာ ဆိုက်ဘေးရီးယား ခွေးကပ်အမျိုးအနွယ်ဖြစ်ပြီး မော်စကိုမြို့လမ်းများတွင် လေလွင့်နေသောခွေးငယ် ဖြစ်၏။ ဆိုဗီယက်သိပ္ပံပညာရှင်များက ခွေးလေခွေးလွင့်များသည် ဆာလောင်မွတ်သိပ်မှုနှင့် အအေးဒဏ်ကဲ့သို့သော ပြင်းထန်သောအခြေအနေများကိုခံနိုင်ရန် နားလည်ကြသည်ဟု ယူဆထားသည်။ Laika ကို အလေ့အကျင့်ပေးပြီး စေလွှတ်လိုက်ခြင်းဖြစ်သည်။ ၎င်းသည် ကမ္ဘာကိုလှည့်ပတ်သည့် ပထမဦးဆုံးသော သက်ရှိသတ္တဝါဖြစ်သည်။ ကမ္ဘာသို့ ပြန်လာရန်စနစ်ကို အချိန်မီပြီးအောင် မဆောင်ရွက်နိုင်သဖြင့် ၎င်း၏ခရီးစဉ်မှာ တစ်လမ်းသွားခရီးသာဖြစ်ခဲ့ရ၏။ Laika မှာ နာရီအနည်းငယ်မျှသာအသက်ရှင်နိုင်ခဲ့သည်။ Sputnik 2 ဂြိုဟ်တုသည် ၁၉၅၈ ခုနှစ်၊ ဧပြီလအတွင်း လေထုအထက်လွှာတွင် မီးလောင်ပျက်စီးသွားခဲ့သည်။

၂၈-၇-၁၉၆၀။ လူလိုက်ပါမည့် Vostok အာကာသယာဉ်၏ ရှေ့ပြေးပုံစံဖြစ်သည့် Korabl Sputnik ဂြိုဟ်တုတွင် Bars နှင့် Lisichka ခွေးငယ်နှစ်ကောင်ကိုထည့်သွင်း၍ လွှတ်တင်လိုက်သည်။ မလွှတ်မီ ဒုံးပျံပေါက်ကွဲမှုဖြစ်၍ ခွေးများသေဆုံးကြရ၏။

၁၉-၈-၁၉၆၀။ Belka နှင့် Strelka ခေါ် ခွေးငယ်နှစ်ကောင်ကို Korabl Sputnik 2 ဂြိုဟ်တုဖြင့် လွှတ်တင်ခဲ့သည်။ ခရီးစဉ်တွင် ယုန်ညို ၁ ကောင်၊ ကြွက်ငယ် အကောင် ၄၀၊ ကြွက် ၂ ကောင်၊ သစ်သီးယင်ကောင်များနှင့် အပင်ငယ်များလည်းပါဝင်သည်။ ကောင်းစွာပြန်လည်ရောက်ရှိခဲ့ကြ၏။ နောက်ပိုင်းတွင် Strelka သည် ခွေးပေါက်ကလေး ၆ ကောင်ကိုမွေးဖွားရာ တစ်ကောင်ကို အမေရိကန်သမ္မတ John F. Kennedy ၏ ကလေးများအတွက် လက်ဆောင်အဖြစ်ပေးခဲ့သည်။

၁-၁၂-၁၉၆၀။ Pchyolka နှင့် Mushka အမည်ရှိ ခွေးနှစ်ကောင်ကို Korabl Sputnik 3 ဂြိုဟ်တုဖြင့် အာကာသသို့ စေလွှတ်လိုက်သည်။ ခရီးစဉ်တွင် ကြွက်ငယ်များ၊ အင်းဆက်ပိုးကောင်များနှင့် အပင်ငယ်များလည်းပါဝင်၏။ ကမ္ဘာသို့ ပြန်အဝင်တွင် မီးလောင်ပျက်စီးသေဆုံးသွားကြရသည်။

၂၂-၁၂-၁၉၆၀။ Damka နှင့် Krasavka ခေါ် ခွေးနှစ်ကောင်ကို Korabl Sputnik 3 ဂြိုဟ်တုဖြင့် လွှတ်တင်လိုက်သည်။ ဒုံးပျံ၏ အပေါ်ပိုင်းအဆင့်ချွတ်ယွင်း၍ ကမ္ဘာပတ်လမ်းကြောင်း

ထံသို့ မရောက်ရှိနိုင်တော့ဘဲ မျှော်မှန်းမထားသော ကမ္ဘာတစ်ပတ်မပြည့်စေရိုးဖြစ်သွားရ၏။ ခွေးများအသက်ရှင်လျက် ပြန်ရောက်လာကြသည်။

၉-၃-၁၉၆၁။ **Chernushka** အမည်ရှိ ခွေးငယ်ကို **Korabl Sputnik 4** ဂြိုဟ်တုဖြင့် လွှတ်တင်လိုက်သည်။ ခရီးစဉ်တွင် အာကာသယာဉ်မှူးပုံစံတုတစ်ရုပ်၊ ကြွက်ငယ်အချို့နှင့် ပူတာစ်ကောင်လည်း ပါဝင်သည်။

၂၅-၃-၁၉၆၁။ **Zvezdochka** အမည်ရှိခွေးကလေးကို အတုပြုလုပ်ထားသော အာကာသယာဉ်မှူး **Ivan Ivanovich** နှင့်အတူ **Korabl Sputnik 5** ဂြိုဟ်တုဖြင့် လွှတ်တင်လိုက်သည်။ အာကာသယာဉ်၏ စွဲ့စည်းတည်ဆောက်ပုံနှင့်စနစ်များကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့သည်။

၂၂-၂-၁၉၆၆။ **Veterok** နှင့် **Ugolyok** အမည်ရှိ ခွေးနှစ်ကောင်ကို **Cosmos 110** ဂြိုဟ်တုဖြင့် လွှတ်တင်လိုက်သည်။ အာကာသခရီးအတွင်း သက်ရှိသတ္တဝါများအပေါ် **Van Allen Belts** မှ ဓာတ်ရောင်ခြည် ရှည်ကြာစွာသင့်မှု၏ အကျိုးသက်ရောက်မှုများကို ရှာဖွေရန်ဖြစ်သည်။ ခရီးစဉ် ၂၂ ရက်ကြာမြင့်ခဲ့ပြီး အာကာသသွား ခွေးသတ္တဝါတို့၏ စံချိန်တင်ခဲ့၏။ ၁၉၇၃ ခုနှစ်တွင် လူလိုက်ပါသော **Skylab 2** အာကာသယာဉ်ခရီးစဉ်ရောက်မှသာ ထိုစံချိန်ကျိုးလေသည်။

၁၉၆၈ ခုနှစ်တွင် ဆိုဗီယက်ယူနီယံသည် လူလိုက်ပါမည့် လကမ္ဘာခရီးစဉ်အတွက် ပထမဦးဆုံးသော ခရီးသည်များအဖြစ် သက်ရှိသတ္တဝါများကို တစ်ခန်းပြန်၍ အသုံးချလာသည်။

၁၅-၉-၁၉၆၈။ လိပ်များ၊ ယင်ကောင်များ၊ အသီးအနှံပိုးများ၊ အပင်ငယ်များ၊ သစ်စေ့များ၊ ဘက်တီးရီးယားနှင့် အခြားသက်ရှိများကိုတင်ဆောင်လျက် **Zond 5** ဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်လိုက်၏။ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် ယင်းသည် လကမ္ဘာကို လှည့်ပတ်ပျံသန်းသည်။ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် ကမ္ဘာလေထုအတွင်းသို့ ပြန်လည်ရောက်ရှိလာကာ အိန္ဒိယသမုဒ္ဒရာအတွင်း ကျဆင်းသွားသည်။ အာကာသယာဉ်အခန်းကို အောင်မြင်စွာဆယ်ယူနိုင်ခဲ့သော်လည်း ကမ္ဘာလေထုသို့ အဝင်လမ်းကြောင်းမှန်စနစ်ချွတ်ယွင်းချက်ကြောင့် ကမ္ဘာ့ဆွဲအားထက် အဆ ၂၀ ကြီးမားသော ဆွဲအားဒဏ်ကို ဇီဝဗေဒဆိုင်ရာနမူနာများခံစားခဲ့ကြရသည်။

၁၀-၁၁-၁၉၆၈။ **Zond 5** တွင်ပါဝင်ခဲ့သည့် ဇီဝဗေဒဆိုင်ရာနမူနာများအတိုင်း **Zond 6** တွင် ထည့်သွင်း၍ လကမ္ဘာအသွားအပြန်ခရီးစဉ်ကို စေလွှတ်လိုက်သည်။ ၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် **Zond 6** သည် လကမ္ဘာကို လှည့်ပတ်ပျံသန်းသည်။ အပြန်ခရီးတွင် အာကာသယာဉ်အခန်းယိုစိမ့်မှုကြောင့် လေဖိအားလျော့ကျကာ ဇီဝဗေဒဆိုင်ရာနမူနာများ ပျက်စီးခဲ့ရသည်။

၁၉၇၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း ရုရှားနိုင်ငံ (ယခင်က ဆိုဗီယက်) သည် Bion အပေါ် သက်ရှိသိပ္ပံဆိုင်ရာဂြိုဟ်တုများကို ဆက်တိုက်ပစ်လွှတ်ခဲ့သည်။ သုတေသနစမ်းသပ်ချက်များအရ ကနေ့ခါ၊ နေ့သဟာယ

နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ ဥရောပအေဂျင်စီ၊ တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြ၏။ **Bion** အာကာသယာဉ်ကို **Soyuz** ဒုံးပျံဖြင့် ရုရှားနိုင်ငံမြောက်ပိုင်းရှိ **Plesetsk** အာကာသယာဉ်စခန်းမှ ပစ်လွှတ်ခြင်းဖြစ်သည်။

၃၁-၁၀-၁၉၇၃။ ပထမဦးဆုံး **Bion** ဂြိုဟ်တုကို **Soyuz** ဒုံးပျံဖြင့် **Plesetsk** အာကာသယာဉ်စခန်းမှ ပစ်လွှတ်လိုက်သည်။ ၂၂ ရက်ကြာခရီးစဉ်တွင် လိပ်များ၊ ကြွက်များ၊ အင်းဆက်ပိုးကောင်များနှင့် မှိုများကို သယ်ဆောင်သွားသည်။ အခြားစေလွှတ်မှုများတွင် အပင်ငယ်များ၊ မှို၊ ငုံးဥ၊ ငါး၊ ရေပုတ်သင်ငယ်၊ ဖား၊ ဆဲလ်များနှင့် သစ်စေ့များသယ်ယူသွားသည်။

၁၄-၁၂-၁၉၈၃။ **Abrek** နှင့် **Bion** အမည်ရှိ မျောက်နှစ်ကောင်ကိုသယ်ဆောင်၍ ၅ ရက်ကြာခရီးစဉ်အတွက် **Bion 6** ကို ပစ်လွှတ်လိုက်သည်။

၁၀-၇-၁၉၈၅။ **Verny** နှင့် **Gordy** ခေါ် မျောက်နှစ်ကောင်ကို **Bion 7** တွင်ထည့်သွင်း၍ ၇ ရက်ခရီး စေလွှတ်လိုက်သည်။

၂၉-၉-၁၉၈၇။ **Yerosha** နှင့် **Dryoma** မျောက်နှစ်ကောင်နှင့်အတူ **Bion 8** ကို ၁၃ ရက်ကြာခရီးစဉ်အဖြစ် လွှတ်တင်လိုက်သည်။ ခရီးစဉ်အတွင်း **Yerosha** သည် အနှောင်အဖွဲ့မှ တစ်စိတ်တစ်ပိုင်းရုန်းထွက်ကာ ၎င်း၏ အာကာသလှောင်အိမ်ကို စူးစမ်းလေ့လာသည်။ **Bion 8** သည် ကမ္ဘာသို့ပြန်အဝင်တွင် သတ်မှတ်နေရာမှ ၁၈၅၀ မိုင်အကွာအဝေးသို့ ရောက်ရှိသွား၏။ ရာသီဥတုအေးလွန်းသဖြင့် ပါလာသည့်ငါးများစွာသေဆုံးသွားသည်။

၁၅-၉-၁၉၈၉။ **Bion 9** သည် **Zhakonya** နှင့် **Zabiyaka** မျောက်နှစ်ကောင်ကို သယ်ဆောင်၍ ၁၄ ရက်ကြာ ခရီးစဉ်သွားရောက်သည်။ ယာဉ်အတွင်း အပူချိန်ပြဿနာကြောင့် ပါလာသည့် ပုရွက်ဆိတ်နှင့် တီကောင်ဆိုင်ရာစမ်းသပ်မှုများ ဆုံးရှုံးသွားရသည်။

၂၉-၁၂-၁၉၉၂။ **Krosh** နှင့် **Ivasha** အမည်ရှိ မျောက်နှစ်ကောင်ကို **Bion 10** ဖြင့် ၁၂ ရက်ကြာ ခရီးစဉ်အတွက် စေလွှတ်လိုက်သည်။ အပူချိန်ထိန်းချုပ်သည့်စနစ် ချွတ်ယွင်း၍ နှစ်ရက်စောပြီး ပြန်ခေါ်ယူလိုက်ရ၏။ ဖားလောင်း ၁၅ ကောင်ပါသွားသည့်အနက် ၇ ကောင်မှာ အပူချိန်မြင့်မားမှုကြောင့် သေဆုံးသွားရ၏။ မျောက်များမှာ အသက်ရှင်လျက် ပြန်လည်ရောက်ရှိလာကြသည်။

၂၄-၁၂-၁၉၉၆။ **Lapik** နှင့် **Multik** ခေါ် မျောက်နှစ်ကောင်ကို **Bion 11** ဖြင့် ၁၄ ရက်ကြာခရီးစဉ် စေလွှတ်လိုက်သည်။ ကမ္ဘာသို့ ပြန်လည်ဆင်းသက်ပြီး နောက်တစ်နေ့တွင် **Multik** ကို ဆေးစစ်ဆေးမှုပြုလုပ်စဉ် သေဆုံးသွားခဲ့၏။ ၎င်းသေဆုံးရမှုကြောင့် သုတေသနလုပ်ငန်းသက်ရှိသတ္တဝါများအသုံးပြုမှုနှင့်ပတ်သက်၍ ကျင့်ဝတ်ဆိုင်ရာဆွေးနွေးအသံများထွက်ပေါ်လာသည်။ စီစဉ်ထားသော **Bion 12** ခရီးစဉ်တွင် ပါဝင်မှုမှ NASA နုတ်ထွက်သွားခဲ့သည်။ ။

■ ခင်ဆောင်ငြိမ်း

Ref: NASA: A Brief History of Animals in Space, Laika the Dog & the First Animals in Space ကို ကောက်နုတ်၍ ဘာသာပြန်ဆိုပါသည်။

မြဝတီစာပေတိုက်

သုတအလင်းမဂ္ဂဇင်းဝယ်ယူရရှိနိုင်သောဆိုင်များ

စဉ်	အကြောင်းအရာ	မြို့	ဖုန်း
	နေပြည်တော်		
၁	လမင်းဝင်းဝင်း	နေပြည်တော်	၀၆၇ ၄၃၂၂၃၈
၂	Asia Light	နေပြည်တော်	၀၆၇ ၂၂၉၆၄
	မွန်ပြည်နယ်		
၁	စစ်ကြိုင်းပန်းစာပေ	လေးနှို့	၀၉၅၂၈၁၀၀၈၄
၂	ဦးဘုန်းကျော်	မိုင်းလွန်	၀၉၄၉၉၆၀၈၂၁၉
	မန္တလေးတိုင်းဒေသကြီး		
၁	ထွန်းဦးစာပေ	မန္တလေး	၀၂ ၃၉၈၀၁
၂	နဂါးစာပေ	မန္တလေး	၀၂ ၆၀၇၂၂
၃	ညီစာပေ	မန္တလေး	၀၂ ၇၄၄၁၈
၄	နိုးကျော်	မန္တလေး	၀၉၃၁၆၃၅၉၅၈
၅	ရာပြည့်	မန္တလေး	၀၉၇၃၂၄၅၂၈၉
၆	တမာတိုး	မန္တလေး	၀၉၃၁၆၃၅၉၅၈
၇	စွမ်းထက်အောင်	မန္တလေး	၀၉၃၁၆၃၅၉၅၈
	ရန်ကုန်တိုင်းဒေသကြီး		
၁	တိုးလတ်စာပေ	၃၁ လမ်း(အထက်)	၀၁ ၂၄၀၉၈၁
၂	Gandamar Wholesale	ဝေဇယန္တာလမ်း	၀၁ ၆၅၇၇၃၄
၃	Ruby Mart	ဗိုလ်ချုပ်လမ်း	၀၁ ၆၅၇၇၃၄
၄	ငါတို့စာပေ	သံဈေး	၀၉၇၆၇၀၀၉၉၂၆
၅	ပန်းတိုင်ဆောင်	ဗိုလ်ဆွန်ပက်လမ်းထိပ်	၀၉၇၉၈၄၄၃၁၁၄၂
၆	စာပေရတနာ	တော်ဝင်စင်တာ(ပြည်လမ်း)	၀၉၅၀၆၉၈၄၀
၇	ရာပြည့်စာပေ	ပန်းဆိုးတန်း	၀၉၇၃၂၄၅၂၈၉
၈	အင်းဝစာပေ	ပန်းဆိုးတန်း	၀၁ ၂၄၃၂၁၆
၉	စာပေနန်းတော်	၃၆ လမ်း(အောက်)	၀၉၇၃၁၄၀၉၃၆
၁၀	Super One	ရွှေဘုံသာ	၀၁ ၃၃၈၉၂၆

မြဝတီစာပေတိုက်

သုတအလင်းမဂ္ဂဇင်းဝယ်ယူရရှိနိုင်သောဆိုင်များ

စဉ်	အကြောင်းအရာ	မြို့	ဖုန်း
၀၁	အမြင်သစ်	ကျောက်တံတား	၀၉၇၃၀၁၀၃၂၂၄
၀၂	ခေတ်သစ်	ကျောက်တံတား	၀၁ ၃၈၀၉၆၈
၀၃	စိန်ဂေဟာ (ပြည်လမ်း)	ဒဂုံ	၀၁ ၃၈၃၈၀၂
၀၄	စိန်ဂေဟာ (ပါရမီ)	မရမ်းကုန်း	၀၁ ၅၂၂၆၄၂
၀၅	Asia Light	ရန်ကုန်	၀၁ ၂၉၄၀၇၄
၀၆	စာပေလောက-၁	ကမာရွတ်	၀၉၄၂၀၁၃၇၃၈၂
၀၇	စာပေလောက-၂	ကျောက်တံတား	၀၉၇၃၀၃၃၈၀၂
၀၈	စာပေလောက-၆	ရန်ကင်း	၀၉၇၃၀၁၀၉၆၆၅
၀၉	စာပေလောက-၇	တ/ဥက္ကလာ	၀၉၇၃၀၀၈၂၅၄
၁၀	စာပေလောက-၈	မ/ဥက္ကလာ	၀၉၂၅၀၁၃၇၄၄၉
၂၁	စာပေလောက(ကျောက်မြောင်း)	ကျောက်မြောင်း	၀၉၂၅၀၄၂၈၀၀၃
၂၂	ပညာအလင်းပြစာပေ	ဗိုလ်တထောင်	၀၉၅၀၂၈၇၆၅
၂၃	စောဦးစာပေ	ကျောက်တံတား	၀၁ ၃၈၈၀၂၄
၂၄	တိုးလတ်စာပေ	ကျောက်တံတား	၀၉၅၀၂၀၀၆၈
၂၅	နေစေစာပေ	ပန်းဘဲတန်း	၀၁ ၃၈၇၆၀၆
၂၆	ပါရမီစာပေ	ပန်းဘဲတန်း	၀၁ ၂၅၃၂၄၆
၂၇	မိုးကျော်စာပေ	လမ်းမတော်	၀၉၇၃၀၂၉၅၉၁၊ ၀၉၅၀၈၉၈၈၄
၂၈	သီတာ(၁)စာပေ	ပန်းဘဲတန်း	၀၁ ၃၈၄၉၃၉
၂၉	စေရှယ် Mart	မင်္ဂလာဒုံ	၀၉၃၂၄၉၈၇၂၄

SATAKE
Hire Purchase

ကမ္ဘာ့အကျော်ကြားဆုံးလမ်းများ